
1994
တက္ကသိုလ်
နေလင်းအောင်
အလွမ်းစာရင်း
သွေးစာရင်း
၆-အုပ်တွဲသိုင်းစာစဉ်
6
ထိဖုံး၏ ကိုစုလင်
ဇာတ်သိမ်း
ALIEN-ချစ်စုလှိုင်
သိုင်းစာစဉ်များpage


နေလင်းအောင်
အာလွှမ်းတာရှင်း
ဝေးသွားတာရှင်း
စာစဉ် ၆
အတော်သိမ်း

တက္ကသိုလ်

# နေလင်းအောင်

---

## အလွမ်းစာရင်းသွေးစာရင်း

စာစဉ်-၆

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ အေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ အေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။



အခန်း (၉၇)

ရက်စက်စွာသတ်ဖြတ်ခြင်း

တိကျွန်လုံသည် အလောင်းအား ငုံ့ကြည့်လိုက်သည်။

'ဟောဗျာ ဒီလူ မသေသေးဘူးဗျ၊ ဘော်တော် အသက်ပြင်းတဲ့ လူပဲ'

မှန်သည် ဘော်ရုံတန်ရုံ အသက်ပြင်းရုံဖြင့် ဤသို့ အသက်မရှင်နိုင်ပေ။

အလွန့်အလွန် အသက်ပြင်းမှသာ အသက်ရှင်နိုင်သည်။

တိကျွန်လုံသည် ပြောပြောဆိုဆို အသက်ကယ်ဒဏ်ကြေဆေးတစ်လုံးကို ထိုသူ၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်လေ၏။

ထို့နောက်....

သူသည် ရင်ဘတ်ကို လက်ဖြင့် ဖိကာ အတွင်းအားများပါ ပို့လွှတ်ပေးလိုက်သည်။

အတွင်းအား ပို့လွှတ် ကုသပေးရာတွင် တဒင်္ဂမျှ ပို့လွှတ်၍ မရချေ။

ဒရေနွေးတစ်အိုးကျက်လောက် ရှိသောအခါမှ တိကျန်လုံ ရပ်ဆိုင်းလိုက်သည်။

ဖန်တချုံးသည် မျက်လုံးများ ပွင့်လာလေ၏။

သူသည် သူ့အား ဝိုင်းကြည့်နေသည့် မျက်နှာများကို ဝေ့ကြည့်နေသည်။

တိကျန်လုံသည် ဖန်တချုံး၏ နားနားသို့ ကပ်၍....

'ဖန်တချုံး ငါတို့ဟာ မင်းရဲ့ရန်သူတွေ မဟုတ်ပါဘူး၊ အခု မင်းကို ကုသပေးတာကိုသာ ကြည့်ပါတော့၊ မင်းရဲ့မိတ်ဆွေတွေ ဆိုတာ မင်း သိနိုင်လောက်ပါပြီ'

ဖန်တချုံးသည် ခက်ခဲပင်ပန်းစွာ ခေါင်းညိတ်ပြလေ၏။

တိကျန်လုံက....

'ငါတို့ မေးတာကို ခင်း မှန်မှန်ပြောပါ၊ မင်းကို ရက်ရက်စက်စက် သတ်သွားတဲ့ ရန်သူကို ငါတို့ လက်စားချေပေးမယ်၊ မတွေ့တွေ့အောင် ရှာပြီး လက်စား ချေပေးမှာပါ'

ဖန်တချုံးသည် တအအနှင့် ဖြစ်နေသည်။

ကျူကာပ်ကန်က ငုံ့ကြည့်ရင်း....



'သူ စကား မပြောနိုင်ဘူး၊ ဘာဖြစ်နေသလဲ မသိဘူး'

တိကျန်လုံက....

'သူ လျှာအဖြတ်ခံထားရသလား မသိဘူး'

သူတို့ စစ်ဆေးကြည့်လိုက်သောအခါ လျှာအဖြတ်ခံထားရကြောင်း တွေ့ရှိရသည်။

ယိုမိန်က....

'ရက်စက်တဲ့ နေရာမှာ ကမ်းကုန်တဲ့ လူတွေပဲ၊ သူတို့နဲ့တွေ့လို့ တိုက်ရင် သူသေကိုယ်သေ တိုက်မှာပဲ၊ အဖမ်းခံရလို့ကတော့ မချောင်ဘူး'

ကျူကာပ်ကန်၊ တိကျန်လုံနှင့် ယိုမိန်သည် လူသတ်သမား၏ လုပ်ရပ်များကို ဒေါသ ဖြစ်သွားကြ၏။

သူတို့သည် ဖန်တချုံးအား မည်သို့ မေးမြန်းရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေကြသည်။

တိကျန်လုံသည် လက်ဝါးနှစ်ဘက် ပွတ်ကာ စဉ်းစားခန်း ဝင်နေသည်။

ဖန်တချုံးမှာ ဝေဒနာ ခံစားနေရသဖြင့် မျက်နှာတစ်ပြင်လုံး တွန့်လိမ်ရှုံ့မဲ့နေတော့သည်။

သူသည် ကျူကာပ်ကန်နှင့် တိကျန်လုံတို့အား တစ်လှည့်စီ ကြည့်နေ၏။

သူ့အကြည့်မှာ မိမိအတွက် လက်စားချေပေး ဟူသော အကြည့်မျိုးသာ ဖြစ်ပါသည်။

အကြံထုတ်နေသော တီကျန်လုံ ခေါင်းမော့လာသည်။

ယိုမီနိုသ ် တီကျန်လုံ အကြံရလာပြီကို ရိပ်မိလေ၏။

တီကျန်လုံက....

'ကျုပ်မေးမယ်၊ ကျုပ်မေးတာတွေ ဟုတ်တယ်ဆိုရင် မျက်တောင်တစ်ချက်ခတ်ပါ၊ မဟုတ်ဘူးဆိုရင် မျက်တောင် နှစ်ချက်ခတ်ပါ နားလည်ရဲ့လား'

တီကျန်လုံက စတင်မေးလေ၏။

'ကျုပ်ပြောတာကို သဘောပေါက်တယ်ဆိုရင် မျက်တောင်တစ်ချက် ခတ်ပြပါ'

ဖန်တချုံးက မျက်တောင်တစ်ချက် ခတ်ပြ၏။

တီကျန်လုံက....

'ခင်ဗျားကို ရက်ရက်စက်စက် လုပ်ကြံတဲ့သူတွေဟာ ကွင်းကိုးကွင်း အလံအဖွဲ့က လူတွေမဟုတ်လား'

ဖန်တချုံးက မျက်တောင်တစ်ချက် ခတ်ပြ၏။

တီကျန်လုံက....

'သူတို့ဟာ လူနှစ်ယောက် မဟုတ်လား'

ဖန်တချုံးက မျက်တောင်တစ်ချက် ခတ်ပြ၏။

တီကျန်လုံကတစ်ဆင့် တက်ကာ မေးလိုက်သည်။

'ကျုပ်မေးမယ်၊ သေသေချာချာ နားထောင်ပြီး ဖြေပါ၊ သူတို့ ထွက်သွားတဲ့ ဘက်ကိုတော့ ခင်ဗျားသိမှာပေါ့၊ သူတို့ အရှေ့ဘက်ကို ထွက်သွားသလား၊ အရှေ့ဘက်ကို ထွက်သွားတယ်ဆိုရင် မျက်တောင်တစ်ချက် ခတ်ပါ၊ အနောက်ဘက်ကို ထွက်သွားတယ်ဆိုရင် မျက်တောင် သုံးချက် ခတ်ပြပါ၊ မြောက်ဘက်ကိုထွက်သွားတယ်ဆိုရင် မျက်တောင်လေးချက် ခတ်ပြပါ'



ဖန်တချုံးက မျက်တောင်သုံးချက် ခတ်ပြလေ၏။

တီကျန်လုံသည် မျက်မှောင်ကြုတ်ပြီး စဉ်းစားလေ၏။

'သူတို့က တောင်ဘက်ကို သွားတယ်ဆိုတော့ သူတို့ဟာ ချိမင်းစန်းတောင်ကို ရောက်သွားကြမှာပဲ'

သူက ခေါင်းယမ်းလိုက်၏။

'ချိမင်းစန်းတောင် ကိုတော့ ဘယ်သူမှ မသွားဝံ့ကြပါဘူး၊ သူတို့ အဲဒီတောင်ကို ဘာသွားလုပ်ကြမှာလဲ၊ ကျုပ်တော့ စဉ်းစားလို့ မရဘူး'

တီကျန်လုံသည် ချိမင်းတောင်ဘက်သို့ သွားသည်ကို လုံးဝ လက်မခံနိုင်ချေ။

ထို့ကြောင့်....

သူသည် ဖန်တချုံးကို ထပ်မံမေးလေ၏။

'သူတို့ တောင်ဘက်ကို ထွက်သွားကြတင် ် ဟုတ်လား'

ဖန်တချုံ ်က မျက်တောင်တ ်ချက် ခတ်ပြလေ၏။

တီကျန်လုံက တက်တစ်ချက် ခေါက်လိုက်၏။

'သူတို့ တောင်ဘက်ကို ခရီးသွားတယ်ဆိုတာ ကျုပ်တော့ လုံးဝ လက်မခံနိုင်ဘူးဗျာ၊ ဒါပေမယ့်၊ ဖန်တချုံးကလဲတောင်

ဘက်ကို ခရီးသွားတယ်လို့ပဲ ပြောနေတယ်၊ အဲဒါ ဒွိဟ ဖြစ်စရာ ကောင်းတယ်ဗျ’

ကျုကပ်ကန်က….

‘ခင်ဗျား ဒွိဟ ဖြစ်မနေနဲ့၊ သူတို့ ချိမင်းစန်း တောင်ဘက်ကို ခရီးသွားချင် သွားကြမှာပေါ့၊ သူတို့မှာ အဲဒီတောင်ကို သွားလောက်တဲ့ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့၊ ဖန်တချုံးကလဲ အဲဒီဘက်ကို သွားတယ်လို့ ပြောနေတဲ့ဥစ္စာ၊ သေခါနီးလူဟာ ဘယ်တော့မှ မလိမ်ဘူးဗျ’

တီကျုန်လုံက ခေါင်းညိတ်ပါသည်။

‘ဟုတ်ပါတယ်ဗျာ၊ ကျုပ်လက်ခံ လိုက်ပါပြီ’

တီကျုန်လုံသည် ဖန်တချုံးအား ပြုံးပြလိုက်သည်။

‘ဒီမှာ ဖန်တချုံး ခင်ဗျား စိတ်ချ လက်ချသာ တမလွန်ဘဝကို သွားပေတော့၊ ခင်ဗျားကို ရက်ရက်စက်စက် သတ်တဲ့ လူနှစ်ယောက်ကို ကျုပ်က ထလိုက်ရှာပြီး သတ်ပေးပါမယ် ကျုပ်တို့ လက်စားချေပေးမယ်လို့ ကတိပေးပါတယ်’

‘ဦးနိးကလေး ဒီခြေပြတ် လက်ပြတ်နဲ့ အသက်ရှင်နေရရင်လဲ သူ့ဘဝဟာ လူဖြစ်ရှုံးနေပါပြီ၊ အသက်ရှင်အောင်လဲ မနည်းကုသရမှာပါ၊ အခုတော့ သူ့အဖို့ ဝတ်ကျွတ်သွားတာပေါ့’

ကျုကပ်ကန်နှင့် တီကျုန်လုံတို့သည် ဖန်တချုံး၏အလောင်းမြေမြှုပ်သင်္ဂြိုဟ် ပေးလိုက်ကြ၏။



အားလုံးကိစ္စများ ရှင်းလင်းသွားသောအခါ ကျုကပ်ကန်က အားလုံးအား ဝိုင်းထိုင်ရန် ဖိတ်ခေါ်လိုက်သည်။

‘ကဲ….မိန်းကလေးတွေလဲ လာထိုင်ကြ၊ ကျုပ်တို့ ရှေ့ရေးကို ဆက်ဆွေးနွေး ကြမယ်’

သူတို့အားလုံးသည် ဝိုင်းဖွဲ့ ထိုင်လိုက်ကြသည်။

ကျုကပ်ကန်က….

‘ကွင်းကိုးကွင်း အလံအဖွဲ့ဟာ တောင်ဘက်ကို သွားတယ်လို့ ဖန်တချုံးက ပြောတယ်၊ ခင်ဗျားက မဖြစ်နိုင်ဘူးလို့ ထင်တယ်၊ ဒါပေမယ့် အဖြစ်ကတော့ အဲဒီအတိုင်းပဲ’

တီကျုန်လုံကလည်း….

‘ချိမင်းစန်းတောင်ဆိုတာ ဘယ်လိုတောင်လဲဆိုတာ ခင်ဗျားတို့ သိကြပါတယ်၊ ဒါကြောင့် ဖန်တချုံးကို ကျုပ် အသေအချာ မေးတာပေါ့၊ ကျုပ်နှစ်ကြိမ် မေးတယ်၊ နှစ်ကြိမ်စလုံး တောင်ဘက်ကိုပဲ သွားတယ်လို့ အဖြေပေးတယ်၊ အဲဒီတော့ အဲဒီအဖြေကိုပဲ လက်ခံရတော့ မှာပေါ့ဗျာ’

ကျုကင်ကန်က….

‘ဒီကွင်းကိုးကွင်း အလံအဖွဲ့နဲ့ ဖန်တချုံး ဘယ်သို ဆက်မိသလဲ မသိဘူး’

‘မဆန်းပါဘူးဗျာ၊ ကွင်းကိုးကွင်း အလံအဖွဲ့ဟာ သိုင်းလောကမှာ မဟုတ်တာ မှန်သမျှ အကုန်လုပ်နေတဲ့ အဖွဲ့ပဲ၊ ဖန်တချုံးဟာ ဘုကြီးတီပင်ရဲ့ တပည့်ပဲ၊ ဒီမြို့မှာ မဟုတ်တာရော

ဟုတ်တာရော အကုန်လုပ်ဘယ်၊ သူတို့ ဆက်မိကြတာ မဆန်းပါဘူးဗျာ၊ ကွင်းကိုးကွင်း အလံအဖွဲ့ဟာ ဖန်တချုံးကို တစ်ခုခု နိုင်းပါလိမ့်မယ်၊ မအောင်မြင်တော့ သတ်ပစ်တာ ဖြစ်မှာပဲ'

ဖန်တချုံးက ရှင်းပြလေ၏။

ကျုံကပ်ကန်က....

'ကဲ... ကွင်းကိုးကွင်း အလံအဖွဲ့ဟာ တောင်ဘက်ကို ခရီးသွားတယ်လို့ ပြောတယ်၊ အဲဒီ ချိမင်းစန်းတောင်မှာ အန္တရာယ်အလွန်များတဲ့ မီးတောင်ကြားတစ်ခုရှိတယ် ဒါကြောင့် အဲဒီကို မသွားဝံ့တာဗျ'

တိကျန်လုံက....

'ဟုတ်တယ်၊ သူကို သွားဝံ့ဘယ်ဆိုရင်လဲ အကြောင်း တစ်ခုခု ဒီလိုပဲ ဖြစ်မှာပေါ့'

'အဲဒီအကြောင်းကို စဉ်းစားဖို့ လိုတယ်'

ကျုံကပ်ကန်က ပြောလိုက်၏။

တိကျန်လုံက....

'ဒီလိုလုပ်ရင် မကောင်းဘူးလား'

'ဘာလုပ်မလို့လဲ'

'ကျုပ်တို့ လိုက်သွားကြမယ်'

တိကျန်လုံက ကွင်းကိုးကွင်းအလံအဖွဲ့ နောက်လိုက်ရန် ပြောလိုက်သောအခါ မိုးမြေနတ်နှစ်ပါးကို သတိရလိုက်မိတော့၏။ မိုးမြေနတ်နှစ်ပါးနှင့် တုန်းမောင်းနှစ်ချက် တီးအချိန်တွင် ချိန်းဆိုထားသည် မဟုတ်ပါလား။



သူနှင့် မိုးမြေနတ်နှစ်ပါးတို့ မည်သို့မျှ မယှဉ်နိုင်မှန်း ရိပ်မိထားသည်။

ကိုယ့်ကိုကိုယ် နားလည်ထားသည်။

ယခု ချင်ကုလျှလည်း မရှိသဖြင့် မိုးမြေနတ်နှစ်ပါးနှင့် သူ မည်သို့မျှ မယှဉ်နိုင်ကြောင်း သူ သိလိုက်သည်။

မိုးမြေနတ်နှစ်ပါးနှင့် ချိန်းဆိုထားခြင်းမှ လွဲထွက်သွားနိုင်သည့်အတွက်ကို တိကျန်လုံက ယခု ပြောဆိုနေလေပြီ။

ထိုအချက်မှာ သူ့အဖို့ ထွက်ပေါက်တစ်ခုပင် မဟုတ်ပါလား။

မိုးမြေနတ် နှစ်ပါးကတော့ တုန်းမောင်းနှစ်ချက်တီးလျှင် လာရောက်စောင့်ကြိုပေတော့မည်။

သူတို့စောင့်ပါက မိမိကတိပျက်သလို ဖြစ်သွားမည်။

သို့သော်....

မိမိအနေဖြင့် ရှင်းနိုင်သည်။

တိကျန်လုံ အဆိုပြုထားသည်။

ကွင်းကိုးကွင်းအလံ အဖွဲ့နောက်သို့လိုက်ရင်း ခရီးလွန်သွားသဖြင့် ချိန်းဆိုရာသို့ မလာရောက်နိုင်ခြင်းဖြစ်ပါက ထုချေရှင်းလင်းနိုင်သည်။

တိကျန်လုံ၏ အကြံဉာဏ်သည် သူ့အဖို့ အလွန်အကွက်ဆိုက်လှသဖြင့် လွန်စွာသဘောကျ ကျေနပ်သွားသည်။

သို့သော် ဟန်ကိုယ့်ဖို့ ဟန်သူ့ဖို့ဆိုသည့် စကားကြောင့် တိကျန်လုံ၏ အဆိုပြုချက်ကို သူသည် စဉ်းစားဟန် ပြုလိုက်လေ၏။

'ကျုပ်တို့ ကွင်းကိုးကွင်းအလံ အဖွဲ့နေခက်ကိုလိုက်ရင် တိုက်တာ ခိုက်တာများ ရှိနေဦးမလားဗျ'

တိကျုန်လုံက ခေါင်းညိတ်ပိုက်၏။

'သိုင်းသမားတွေပဲဗျာ၊ တိုက်တာခိုက်တာကိုတော့ ခပ်ဗျား မပြောနဲ့၊ ကျုပ်တို့အခုအသက်ရှိနေပေမယ့် တော်ကြာ အသက်မဲ့ ချင်မှနေမှာဗျ၊ တိုက်ပွဲဆိုတာတော့ ဖြစ်ချင် ဖြစ်မှာပေါ့ဗျာ'

ကျုကာပ်ကန်က....

'မဟုတ်ဘူးဗျ၊ ကျုပ်က ဒီမှာ ချိန်းထားတာ ရှိနေလို့ပါ၊ ကိစ္စတော့ မရှိပါဘူး၊ ကျုပ်တို့ ပြန်လာရင် အချိန်မီ သေးတာပဲ'

ထိုအခါ တိကျုန်လုံက....

'မိုးမြနတ်နှစ်ပါးကိစ္စလား၊ အဲဒီကိစ္စ အသာထားလိုက်စမ်းပါဗျာ၊ ကျုပ်တို့မှာ မဖြေရှင်းနိုင်တဲ့ ကိစ္စတွေက အများကြီး၊ သူတို့ မိုးမြနတ်နှစ်ပါးက ဝင်ရှုပ်နေသေးတယ်ဗျာ'

ကျုကာပ်ကန်က....

'ဒီလိုဆိုရင် ကျုပ်တို့အားလုံး သွားကြဖို့ သဘောတူတယ်ပေါ့၊ ဟိုမိန်းကလေးကရော'

အသက်အရွယ် ကြီးရင့်သူ နှစ်ယောက်ကပင် သဘောတူနေပြီဖြစ်ရာ သူ့ကဲ့သို့ အသက်အရွယ် ငယ်ရွယ်သောသူက မည်သို့မျှ ငြင်းဆန်ရန်မဖြစ်ခဲ့ပါ။

ထို့ကြောင့် ယိုမိန်သည် ခေါင်းညိတ်လိုက်လေ၏။



ဒဏ်ရာရထားသော မိန်းကလေးသုံးယောက်မှာ ယုံမိန်အား ခေါင်းဆောင်တင်ထားသဖြင့် ယုံမိန်သဘောတူသောအခါ သူတို့လည်း သဘောတူလိုက်ကြသည်။

'ကဲ... ဒီလိုဆိုရင် သွားကြစို့'

တိကျုန်လုံက နှိုးဆော်လိုက်၏။

ထိုအခါ အဘိုးအိုနှစ်ယောက်နှင့် မိန်းကလေးလေးယောက်တို့သည် ဘုရားကျောင်းပျက်မှ ပြေးထွက်သွားကြလေတော့သည်။

....o....

## အခန်း (၄၁)

မီးတောင်ကြားသို့အဝင်

ကျုကပ်ကန်တို့ လူစုသည် ကိုယ်ဖျောက်ပညာကိုသုံး၍ ချိမင်
တောင်သို့ ဦးတည်ပြေးလွှားနေကြတော့၏။

ကျုကပ်ကန်နှင့် တိကျန်လုံတို့က ရှေ့ခပ်လှမ်းလှမ်းမှ ပြေး
နေကြသည်။

ယုမိန်သည် မိန်းကလေးသုံးဦးနှင့်အတူ ထိန်း၍ပြေးနေ
သည်။

မိန်းကလေးသုံးဦးမှာ ဒဏ်ရာရရှိထားသဖြင့် စိတ်ရှိသ
မပြေးနိုင်ကြပေ။



ရာသီဥတုမှာ ပူပြင်းနေသဖြင့် သူတို့သည် ချွေးများစို့ရွဲပြီး
အနည်းငယ် မောဟိုက်လာကြ၏။

သို့သော် သူတို့သည် အမောခံပြီး ဆက်လက်ပြေးလွှားလာ
ကြလေ၏။

မကြာမီ သူတို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြ
လေ၏။

တိကျန်လုံက....

'ကျုပ်တို့ဒီမြို့မှာ နားသင့်တယ်ဗျ၊ ဒါမှ ရှေ့ကထွက်သွားတဲ့
ကွင်းကိုးကွင်းအလံအဖွဲ့ကိုလဲ စုံစမ်းနိုင်တာပေါ့'

ထို့ကြောင့် သူတို့ခြောက်ယောက်သည် စားသောက်ဆိုင်
တစ်ဆိုင်သို့ဝင်ကာ စားသောက်ကြလေ၏။

သူတို့သည် အေးအေးဆေးဆေး နားကြလေ၏။

စားသောက်ပြီး အေးအေးဆေးဆေး ထိုင်နေကြစဉ် တိကျန်
လုံသည် ဖြုန်းခနဲ ထရပ်လိုက်လေ၏။

'ခင်ဗျားတို့ ဒီမှာ ခဏနေကြပါ၊ ကျုပ် အခုပဲ ချက်ချင်း
ပြန်လာပါမယ်'

သူသည် ပြောပြီးသည်နှင့် ဆိုင်ထဲမှ ပြေးထွက်သွားလေ
တော့၏။

'ဟာ... ဟာ.... ခင်ဗျား ဘယ်ကိုသွားမှာတုန်း'

ကျုကပ်ကန်က လှမ်းအော်မေးလိုက်၏။

'ခင်ဗျားတို့ စောင့်နေကြပါ'

တိကျွန်းလုံက ဒါပဲ အော်သွားသည်။

ကျုကပ်ကန်တို့လူစုမှာ တိကျွန်လုံ အဘယ်ကြောင့်ပြေးထွက်သွားသည်။

အဘယ်ကို ပြေးထွက်သွားသည်ကိုမသိဘဲ ထိုင်စောင့်နေကြရလေတော့၏။

အတန်ကြာသောအခါ လမ်းမပေါ်၌ဖုန်တထောင်းထောင်းထလာသည်ကို တွေ့ရှိရလေတော့၏။

ထို့နောက် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာလေ၏။

မြင်းများသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာလေ၏။ အားလုံးပင် ဝိုင်းကြည့်လိုက်ကြသည်။ ကျုကပ်ကန်မှာ အလွန်ဝမ်းသာသွားလေ၏။

အဘယ်ကြောင့်ဆိုသော် ရှေ့ဆုံးမှ မြင်းပေါ်၌ တိကျွန်လုံ ပါလာသောကြောင့်ပေတည်း။

ကျုကပ်ကန်သည် သူတို့အစုအဖွဲ့ထဲမှ အဖွဲ့ဝင်များ အင်အားလျော့ပါးသွားမည်ကို အလွန်စိုးရိမ်သည်။

တိကျွန်လုံ ဘာမပြော ညာမပြောနှင့် ထွက်သွားသောအခါ သူတို့၏အဖွဲ့ဝင်တစ်ဦး လျော့ပါးသွားပြီဟု သူထင်မိသည်။

ယခု တိကျွန်လုံကို မြင်လိုက်ရသောအခါ သူ့ရင်ထဲ၌မဖော်ပြနိုင်လောက်အောင် ဝမ်းသာမိလေ၏။



တိကျွန်လုံ၏ နောက်၌ မြင်းလွတ်ငါးကောင် ပါလာ၏။ သူတို့အတွက် ရည်ရွယ်ပြီး ယူလာခြင်းဖြစ်ကြောင်း ကျုကပ်ကန် သိလိုက်မိသည်။

သူတို့သည် တိကျွန်လုံကို မြင်လိုက်သည်နှင့် ထရပ်ပြီး ဆိုင်ထဲမှ ထွက်လိုက်ကြသည်။

တိကျွန်လုံသည် သူတို့ရှေ့သို့ ရောက်သောအခါ မြင်းဇက်ကို သပ်လိုက်လေ၏။

'ကျုပ်တို့အဖွဲ့ထဲမှာ ဒဏ်ရာရသူတွေလဲပါ၊ ခရီးကလဲ ဝေးလေတော့ ခြေကြောရှုံ့ရအောင် ကျုပ် ကြံရဖန်ရတော့တာပဲ။ ကဲ....မြင်းပေါ်ကိုတက်ကြပါ၊ ခရီးဆက်ကြစို့'

ကျုကပ်ကန်၊ ယိုမိန်နှင့် ဒဏ်ရာရမိန်းကလေး သုံးယောက်တို့မှာ လွန်စွာ ဝမ်းသာသွားကြ၏။

သူတို့သည် မြင်းများပေါ်သို့ ခုန်တက်လိုက်ကြ၏။

ထို့နောက် မြင်းများ၏ တင်ပါးကိုများကို ရိုက်လိုက်ကြသည်။

မြင်းများသည် တစ်ဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

ယိုမိန်နှင့် မိန်းကလေးများမှာ ခြေကျင်ပြေးလွှားသွားရမည့်အစား မြင်းများဖြင့် သွားနိုင်ပြီဖြစ်သောကြောင့် ရွှင်ပျနေကြသည်။

ဘုရားကျောင်းပျက်မှ ဤမြို့အထိ မြေးလှည့်လာခဲ့ရသော ခရီးစဉ်ကိုပင် ကြည့်ပါ။

သူမတို့သည် မောဟိုက်နေခဲ့သည် မဟုတ်ပါလော။

ပထမ၌ ယိုမိန်သည် မြင်းကို ကျူကပ်ကန်း တိကျန်လုံတို့နှင့် အပြိုင်လိုက်စီးနေသည်။

မိန်းကလေးသုံးယောက်ကတော့ နောက်ခပ်လှမ်းလှမ်းမှပင် လိုက်လာကြသည်။

နောက်မှ ယိုမိန်သည် မိန်းကလေးသုံးယောက်ကို သတိရလေ၏။

သူသည် မိန်းကလေးတို့အား ပြောရမည့်စကားကို သတိရပြီး မြင်းကို အရှိန်လျှော့လိုက်၏။

ထိုအခါ မိန်းကလေးတို့နှင့် ရင်ဘောင်တန်း မြင်းစီးလျက် ဖြစ်သွားတော့၏။

ယိုမိန်က...

'ညီမလေးတို့၊ ညီမလေးတို့ကို မမ စကားတစ်ခွန်းပြောချင်ပါတယ်'

မိန်းကလေးများက မြို့၍....

'ပြောပါမမ၊ ပြောပါ'

'အခုသွားရမယ့်ခရီးဟာ အန္တရာယ်များပါတယ်၊ အသက်အန္တရာယ်နဲ့ တွေ့ကြုံနိုင်တဲ့ခရီး ဖြစ်ပါတယ်၊ ဒါကြောင့် နေရာတာ ပြန်လှည့်ချင် လှည့်ကြပါလို့ မမပြောချင်ပါတယ်'



မိန်းကလေးသုံးယောက်သည် ရယ်ကြလေ၏။

'ဒါဖြင့် မမကကော ဘာဖြစ်လို့ သွားနေရတာလဲ'

ယိုမိန်က...

'မမသွားတာ အလကားသွားတာမဟုတ်ပါဘူး၊ မမဦးလေး ပျောက်မှာသွားလို့ သွားရတာပါ၊ ဒီဦးလေးက မမတို့ကို ဒီအရွယ်အထိရောက်အောင် ပြုစုခဲ့တာ၊ ဒါကြောင့် မမအနေနဲ့ မမဦးလေးကို မရှာလို့ မဖြစ်ဘူး၊ အဖေဆိုလဲဟုတ်၊ အမေဆိုလဲဟုတ်၊ ဦးလေးဆိုလဲဟုတ်တဲ့ မမဦးလေးကို မရှာရမှာပေါ့'

မိန်းကလေးတစ်ဦးက...

'ညီမတို့အသက်ကိုတော့ ဂရုမစိုက်ပါနဲ့ရှင်၊ ညီမတို့ကလဲ ကိုယ့်အသက်ကို ကယ်ဂရုမစိုက်ပါဘူး၊ မစိုက်လို့လဲ လင်ကျွန်းစားသောက်ဆိုင်မှာ နှစ်ယောက် အသက်ပေးသွားကြတာပေါ့'

မှန်ပေသည်။

သူတို့သည် လင်ကျွန်းစားသောက်ဆိုင်၌ ခင်းကျင်းသော ထကတန်းကပါကို အသက်စွန့်၍ ပူးပေါင်း တိုက်ခိုက်ခဲ့ကြသည်။

နှစ်ယောက် သေဆုံးပြီး သုံးယောက် ဒဏ်ရာရခဲ့ကြသည်။

တစ်ဦးသာ ဒဏ်ရာပြင်းထန်ပြီး ကျန်နှစ်ဦးမှာ မပြင်းထန်၍သာ တော်တော့သည်။

ထို့နောက် ကျန်မိန်းကလေး တစ်ဦးကလည်း ဝင်ပြောသည်။

'ဘွားဘွားကြီးက စိတ်ထိခိုက်ပြီး လှေပေါ်ရှိတဲ့လူမှန်သမျှကို မောင်းထုတ်ခဲ့ပါတယ်၊ နောက်ပြီး လှေကြီးကို မီးရှို့လိုက်ပါတယ်၊ လှေကြီးလဲ စုန်းစုန်းမြုပ်သွားပြီး ညီမတို့လဲ သွားစရာမရှိတော့ဘူး'

ယိုမိန်သည် သက်ပြင်းချလိုက်လေသည်။

သူမ မည်သို့မျှ မတတ်နိုင်တော့ပေ။

သူတို့လေးတွေကို ခေါ်သွားရုံသာ ရှိတော့သည်။

သူတို့လေးတွေသည် သူတို့၏အသက်များကို လုံးဝမနှမြောသည့် ရဲရဲတောက် အာဇာနည်မယ်လေးများပေတကား....

'အေးလေ....ဒီလိုဆိုတော့လဲ ညီမလေးတို့ လိုက်ခဲ့ကြပေါ့၊ မမကလဲ ညီမလေးတို့နဲ့ သေအတူ ရှင်အတူပါပဲ'

စင်စစ် သူတို့သည် ယိုမိန်နှင့်လည်း ရင်းနှီးသူများ ဖြစ်ကြပါသည်။

ယိုမိန်သည် လှေကြီးပေါ်သို့ သုံးလကျော်မျှ ရောက်ရှိခဲ့သူမဟုတ်ပါလား။

သူတို့သည် မြစ်များကို ဂရုတစိုက်စီးနင်းခဲ့ကြရာ နောက်ဆုံး ချိမင်းစန်းတောင်တန်းသို့ ရောက်ရှိခဲ့ကြလေ၏။

ချိမင်းစန်းတောင်အနီး ရောက်သောအခါ သူတို့သည် မြင်းများကို ရပ်တန့်လိုက်ကြ၏။

တိကျုန်လုံက ...

'ဟိုး....ရှေ့ကမြင်ရတာဟာ ချိမင်းစန်းတောင်ပဲ'



'တောင်က သိပ်တော့ မမြင့်လှပါဘူး'

ယိုမိန်က ပြောလေ၏။

တိကျုန်လုံက....

'ကဲ–ကျုပ်တို့ ဘယ်လိုသွားကြမလဲ၊ ကျုကပ်ကန် ခင်ဗျား ကြည့်စီစဉ်ဗျာ၊ ကျုပ်တို့ တစ်စုတစ်ဝေးကြီး သွားလို့ မဖြစ ဘူးနဲ့တူတယ်၊ လူများတော့ ရန်သိနဲ့တွေ့ရင် ကိုယ်ဖျောက်ရခက်မယ်'

ကျုကပ်ကန်က....

'ခင်ဗျား ဘယ်လိုအကြံရှိလို့လဲ'

'ကျုပ်ကတော့ လူစုခွဲပြီးသွားရင် ကောင်းမလားလို့'

ကျုကပ်ကန်က ခေါင်းယမ်းလိုက်၏။

'ကျုပ်တော့ သဘောမတူချင်ဘူးဗျာ၊ ဒီနေရာမှာ အင်အားဟာ အရေးကြီးတယ်၊ လူစုကွဲသွားရင် အားနည်းသွားတယ်၊ နောက်ပြီး လူစုခွဲသွားတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ဖို့လဲ ခက်လိမ့်မယ်'

ယိုမိန်ကလည်း ဝင်ဆွေးနွေး၏။

'တကယ်လိုအပ်လို့ လူစုခွဲရရင် ကျွန်မ ဘာမှမပြောလိုပါဘူး၊ မလိုအပ်သေးဘဲနဲ့တော့ လူစုမခွဲစေချင်ပါဘူးရှင်'

တိကျုန်လုံက ရှင်းပြ၏။

'ကျုပ်တို့ တစ်ဇုတစ်ဝေးတည်း သွားလို့ ရန်သူထောင်ချောက်ထဲ ဝင်မိရင် ဘယ်လိုလုပ်မလဲ၊ ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်တော့ဘူး၊ တပ်ဖျောက်နေတဲ့ နေရာမှာလဲ တစ်စု တစ်ဝေးဆိုတော့ ခက်တယ်'

ကျုကပ်ကန်မှာ သာမျှမပြောသာတော့ချေ။

ထို့သော် တိကျုန်လုံက—

'အခုတော့ လူစုမခွဲသေးပါဘူး၊ တောင်ပေါ်တက်ခါနီးကျမှ လူစုခွဲကြမယ်'

ယိုမိန်က အကြံပြုလိုက်၏။

'အခု ကျွန်မတို့ ခြောက်ယောက်ရှိတယ်၊ နှစ်စုခွဲလိုက်ရင် မကောင်းဘူးလား၊ ဒီထက်နည်းပြီး သုံးစုခွဲရင်လဲ အားသိပ်နည်းသွားလိမ့်မယ်'

တိကျုန်လုံက ခေါင်းညိတ်၏။

'ကောင်းပါတယ်'

ယိုမိန်က....

'ဆက်သွယ်ဖို့ကျတော့ကော'

တိကျုန်လုံက....

'ငှက်အော်သံနဲ့ ဆက်သွယ်ကြတာပေါ့'

သူတို့သည် ယင်းသို့ ဆုံးဖြတ်လိုက်ကြပြီးနောက် ဆက်လက်မြင်းစီး လာကြလေ၏။



မကြာမီ သူတို့သည် ချိမင်းစန်းတောင်၏မျက်နှာချင်းဆိုင်၌ရှိသော ဟူရာစန်းတောင်သို့ ရောက်ရှိ လာကြလေ၏။

ဟူရာစန်းတောင်သည် ချိပင်စန်းတောင်နှင့် ယှဉ်လျက်ရှိသည်။

တောင်နှစ်လုံး၏အကြားတွင် ရေစီးအလွန်သန်သော ချန်းကျန်းမြစ် ရှိလေသည်။

ဟူရာစန်းတောင်....

ဟူရာစန်းတောင်သည် အောက်လမ်း သိုင်းသမားများ စိုးမိုး ထားသော တောင်ဖြစ်သည်။

သို့သော်...

ဟူရာစန်းတောင်မှ အောက်လမ်း သိုင်းသမားများသည် စည်းကမ်းရှိကြသည်။

သူတို့သည် ခရီးသည်များနှင့် ကုန်သည်ပွဲစားများကို လုံးဝ လုယက်တိုက်ခိုက်ခြင်း မပြုကြပါ။

သူတို့သည် ဟူရာစန်းတောင်ကို စိုးမိုးထားကြသော်လည်း သူတို့တောင်အား ဖြတ်သန်း သွားကြသူများအား စိုးရိမ်ထိတ်လန့်စေခြင်း မဖြစ်စေရပါသည်။

အခွန်ငွေ သို့မဟုတ် ဆက်ကြေးကိုသာ ထိုက်သင့်သလို ကောက်ခံပေသည်။

ထို့ကြောင့် ခရီးသွား ခရီးလာများနှင့် ကုန်သည် ပွဲစားများသည် ထိုခရီးလမ်းကို စိတ်ချ လက်ချ သွားကြပေသည်။

သူတို့သည် လူများကို အန္တရာယ် မပြုကြပေ။

ခရီးသွား၊ ခရီးလာများကလည်း သူတို့ကို အန္တရာယ်မပြု သရွေ့ ဤခရီးကို သွားလာနေကြမည်သာ ဖြစ်သည်။

ထို့ကြောင့် ဟူရာစန်းတောင်ဘက်မှ ခရီးသည်များ အသွားအလာမပျက် စည်ကားလျက် ရှိနေပေသည်။

ချိမင်းစန်းတောင်ကိုမူ အလွန်လျှို့ဝှက်သောနေရာ ဖြစ်သည် ဟု အားလုံးက သတ်မှတ်ထားသည်။

အသွားအလာလည်း မပြုကြပေ။

အလွန်ကြောက်မက်ဖွယ် ကောင်းသောနေရာ၊ အသက် အန္တရာယ်ရှိသော နေရာဟု မှတ်ယူထားကြသည်။

ရှေးယခင်က ချိမင်းစန်းတောင်သို့ ဝင်ရောက် ခဲ့ဖူးသော ကုန်သည်ပွဲစားများ ရှိ၏။

ထိုကုန်သည် ပွဲစားများသည် တစ်ဦးတစ်ယောက်မျှ ပြန် ထွက်လာလေ့ မရှိပေ။

လူ့လောကမှ လုံးဝ ပျောက်ကွယ်သွားလေ့ ရှိကြသည်။

အထူးသဖြင့် ချိမင်းစန်းတောင်ရှိ မီးတောင်ကြား ဒေသပင် ဖြစ်သည်။

ထို့ကြောင့် ယခုအခါ မီးတောင်ကြားဒေသသို့ သွားဝံ့သူ တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။

ယခု ကျုကပ်ကန်တို့ လူစုသာ မီးတောင်ကြား ဒေသသို့ ဝင်ရောက်ရန် ရောက်ရှိလာလေ၏။



ကျုကပ်ကန်သည် အားလုံးကို ရပ်ဆိုင်းရန် လက်မြှောက် အချက်ပေးလိုက်သည်။

အားလုံး ရပ်ဆိုင်းသွားသည်။

နောက်မှ လိုက်ပါလာသော မြင်းငါးစီးမှာ ရပ်တန့်သွား ကြလေသည်။

ကျုကပ်ကန်သည် တီကျန်လုံဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ....ဒါမီးတောင်ကြား အဝင်ဝပဲ၊ ကောင်းပါတယ်၊ ခင် ဗျားနဲ့ ယုမိန်တို့ပဲ ကြည့်စီစဉ်ပါ'

'သုံးယောက်ညှိနှိုင်းကြတာပေါ့ဗျာ'

'မလိုပါဘူးဗျာ၊ သင့်တော်တယ်ထင်လို့ ခွဲတာပဲ၊ ကောင်း သလိုသာခွဲပါ'

'ဒီလိုဆိုရင် ကျုပ်ရယ်၊ ယုမိန်ရယ်၊ မိန်းကလေးတစ်ယောက် ရယ် ရှေ့ကဝင်မယ်၊ ခင်ဗျားနဲ့ ကျန်တဲ့မိန်းကလေးနှစ်ယောက် က အနောက်ဘက်ကပတ်ဝင်ပါ'

'ကောင်းပါတယ်'

'ကျုပ်တို့ထဲကို ဒဏ်ရာပြင်းထန်တဲ့ မိန်းကလေးထည့်ပါ၊ ခင်ဗျားကတော့ သိပ်ဒဏ်ရာ မပြင်းထန်တဲ့ မိန်းကလေးနှစ် ယောက်ကို ယူသွားပါ'

'ရပါတယ်၊ ကျုပ်တို့ဘယ်လိုပြန်ဆုံကြမလဲ'

'ပြန်ဆုံရမယ့် အချိန်ကတော့ နက်ဖြန်ဒီအချိန်ပေါ့၊ ဘယ်လို သဘောရသလဲ'

'ဒီအချိန်လား၊ ကောင်းတယ်၊ တစ်ရက်လုံးလုံး လှုပ်ရှားဖို့ အချိန်ရတာပေါ့'

'ကဲ...ခင်ဗျား မိန်းကလေးနှစ်ယောက်ကို ခေါ်သွားပေတော့၊ နောက်ကပဲ ပတ်ဝင်ပါ၊ တကယ်တော့ သူတို့ဟာ လူဝင်လူထွက် နည်းနေတော့ ပေါ့ပေါ့သာသာ နေလိမ့်မယ်လို့ ယူဆရတယ်၊ ခရီးကတော့ ကြမ်းတမ်းလိမ့်မယ်၊ ကျုပ်တို့က ရှေ့ဘက်က ဝင်တော့ အစောင့်အကြပ်တွေ ပိုတိုးရလိမ့်မယ်နဲ့ တူတယ်၊ ကျုပ်တို့က ပိုသတိထားရမယ်'

ယိုမိန်က....

'ကျွန်မတို့သုံးယောက် လမ်းရိုးအတိုင်းမသွားဘဲ သစ်ပင်တွေကြားက ကိုယ်ဖျောက်ပြီး သွားကြတာပေါ့၊ ဒါမှ ရန်သူကို ဦးအောင်ချနိုင်မှာ'

'ဟုတ်တယ်၊ ကျုပ်လဲ ဒီအတိုင်းပဲ စိတ်ကူးထားတယ်'

ကျူကပ်ကန်က ပြောသေး၏။

တိကျုန်လုံက....



'ကဲ....အားလုံးပဲ သွားကြမယ်'

'ကောင်းပြီ'

ကျူကပ်ကန်က ခေါင်းညိတ်လေ၏။

တိကျုန်လုံသည် အနောက်မှပတ်၍ဝင်ရန် ထွက်ခွာသွားကြလေ၏။

....၀....

## အခန်း (၉၉)

ချစက်သေအမိန့်

မီးတောင်ကြားသို့ အရှေ့ဘက်မှဝင်သော ကျူကပ်ဓာန်တို့မှာ လွန်စွာသတိထားရလေသည်။

သူတို့ စတင်ဝင်ဝင်ချင်း ရှေ့ဦးစွာ ခံစား သိရှိရသော အချက်မှာ လုံးဝတိတ်ဆိတ်ငြိမ်သက်ခြင်းပင်။

တိတ်ဆိတ်ငြိမ်သက်ခြင် ကြီးစိုးနေသည်မှာ စံနမူနာထားရလောက်သည်။

ငှက်အော်သံမကြားရ ပရစ်သံပင်မကြားရဘဲ ဖြစ်နေသည်၊ ထူးခြားသော၊ [တိတ်ဆိတ်ငြိမ်သက်မှု ကြီးစိုးခြင်းပင်။



သူတို့ဝင်ရောက်စဉ် လေပြည်ညင်းကလေး တသွေးသွေးဖြင့် တိုက်ခတ်နေသည်။

ရှေ့ဆက်လာသောအခါ လေသည်ပင်လျှင်ငြိမ်သက်သွားပါသည်။

သစ်ပင်များမှ သင်္ကိုင်းသစ်ခက်များ သစ်ရွက်များလုံးဝမလှုပ်ရှားတော့ချေ။

ဤသည်မှာ ခြောက်ခြားဖွယ်ရာတမျိုးပင်။

သူတို့သည် သွားနေရင်း အသက်ရှုနေရသည့် လေထုပင် ကွယ်ပျောက်သွားသည့်အလား ထင်မှတ်မှားကြရသည်။

အသက်ရှုကျပ်သလိုပင် ဖြစ်လာရသည်။

ကျူကပ်ကန်သည် စကားတစ်ခွန်းမျှ မပြောဘဲ မြင်းကို စိုင်းနှင်လာသည်။

ယိုမိန်နှင့်မိန်းကလေးသည်လည်းစကားတစ်ခွန်းမျှ မပြောဘဲ နောက်မှလိုက်လာကြသည်။

ရှေ့သို့လျှောက်မီလေလေ တောင်ကြားလမ်းက ကျဉ်းမြောင်းလာလေလေပင်။

တောင်ကြားလမ်းသည် တဖြည်းဖြည်း မော့တက်သွား၏။ မြင့်တက်သွား၏။

နောက်ဆုံး သူတို့သည် မြင်းပေါ်မှ ဆင်းလိုက်ကြရသည်။

ကျူကပ်ကန်က တိုးတိုးပြော၏။

'ဝါတို့ မြင်းတွေကိုဆွဲပြီး တက်ကြမယ်'

ကျဉ်းမြောင်းသော လမ်းအတိုင်း ဆက်လျှောက်ကြတည်။
ဆောနှစ်ဘက်တွင် တောင်နံရံကြီးအား မြင်တွေ့ရတော့သည်။

ယိုမိန်က တီးတိုးပြော၏။
'ဒီတောင်ကြားထိပ်ပေါ်ကလုပ်ကြံရင် တကယ်လွယ်တာပဲ၊ ဒီတောင်ထိပ်ပေါ်မှာ အစောင့်မထားတာ အံ့ဩစရာပဲ'

ကျူကပ်ကန်ကလည်း တီးတိုးပြောသည်။

'ချိမင်းစန်းတောင်ကို လူတွေမှ မလာရဲတာ၊ ဒီတော့သူတို့ အစောင့်မချတော့ဘူးပေါ့'
အတန်ကြာ လျှောက်ပြီးမှ သူတို့သည် တောင်ကြားလမ်းမှ ထွက်လာနိုင်သည်။
သူတို့သည် ကျယ်ဝန်းသော မြင်ကွင်းကြီးကို တွေ့ရှိလိုက်ရလေသည်။

ကျူကပ်ကန်က သက်ပြင်းချလိုက်ပြီး
'ဒီနေရာဟာ လျှို့ဝှက်စခန်းလုပ်ရင် အတော်ကောင်းတဲ့နေရာပဲ'
ကျယ်ဝန်းသောနေရာသို့ ရောက်ရှိလာပြီဖြစ်၍ သူတို့သည် အသီးသီး မြင်းပေါ်တက်လိုက်ကြသည်။

ထို့နောက်....
မြင်းများကို ဖြည်းညင်းစွာ မောင်းနှင်၍ ဆက်လက်ထွက်ခွာကြတော့၏။



သူတို့သည် ပတ်ဝန်းကျင်ကို သတိကြီးစွာထား၍ ကြည့်ရှုကြသည်။
မကြာမီ သူတို့သည် အလွန်ကြီးမားသည့် ကျောက်တုံးကြီးနှစ်ခုရှိရာသို့ ရောက်ရှိလာကြလေတော့၏။
ကျောက်တုံးကြီးများသည် အိမ်ငယ်လေးတစ်လုံးမျှစီ ရှိကြလေသည်။
ရုတ်တရက် ကျူကပ်ကန်သည် မြင်းပေါ်မှ ကျောက်တုံးကြီးပေါ်သို့ လွှားခနဲ ခုန်တက်သွားလေ၏။

အဘယ့်ကြောင့် ဤသို့ ခုန်တက်သွားပါသနည်း။

ယိုမိန်သည် အံ့ဩသွားလေ၏။

'ဦးလေး ဘာဖြစ်လို့....'
သူမ၏ အမေးစကားကို ကျောက်တုံးပေါ် ရောက်သွားသော ကျူကပ်ကန်က မဖြေ။

လက်ယပ်၍ ခေါ်လိုက်သည်။
သူမသည် သူမ၏အဖော် မိန်းကလေးအား လှည့်ပြောလိုက်၏။

'ရှုစန်း....ဒီမှာခဏနေဦးနော်'
'ဟုတ်ကဲ့ မမ'
သူမသည် မှာကြားပြီးသည်နှင့် ကျူကပ်ကန် ရပ်နေသော ကျောက်တုံးပေါ်သို့ ခုန်တက်သွားလေ၏။
'ဘာလဲ ဦးလေး'

'ဟိုမှာကြည့်စမ်း'

ကျူကပ်ကန်က ရှေ့သို့ လက်ညှိုးထိုးပြလေ၏။

ယိုမိန်သည် ကျူကပ်ကန် လက်ညှိုးထိုးပြသော နေရာသို့ ကြည့်လိုက်၏။

ထိုနေရာတွင် လူများ အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။

'ဟာ....များလှချည်လား'

ယိုမိန်က တအံ့တသြ ရေရွတ်၏။

ယိုမိန် ရေရွတ်သည်မှာ အဘယ့်ကြောင့်ဆိုသော် လူတစ်ရာခန့် အလုပ်ရှုပ်နေသောကြောင့်တည်း။

သူတို့သည် ဝါးပင်များကို ခုတ်လျက်ရှိကြသည်။

ထိုလူများ ဝါးပင်ခုတ်နေသည့် နေရာနှင့် ကျူကပ်ကန်တို့ ကြည့်နေသည့်နေရာမှာ အတော်ဝေးသည်။

ဝါးပင်ခုတ်နေသောလူများကို သေးသေးကလေးသာ မြင်နေရသည်။

ယိုမိန်က....

'သူတို့ ဘာလုပ်နေကြတာလဲ ဦးလေး'

ကျူကပ်ကန်က....

'ဝါးပင်တွေခုတ်နေတာလေ၊ သူတို့ဟာ တစ်မျိုးတည်းသော ဝါးကို ခုတ်ကြတာမဟုတ်ဘူး၊ ဝါးအမျိုးမျိုးကို ခုတ်နေကြတာ၊ ကြည့်ရတာ အဆောက်အအုံဆောက်ဖို့နဲ့တူတယ်၊ နို့မို့ဆိုရင် ဝါးတစ်မျိုးပဲ ခုတ်မှာပေါ့'



'ဩော်... အဆောက်အအုံ ဆောက်ဖို့ကိုး၊ ကြည့်ရတာ အဆောက်အအုံ တော်တော်များများ ဆောက်မလို့နဲ့တူတယ်'

'ကြည့်ရတာတော့ အဲဒီသဘောပဲ'

ယိုမိန်က....

'သူတို့က ဘယ်သူတွေလဲ'

ကျူကပ်ကန်က ဖြေလိုက်၏။

'အတော်ကြီးဝေးနေလို့ အသေအချာ မမြင်ရဘူး၊ သူတို့ ဝတ်စုံတွေကိုကြည့်ရင် ဘယ်ဂိုဏ်းကလဲဆိုတာ ခန့်မှန်းနိုင်မှာပဲ'

ယိုမိန်သည် ထိုလူများကိုကြည့်၍ စဉ်းစားနေ၏။

ထို့နောက်....

ကျူကပ်ကန်ကို ပြောလိုက်၏။

'အဲဒီလူတွေဟာ ကွင်းယိုးကွင်းအလံအဖွဲ့ကလူတွေများ ဖြစ်နေမလား မသိဘူး'

ကျူကပ်ကန်က ခေါင်းညိတ်လိုက်သည်။

'ဖြစ်ဖို့များတယ်'

သူတို့သည် လူစုလူဝေးကို ကြည့်၍ ဝေဖန်နေကြလေ၏။

ထိုစဉ်....

'ဝှီး....ဝှီး....ဝှီး'

မြားသုံးစင်းသည် ကျူကပ်ကန်၊ ယိုမိန်နှင့် ရှုစင်းတို့ထံသို့ ပစ်လွှတ်လာလေ၏။

ယိုမိန်သည် လေတိုးသံ ကြားသည်နှင့် မြားများပြေးလာကြပြီကို သိသည်။

'ရှစင်း....သတိထား'

သူမက ရှစင်းကို အော်ဟစ်သတိပေးလိုက်၏။ ကျုကပ်ကန်ကိုကား သတိပေးရန် မလိုချေ။

ကျုကပ်ကန်သည် အတွင်းအားကောင်းပြီး အဆင့်မြင့်သည်ကို သူမသိသည်။

ကျုကပ်ကန်သည် မြားတစ်စင်းကို ရိုက်ချလိုက်၏။ သူသည် ယိုမိန်အား ကြည့်လိုက်သည်။

သူမသည် ပြေးဝင်လာသောမြားအား ဖမ်းယူလိုက်သည်ကို သူ တွေ့ရသည်။ ကျုကပ်ကန်သည် ယုမိန်၏သိုင်းပညာကို ကြိတ်၍ ချီးကျူးပေ၏။

သူသည် ရှစင်း မည်သို့ဖြစ်ပျက်နေသည်ကို လှည့်ကြည့်သည်။

ရှစင်း၏ လက်ထဲတွင်လည်း မြားတစ်စင်းကိုင်ထားသည်ကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားတော့၏။

'အား....ဒီကလေးမလဲ သိုင်းပညာ အတော်အဆင့်မြင့်ပါလား၊ သူ့ဆီလာတဲ့မြားကို ယုမိန်လိုပဲ ဖမ်းထားနိုင်တယ်'

သူသည် ရှစင်းအား ငယ်ရွယ်သော မိန်းကလေးဖြစ်ပြီး ဒဏ်ရာရလာသူဖြစ်၍ သူသည် အထင်မကြီးပေ။



ဒဏ်ရာရလာခြင်းမှာ သူမ ညံ့ဖျင်း၍ ဖြစ်မည်ဟု သူ ထင်သည်။

ယခုမြားကို ဖမ်းထားနိုင်သည်ကို တွေ့သောအခါ သူသည် မချီးကျူးဘဲ မနေနိုင်တော့ချေ။

ထိုအခိုက် ရှစင်းသည် သူမ၏လက်ထဲ ဆုပ်ကိုင်ထားသော မြားကို ပြန်လည်ပစ်လွှတ်လိုက်၏။

'အား...'

စူးရှသောအော်သံ ထွက်ပေါ်လာ၏။ ကျုကပ်ကန် ကြည့်လိုက်သောအခါ လူတစ်ယောက်သည် သစ်ပင်ထက်မှ အောက်သို့ပြုတ်ကျလာသည်ကို တွေ့ရလေ၏။ ဤသည်ကို ရှစင်းကလည်း တွေ့သည်။

ယုမိန်နှင့် ကျုကပ်ကန်တို့လည်း ခုန်ဆင်းလာကြလေ၏။ သူတို့သည် မြားများဖြင့် လိမ့်ကျသေဆုံးသူရှိရာသို့ သွားကြလေသည်။

ထိုလူ၏ အဝတ်အစားများကို ကြည့်လိုက်သည်နှင့် ကွင်းကိုးကွင်းအလံအဖွဲ့မှဖြစ်သည်ကို သိရှိလိုက်သည်။

ယုမိန်သည် ထိုလူ၏ မျက်နှာကို စည်းထားသည့် အဝတ်အား ဖယ်ရှားလိုက်ရာ ရုပ်ရည်ကြည့်ကောင်းသောလူငယ်လူရွယ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိရလေ၏။

သူမသည် သက်ပြင်းချလိုက်၏။

'ကွင်းကိုးကွင်းအဖွဲ့မှာ ဒီလို လူငယ်လူရွယ်တွေလဲ ပါသေးသကိုး၊ နှမြောစရာ ကောင်းလိုက်တာ'

ကျူကပ်ကန်သည် အတန်ကြာစဉ်းစားလိုက်သည်။

'ဒီလိုဆိုရင် ဒီနေရာဟာ ကွင်းကိုးကွင်းအလံအဖွဲ့ရဲ့ စခန်းတစ်ခုဆိုတာ ထင်ရှားနေပြီ၊ သူတို့ဟာ ဒီနေရာမှာ အခိုင်အမာ စခန်းချနေပုံရတယ်'

ယုမိန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အခု ကျွန်မတို့ ဘာဆက်လုပ်မလဲ'

ကျူကပ်ကန်က....

'ဟုတ်တယ်၊ အခု ကျွန်မတို့က ဆက်လုပ်မလဲ'

ကျူကပ်ကန်က....

'ဒီလူတွေ ဘယ်လိုလုပ်တယ်ဆိုတာ သွားပြီးလေ့လာရမယ် နောက်မှ မီးစင်ကြည့်ကရမှာပဲ'

ယုမိန်က....

'ကောင်းတယ်၊ ဒါပေမယ့် ကျွန်မတို့သုံးယောက်လုံးစုခဲ့လိုက်ရင် ကောင်းမယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်ယောက်ကို မိသွားရင် ကျန်တဲ့လူတွေက ထွက်ပြေးပြီး သိုင်းလောကကို ကင်းပြန်နိုင်တာပေါ့၊ နောက်ပြီး ရှောင်လို့ တိမ်းလို့ ပုန်းလို့ ခိုလို့လဲ ကောင်းတယ်'

ကျူကပ်ကန်သည် အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ....



'ကောင်းတယ်၊ ဒီအတိုင်း လူစုခဲ့ကြတာပေါ့'

ယုမိန်က....

'ညီမလေးရှစင်း၊ မမတို့ လူစုခဲ့ကြမယ်၊ ညီမလေး သတိထားပြီးလုပ်ရှားနော်၊ ဘုရားကျောင်းပျက်ထဲမှာ သေတဲ့လူကို သတိရပေါ့၊ သူတို့ဟာ မိသွားရင် ရက်ရက်စက်စက် လုပ်တတ်တယ်၊ ညီမလေးကိုမိသွားရင် မိန်းကလေးဆိုပြီး ညှာမှာမဟုတ်ဘူး၊ ပိုပြီး ရက်ရက်စက်စက် လုပ်လိမ့်မယ်'

'သတိထားပါ့မယ် မမရယ်'

'အေး....ဒါဖြင့်လဲ သွားတော့'

'မိန်းကလေး၊ သူတို့မိမယ်ဆိုရင် အမိမခံနဲ့၊ ကိုယ့်ကိုကိုယ်သာ အသေလုပ်ပစ်လိုက်'

ကျူကပ်ကန်က ထပ်မံ၍ သတိပေးသည်။

'ဟုတ်ကဲ့ပါရှင်'

ရှစင်းသည် မြင်းပေါ်မှ ဆင်း၍ပြေးထွက်သွားလေသည်။

ကျူကပ်ကန်က....

'တို့လဲ ဒီမြင်းတွေကို စွန့်ခွာဖို့ အချိန်တော်ပြီ'

'ဟုတ်တယ်'

ယုမိန်နှင့် ကျူကပ်ကန်တို့သည် မြင်းများ၏ တင်ပါးကိုပုတ်ပြီး လွှတ်လိုက်ကြသည်။

ယုမိန်သည် ကိုယ်ဖော့ပညာ အလွန်ကောင်းသော မိန်းကလေးဖြစ်သည်။

သူမသည် ကိုယ်ဖော့ပညာသုံး၍ ကျောက်တုံးများ၏အကာအကွယ်၊ သစ်ပင်များ၏ အကာအကွယ်ကိုယူ၍ ဝါးခုတ်နေသည့် လူစုလူဝေးအနီးသို့ အရောက်သွားလေသည်။

မကြာမီ သူမသည် ဝါးခုတ်နေသည့် လူစုလူဝေးအနီးသို့ ရောက်ရှိသွားသည်။

သူမသည် ရှေ့ဆက်ချဉ်းကပ်နိုင်ရန် အကာအကွယ်များကို ကြည့်သည်။

ရှေ့တွင် အကာအကွယ်မရှိတော့သဖြင့် အကာအကွယ်ရှိသည့်နေရာတွင် ရပ်လိုက်ရသည်။

သူမသည် ကျောက်တုံးအစ်တုံးနောက်ကွယ်မှ ချောင်းကြည့်လိုက်သည်။

ထိုလူများသည် လူတစ်ရာခန့်ရှိသည်။

သူတို့အားလုံး အနက်ရောင် အင်္ကျီဘောင်းဘီများကို ဝတ်ဆင်ထားသည်။

'ဟာ...သူတို့ ဝါးပိုးဝါးတွေကို ခုတ်နေတာပဲ'

သူတို့သည် အဝေးမှကြည့်ပြီး ဝါးအမျိုးမျိုးခုတ်သည်ဟု ထင်နေခဲ့ကြသည်။

ယခု အနီးကပ် ကြည့်ရှုသောအခါမှ ဝါးပိုးဝါးတစ်မျိုးတည်းကိုသာ ခုတ်နေကြကြောင်း တွေ့ရှိရလေသည်။

'သူတို့ ဘာလုပ်မလို့ပါလိမ့်'



ယုမိမိန်သည် တီးတိုးရေရွတ်လိုက်မိ၏။ သူတို့ လုပ်ပုံကိုင်ပုံကိုလည်း သေချာစွာကြည့်နေမိသည်။

'သူတို့မျက်နှာတွေကို အဝတ်နဲ့စည်းထားတော့ သူတို့ဘယ်သူဆိုတာ အချင်းချင်းလဲ မသိကြတော့ဘူးပေါ့၊ သူတို့ဂိုဏ်းဝင်စနစ်က တစ်ဦးကိုတစ်ဦး မသိစေရဘူးနဲ့ တူတယ်'

ယုမိမိန်သည် တီးတိုးပြောရင်း သူတို့ လုပ်ပုံကိုင်ပုံကို ငေးကြည့်နေမိသည်။

သူတို့သည် ခုတ်လှဲထားသော ဝါးပိုးဝါးများ၏ အကိုင်းအခက်များကို ရှင်းလင်းပြီး အဆစ်များကို ဖောက်ထုတ်လိုက်ကြ၏။

ထို့နောက်....

ဝါးလုံးများကို အဖျားနှင့်အရင်း တစ်ချောင်းခြင်း ဆက်လေတော့၏။

မကြာမီ အလွန်ရှည်လျားသော ဝါးပိုက်ကြီးဖြစ်လာသည်။
ထိုလူများသည် အဘယ့်ကြောင့် ဤမျှရှည်လျားသော ဝါးပိုက်ကြီးကို ပြုလုပ်နေပါသနည်း။

သူမသည် ဤဝါးလုံးများကို ပိုက်ရှည်ကြီးအဖြစ် ဆက်၍ မည်သို့အသုံးပြုမည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

သူတို့ခုတ်ထားသည့် ဝါးပုံကြီးမှာ ဟီးနေသည်။
ဝါးပင် မြောက်မြားစွာကို ခုတ်ထားခြင်းဖြစ်သည်။
သူမသည် ဆက်လက် စောင့်ကြည့်နေမိလေ၏။

လူတစ်ရာခန့်သည် နှစ်ဆယ်စု တစ်စုစီ အလုပ်လုပ်နေကြသည်။

စုစုပေါင်း ငါးစုရှိပြီး အလုပ်လုပ်နေကြသည်။

သူတို့လုပ်ပုံကိုင်ပုံမှာ အလွန်လျင်မြန်ကြသည်။

သူတို့၏ဓားများကလည်း အလွန်ထက်သည်။

အဆစ်များကို ဇယ်စက်သလို ထွင်းဖောက်နေကြသည်။

ညီမျှမြန်မြန်....သူတို့သည် ဝါးလုံးများအားလုံး ဆက်စပ်ပြီးရန်မှ အချိန်အတော်ယူရသည်။

ယိုမိန်ကလည်း စိတ်ရှည်လက်ရှည် စောင့်ကြည့်နေသည်။

ထို့နောက်...

သူတို့သည် ဝါးလုံးတန်းကြီးကို ဆက်ကြသည်။

ဝါးလုံးတန်းကြီးသည် အရှည်ကြီးဖြစ်နေလေ၏။

သူတို့ဆက်ကြသည့် နေရာအဆုံးကို တွေ့သောအခါမှ ယိုမိန် သဘောပေါက်လာလေတော့သည်။

ဝါးလုံးတန်း အဆုံးသတ်သည့်နေရာကား ရေတံခွန်တစ်ခု တည်း။

သူတို့သည် ထိုရေတံခွန်မှရေကို တစ်နေရာသို့သွယ်ရန် ပြုလုပ် နေခြင်းသာ ဖြစ်သည်။

ဝါးလုံးတန်းမှာ ရှည်လွန်းလှသဖြင့် ယိုမိန်သည်ဝါးလုံးတန်း အဆုံးကို မမြင်နိုင်ချေ။

ထို့ကြောင့်....



တစ်ဘက်၌ မည်သည့်နေရာသို့ ရေသွယ်မည်နည်းဟု သိလို သဖြင့် သူသည် ကျောက်တုံးများနှင့် သစ်ပင်များကို အကာ အကွယ်ယူ၍ ဝါးလုံးတန်း တစ်ဘက်အစွန်းဆီသို့ ပြေးလေ တော့၏။

ကျောက်တုံးနှင့် သစ်ပင်များ၏ အကာအကွယ်မှာ ကောင်း လှသဖြင့် ယိုမိန်ကို ကွင်းကိုးကွင်း အလံအဖွဲ့သားများ မမြင် ကြချေ။

အစောင့် အများအပြား ချမထားသဖြင့် ယိုမိန်အတွက် အခွင့်အရေးရနေခြင်းဖြစ်သည်။

မကြာမီ သူသည် ဝါးလုံးတန်း တစ်ဘက်စွန်းသို့ ရောက်ရှိ လာလေတော့၏။

ထိုအခါကျမှ သူတို့ မည်သည့်နေရာသို့ ရေသွယ်နေသည်ကို သိရတော့သည်။

သူတို့သည် မီးခိုးများအူထွက်နေသည့် ကြီးမားလှသော တွင်းကြီးတစ်တွင်းထဲသို့ ရေများသွယ်ယူနေခြင်းတည်း။

ကြည့်ရသည်မှာ ထိုတွင်းကြီးထဲ၌ မီးများ တောက်လောင် နေပုံရသည်။

မကြာမီ ရေများသည် ဝါးတန်းပိုက်ရှည်မှတစ်ဆင့် တွင်း ထဲသို့ စီးဝင်လေတော့သည်။

ထိုအခါ အထဲမှမီးများ ကျသွားဟန်တူပြီး မီးခိုးလုံးကြီး အူထွက်လာတည်း။

သို့သော်....

လုံးဝငြိမ်သက်ခြင်းကား မရှိချေ။

ကွင်းကိုးကွင်း အလံ အဖွဲ့သားများသည် မလျော့သော ငွေလုံ့လဖြင့် ရေများကို ဆက်ထည့်နေကြသည်။

အတန်ကြာသော် မီးများ အတော်အတန်ကျသွား၏။

မီးခိုးဖြူများ လုံးထွက်လာသည်။

ထိုအချိန်တွင် ခေါင်းဆောင် ဖြစ်ဟန်တူသူက အမိန့်ပေး လိုက်၏။

'ဟေ့....တစ်ယောက်ယောက် ကွင်းထဲဆင်းကြည့်စမ်း'

လူများသည် စုရုံးရောက်ရှိလာပြီး ခေါင်းဆောင်၏အမိန့်ကို နာခံကြလေ၏။

ခေါင်းဆောင်က ထိုသို့အမိန့်ပေးလိုက်သောအခါ လူများ သည် တွန့်သွားကြ၏။

လူများသည် မလှုပ်ကြတော့ပေ။

အားလုံး တိတ်ဆိတ်ငြိမ်တက်နေကြတော့သည်။

'တစ်ယောက် ဆင်းကြည့်စမ်း'

ထိုလူများသည် အသံမထွက်ကြတော့ပေ။

'ငါပြောနေတာ မကြားဘူးလား'

အားလုံး တုတ်တုတ်မျှ မလှုပ်ကြချေ။

သူသည် ခါးထောက်လိုက်သည်။



'ငါ ကောင်းကောင်းပြောနေတယ်၊ တစ်ယောက် တွင်းထဲ ဆင်းစမ်း'

အားလုံး ငြိမ်သက်နေကြသည်။

ခေါင်းဆောင်၏ဒေါသ ပေါက်ကွဲလေတော့၏။

'ငါ လက်ညှိုးထိုး ခိုင်းရမှာလားကွ'

လူများသည် နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်သွားကြ၏။

အားလုံး ယိမ်းတိုက်ထားသည့်အလားပင်။

ခေါင်းဆောင်သည် ရုတ်တရက် ရယ်မောလိုက်လေ၏။

'ကောင်းပြီ၊ မင်းတို့က မလုပ်ချင်တော့ ငါက လက်ညှိုး ထိုးပြီး ခိုင်းရတော့မှာပေါ့'

သူသည် သူ၏လူများကို ဝေ့ကြည့်လိုက်၏။

ထို့နောက် လူတစ်ဦးကို လက်ညှိုးထိုးပြီး...

'မင်းသွား'

သူသည် အမိန့်ပေးလိုက်လေ၏။

ထိုလူသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။

'ကျွန်တော့်မှာ သားမယားနဲ့မို့ မသွားပါရစေနဲ့'

ခေါင်းဆောင်ဖြစ်သူက....

'မင်း ဘာပြောလိုက်တယ်'

'ကျွန်တော့်မှာ သားမယားနဲ့မို့ မသွားပါရစေနဲ့လို့ ပြောလိုက်တာပါ'

'ဒါပေမယ့် ငါတို့ဂိုဏ်းထဲ ဝင်တုန်းက ဒီသားမယား အကြောင်း ထည့်မပြောပါဘူး'

'မပြောမိပါဘူးခင်ဗျာ'

'အေး....အခုလဲ ထည့်မပြောနဲ့'

'ကျွန်တော်....ကျွန်တော် မသွားပါရစေနဲ့'

'မင်းက ငါ့အမိန့်ကို အာခံတာလား'

ထိုလူက ဒူးထောက် တောင်းပန်သည်။

'ကျွန်တော်...ကျွန်တော် မဆင်းပါရစေနဲ့၊ တွင်းထဲမဆင်းပါရစေနဲ့'

ခေါင်းဆောင်ဖြစ်သူက မာကြောစွာ ပြောသည်။

'မင်း ခိုင်းတာမလုပ်ရင် ဘာဖြစ်သွားမယ် ထင်သလဲ'

သူက ဆက်ပြော၏။

'ဘာဖြစ်သွားမယ်ဆိုတာ မင်းသိပါတယ်'

ထိုလူမှာ မတတ်သာတော့ပေ။

ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်တော့၏။

'သွားဆို သွားပါတော့မယ်၊ ကျွန်တော် အပြစ်ပေးမခံနိုင်ပါဘူးခင်ဗျာ'

ခေါင်းဆောင်က....

'အင်း....ဒီလိုမှပေါ့'

'ကျွန်တော် တစ်ခု တောင်းပန်ပါရစေ'

ထိုလူက ပြောလိုက်၏။

ခေါင်းဆောင်က....

'ပြော'

'ကျွန်တော် တစ်ခုခုဖြစ်သွားရင် ကျွန်တော့် သားနဲ့မယားကို စောင့်ရှောက်ပေးပါခင်ဗျာ'



ခေါင်းဆောင်ဖြစ်သူက ခေါင်းညိတ်ပြ၏။

'မင်း စိတ်ချသွား၊ မင်းမသိတဲ့ အချက်တစ်ခုကို ငါပြောပြမယ်၊ အဲဒါက အဖွဲ့အတွက် ကျဆုံးသွားတဲ့ လူဆိုရင် အမိန့်အတိုင်း ဆောင်ရွက်လို့ ကျဆုံးသွားတဲ့လူဆိုရင် မယားရှိရင် မယား၊ သားရှိရင်သား၊ သားရော မယားပါရှိရင် သားရော မယားရော ငါတို့အဖွဲ့က ထိုက်တန်တဲ့ထောက်ပံ့ကြေးပေးပါတယ်၊ ဒါကြောင့်မို့လဲ ငါတို့ အဖွဲ့ထဲမှာ မစွန့်ရဲတဲ့လူ မရှိတာပေါ့'

ထိုလူသည် ချာခနဲလှည့်ကာ မီးခိုးလုံးထဲ ခုန်ချလိုက်လေတော့၏။

'အား....'

သူ၏ စူးရှသော အော်သံသည် မီးခိုးလုံးထဲမှ သဲထိတ်ရင်ဖို ထွက်ပေါ်လာတော့၏။

အသံသည် အဆက်မပြတ် ပေါ်ထွက်နေသည်။

ထို့နောက်....

အော်သံသည် တဖြည်းဖြည်း ဆိတ်ငြိမ်သွားတော့၏။

အားလုံးသည် စိတ်မကောင်း ဖြစ်သွားပုံရသည်။

သူတို့၏ ရဲဘော် တစ်ယောက် ကျဆုံးသွားရပြီ မဟုတ်ပါလော....

ထိုအခါ ခေါင်းဆောင်သည် လူစုလူဝေးကြီးဘက်သို့ လှည့်ကြည့်ပြန်လေတော့၏။

ထိုအခါ လူစုလူဝေးကြီး အလုံးအယက် နောက်သို့ဆုတ်သွားကြလေ၏။

'ရပ်ကြစမ်း....'

ခေါင်းဆောင်သည် အလုအယက် နောက်ဆုတ်နေသည်ကို ကြည့်ပြီး ဒေါသ ဖြစ်သွားဟန် တူသည်။

ကွင်းကိုးကွင်း အလံအဖွဲ့ အတွင်း၊ ဂိုဏ်းဝင်ဖြစ်နေပါလျက် အဘယ့်ကြောင့် သေရမည်ကို ကြောက်နေပါသနည်း။

အားလုံး ခြေလှမ်းရပ်သွားကြသည်။

ကွင်းကိုးကွင်းအလံအဖွဲ့ဝင်များသည် သေရမည်ကို ဂုဏ်ယူကြ၏။

ဤသူများကား ဂုဏ်မယူနိုင်ကြပေ။

ဤသည်ကို ခေါင်းဆောင် နားမလည်နိုင်ပေ။

ခါးထောက်၍ ထိုလူများကို ကြည့်လိုက်လေ၏။

ထို့နောက်...

လူတစ်ယောက်ကို လက်ညှိုးထိုးလိုက်သည်။

'မင်းအလှည့်'

ထိုသူသည် မျက်နှာပျက်ကာ တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

ထိုလူသည် ပထမ လူအတိုင်း တောင်းပန်ပြန်သည်။

'ကျွန်တော် မသွားပါရစေနဲ့ ခင်ဗျာ'

'ဟား....ဟား....ဟား လာပြန်ပြီလားတစ်ယောက်'

'ကျွန်တော့် သားသမီး သုံးယောက် ရှိပါတယ်'

'ဘာဖြစ်သလဲ ကွင်းကိုးကွင်း အလံအဖွဲ့ဟာ ငွေကြေးအင်အား တောင့်ပါတယ်၊ သားသမီး သုံးယောက်ရှိရင်သုံးယောက်အတွက် ထောက်ပံ့ကြေးရမှာပေါ့'



'မဟုတ်ပါဘူး ခင်ဗျာ သားသမီးတွေဟာ ကျွန်တော့်ရဲ့ မေတ္တာကို လိုချင်နေပါတယ်'

'ဟား....ဟား....ဟား သိုင်းသမားရဲ့ မေတ္တာဟာ သွေးထဲက၊ သွေး....သွေး'

ထိုလူသည် ဘာမျှ မပြောနိုင်ဘဲ ဖြစ်သွား၏။

'ကဲ....ဆင်းလိုက်စမ်းပါကွာ၊ ငါအချိန်ပေးနေတယ်'

'ဒီအမိန့်ကို ပြင်းဆန်းလို့ မရဘူးလား ခင်ဗျာ'

'တစ်ခုမဟုတ်ရင် တစ်ခုပဲပေါ့၊ မင်း ငြင်းဆန်လေ မင်းအတွက် အပြစ်ဒဏ်က အသင့် စောင့်နေတယ်'

ထိုလူမှာ အကြီးအကျယ် စိတ်ပျက်သွား၏။

ခေါင်းဆောင် ပြောသည့် အပြစ်ဒဏ် ဆိုသည်မှာ မိဘရှိလျှင်မိဘ၊ သားသမီးရှိလျှင် သားသမီးကို သတ်ဖြတ်ခြင်းပင်တည်း။

မည်သည့် သိုင်းသမားမျှ မိမိအသက်အတွက် မိဘသားသမီးကို အသေမခံနိုင်ကြပါ။

သူသည် အံကို တင်းတင်းကြိတ်၍ မီးခိုးလုံးများအူထွက်နေသော တွင်းရှိရာသို့ သွားလေ၏။

သူသည်တွင်းထိပ်တွင် ရပ်၍ တွေးနေသည်။

သူ့ သားသမီး သုံးယောက်၏ မျက်နှာများ....

ထို့နောက်....

သူသည် တွင်းထဲသို့ ခုန်ချလိုက်၏။

'အား....'

သဲထိတ်စဖွယ် အော်သံကြီးသည် တောတောင် တစ်ခုလုံးသို့ ပဲ့တင်ထပ်၍ ထွက်ပေါ်လာ၏။

ထို့နောက်....

အသံဗလံများ ငြိမ်သက်သွားလေ၏။

....ဖ....



အခန်း (၁၀၀)

**သူလျှို**

ယိုမိန်သည် ထိုခေါင်းဆောင်၏ ရက်စက်ပုံကို ကြည့်ပြီး ခံပြင်းလှာမိလေ၏။

ဤသူသည် အကြောင်းမဲ့ လူများကို မီးလျှံများရှိသော ကျင်းထဲဆင်းခိုင်းနေသည်။

စင်စစ် သူသည် ထိုလူများကို သေမိန့်ပေးနေခြင်းသာ ဖြစ်သည်။

ယိုမိန်သည် ထိုလူကို အလွန် စက်ဆုပ်မိလေ၏။

သို့သော်....

သူမ မည်သို့ လုပ်မည်နည်း။

ထိုသူကို ထွက်၍ ရင်ဆိုင်မည်လော။

သူတို့သည် အင်အား၊ တစ်ရာခန့် ရှိ၍ သူမ ထွက်၍ ရင်ဆိုင်လျှင် စိစိညက်ညက် ကြေသွားပေလိမ့်မည်။

ထို့ကြောင့် သူမ လက်ပိုက်ကြည့်နေရုံမှ အပ မည်သို့မျှ မတတ်နိုင်တော့ပေ။

ပတ်ဝန်းကျင် တစ်ခုလုံး ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွား၏။

အားလုံးသော လူများသည် အချိန်မရွေး ထိုးညွှန်ပြလာမည့် သေမင်း လက်ညှိုးအား ထိတ်သန့်စွာ စောင့်ဆိုင်းနေကြရတော့သည်။

ခေါင်းဆောင် ဖြစ်သူ၏လက်ညှိုးသည် ဝေ့ဝိုက်ပြီးနောက် ကံဆိုးသူ မောင်ရှင် တစ်ယောက်ထံသို့ ထိုးပြ ရောက်ရှိသွားပြန်လေ၏။

ထိုလူ၏ အသက်သည် မီးပုံတွင်းထဲ၌ လောင်မြိုက် သွားပြန်၏။

တစ်ခဏ အချိန်အတွင်း လူခြောက်ယောက်တို့၏ အသက်သည် မီးခိုးလုံးများ ကြားထဲ၌ ပျောက်ကွယ်သွားခဲ့ရပေသည်၊

ဤအတိုင်း ဆက်လက် သွားနေပါက ထိုသူသည် တစ်ယောက်ပြီး တစ်ယောက် လက်ညှိုးညွှန်ပြနေမည်သာ ဖြစ်သည်၊

လူခေါင်း ခြောက်ခြားစွာ အသက် ဆုံးရှုံးကြရမည် ဖြစ်သည်။



ယိုမိန်သည် ထိုလူက အဘယ့်ကြောင့် လက်ညှိုး ညွှန်နေသည်ကို မသိပေ။

တကယ့် သေမင်း တမန်ပေးတည်း။

ထိုအချိန်၌ လူတစ်ယောက် ပြေးလွှား ရောက်ရှိ လာလေ၏။

ထိုလူလည်း သူတို့ကဲ့သို့ပင် အနက်ရောင်အင်္ကျီ၊ ဘောင်းဘီ ဝတ်ထားပြီး မျက်နှာကို အနက်ရောင် ပဝါဖြင့် စည်းထားသူသာ ဖြစ်လေ၏။

ကွင်းကိုးကွင်း အလံ အဖွဲ့ဝင် တစ်ဦးပေတည်း။

ခေါင်းဆောင်ဖြစ်သူသည် ထိုသူကို မြင်တွေ့လိုက်ရသောအခါ တစ်ယောက်ပြီးတစ်ယောက် သတ်နေခြင်းကို ရပ်တန့်လိုက်၏။

ရောက်ရှိလာသူသည် မြောက်ကြွားကြွား ရှိလေ၏။

သူသည် လူစုလူဝေးကြီး ရှေ့၌ ရပ်လိုက်၏။

သူသည် သူ့လက်ထဲမှ ပစ္စည်းကို မြှောက်ပြလိုက်၏။

'ဂိုဏ်းချုပ်ကြီး အမိန့်ပါလာတယ်'

ခေါင်းဆောင် ဖြစ်သူသည် ထိုသူအား ကြည့်လိုက်ပြီး လှမ်းမေးလိုက်၏။

'ကြေးပြားပါရဲ့လား'

ရောက်လာသူက....

'ပါတယ်'

'ပေးစမ်း'

ရောက်လာသူက လှမ်းပေးလိုက်၏။

ခေါင်းဆောင်ဖြစ်သူသည် ကြေးပြားအား စစ်ဆေးလိုက်သည်။ ကြေးပြားသည် ဂိုဏ်းချုပ်ကြီး၏ အမိန့်ပေးကြေးပြားဖြစ်သည်ကို စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့်....

'အမိန့်ရှိပါ'

ခေါင်းဆောင်ဖြစ်သူက ပြောလိုက်လေ၏။

ထိုလူက....

'ကျုပ်တို့ ချမ်းချန်းနယ်မှာ အတော်ကလေး အရေးကြီးနေပါတယ်၊ ဒါ့ကြောင့် ဒီကအင်အားကို ပြန်ခေါ်မလို့ လာတာပါ'

ခေါင်းဆောင်ဖြစ်သူက....

'မင်းညစ္စာ မဟုတ်သေးပါဘူး၊ ကျုပ်ဆောင်ရွက်နေတဲ့ ကိစ္စကိုကြည့်ပဦး၊ ကျုပ်ဆောင်ရွက်နေတဲ့ ကိစ္စက ပြီးမှမပြီးသေးတာ၊ ပြန်ခေါ်လို့ ဘယ်ဖြစ်မလဲ၊ ကိစ္စပြီးရင်တော့ ဟုတ်တာပေါ့'

ရောက်ရှိလာသူက....

'ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာက ဒီကအင်အားပြန်ခေါ်ခဲ့ဖို့ပဲ၊ ကျုပ်တို့ ချမ်းချန်းနယ်မှာ အရေးကြီးနေတယ်၊ ဒီကအင်အားကိုပြန်ခေါ်ပြီး အသုံးပြုမယ် ဒါပဲ၊ တခြား ဘာမှ ကျုပ်မသိဘူး'



ခေါင်းဆောင်ဖြစ်သူသည် ဒေါသထွက်လာ၏။

'ဒီနေရာမှာ မင်းက ခေါင်းဆောင်လား၊ ငါက ခေါင်းဆောင်လား'

ထိုလူက ခေါင်းဆောင်ဖြစ်သူကို လုံးဝဂရုမစိုက်ပေ။ သူ့မှာ အမိန့်ပေးကြေးပြားပါလာသည်ကိုး။

'ဒီနေရာ ၁ ခင်ဗျားက ခေါင်းဆောင်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ တာဝန် ထမ်းဆောင်နေတဲ့လူ ဖြစ်တယ်၊ ခင်ဗျား ကျုပ်ကို အနှောင့်အယှက် မပေးရင် ကောင်းမယ်'

ထိုလူနှစ်ယောက်သည် ပြင်းပြင်းထန်ထန် ငြင်းခုံနေကြတော့သည်။

သေမိန့်ပေး ခံနေရသူများမှာ စိတ်သက်သာရာ ရသွားကြသည်။

သူတို့အား ပြန်ခေါ်လာမည့်သူကို ကျေးဇူးတင်သွား၏။ တိုက်ရင်း ခိုက်ရင်း သေကြမည်ဆိုလျှင် အကြောင်းမဟုတ်ပါ။

သူတို့ သေဝံ့ပါသည်။

ယခုတော့ အကြောင်းမဲ့ မီးပုံထဲ ခုန်ဆင်းပြီး အသေခံနေရသည်။

သူတို့သည် ရောက်ရှိလာသူကို လွန်စွာ ကျေးဇူးတင်မိကြလေ၏။

ခေါင်းဆောင်ဖြစ်သူက ဒေါသဖြင့် ပြောလိုက်သည်။

'ဒါတွေထားလိုက်စမ်းပါ'

'ခင်ဗျား ဘာပြောမလို့လဲ'

'မင်းရောက်လာတာနဲ့ အတော်ပဲ'

'ဘာတော်တာလဲ'

ခေါင်းဆောင်က ဆက်၍စကားပြောလေ၏။

'မင်းရောက်လာတော့ ကျုပ်အမိန့်ကို နာခံပေတော့၊ ကျုပ်က ဒီနေရာမှာ ခေါင်းဆောင်ပဲ'

'ခင်ဗျား ခေါင်းဆောင်ဆိုတိုင်း ကျုပ်က လိုက်နာရမှာလား'

'လိုက်နာရမှာပေါ့၊ အဆင့်ကြီးတဲ့လူက အမိန့်ပေးနေတဲ့ ဥစ္စာ'

'ဟား....ဟား....ဟား....ဘယ်လို အဆင့်ကြီးတာလဲ'

'မင်းက လေးကွင်းတမန် ဖြစ်တယ်'

'ဟုတ်တယ်'

'ကျုပ်က ခြောက်ကွင်းတမန်ဖြစ်တယ်၊ ဒါကြောင့် ကျုပ်က မင်းထက် အဆင့်နှစ်ဆင့်မြင့်တယ်၊ ဒါကို မင်းနားမလည်ဘူးလား၊ မင်းဟာ လေးကွင်းတမန်ဖြစ်ပြီး ဒီအဆင့်တွေကို ရှင်းပြနေရတာ ငါသည်းမခံနိုင်တော့ဘူး'

'ဟား... ဟား....ဟား ကျုပ်နားလည်တာပေါ့၊ ဒါပေမယ့် ကျုပ်လာတာက ခင်ဗျားဆီကို အလကားလာတာ မဟုတ်ဘူး



ဆိုတာတဲ၊ အကြောင်းရှိလို့ လာတာ၊ ကျုပ်အကြောင်းက ဘယ်လောက်ဝင်လုံသလဲဆိုရင် ကျုပ်လက်ထဲမှာ အမိန့်ပေး ကြေးပြားပါလာတာကိုပဲ ကြည့်ပေတော့၊ အမိန့်ပေးကြေး ပြားဟာ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ပဲ'

ခေါင်းဆောင်ဖြစ်သူသည် ခေါင်းကို ခါယမ်းလိုက်လေသည်။

ရောက်ရှိလာသူ ပြောသည့်စကားကို လက်မခံနိုင်ကြောင်း ပြောခြင်း ဖြစ်သည်။

'မင်း အခုပြောတဲ့ စကားအရ ကျုပ်ကမင်းကို သေဒဏ် ပေးနိုင်တယ်ဆိုတာကို မင်းနားလည်ရဲ့လား'

ထိုလူက....

'ဘာဖြစ်လို့ သေဒဏ်ပေးနိုင်ရမှာလဲ'

'အခု မင်းဆီမှာ ကြေးပြားပါလာတယ် မဟုတ်လား'

'ပါတယ်'

'အဲဒါ ဘယ်သူ့ရဲ့ ကြေးပြားလဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ ကြေးပြားပေါ့'

'ဟား....ဟား....ဟား....မင်းဟာ ဂိုဏ်းချုပ်ကြီးကို အလွဲသုံးစား ပြုလိုက်တာပဲ၊ မင်းလက်ထဲမှာ ပါလာတဲ့ ကြေးပြားဟာ အလံရှင်ရဲ့ ကြေးပြားကွ၊ မင်းနားလည်ပြီလား'

ထိုလူက....

'ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့အမိန့်လို့ ပြောတာ အကြောင်းမဲ့ ပြောတာမဟုတ်ဘူး၊ အကြောင်းရှိလို့ ပြောတာဗျ၊ ခင်ဗျား သိရဲ့လား'

ခေါင်းဆောင်ဖြစ်သူ တွေဝေသွားသည်။

'ဘာအကြောင်းလဲ'

ထိုလူက....

'ဒီအမိန့်ကို ဂိုဏ်းချုပ်ကြီးက အလံရှင်ကို ချပေးလိုက်တယ်၊ အလံရှင်ဟာ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို သူချပေးချင်တဲ့လူကို ချပေးမှာပေါ့၊ ဒါနဲ့ ကျုပ်ကိုအမိန့်ချပေးတယ်၊ အဲဒီတော့ ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်လို့ ပြောတယ်၊ ကျုပ်မှားသလား'

ခေါင်းဆောင်ဖြစ်သူက....

'ထားလိုက်ပါတော့၊ ကျုပ်က မင်းထက် အဆင့်နှစ်ဆင့်မြင့်တယ်၊ မင်းထက် အဆင့်ကြီးတယ်၊ ဒါကြောင့် ကျုပ်ပေးတဲ့ အမိန့်ကို မင်းနာခံရမယ်၊ ကျုပ်စေခိုင်းသလို မင်းလုပ်ရမယ်'

ထိုလူက ရယ်လိုက်၏။

'ဟား....ဟား....ဟား'

'ဘာရယ်တာလဲ'

'ဘာရယ်ရမလဲ၊ ခင်ဗျား သိဖို့ကောင်းတယ်၊ ဒီနေရာကို ကျုပ် အကြောင်းမဲ့ ရောက်လာတာ မဟုတ်ဘူး၊ ကျုပ်က တာဝန်နဲ့ ရောက်လာတဲ့လူဗျ၊ ခင်ဗျားအမိန့်ကိုနာခံဖို့ ရောက်လာတဲ့လူမဟုတ်ဘူး၊ ဒါကိုပဲ ဆပ်တလဲလဲ ပြောနေရတယ်'

ခေါင်းဆောင်ဖြစ်သူက....

'ကျုပ်ကို ရှင်းရှင်းပြောပါ၊ ကျုပ်အမိန့်ကို နာခံမလား၊ မနာခံဘူးလား၊ ရှင်းရှင်းပဲပြော'



ထိုလူက ခေါင်းယမ်းလိုက်လေသည်။

'ခင်ဗျားရဲ့အမိန့်က ဘာအမိန့်လဲ'

'ဟိုတွင်းထဲကို မင်းခုန်ဆင်းလိုက်'

'ဟား...ဟား....ဟား....ဝေးသေးတယ်၊ ကျုပ်က မိုက်မိုက်မဲမဲ ဒါမျိုး ဘယ်တော့မှမလုပ်ဘူး၊ ကျုပ်က ခင်ဗျားအမိန့်ကို ပေးတာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို အထောက်အကူပြုတဲ့ အမိန့်များ ဖြစ်နေမလားလို့ မေးတာ'

ခေါင်းဆောင်ဖြစ်သူသည် ရှေ့သို့ တစ်လှမ်းချင်းတိုးလိုက်သည်။

သူသည် ရောက်ရှိလာသူကို စူးရှစွာကြည့်ရင်း....

'ငါတို့အဖွဲ့ရဲ့ စည်းကမ်းတွေကို မင်းသိရဲ့လား'

'ကျုပ်က ကွင်းလေးကွင်းတာမာန်ပဲ၊ စည်းကမ်းတွေကို မသိဘဲ ရှိပါ့မလားဗျ၊ ခင်ဗျားမို့ မေးရဲတယ်'

ခေါင်းဆောင်ဖြစ်သူသည် မဲ့ပြုံးပြုံးလိုက်၏။

'ငါတို့အဖွဲ့ရဲ့ စည်းကမ်းအမှတ်ခုနစ်မှာ ဘာတွေ ပါရှိသလဲ'

ထိုလူက မဲ့ပြုံးပြုံးလိုက်၏။

'အဆင့်နိမ့်သောလူသည် ကိုယ့်ထက် အဆင့်မြင့်သောလူ၏ အမိန့်ကို တစ်သဝေမတိမ်းနာခံရမယ်လို့ ပါတတ်'

ခေါင်းဆောင်ဖြစ်သူက....

'မင်းမဆိုးဘူး၊ ဒါတော့ သိထားသားပဲ'

ရောက်ရှိလာသူက ရယ်လိုက်၏။

'ကျုပ်က ကွင်းလေးကွင်းတမှာနဲ့ပဲဗျ'

'ကွင်းလေးကွင်းတွေ ကွင်းငါးကွင်းတွေ လုပ်မနေနဲ့'

'ခင်ဗျားက ဘာလုပ်ချင်လို့လဲ'

'ငါက မင်းထက် အဆင့်နှစ်ဆင့်ကြီးတယ်၊ ဂိုဏ်းရဲ့ စည်းကမ်းချက်အရ မင်းဟာ ကျုပ်ရဲ့အမိန့်ကို နာခံရမှာပဲ'

ရောက်ရှိလာသူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား မဖြစ်နိုင်တာတွေကို ပြောနေတာပဲ'

'ဘာဖြစ်လို့ မဖြစ်နိုင်တာတွေကို ပြောနေရမှာလဲ၊ ဖြစ်နိုင်တယ်၊ အများကြီး ဖြစ်နိုင်တယ်၊ မင်း မြေတွင်းထဲဆင်းစမ်း'

ထိုလူက ရယ်မောလိုက်၏။

'ဟား...ဟား...ဟား'

'မင်း ရယ်ပြန်ပြီ၊ သေချင်ပြီလား'

'ချွန်းကို ဒီလိုလုပ်လို့ မရဘူးဗျ'

ခေါင်းဆောင်ဖြစ်သူသည် အနိုင်ရလိုက်သည့်ပမာ ခွက်ထိုးခွက်လှန် ရယ်မောလိုက်လေတော့၏။

'မင်းတော့ သေဖြစ်ပြီ'

'ဘာဖြစ်လို့ သေရမှာလဲ'



'မင်းဟာ ငါတို့ စည်းကမ်းတွေကိုလဲ သိတယ်ဆိုသေးရဲ့၊ ငါ့ကိုလဲ ပြန်မေးနေပါကလား'

'ဆက်ပြောစမ်းပါဦးဗျာ၊ ကျုပ်နားထောင်ပါရစေဦး'

'ငါတို့ဂိုဏ်းရဲ့ စည်းကမ်းချက်သုံးမှာပါရှိတဲ့ စည်းကမ်းချက်ကို ဖောက်ဖျက်တဲ့အတွက် ကျုပ်ကမင်းကို သေဒဏ်ချမှတ်လိုက်တယ်'

'ဒီလို သေဒဏ်ချချင်တိုင်းချနေရင် ခက်ရောပေါ့ဗျာ'

'ဘာဖြစ်လို့ ခက်ရမှာလဲ၊ စည်းကမ်းချက် အမှတ်သုံးမှာ အဲဒီအတိုင်း ဆိုထားတယ်'

'ကျုပ်တော့ သဘောမပေါက်ဘူး'

ခေါင်းဆောင်ဖြစ်သူက....

'မင်းသဘောမပေါက်ရင် သဘောပေါက်အောင် ပြောပြရသေးတာပေါ့၊ ငါတို့ဂိုဏ်းရဲ့ စည်းကမ်းချက် အမှတ်သုံးက ဘာပြောသလဲ၊ တခြားလူရှေ့မှာဆို အမည်ကို ထုတ်ဖော်မပြောရဘူးလို့ ပြောတယ်၊ ထုတ်ဖော်ပြောရင် သေဒဏ်ပဲ၊ မင်းဟာ စောစောက 'ချွန်းကိုဒီလိုလုပ်လို့ ဘယ်ရမလဲ' ပြောတာ ကိုယ့်နာမည်ကို ထုတ်ဖော်ပြောတာ မဟုတ်ဘူးလား'

ထိုလူက ရယ်လိုက်၏။

'ခင်ဗျားဟာ ဘာဖြစ်လို့ မသိချင်ဟန်ဆောင်ပြီး လှည့်ပတ်ပြောနေရတာလဲ၊ ချွန်းဟာ အမျိုးအနွယ်နာမည်ပဲဗျ၊ ကိုယ့်

နာမည်မှမဟုတ်တာ၊ ခင်ဗျား ဒါလေးတော့ သိဖို့ကောင်းပါတယ်'

'မင်းနားမလည်ဘူးလား၊ အမျိုးအနွယ်ပါနေရင် နာမည်ပါ သိနေတာပေါ့ကွ'

'ဟား....ဟား....ဟား....ဒီ တရုတ် ပြည် ထဲ မှာ ချန်းအမျိုးအနွယ်တွေ အများကြီးရှိတာပဲ'

ခေါင်းဆောင်ဖြစ်သူက....

'ဟုတ်တယ်၊ ချန်းအမျိုးအနွယ် အများကြီးပဲ'

'ခင်ဗျားသိထားရင် ပြီးတာပဲဗျာ'

'ဒါပေမယ့် မပြီးသေးတာ ရှိသေးတယ်'

'ဘာလဲ ပြော'

ချန်းအမျိုးအနွယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ချန်းအမျိုးအနွယ်သိုင်းသမားဆိုလို့ ခေါင်းဆောင်ကြီးချန်းနဲ့ သံလက်သီးချန်း နှစ်ယောက်တည်းပဲ တို့ဂိုဏ်းထဲမှာရှိတယ်၊ မင်းက ခေါင်းဆောင်ကြီးမဟုတ်တော့ သံလက်သီး ချန်းပဲဆိုတာ လူတိုင်းသိသွားတာပေါ့၊ ဟုတ်တယ်မဟုတ်လား'

ထိုအခါ သံလက်သီးချန်းက ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ် တို့ ဂိုဏ်း မှာလဲ အဆင့်ကိုးဆင့် ကွင်းကိုးကွင်းရှိတယ်၊ ဘယ်သူဟာ ဘယ်အဆင့်ရှိ



တယ်၊ ကွင်း ဘယ်နှစ်ကွင်းရှိသလဲဆိုတာ ဖွင့်မပြောရဘူးလို့ စည်းကမ်းသတ်မှတ်ထားတယ်၊ အခုတော့ ခင်ဗျား ပြောလိုက်တာ ကမ်းကုန်နေပြီ၊ ကျုပ်ကိုလဲ ကွင်းလေးကွင်းရှိသတဲ့၊ ခင်ဗျားဟာလဲ ကွင်းခြောက်ကွင်းရှိသတဲ့၊ အားလုံးကုန်နေပါပြီဗျာ၊ ခင်ဗျားလဲ စည်းကမ်းဖောက်တာ မဟုတ်ဘူးလား'

ခေါင်းဆောင်ဖြစ်သူက....

'ဟား....ဟား....ဟား၊ မင်းမသိတာတွေ ရှိပါသေးတယ်ကွာ'

သံလက်သီးချန်းက အေးအေးဆေးဆေးပင်....

'ဘာလဲ ပြော....'

'ငါ ကွင်းခြောက်ကွင်း အဆင့်ရှိတယ်ဆိုတာကိုတော့ မင်းသိတယ်၊ ဒါပေမယ့် ငါ့နာမည်ကိုတော့ မင်းမသိဘူး မဟုတ်လား'

သံလက်သီးချန်းက ရယ်လေ၏။

'ခင်ဗျားနာမည်ကို ကျုပ်မသိတာ မှန်တယ်'

'မသိရင် ပြီးတာပဲ'

'ဒါပေမယ့် တစ်ခုရှိတယ်ဗျ'

'ဘာတစ်ခုလဲ'

'ခင်ဗျား သိထားပြီးရင်လဲ သိထားပြီးမယ်၊ ကျုပ်တို့ ကွင်းကိုးကွင်း အလံအဖွဲ့ထဲမှာ ကွင်းခြောက်ကွင်း အဆင့်ရှိတဲ့လူ

ခြောက် ယောက် တည်းရှိ တယ်၊ အဲဒီ ခြောက်ယောက် တည်းက တစ်ယောက်ဖြစ်တယ်ဆိုတာကို အားလုံးသိကုန်ကြတာပေါ့'

ခေါင်းဆောင်ဖြစ်သူက ခါးထောက်ပြီး ဒေါသတကြီး ပြောလိုက်၏။

'မင်းတော့ သေဖြစ်ပြီ၊ အပြင်လူတွေရှေ့မှာ ဂိုဏ်းရဲ့ ဖွဲ့စည်းပုံကို ဖွင့်ပြောရသလား လူမိုက်ရဲ့'

သံလက်သီးချန်း မျက်မှောင်ကြုတ်သွား၏။

'ဒီနေရာမှာ ကျုပ်တို့ ညီအစ်ကိုတွေချည်းပဲရှိတယ်၊ ဘယ်က အပြင်လူရှိရမှာလဲ၊ အားလုံးကြည့်လိုက်စမ်းပါ၊ တို့ ညီအစ်ကို တော်တွေချည်းပဲ'

'ဟား... ဟား....ဟား....မင်းက ထင်တာကိုး၊ ဒီအားလုံး ဟာ မင်းရဲ့ ညီအစ်ကိုတော်တွေချည့်ပဲ့ ထင်နေသလား'

'ဟုတ်တယ်လေ၊ ခင်ဗျား မမြင်ဘူးလား'

'မြင်တာပေါ့၊ မြင်လို့ပြောနေတာပေါ့၊ တို့အထဲမှာ အပြင်လူရှိတယ်'

'ဘယ်မှာလဲ'

ခေါင်းဆောင်ဖြစ်သူသည် လူအုပ်ထဲမှ လူတစ်ယောက်ကို လက်ညှိုးထိုးပြလေ၏။

'သူပဲ'

သူသည် ထိုသူ့အား လက်ညှိုးထိုးထားရင်း...



'ခင်ဗျား ဒီမှာ ဝင်ရောနေတာ နှစ်ရက်ရှိပြီ၊ အခုတော့ ကိုယ်ဘယ်သူဆိုတာ မျက်နှာဖုံးဖွင့်ပြသင့်ပြီ'

ထိုအခါ လက်ညှိုးညွှန်ပြခံရသူသည် လူအုပ်အပြင်သို့ ထွက် လာလေ၏။

ထို့နောက် သူ၏ မျက်နှာဖုံးကို ဆွဲချွတ်ချလိုက်သည်။ ထိုအခါ လူအားလုံး အံ့ဩထိတ်လန့်သွားကြလေ၏။

....o....

## အခန်း (၁၀၁)

လှည့်ဖျားစကား

မျက်နှာဖုံး ချွတ်လိုက်သည့်လူမှာ စာပေသမား တုံကျင်းဖု ဖြစ်နေလေသတည်း။

တုံကျင်းဖုကား အေးအေးဆေးဆေးပင်။

သူ့အား လူမိသွားသဖြင့် စိုးရိမ်ပူပန်ခြင်း အလျဉ်းရှိပုံ မရချေ။

သူသည် ခေါင်းဆောင်ဖြစ်သူအား ပြုံးပြလိုက်လေ၏။

'ခင်ဗျားဟာ စာပေသိုင်းသမား တုံကျင်းဖုဖြစ်နေတာကို'

တုံကျင်းဖုက ခေါင်းညိတ်၏။

'ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိပြီဗျ'



ခေါင်းဆောင်ဖြစ်သူက....

'ဟား....ဟား....ဟား ခင်ဗျားက ကျုပ်ကိုသိတယ်၊ ကဲဗျာ ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး'

တုံကျင်းဖုက ပြုံးလိုက်၏။

'ဝူတယ်ဆိုတာ ကျုပ် သိပါတယ်'

သူ့စကားကြောင့် လူအားလုံးဟာခနဲအံ့သြသွားကြသည်။

မျက်နှာဖုံးစွပ် အားလုံး၏ စိတ်ထဲတွင် ဤသူကား ဝူတယ်ဟု သိသွားကြလေပြီ။

ဝူတယ်သည် မျက်နှာတပြင်လုံး နီရဲသွား၏။

မျက်နှာဖုံးစွပ်ထားသဖြင့် လူများ မမြင်မတွေ့ကြရခြင်း ဖြစ်သည်။

မျက်နှာဖုံးစွပ်ထားခြင်းသည် သူ့အတွက် ကောင်းသွားပေသည်။

တုံကျင်းဖုက စကားဆက်လိုက်၏။

'ကျုပ်က ခင်ဗျားကို သိထားရုံတင် မကပါဘူး၊ ဒီပြင်လဲ ကျုပ်သိထားတာတွေ အများကြီးရှိသေးတယ်'

ဝူတယ်၏ မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ယှက်သန်းလာလေ၏။

သူသည် တုံကျင်းဖုကို သတ်ချင်နေပေသည်။

ဝူတယ်က....

'ခင်ဗျား ဘာတွေ သိထားသေးသလဲ'

တုံကျင်းဖုသည် အေးအေးဆေးဆေးပင် ယပ်တောင်ဖြင့် ယပ်ခတ်လိုက်၏။

သူသည် သံလက်သီးချန်းအား တစ်ချက်ကြည့်လိုက်ကာ ဝူတယုံအား လှည့်မေးလိုက်လေ၏။

'ဝူတယုံ၊ ခင်ဗျားဟာ ဘယ်သူဗျ'

'ကျုပ်ကို မေးနေရသေးသလား၊ ခင်ဗျား သိတယ်ဆိုလို့ ကျုပ်က ခင်ဗျားကို မေးနေတာဗျ'

'ဟား...ဟား...ဟား အဲဒီတော့ ကျုပ်ကလဲ ပြောပြရဦးမှာပေါ့ဗျာ'

'ခင်ဗျားမဖြီးနဲ့ မှန်မှန်ကန်ကန်သာ ပြော...'

'ပြောပါမယ်၊ ပြောပါမယ်၊ အမှန်ကန်ဆုံး ပြောပါ့မယ်၊ ခင်ဗျားဟာ သေမင်းခြောက်ယောက်အဖွဲ့ရဲ့ ခေါင်းဆောင် ဆိုတာ သိထားပါတယ်'

ဝူတယုံမှာ အကြီးအကျယ် မျက်နှာပျက်သွားသည်။

'ဒီသေမင်းခြောက်ယောက်စလုံးဟာ ကွင်ကိုးကွင်း အလံအဖွဲ့ရဲ့ လက်အောက်ခံ ဖြစ်ကြောင်းပြီးဆိုတာလဲ ကျုပ်သိထားပါသေးတယ်'

ဝူတယုံ၏ မျက်နှာတစ်ခုလုံးမှာ နီရဲနေ၏။

နီရဲရာမှ ညိုမည်းလာသည်။

'ခင်ဗျားသိထားတာ ဒါအကုန်ပဲလား'

တုံကျင်းဖုက ရယ်မောလိုက်၏။



'ဘယ်အကုန်ဟုတ်မလဲ၊ ရှိထားသေးတယ်ဗျ'

ဝူတယုံက....

'ဆက်ပြောလေ'

တုံကျင်းဖုက...

'သိမ် ငုက်တိုးဘိုး၊ တုခိုပကလဲ ခင်ဗျားတို့ ခြောက်ယောက်နဲ့အတူ ကွင်းကိုးကွင်း အလံအဖွဲ့ထဲ ပါနေတယ် ဆိုတာကိုလဲ ကျုပ်သိပါတယ်'

ဝူတယုံမှာ မျက်နှာပျက်ပြီးရင်းပျက်နေတော့သည်။

သူသည် သံလက်သီးချန်းဘက်သို့ လှည့်၍ ပြောလိုက်၏။

'ဒီအကြောင်းတွေကို ဘယ်သူကမှ ပြောမှာ မဟုတ်ဘူး၊ မင်းပဲ ပြောတာ ဖြစ်ရမယ်'

သံလက်သီးချန်းက ငြင်းဆိုရန် ပါးစပ်ဟလိုက်ရာ တုံကျင်းဖုက ဖြတ်၍ ပြောလိုက်၏။

'တယ်သူတွေ ဘာပဲပြောပြော ဒီသေတ္တာ သိုင်းလောကထဲ ရောက်သွားရင် သိုင်းဂိုဏ်းတွေ အားလုံး စုပေါင်းပြီး ကွင်းကိုးကွင်း အလံအဖွဲ့ကို စုပေါင်း ချေမှုန်းကြတော့မှာပဲ၊ အဲဒီအခါမှာ ကွင်းကိုးကွင်း အလံအဖွဲ့လဲ ပျက်စီးသွားမှာပဲ'

ထိုစကားကို တုံကျင်းဖုက ဟန်ကိုယ်ဖို့ ဟန်သွင်ပြီ ပြောလိုက်ရခြင်း ဖြစ်သည်။

တကယ်တော့ ကွင်းကိုးကွင်း အလံအဖွဲ့သည် သိုင်းလောကကို စိန်ခေါ်ပြီးချေပြီ။

ကျွင်းကျာဂေဟာကျွင်းဝေရင်မွေးနေ့ပွဲ၌ပြုလုပ်လိုက်သော အပြုအမူသည် သိုင်းလောက တစ်ခုလုံးကို စိန်ခေါ်လိုက်သည်။

အပြုအမူပင် မဟုတ်ပါလော။

တကယ်တော့ ကွင်းကိုးကွင်း၊ အလံအဖွဲ့သည် ဒိုင်းလောကကို လုံး၀ ဂရုမစိုက်ပေ။

မစိုက်သဖြင့် တစ်ဂိုဏ်းပြီးတစ်ဂိုဏ်း လိုက်လံ ပျက်ဆီးနေသည် မဟုတ်ပါလော....

ဝူတယုံသည် ဒေါသအမျက် ခြောင်းခြောင်း ထွက်သွား၏။

'ဘာပဲဖြစ်ဖြစ် မင်းကိုတော့ အရင် သတ်ရမှာပဲ'

သူသည် စကားဆုံးသည်နှင့် တိုက်ခိုက်လိုက်၏။

သူ့ စကားအရ တုံကျွင်ဖုကို တိုက်ခိုက်မည်ဟု ထင်မှတ်ရ၏။

သော်....

တကယ် တိုက်ခိုက်သည်ကား သံလက်သီးချုန်းကိုဖြစ်လေ၏။

သံလက်သီးချုန်းမှာ ဝူတယုံနှင့် တုံကျွင်းဖု စကား ပြောနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေခိုက် ဝူတယုံက သူ့အား ဘာမပြော ညာမပြော တိုက်ခိုက်လာသောအခါဒေါသအကြီးအကျယ် ထွက်သွားလေ၏။

ထို့ကြောင့်....

သူသည်ပြန်လည် ရှင်းပြ မနေတော့ဘဲဝူတယုံအားပြန်လည် တိုက်ခိုက်လေတော့၏။



ဝူတယုံသည် သံလက်သီးချုန်းအား ဦးခေါင်းကို အဓိက ထားပြီး တိုက်ခိုက်၏။

သံလက်သီးချုန်းသည် သူ့ဦးခေါင်းအား မထိခိုက်စေရန် သတိထားပြီး ခုခံလေ၏။

သူသည် သူ့လက်သီးကို အသုံးပြုရန် အကွက်ချောင်းနေလေ၏။

သူ့နာမည်သည် သံလက်သီးချုန်း မဟုတ်ပါလား....

သူ့လက်သီး တစ်ချက် မိသွားလျှင် ဝူတယုံသည် လွင့်စဉ်သွားပေလိမ့်မည်။

ဝူတယုံကလည်း ပါးသည်။

သံလက်သီးချုန်း၏ ဦးခေါင်းကို တိုက်ခိုက်ရင်း သံလက်သီးချုန်း၏ လက်သီးကို မမိလေအောင် ဂရုစိုက်လေ၏။

တုံကျွင်းဖုသည် သူတို့နှစ်ယောက် တိုက်ခိုက်နေသည်ကို ရပ်ကြည့်နေ၏။

သူသည် ယပ်တောင်ကို တဖျပ်ဖျပ် ခတ်နေသည်။

သူ့ပုံကိုကြည့်ရသည်မှာ ဝူတယုံတို့၏ တိုက်ပွဲကို အပြီးအထိ ကြည့်မည့်ပုံ ပေါ်နေသည်။

သို့သော်....

သူ့စိတ်များကား ပူနေသည်။

ဤအုပ်စုကြီး ထဲမှ လွတ်မြောက် ထွက်ပြေးရန် သူသည် ကြံနေသည်။

သူသည် လူအုပ်ကြီးကိုကြည့်လေ၏။

လူအုပ်ကြီးကား သူ့ကို စိတ်မဝင်စားချေ။

တိုက်ပွဲကိုသာ စိတ်ဝင်စားနေ၏။

သို့သော်....

သူသည် မလှုပ်ဝံ့သေးချေ။

လှုပ်လိုက်ပါက လူအုပ်ကြီးက သူ့ကို စိတ်ဝင်စားသွားမည်ကို စိုးရိမ်ပေသည်။

ဝူတာယုံနှင့် သံလက်သီးချန်းတို့ တိုက်ခိုက်ရင်း နေရာ ရွှေ့ပြောင်းသွားမှသာ သူ့အတွက် ဟန်ကျပေလိမ့်မည်။

သူသည် အချိန်ကို စောင့်နေရလေ၏။

ဝူတာယုံနှင့် သံလက်သီးချန်းတို့သည် သူတပြန် ကိုယ်တပြန် တိုက်ခိုက်နေကြလေ၏။

သူတို့တို ၁ပွဲမှာ ပြင်းထန်လှသည်။

တဒင်္ဂအတွင်း သူတို့သည် သိုင်းကွက် နှစ်ဆယ်မျှ တိုက်ခိုက်ကြလေ၏။

ယခုအချိန်တွင် သံလက်သီးချန်းက အသာစီး ရနေပြန်၏။

သူတို့သည် အဖွဲ့အစည်းဖွဲ့စည်းပုံအရ ကွင်းခြောက်ကွင်း ဝူတာယုံကကွင်းလေးကွင်းသံလက်သီးထက်သာရမည်မဟုတ်ပါလော။

သို့သော်...

သံလက်သီးချန်းက အသာစီးမှ တိုက်ခိုက်နေပေသည်။



ဝူတာယုံသည် မခံချင်စိတ် ပေါ်လာပြီး မီးကုန်ယမ်းကုန် တိုက်ခိုက်တော့သည်။

ထိုအခါ ဝူတာယုံက အသာစီးမှ ရရှိသွားပြန်သည်။

ထိုအချိန်တွင် ကွင်းကိုးကွင်း အလံအဖွဲ့ကို သစ္စာရှိသော ဂိုဏ်းသား နှစ်ဦးက တီးတိုးပြောဆိုနေကြလေ၏။

'သူတို့ဟာက မဟုတ်သေးပါဘူး'

'အေး....မဟုတ်သေးဘူးကွ'

'ကျယ်နှုယ် ရန်သူကို အေးထားပြီး သူတို့ချင်း တိုက်ခိုက်နေရတယ်လို့၊ ရန်သူက ယပ်တောင် ခတ်ပြီး အေးအေးဆေးဆေး ကြည့်နေတော့တာပေါ့'

'မင်း သတိပေးလိုက်ကွာ'

'ဖြစ်ပါမလား၊ သူတို့က ခေါင်းဆောင်တွေကွ'

'ဖြစ်ပါတယ်၊ သတိသာ ပေးလိုက်ပါကွာ'

ထိုအခါ ဂိုဏ်းသား လှမ်း၍ အော်ပြောလိုက်လေ၏။

'ဆရာတို့...ဆရာတို့က ရန်သူကို မတိုက်ခိုက်ပဲ အချင်းချင်း တိုက်ခိုက်နေတာ မသင့်လျော်ပါဘူးဗျာ၊ ရန်သူကို မတိုက်ပဲ ကိုယ့်အချင်းချင်း သူသေကိုယ်သေ တိုက်ခိုက် နေကြသာကို ဂိုဏ်းချုပ်ကြီးမြင်ရင် အင်မတန် ရင်နာမှာပါပဲဗျာ'

ဝူတာယုံနှင့် သံလက်သီ ချန်းတို့သည် အပြင်းအထန်တိုက်ခိုက်နေကြ၏။

သို့သော်....

သူတို့သည် ဂိုဏ်းသား၏ အော်ဟစ် သတိပေးသည့် စကားကို ကြားရသောအခါ ရပ်တန့်သွား ကြလေတော့၏။

ထိုဂိုဏ်းသားက ဆက်အော်လေ၏။

'ဆရာတို့ ရန်သူက ယပ်တောင်ခတ်ပြီး တိုက်ပွဲကို အေးအေး ဆေးဆေး ကြည့်နေတာ တွေ့ကြရဲ့လား'

ဝူတာယုံသည် ထိုအခါမှ သဘောပေါက် နားလည်တော့၏။

သူသည် တုံကျင်းဖုအား လှည့်ကြည့်လိုက်၏။

'ခင်ဗျား အကြံ ဒါအကုန်ပဲလား'

တုံကျင်းဖုသည် သူ့ အကြံလူသိသွားသဖြင့် ရှက်ပြုံး ပြုံးမိ လေ၏။

သူသည် အချင်းချင်း တိုက်ခိုက်ရန် ရန်တိုက်ပေးခဲ့သည် မဟုတ်ပါလော....

သူသည် ရန်သူများ ဝိုင်းရံနေသည့်ကြားမှ မည်ကဲ့သို့ လွတ် မြောက်ရန် ကြံဆောင်ရပါမည်နည်းဟု စဉ်းစားရင်းဟန်ဆောင် ရယ်မောလိုက်သည်။

သူ့ ပုံစံကိုကြည့်ကာ မည်သို့မျှ စိုးရိမ်ပူပန် မနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။

'ဘာအကြံလဲဗျာ'

တုံကျင်းဖုက မေးလေ၏။

ဝူတာယုံက....

'ခင်ဗျား ကျုပ်တို့အချင်းချင်း ရန်တိုက်ပေးခဲ့တာလေ'



'ဪ....ဒါလား၊ ကျုပ် ရန်တိုက်ပေးတာ မဟုတ်ပါဘူး ဗျာ၊ ခင်ဗျားဘာသာ မကျေနပ်လို့ တိုက်ခိုက်တာပါ၊ ကျုပ်ကို ဆွဲမထည့်ပါနဲ့၊ ကျုပ်မှာက အကြံအစည်တွေ ရှိပြီးသားပါဗျ'

ဝူတာယုံက....

'ခင်ဗျား ဘာပဲကြံကြံ အခုတော့ သေရတော့မယ်လေ'

'ကျုပ်ကို ဘယ်သူကသတ်နိုင်မှာမို့လဲ'

'ကျုပ်ကသတ်မှာ'

သူသည် စကားဆုံးသည်နှင့် တုံကျင်းဖုအား တိုက်ခိုက်လေ တော့၏။

တုံကျင်းဖုသည် သူ၏ယပ်တောင်အား ဖြန့်ပြီး ပြန်လည် တိုက်ခိုက်လေတော့၏။

သံလက်သီးချန်းသည် ဝူတာယုံအပေါ် မကျေမနပ်ဖြစ်နေ သောကြောင့် ဝင်ရောက်ကူညီ တိုက်ခိုက်ခြင်းမရှိပေ။

သူ့ အနေနှင့် မကျေနပ်သည်က မကျေနပ်စရာပင်။

သူ့ အား သေတွင်းဆင်းရန် အကြောင်းမဲ့အမိန့်ပေးခဲ့သည် မဟုတ်ပါလော။

သူသည် ဤနေရာသို့ အကြောင်းမဲ့ လာသည်မဟုတ်ပေ။ အမိန့်ပေးကြေးပြားဖြင့် လာခဲ့ခြင်းဖြစ်သည်။

ဂိုဏ်းသားများမှာလည်း ခေါင်းဆောင်ဝူတာယုံက အမိန့် မပေးသဖြင့် ဝင်မတိုက်ကြချေ။

သူတို့သည် သူတို့၏ခေါင်းဆောင် ဝူတာယုံကိုတော့ အားပေး ကြသည်။

ကွင်းကိုးကွင်းအလယ်အဖွဲ့တွင် စည်းကမ်းတစ်ခုရှိသည်။

ခေါင်းဆောင်ဖြစ်သူက အမိန့်မပေးလျှင် မည်သည့် ငယ်သားကမျှ ဝင်မတိုက်ရချေ။

ဝင်မတိုက်၍ အပြစ်မရှိပေ။

တုံကျောင်းဖုနှင့် ဝူတာယုံသည် သိုင်းကွက်ပေါင်းသုံးဆယ်ကျော်မျှ ယှဉ်ပြိုင်မိကြသည်။

သိုင်းကွက်သုံးဆယ်မျှ ယှဉ်ပြိုင်မိသောအခါ တစ်ဦး၏လက်ရည်ကို တစ်ဦးက သိလာကြသည်။

ဝူတာယုံ၏ သိုင်းပညာမှာ မိမိထက်မညံ့မှန်း တုံကျောင်းဖု အကဲခတ်မိလေ၏။

သူနှင့် ယှဉ်ပြိုင်လျှင် ရေကုန်ရေခမ်း ယှဉ်ပြိုင်ရမည်ကို တုံကျောင်းဖု သိသည်။

ရေကုန်ရေခမ်းယှဉ်ပြိုင်လျှင် မိမိသာ အရှုံးပေးရမည်ကို သူ သိသည်။

နောက်ဆုံး ဤလူအုပ်ကြီးက မိမိအား ဖမ်းဆီးကြပေလိမ့်မည်။

'ရပ်စမ်း'

တုံကျောင်းဖု အော်ဟစ်လိုက်၏။

ဝူတာယုံသည် နောက်သို့ခုန်ဆုတ်သွား၏။

သူသည် သူ၏တိုက်ခိုက်မှုကို ရပ်သိမ်းလိုက်ခြင်း ဖြစ်သည်။

သူသည် တုံကျောင်းဖုအားကြည့်ပြီး မေးလိုက်၏။



'ဘာလဲ... မင်း အရှုံးပေးတော့မလို့လား အေး....အဲဒီလို အရှုံးပေးရင်လဲ ကောင်းတာပဲ၊ မင်းကို သက်သက်ညှာညှာ အပြစ်ပေးမယ်'

တုံကျောင်းဖု တိုက်ပွဲကို ရပ်လိုက်ခြင်းမှာ သူသည် ဝူတာယုံအပေါ် ယှဉ်ပြိုင်တိုက်ခိုက် အနိုင်မယူနိုင်မှန်းကို သိသည်။

လက်ရှိးရည်နှင့် အနိုင်မယူနိုင်မှန်းသိ၍ နှလုံးရည်နှင့် အနိုင်ယူရန် ကြံစည်ခြင်းဖြစ်သည်။

တစ်ရာမျှရှိသော လူအုပ်စုကြီးကို သူ မည်သို့ကျော်ဖြတ်ရမည်ကို တုံကျောင်းဖု စဉ်းစား၍မရသေးပေ။

ထို့ပြင်....

သူနှင့် လက်ရည်တူနေသော ဝူတာယုံက ရှိသေး၏။

သူသည် ရယ်မောလိုက်သည်။

'ခင်ဗျားကို ပြောပြချင်တာလေး တစ်ခုရှိသေးလို့'

'ဘာပြောပြမှာလဲ'

'ကျုပ်ဒီကို ဘာဖြစ်လို့ အခုလို ရဲရဲဝံ့ဝံ့လာသလဲဆိုတာကို ခင်ဗျား မစဉ်းစားမိဘူးလား'

ဝူတာယုံသည် ခေါင်းယမ်းလိုက်၏။

'မစဉ်းစားမိဘူး၊ ခင်ဗျားပဲ ပြောစမ်းပါဦး'

'ဟဲ... ဟဲ... ဟဲ.. ခင်ဗျား နည်းနည်းကလေး ဉာဏ်ထုတ်ပြီး စဉ်းစားစမ်းပါဦး'

'မထုတ်ပါဘူးဗျာ၊ ပြောစမ်းပါ'

တုံကျင်းဖုက ပြောလိုက်၏။

'ကျုပ်လူ အတော်များများဟာ ခင်ဗျားလူတွေကြားမှာ ရောက်နေလို့ပေါ့'

ဝူတာရုံက မဲ့ပြုံးပြုံးလိုက်၏။

သူသည် ကြံလူတစ်ရာခန့်အတွင်းမှ တုံကျင်းဖုကို ခွဲခြားသိထားခြင်းကို ကြည့်ပါ။

ကျန်လူများမှာ သူ့အဖွဲ့သားများသာ ဖြစ်ပါသည်။

သူ ကောင်းစွာသိလာသည်။

သူသည် မျက်နှာဖုံးစွပ်ထားသော်လည်း သူ့လူများကို သူ ကောင်းစွာ မှတ်မိလေ၏။

ဝူတာယုံက....

'ဟုတ်ရဲ့လားဗျ'

'သိပ်သေချာတာပေါ့'

'ဒါဖြင့် ခင်ဗျားလူတွေကို ခေါ်ထုတ်လိုက်ပါလား'

ဝူတာယုံသည် ပြုံး၍ ပြောလိုက်သည်။

ဝူတာယုံ ကြံမျှအေးဆေးနေသည်ကို ကြည့်၍ သူ့လှည့်ဖျားချက် မအောင်မြင်ကြောင်း သူရိပ်မိလေပြီ။

ဝူတာယုံသည် မည်သို့မျှ သံသယမဝင်ပေ။

သူ့လူများကို လုံးဝ ယုံကြည်စိတ်ချနေကြောင်း တုံကျင်းဖု တွေ့ရှိနေရသည်။

သူသည် ကြံတစ်ချက်တည်းနှင့် ဝူတာယုံကို အရှုံးပေးလိုက်ရတော့မည်လော။



သူ အရှုံးမပေးနိုင်ပါ။

သူသည် တစ်ရာခန့်မျှရှိသော လူအုပ်စုကြီးအား ဝေ့ကြည့်လိုက်၏။

ထို့နောက်....

သူသည် အော်ပြောလိုက်လေ၏။

'ကဲ....ကိုယ့်လူတို့ ထွက်ခဲ့ကြတော့'

....o....

## အခန်း (၁၀၂)

ထူးဆန်းသောရန်သူ

သူသည် ဟန်နှင့်ပန်နှင့် တကယ်ရှိသောယောင် လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

ငယ်ရာစန့်မျှသော လူများသည် တုတ်တုတ်မျှ မလှုပ်ကြကြောင်း တွေ့ရှိရလေ၏။

တုံကျင်းဖုရ်၏ မျက်နှာမှာ ရှုံ့မဲ့သွားသည်။

ဝူတာယုံဘက်သို့ ပြန်လှည့်လိုက်၏။

သူ့အား ပြုံးကြည့်နေသော ဝူတာယုံအား တွေ့ရှိလိုက်ရသောအခါ သူရှုံးသွားပြီကို သိရှိလိုက်လေ၏။



တစ်နည်းဆိုသော်....

သူ၏အသက်အန္တရာယ်မှာ ကြီးမားနေပြီ၊

ထိုစဥ်....

အသံတစ်သံ ထွက်ပေါ်လာလေ၏။

'တုံကျင်းဖု... ကျုပ်တို့ရောက်လာကြပြီ'

တောင်ဘက်မှလည်း မိန်းကလေးအသံ ထွက်လာ၏။

'ဦးလေး ဘာမှမစိုးရိမ်နဲ့၊ ကျွန်မတို့ ရောက်လာကြပြီ'

မြောက်ဘက်မှလည်း....

'ဦးလေး ကျွန်မတို့ အလုံးအရင်းနဲ့ တက်လာပြီ'

အော်သံများသည် ဆက်တိုက်ထွက်လာ၏။ သည့်လူစုကို တစ်ယောက်မျှ မလွတ်စေနဲ့ဟူသော အသံလည်း ပါသည်။

ဝူတာယုံကို မလွတ်စေနဲ့ဟူသော အသံလည်းပါသည်။ ရှောင်လင်ဂိုဏ်းက လိုက်လာပြီဆိုသော အသံလည်း ပါသည်။

ခွန်လွန်ဂိုဏ်းက လိုက်လာပြီဟူသော အသံလည်း ပါသည်။ ဝူတန်းဂိုဏ်းက လိုက်လာပြီဆိုသော အသံလည်း ပါသည်။ အသံအမျိုးမျိုး ကြားရသည်။

ထိုအသံများအရ သိုင်းလောက ဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ်များ ရောက်ရှိလာကြပြီဟု ခန့်မှန်း သိနိုင်ပေသည်။

ထိုအသံများ ကြားရသောအခါ တုံကျင်းဖုပင် မှင်တက်အံ့ဩသွားမိလေ၏။

မိမိသည် ဤလူစုထဲ၌ မိမိလူများ ရောက်ရှိနေပြီဟု ဝူတယ့်အား လှည့်စားပြောကြားခဲ့သည်။

သူ အောင်လိုက်သောအခါ မည်သူတစ်ဦးတစ်ယောက်မျှ ထွက်မလာပေ။

သို့သော်....

ယခု မမျှော်လင့်ဘဲနှင့် ဆူဆူညံညံအသံများကို ကြားလိုက်ရသောအခါ အံ့သြမဆုံးတော့ပေ။

အဖြစ်မှန်ကား ဤသို့တည်း။

ကျူကပ်ကန်နှင့် ရှစင်းတို့သည် ဟိုပြေးသည်လွှားဖြင့် အသံအမျိုးမျိုးထုတ်၍ အောင်လိုက်ခြင်းတည်း။

ထိုအသံများကို ကြားသောအခါ ယိုမိန်သည် ကျူကပ်ကန်၏အသံကို မှိုမိသဖြင့် သူဖလည်း ပုန်းအောင်းနေရာမှ အော်ဟစ် ပြောဆိုရလေတော့၏။

ဝူတယ့်သည် ထိုအသံများကို ကြားသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူတို့သည် ရောက်ရှိလာမည့်သူများအား ခုခံရန် သူ့တပ်စုအား အမိန့်ပေးတော့၏။

‘ဂိုဏ်းသားတွေ သုံးစုခွဲ၊ တရိဂံစစ်ဆင် ရန်သူကိုတိုက်ဖို့ အသင့်ပြင်’

ဂိုဏ်းသားတစ်ရာခန့်သည် တရိဂံပုံလူစုခွဲပြီး ရန်သူများကို ခုခံရန်စောင့်နေကြလေ၏။



သို့သော်....

အသံများသာကြားပြီး ရန်သူကာတစ်ယောက်မျှ ရောက်ရှိမလာချေ။

ဝူတယ့်သည် စိတ်အေ သွားပြီး တုံကျင်းဖုအား လှည့်ကြည့်လိုက်လေ၏။

တုံကျင်းဖုသည် လက်နှစ်ဘက်နောက်ပစ်ကာ အေးဆေးစွာပင် ရပ်ကြည့်နေသည်။

တုံကျင်းဖု၏ စိတ်အေးလက်အေး ရှိလှပုံကို ဝူတယ့်ပင် ချီးကျူးမိသည်။

ဝူတယ့်က မဲ့ပြုံးပြုံးလိုက်ပြီး .

‘ခင်ဗျားလူတွေ ဘာဖြစ်လို့ ဝင်မလာတာလဲဗျ’

တုံကျင်းဖုက ခပ်အေးအေးပင်....

‘သူတို့ ဝင်မလာကြဘူးလေ၊ ခင်ဗျားတို့ရဲ့ထွက်ပေါက်တွေကို သူတို့ပိတ်လိုက်ကြပြီပေါ့၊ ဒါဆို ကိစ္စက ပြီးပြီပဲ’

ဝူတယ့်က ရယ်မောလိုက်၏။

‘သူတို့မလာခင် ကျုပ်က ခင်ဗျားကို တပ်မှာဗျ’

ထိုသို့ ပြောဆိုပြီးသောအခါ တုံကျင်းဖုအား ခုန်ဝင်တိုက်ခိုက်တော့၏။

တုံကျင်းဖုမှာလည်း သက်ပြင်းချပြီး ဝူတယ့်အား ပြန်လည်တိုက်ခိုက်ရတော့သည်။

ဤသို့ဖြင့် သူတို့သည် သူတို့တတ်ထားသည့် ပညာများကို အကုန်ထုတ်သုံး၍ ရေကုန်ရေခမ်း ယှဉ်ပြိုင်ကြလေတော့၏။

ယိုမိန်သည် ဦးလေးဖြစ်သူ တုံကျင်းဖုအား တွေ့လိုက်ရသောအခါ ဝမ်းသာသွား၏။

ပထမဦး သူမသည် တုံကျင်းဖုအား ပြေးဝင်ကူညီမည်ဟု ဆုံးဖြတ်ဖြစ်သည်။

နောက်မှ လူတစ်ရာခန့်ရှိသော အုပ်စုကြီးအား မိမိအနေဖြင့် မည်သို့မျှ မယှဉ်နိုင်ကြောင်း သတိရသောကြောင့် ကိုယ်ရှိန်သပ်လိုက်ရသည်။

ယင်းလုပ်ရပ်သည် ပင့်ကူအိမ်အတွင်း သားကောင်ဝင်တိုးခြင်းမျိုးဖြစ်မည်ကို သူမသိလိုက်မိသည်။

သူမသည် တုံကျင်းဖုအား မည်သို့ကူညီရမည်နည်းဟု စဉ်းစားရင်း မျက်လုံးသည် မီးခိုးလုံးများ ထွက်နေသည့် မီးတွင်းရှိရာသို့ ရောက်သွားသည်။

ဝါးလုံးတန်းရှည်ကြီးကို ထိန်းကိုင်ပေးနေသော လူများသည် ရပ်ဖြိုးတိုက်ပွဲကို ကြည့်နေကြသဖြင့် ဝါးလုံးတန်းရှည်ကြီးသည် တွင်းထဲသို့ မကျရောက်တော့ပေ။

ဘေးသို့ကျပြီး ရေများဝါးလုံးတွင်းမှ ထွက်နေသည်။ ထို့ကြောင့် တွင်းထဲမှ နီရဲသော မီးလျှံများ ထွက်လာတော့သည်။

တစ်ရာခန့်သော အုပ်စုကြီးသည် မီးလျှံများကို မကြည့်ကြချေ။

တိုက်ပွဲကိုသာ ကြည့်ရှုအားပေးနေကြ၏။

ထိုအခါ မြေတွင်းမှ မီးလျှံကြီးများ တဖြည်းဖြည်း ကြီးထွားလာလေပြီ။



ကောင်းကင်သို့ တိုးတက်လာသည်။

ထိုအခါကြမှ တစ်ရာခန့်သော အုပ်စုကြီးသည် မီးညွန့်မီးလျှံကြီးကို သတိပြုမိကြတော့သည်။

ခဏကြာသောအခါ လေပြင်းတိုက်ခတ်လာပြီး ဘောင်ကုန်းတစ်ခုလုံး တအုန်းအုန်း တဖြုန်းဖြုန်း အသံမြည်လာတော့သည်။

'ဝုန်း....'

မကြာမီ ပေါက်ကွဲသံကြီး ပေါ်လာပြီး မီးတောက်မီးလျှံများ ဖွာလန်ကျလာလေ၏။

အသံကြီးသည် ကျယ်လောင်လှ၏။

မြေကြီးတစ်ခုလုံးပင် တုန်ခါသွားသည်။

မီးခိုးများကလည်း တောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့၏။

ထိုအခါ ကောင်းကင်မှ နေလုံးကြီးပင် ပျောက်ကွယ်မတတ်ဖြစ်သွားလေတော့၏။

မြို့ကွင်းတစ်ခုလုံးမှာ မှောင်မည်းသွားသည်။

တွင်းကိုးကွင်းအလံ အဖွဲ့သားများသည် ကြောက်လန့်တကြား ဖြစ်သွားကြပြီး အကွဲကွဲအပြားပြား ထွက်ပြေးကြလေတော့၏။

သူတို့၏ အော်ဟစ်သံများနှင့် ပေါက်ကွဲသံများ ရောနှောသွားသည်။

တုံကျင်းဖုံနှင့် ဝူတာယုံတို့သည်း တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ကြသည်။

ဝူတာယုံသည် သူ့လူများအား၊ ထွက်မပြေးကြရန် အော်ဟစ်ခေါ်နေသည်။

သို့သော်....

သူ့အသံကို မည်သူကမျှ ဂရုမစိုက်ချေ။

တုံကျင်းဖုကား အခွင့်အရေး ရရှိသွားချေပြီ။ သူသည်လည်း ပြေးထွက်သွားလေတော့၏။

ကျုကပ်ကန်၊ ရှစင်းနှင့် ယိုမိန်တို့မှာ သူတို့ပုန်းအောင်းနေသည့် နေရာများ၌ ခိုကပ်ကာ မြင်ကွင်းကို အံ့သြစွာကြည့်နေမိကြတော့သည်။

ယိုမိန်သည် မီးခိုးများအတွင်းမှ တုံကျင်းဖုံ ပြေးထွက်သွားသည်ကို တွေ့လိုက်၏။

'ဦးလေး...ကျွန်မ ဒီမှာရှိတယ် မပြေးနဲ့၊ ဦးလေး ကျွန်မဒီမှာရှိတယ်'

မီးတွင်းမှ တအုံးအုံး မြည်သံများအကြား သူ့အော်သံမှာပျောက်ကွယ်သွားသည်။

သူမသည် တုံကျင်းဖုပြေးရာသို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

သူမရှေ့သို့ အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်ကလေးနှစ်ယောက် ရောက်ရှိလာလေ၏။

ထိုလူငယ်ကလေးများကို တွေ့လိုက်ရသောအခါ ယိုမိန် လွန်စွာ အံ့သြသွား၏။



မီးခိုးများ၊ ပြာများဖြင့်လျင် ပိတ်နေသည့် နေရာသို့ဤလူငယ်ကလေးများ အဘယ်ကြောင့် ရောက်ရှိလာပါသနည်း။

ထိုလူငယ်ကလေးများ၏ လက်ထဲတွင် မီးတုတ်တစ်ချောင်းစီကိုင်ဆောင်ထားလေ၏။

သူတို့သည် ယိုမိန်အား စူးစိုက်ကြည့်နေကြသည်။

တုံကျင်းဖုနောက်သို့ ပြေးလိုက်မည့် ခြေလှမ်းများသည် အလိုလို ရပ်ဆိုင်းသွားလေ၏။

'မင်းတို့က ဘယ်သူတွေလဲ'

ထိုလူငယ်ကလေး နှစ်ယောက်သည် စကား လုံးဝမပြောဘဲ ယိုမိန်အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြလေတော့၏။

ယိုမိန်သည် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွား၏။

'ရှင်း...'

သူမသည် ဓားကို ဆွဲထုတ်လိုက်သည်။

လူငယ်ကလေး နှစ်ယောက်အား ဓားဖြင့် ပြန်လှန် တိုက်ခိုက်တော့သည်။

'ရှမ်း....ရှမ်း... ရှမ်း'

သူမသည် ဓားဖြင့် ထိုးခုတ်လိုက်၏။

သို့သော်လည်း လူငယ်ကလေးများကို မထိချေ။

လူငယ်ကလေးများက သူမ၏ဓားကို ကျင်လည်စွာ ရှောင်တိမ်းသွားကြ၏။

ထို့နောက်....

သူမကို မီးတုတ်များဖြင့် တိုက်ခိုက်ကြသည်။

မီးတုတ် ရိုက်ချက်များမှာ အလွန်ပြင်းထန်လှ၏။

'ဝှီ...ဝှီ...ဝှစ်'
'ဝှီး...ဝှီ...ဝှစ်'

ယိုမိန်မှာ မီးတုတ်ရိုက်ချက်များ မထိအောင် ရှောင်နေရသဖြင့် သူမ၏ ဓားတိုက်ကွက်ပင် မထုတ်နိုင်တော့ချေ။

သူမသည် နောက်ကျွမ်းပစ်လျက် သုံးကြိမ်မျှ ရှောင်တိမ်းနေရ၏။

မီးခိုးများကလည်း တစ်တောင်လုံး အုပ်ဆိုင်းနေသည်၊

လူငယ်ကလေးများကလည်း ထိုမီးခိုးများထဲ၌ တိုက်ခိုက်၍ ကောင်းဆဲပင်။

သူမသည် ဓားကို ဝေ့ယမ်းတိုက်ခိုက်လိုက်၏။

'ရှမ်း....

သူမ၏ဓားသည် လူငယ်ကလေးတစ်ဦး၏ မီးတုတ်နှင့်ထိတွေ့သွားသဖြင့် သူမ၏ ဓားကိုင်လက်မှာ ထုံကျဉ်သွားသည်။

'ဟင်....'

သူမ၏ ထုံကျဉ်မှုမှာ တဒင်္ဂကလေး မဟုတ်ချေ။

ထို့ကြောင့်....

သူမ၏ လက်မှဓားသည် လွတ်ကျသွားလေ၏။

သူမ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

လူငယ်ကလေးနှစ်ယောက်မှာ အလွန်ပင် ငယ်ရွယ်ကြသည်။

အသက် ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်မျှသာ ရှိပေဦးမည်။

ဤမျှ ငယ်ရွယ်သော လူငယ်ကလေးများက မိမိ၏ဓားကို လွတ်ကျအောင် တိုက်ခိုက်နိုင်သည်ကို တွေ့သောအခါ ယိုမိန် အလွန် ထိတ်လန့်သွားတော့သည်။



ထိုလူငယ်ကလေးနှစ်ယောက်၏ သိုင်းပညာသည် မည်မျှအဆင့်မြင့်ပါသနည်း။

သူတို့သည်သိုင်းကွက်ဆယ်ကွက်မျှအတွင်း ယိုမိန်၏ သေကွင်းသေကွက်များကိုသာ တိုက်ခိုက်ခဲ့သည်။

ယိုမိန်သည် အတင်းရှောင်ထွက်ခဲ့ရသည်။

ထိုလူငယ်ကလေး နှစ်ယောက်သည် မည် သည့် ဂိုဏ်းကနည်း။

ကွင်းကိုးကွင်း အလံအဖွဲ့ကပေလော။

ယိုမိန်သည် ထိုလူငယ်ကလေးနှစ်ယောက်ကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

သူမသည် ထိုလူငယ်ကလေးနှစ်ယောက်နှင့် မည်သည့်နေရာတွင် ဆုံခဲ့သည်ကို ပြန်လည်စဉ်းစားနေ၏။

ဤလူငယ်ကလေးနှစ်ယောက်နှင့် မည်သည့် နေရာတွင်မှ မဆုံခဲ့ပေ။

လူငယ်ကလေးနှစ်ယောက်၏ သိုင်းပညာ ထူးချွန်မှုကိုလည်း သူမ အံ့ဩမဆုံးအောင် ရှိနေခဲ့ရသည်။

သူမ တွေးနေစဉ် လူငယ်ကလေးနှစ်ယောက်သည် သူမထံ ချဉ်းကပ်လာကြလေတော့၏။

'ငါ့နားကို မကပ်ကြနဲ့'

သူမသည် အော်ဟစ်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိသည်။

ထိုအခါ သူမ၏ကျန်းကျင်သွေးကြောနေရာတို့မှ ဓာတ်တရားကျင်ခနဲဖြစ်သွား၏။

လူငယ်ကလေးများ၏ လှုပ်ရှားမှုကား လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသည်။

ယိုမိန်၏ ခန္ဓာကိုယ်သည် ရုပ်သေး ကြိုးပြတ်ကျသကဲ့သို့ မြေပေါ်ပုံလျက်သားကျပြီး သတိမေ့သွားလေ၏။

ယိုမိန့်ကား အပ္ပဲ့ပဲ့နွဲလာသမျှ ဤအချိန်၌ ဗလိုက်ရလေပြီ။

....o....

အခန်း (၁၀၃)

မီးဘောင်ကြားမှ အန္တရာယ်

အချိန် မည်မျှကြာသွားသည် မသိ။

ယိုမိန်သည် ပြန်လည်သတိရလာ၏။

သူမ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မြင်ကွင်းတစ်ခုလုံးမှာ ကျောက်ဆောင်များ ပြည့်နှက်နေသည်ကိုတွေ့ရလေ၏။

ထိုကျောက်ဆောင်များသည် ရောင်စုံ ဖြစ်နေသည့်အပြင် ပုံသဏ္ဌာန်အမျိုးမျိုးလည်း ရှိနေကြ၏။

ကျောက်ဆောင်များ၏ တည်နေပုံလည်း အလွန်ဆန်းလှသည်။

သူမသည် ထထိုင်လိုက်၏။

သူမရှေ့တွင် မြေကြီးအက်ကြောင်းကြီး တစ်ခုရှိနေသည်ကို တွေ့ရလေ၏။

ထိုအက်ကြောင်းကြီးမှာ အလွန်ကြီးမားသည်။

အိမ်ကြီးတစ်လုံးလုံး အောက်သို့ ချနိုင်သည့် အက်ကြောင်းကြီးဖြစ်သည်။

မြေတွင်းလိုဏ်ခေါင်းကဲ့သို့ ဖြစ်နေသည်။

'ငါ မီးတောင်ကြားများ ရောက်နေပြီလား'

သူမသည် အံ့ဩနေလေ၏။

ထို့အပြင် အခြေအနေမသိရသော နေရာသို့ရောက်နေသဖြင့် သူမသည် ထိတ်သည်း ထိတ်လန့်နေသည်။

ဤသို့ အခြေအနေကို ကြည့်နေစဉ် အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်ကလေးနှစ်ယောက်သည် ထွက်ပေါ်လာလေတော့၏။

လူငယ်တစ်ယောက်၏လက်ထဲတွင် အနီရောင်အင်္ကျီတစ်ထည် ပါလာလေ၏။

သူတို့၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်မရှိချေ။ မျက်နှာသေ မျက်နှာမျိုးဖြစ်သည်။

လူငယ်တစ်ယောက်က အင်္ကျီကို ပစ်ပေးလိုက်၏။

'ဝတ်လိုက်စမ်း'

ယိုမိန် မျက်မှောင်ကြုတ်သွား၏။

'မင်းတို့က ငယ်ငယ်ကလေးတွေရှိသေးတယ်၊ ငါက မင်းတို့ထက်အသက်ကြီးတယ်၊ ရိုင်းရိုင်းစိုင်းစိုင်း ဝတ်လိုက်စမ်း ဘာညာနဲ့ အမိန့်ပေးဖို့မရှိဘူး'



လူငယ်နှစ်ယောက်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီးမှ ယိုမိန်အား ပြန်ကြည့်သည်။

ထပ်မံအမိန့်ပေးသည်။

'ဝတ်လိုက်စမ်း'

လူငယ်ကလေး၏ အသံသည် အေးစိမ့်နေသည်။

ယိုမိန် ဒေါသ ထွက်သွား၏။

သူတို့၏ အင်္ကျီကို ပစ်ပေးပုံ ဝတ်ခိုင်းပုံတို့မှာ လွန်စွာရိုင်းစိုင်းသည်ဟု မှတ်ယူသည်။

သူမ ပြောသလို ဤလူငယ်ကလေးများမှာ ငယ်ရွယ်သည့် လူငယ်ကလေးများသာ ဖြစ်သည်။

သူမထက် အသက် ငယ်သည် မဟုတ်ပါလား...

ယိုမိန်က မခံမရပ်နိုင် ဖြစ်ပြီး ပြောလိုက်၏။

'မင်းတို့က ငါ့ကို ဘာဖြစ်လို့ လာအမိန့်ပေးနေတာလဲ'

လူငယ်ကလေးသည် ယိုမိန်၏ အမေးကို မဖြေပေ။

သူမကိုသာ အမိန့်ပေးနေသည်။

'ခင်ဗျား အင်္ကျီဝတ်ပါ၊ ဝတ်မလား မဝတ်ဘူးလား ဒါပဲ ပြော'

ယိုမိန်သည် ခေါင်းယမ်းလိုက်၏။

'ငါဟာ ငါ့ဆရာနဲ့ ငါ့ဦးလေး စကားကိုပဲ နားထောင်တာကွ၊ ဘယ်သူ့စကားမှ နားမထောင်ဘူး၊ မင်းတို့ ဝတ်ခိုင်းတိုင်း ငါမဝတ်နိုင်ဘူး'

လူငယ်နှစ်ယောက်သည် ဤအမျိုးသမီးအား အေးအေးသက်သာနှင့် ပြောမရတော့ဟူသော သဘောဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့သည် ယိုမိန် ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာကြလေ၏။

အေးအေးသက်သာ ပြောမရလျှင် ဆူဆူပူပူ ပြောရတော့မည့် သဘောပေတည်း။

ယိုမိန်၏ သိုင်းပညာမှာ အဆင့် မနိမ့်လှပါ။

အတော်ပင် အဆင့်မြင့်ပါသည်။

သို့သော်....

အဘယ်ကြောင့်မှန်းမသိ လူငယ် နှစ်ဦး ရိပ်ခနဲ ဝင်လာသည်ကို တွေ့ရပြီး မခုခံနိုင်ဘဲ ဖြစ်နေသည်။

သူမ၏ လှုပ်ရှားမှုသည် နှေးကွေးနေသည်။

လူငယ်ကလေးများ၏ လှုပ်ရှားမှုကို အမှီမလိုက်နိုင်ဘဲဖြစ်နေသည်။

လူငယ်ကလေး နှစ်ယောက်သည် သူမ၏ လက်များကို တစ်ကက်တစ်ချက် ဖမ်းချုပ်လိုက်၏။

ယိုမိန်မှာ ဒေါသလည်းထွက် ထိတ်လည်းထိတ်လန့် ဖြစ်နေသည်။

အဘယ်ကြောင့် ဤသူငယ်ကလေးများကို သူမ မနိုင်နိုင်သည်ကို တွေးမရဘဲ ဖြစ်နေသည်။

သူမကို ဖမ်းချုပ်ထားခြင်းကိုလည်း ထိတ်လန့်ခနမိသည်။

သူမသည် ရုန်းကန်၏။



သို့သော်....

ရုန်းကန်သော်လည်း မရပေ။

လူငယ်ကလေး နှစ်ဦးက သူမအား အနီရောင် အင်္ကျီကို ချွတ်ပေးလိုက်ကြ၏။

ဤအထိ ငတ်ပေးကြခြင်းမှာ အကြောင်း တစ်ခုခု ရှိမည်ဖြစ်ကြောင်း ယိုမိန် သိရှိသည်။

သေးသွယ်သော ယိုမိန်၏ ကိုယ်ပေါ်၌ ပွရှိသော အင်္ကျီနီကြီးမှာ ဖားဖားကြီး ဖြစ်နေသည်။

သူမသည် လမ်းဘေး မျက်လှည့်ပွဲမှ လူရွှင်တော်နှင့် တူနေပေ၏။

လူငယ်ကလေးများ၏ မျက်နှာသေကြီးသည် ရုတ်တရက် ပျောက်သွားကြ၏။

သူတို့သည် တဟားဟား ရယ်မောတော့သည်။

သူတို့ အဘယ်ကြောင့် ရယ်နေသနည်းဟု ယိုမိန် သည် ပထမတွင် မသိရှိပေ။

နောက်သော်....

သူမ သဘော ပေါက်သွားပြီး ဒေါသ ထွက်လာသည်။

သူတို့သည် သူမကို ကြည့်ပြီး ရယ်နေကြခြင်းတည်း။

'မိမဆိုးမ ဖမဆိုးမ ကလေးတွေ'

ယိုမိန်သည် အော်ဟစ် ဆဲဆိုလိုက်သည်။

လူငယ်ကလေး နှစ်ယောက်မှာ ယိုမိန်၏ အော်ဟစ်ဆဲဆိုခြင်းကို လုံးဝ ဂရုမစိုက်ပေ။

မန်းနှင့် ပေါက်သည့်အလား ဖြစ်သည်။

'ကဲ သွားကြစို့'

လူငယ်ကလေး တစ်ယောက်က ပြောလိုက်သည်။

ထိုအခါ လူငယ်ကလေး နှစ်ယောက်သည် ယိုမိန်ကို တစ်ယောက် တစ်ဘက် တစ်ချက် လက်ဆွဲကာ ဆွဲထွက်သွားကြတော့၏။

မကြာမီ မီးတောက်ကြီး တဟဲဟဲ ထွက်ပေါ်နေရာသို့ရောက်ရှိသွားကြလေတော့၏။

ယိုမိန်မှာ ချောက်ချားသွား၏။

သူမကို မီးတောက်ထဲသို့ ပစ်ချတော့မည်လော။

တို့ကြောင့်....

သူမသည် ရှိသမျှ အင်အားဖြင့် ရုန်းကန်လိုက်သည်။

သို့သော်....

သူမသည် မည်မျှ ရုန်းကန်စေကာမူ လူငယ်များ၏လက်ထဲ၌ အရုပ်ကလေးတစ်ရုပ်နှယ် ပါသွားလေတော့၏။

ကံသို့ဖြင့် မီးတောက်မီးလျှံကြီးနှင့် တဖြည်းဖြည်း နီးကပ်သွားတော့သည်။

ယိုမိန်မှာ ရုန်းကန်၍လည်း မရသဖြင့် နောက်ဆုံးမျက်စိမှိတ်လိုက်ပါသွားလေ၏။

ထူးဆန်းသည်ကို ယိုမိန် မကြာမီပင် တွေ့ရှိရတော့၏။

မီးတောက်မီးလျှံ အနီးသို့ တိုးကပ်သွားသည်နှင့်မီးလျှံ၏ အပူသည် သူ့အား ဟပ်ခြင်း မရှိသည်ကို တွေ့ရှိရတော့သည်။



သူတို့သည် မီးတောက် မီးလျှံ အနီးသို့ တိုးကပ်သွားသောအခါ မီးတောက်မီးလျှံများသည် ဘေးသို့ ရွှဲသွားသည်ကို တွေ့ရှိရလေ၏။

ယိုမိန်သည် ပတ်ဝန်းကျင်၌ လေပူရှိသည်ကိုသာ ခံစားသိရှိပြီး မီးလောင်ကျွမ်းခြင်း မရှိသည်ကို တွေ့ရလေ၏။

သူမသည် အလွန် အံ့ဩသွားသည်။

မျက်လုံး ဖွင့်ကြည့်သောအခါ မီးတောက် မီးလျှံများ၏ အလယ် ချောက်တံတားမှ တစ်ဘက်သို့ လျှောက်သွားနေသည်ကို တွေ့ရလေ၏။

ယခုမှ သူမ သဘော ပေါက်တော့သည်။

သူမ ဝတ်ထားသည့် အင်္ကျီမှာ မီးကွင်းသည့်အင်္ကျီ ဖြစ်နေခြင်းပင်တည်း။

သူမသည် စိတ်သက်သာရာ ရသွား၏။

'င်တို့ ငါ့ကို ဘယ်ခေါ်သွားကြမလို့ သဲ'

လူငယ် နှစ်ယောက်သည် အဖြေမပေးဘဲဆက်လက်လျှောက်သွားကြလေ၏။

ယိုမိန်က စိတ်မရှည်နိုင်တော့ဘဲ လူငယ်ကလေး နှစ်ဦးအားမေးမြန်းလိုက်၏။

'မင်းတို့ ဘယ်သူတွေလဲ'

လူငယ်နှစ်ယောက်က လုံးဝ အဖြေမပေးချေ။

နောက်ဆုံး သူမသာ ပါးစပ် ပိတ်ရလေတော့၏။

သူတို့သည် အတွင်းဘက်သို့ လျှောက်လာလေလေ မီးအားပို၍ကောင်းလာလေလေ ဖြစ်သည်။

သူတို့သည် မီးတောက်မီးလျှံများ အကြားမှ တိုးထွက်လာခဲ့ကြလေ၏။

ကျောက်တံတား တစ်ခုကို ဖြတ်ရသည်။

မီးတောက်မီးလျှံ၏ အလင်းရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရသော်လည်း ကျောက်တုံးကြီးများ၏ နောက်ကွယ်၌မူ မှောင်နေသည်။

မြင်ကွင်းမှာ မပီမပြင် ဖြစ်နေသည်။

လူငယ်နှစ်ယောက်သည် ကျောက်တုံး ကျောက်စွယ်များ အကြားသို့ လျှောက်ဝင်သွားကြသည်။

သူတို့သည် သွားနေကျ လာနေကျ ဖြစ်သဖြင့် နေရာ မမှားမယွင်းကြချေ။

သူတို့ သွားလိုသည့် နေရာသို့ ယိုမိန်ကို ခေါ်ကာ တန်းတန်းမတ်မတ်ပင် သွားနိုင်ကြသည်။

ယိုမိန်သည် ဤမျှ ကျောက်ဆောင်ပေါသော ဤမျှကွေ့ကောက်သော အရပ်ကို မတွေ့ဖူးချေ။

လူငယ်ကလေးများ၏ နေရာဒေသ ကျွမ်းကျင်မှုကိုလည်း ချီးကျူးမိလေ၏။

လူငယ်ကလေး နှစ်ယောက်သည် ယိုမိန်အား ထိန်းချုပ်၍ ကွေ့ကောက်သော လမ်းအတိုင်း ခေါ်သွားကြသည်။

နောက်ဆုံး သူတို့သည် ကျယ်ဝန်းသော လိုဏ်ဂူအတွင်းသို့ ဝင်ရောက်သွားလေ၏။



လိုဏ်ဂူ အဝင်လမ်းမှာ မည်းမှောင်လှသည်။

သို့သော်...

ထိုအမှောင်လမ်းကိုပင် လူငယ်ကလေး နှစ်ယောက်သည် မြင်ထင်သော လမ်းကို သွားသကဲ့သို့ သွားနိုင်ကြသည်။

မကြာမီ သူတို့သည် ရှေ့တွင် ထိန်လင်းနေသော မီးရောင်များကို တွေ့မြင်ရလေတော့၏။

မီးတောက်မီးလျှံကြီးသည် တဟဲဟဲ တောက်လောင်နေသည်ကို တွေ့ရလေ၏။

လူငယ်ကလေးနှစ်ယောက်သည် ထိုမီးတောက်မီးလျှံကြီး ရှေ့သို့ ရောက်သည်နှင့် ယိုမိန်ကို လွှတ်ပေးလိုက်သည်။

ယိုမိန်သည် သူ့အား လွှတ်ပေးလိုက်သည်နှင့် တစ်ယောက်ယောက်ရှေ့သို့ ရောက်ပြီဖြစ်ကြောင်း သူမသိလိုက်သည်။

ထို့ကြောင့် ထိုလူကို လိုက်ရှာကြည့်လေ၏။

ထိုအခါ သူမသည် ထိုလူကို တွေ့ရလေ၏။

သူသည် မီးလျှံများနောက်ကွယ်၌ ထိုင်နေသည်။

အဘိုးအိုတစ်ဦးဖြစ်ကြောင်း ယိုမိန်တွေ့ရသည်။

မုတ်ဆိတ်ရှည်ဆံရှည် အဘိုးအိုတစ်ဦးပေတည်း။

'အဘက ဒီမီးတောင်ကြား ပိုင်ရှင်ပါလား'

ထိုလူသည် 'မျက်လုံးမှိတ်ထိုင်နေရာမှ မျက်လုံးဖွင့်ကြည့်လိုက်၏။

'မင်းက ဘာကြောင့် ငါ့ပိုင်နက်ထဲလာပြီး အနှောင့်အယှက်ပေးနေရတာလဲ'

ယိုမိန်က....

'အဘက ထွက်မကြည့်ဘဲနဲ့ ဘယ့်နှယ် ကျွန်မကို အပြစ်တင်နေရတာလဲ'

ထိုအဘိုးအိုက ...

'နင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မီးတောင်ကြားကိုဝင်လာတဲ့သူမှန်သမျှ အသက်ရှင်ပြီး ဝင်မလာရဘူးဆိုတာ မကြားဖူးဘူးလား'

ယိုမိန်က....

'ကျွန်မ လာချင်လို့ လာရတာမဟုတ်ဘူး၊ အဲဒါကို အဘ သိဖို့ကောင်းတယ်'

အဘိုးအိုက ...

'ဟာ....ဟား....ဟား၊ ဘာမှ မထူးပါဘူး'

'ဘာမထူးတာလဲ'

ဘယ်သူမဆို အကြောင်းရှိသည်ဖြစ်၊ အကြောင်း မရှိသည်ဖြစ်စေ၊ မီးတောင်ကြားကို ကျူးကျော်လာရင်တော့ အဲဒီကျူးကျော်လာတဲ့သူဟာ သေရမှာပဲ'

ယိုမိန်က....

'ဒါတော့ လုံးဝ တရားမျှတမှုမရှိတဲ့ ကိစ္စပဲ'

'ဘာဖြစ်လို့ တရားမမျှတရမှာလဲ၊ အစကတည်းက ကြေညာထားတာပဲ၊ မီးတောင်ကြားထဲ လာတဲ့လူ သေရမယ်လို့'

'ကျွန်မက လာချင်လို့ လာတာ မဟုတ်ဘူး၊ သူများဆွဲခေါ်လာလို့ ပါလာရတာ'

အဘိုးအို တိတ်ဆိတ်သွားသည်။



အတန်ကြာမှ....

'ကောင်းပြီလေ၊ မင်းဟာ ဒီတောင်ကြားကို လာချင်တဲ့လူ မဟုတ်ဘဲနဲ့ လာရတဲ့လူဖြစ်လို့ မင်းကို အသက်ချမ်းသာရာပေးလိုက်မယ်၊ ကျေနပ်ရဲ့လား'

ယိုမိန်က....

'အဘမှာအကြောင်းတစ်ခုရှိလိမ့်မယ်နဲ့တူတယ်၊ အကြောင်းမရှိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ဒီလို လျှော့ လျှော့ ပေါ့ပေါ့ လုပ်မယ် မထင်ဘူး'

အဘိုးအိုက မဲ့ပြုံးပြုံးလေ၏။

'ဟုတ်တယ်'

'ဒါဖြင့် ပြောပါ'

'ငါပြောမယ်၊ ပထမအချက်က မင်းဟာ သိုင်းလောကမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေမှာ ဗဟုသုတရှိရဲ့လား ဆိုတာပဲ'

'ဟုတ်ကဲ့၊ ရှိပါတယ်'

'ဒါဖြင့် သိုင်းလောကမှာ ဖြစ်ပျက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှ ငါ့ကိုအားလုံး ပြောပြရမယ်'

ယိုမိန် အံ့ဩသွား၏။

ဤအဘိုးအိုသည် သိုင်းလောကနှင့် အဆက်ပြတ်နေသော အဘိုးအိုဖြစ်နေသည် မဟုတ်ပါလော။

ဤသည်မှာ မခက်ပါ။

သိုင်းလောက၌ ယနေ့ တွေ့ကြုံ ဖြစ်ပျက် နေရသော အကြောင်းများကို ပြန်ပြောပြလိုက်ရပင်။

အဘိုးအိုၡ တောင်းဆိုချက်ကို သူမအလွယ်တကူပင် ပြောပြနိုင်ပေသည်။

ထို့ကြောင့်....

သူမက ခေါင်းညိတ်လိုက်၏။

'ကျွန်မ လက်ခံပါမယ်'

အဘိုးအိုက...

'ဒုတိယအချက်ကို ငါပြောမယ်၊ မင်းကို ငါက အသက်မသေချင်ပါဘူး၊ ဒါပေမယ့် ငါတို့ဟာ မီးတောင်ကြားရဲ့ လျှို့ဝှက်ချက်ကို မမြင် မပေါက်ကြားအောင် သတိထားပြီး စောင့်ရှောက်နေရတယ်၊ ဒါကြောင့် မင်းကို မျက်စိတော့ ဖောက်ရမယ်၊ လျှာဖြတ်ပစ်ရလိမ့်မယ်၊ မင်းကို သတ်တော့ မသတ်ပါဘူး'

ယိုမိန်သည် ထိုစကားကို ကြားသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

မသတ်ဘူးဆိုသဖြင့် သူမ ဝမ်းသာနေရသည်။

သို့သော်....

မျက်စိဖောက်ထုတ်မည်၊ သို့မဟုတ် လျှာကိုဖြတ်ပစ်မည်ဟု ဆိုသောအခါ သူမ ဝမ်းမသာနိုင်တော့ပေ။

အဘိုးအိုက....

'ငါသိချင်တဲ့အပိုင်း၊ ငါလုပ်မယ့် အပိုင်းတွေကို မင်းကို ပြောပြပြီးပြီ၊ ဒီအချက်တွေကို လက်ခံဖို့ လက်မခံဖို့ဆိုတာတော့ မင်းအပိုင်းပဲ'

ယိုမိန်သည် အတန်ကြာ စဉ်းစားလိုက်၏။



ဤအချက်များကို လက်မခံလျှင် သူသေရပေတော့မည်။

'တောင်းဆိုချက် နှစ်ခုစလုံးကို ကျွန်မ လက်ခံပါတယ်၊ အဘကတော့ ကတိတည်ပါ့မလား'

ထိုအဘိုးအိုက ရယ်မောလေ၏။

ထို့နောက် ပြတ်သားစွာပြောသည်။

'ငါဟာ ငါ့ကတိကိုဘယ်တော့မှ မဖျက်ဘူး၊ အဲဒါကိုတော့ မင်းယုံ'

ယိုမိန်က မြန်းလိုက်၏။

'ဘဘ ချမှတ်တဲ့ ပြစ်ဒဏ်တွေဟာ ရက်စက်လှပါတယ်'

'တကယ်သေတာလောက်တော့ မဆိုးဘူးပေါ့ကွာ'

'တကယ်တော့ ခန္ဓာကိုယ် ပျက်ယွင်းသွားတဲ့ အဖြစ်ဟာ သေတာထက်ဆိုးပါတယ် အဘ'

'ဒါတော့ မတတ်နိုင်ဘူးပေါ့ကွာ'

'အဘ ဒီလိုအပြစ်ဒဏ်ချတာဟာမီးတောင်ကြားရဲ့ လျှို့ဝှက်ချက်ကို မပေါက်ကြားအောင် လုပ်ဖို့ပဲ မဟုတ်လား'

'ဒါပေါ့'

'ဒီလို မပေါက်ကြားအောင် တခြားနည်း 'တစ်နည်းတစ်လမ်းနဲ့ လုပ်လို့ မရဘူးလား၊ 'နည်းလမ်းရှာရင် တွေ့မှာပါ'

'မရှိပါဘူး၊ ငါတို့လဲ နည်းလမ်းရှာပါတယ်'

ယိုမိန်က....

'ကျွန်မ တစ်ခု တောင်းဆိုချင်ပါတယ်'

'ပြောပါ'

'ကျွန်မကို အဘတို့က မျက်လုံးဖောက်လိုက်မယ်လို့ ဆိုပါတယ်၊ အဲဒီအခါမှာ ကျွန်မ ဘာကိုမှ မမြင်နိုင်တော့ပါဘူး၊ လျှာကို ဖြတ်လိုက်မယ်လို့ ဆိုပါတယ်၊ ဒီအကြောင်းတွေ ဘာမှ ပြန်မပြောနိုင်တော့ပါဘူး၊ ဒါကြောင့် ကျွန်မကို ဒဏ်မခတ်မီ ဒီမီးတောင်ကြားရဲ့ အကြောင်းကို ကျွန်မကို ပြောပြပါလား၊ ကျွန်မ ဒုက္ခိတတစ်ယောက် ဖြစ်သွားပေမယ့် စိတ်ထဲကတော့ ကျေနပ်နေမှာပါ'

ထိုလူသည် အတန်ကြာ စဉ်းစားနေ၏။ ထို့နောက် ခေါင်းညိတ်လေ၏။

'ကောင်းပြီ၊ မီးတောင်ကြားအကြောင်းကို ငါပြောပြမယ်၊ ဒါပေမယ့် အခုတော့ မင်းကပဲ သိုင်းလောကမှာ ဘယ်လိုဖြစ်ပျက်နေသလဲဆိုတာကို ပြောပြပါ'

ယိုမိန်မှာ သူ့အကြံ အောင်မြင်တော့မည်ဖြစ်၍ ကြိတ်၍ ဝမ်းသာမိလေ၏။

သူမသည် စာပေသိုင်းသမား တုံကျင်းဖုနှင့် လိုက်ပါနေရသူဖြစ်၍ ယနေ့ဖြစ်ပေါ်နေသော သိုင်းလောက အမှုအခင်းကြီးများကို မပြတ်ထိတွေ့နေသူဖြစ်သည်။

ထို့ကြောင့် သိုင်းလောက အဖြစ်အပျက်များအား တစ်ခုချင်း အသေးစိတ်ရှင်းပြနိုင်သည်။ သူမသည် စတင်ပြောပြလေတော့၏။



သူမစတင်ပြောပြသော အကြောင်းမှာ လွန်ခဲ့သော သုံးနှစ်က ပြည်မသိုင်းလောကနှင့် တိဗက်လားမားတို့ တိုက်ခိုက်ကြသော တိုက်ပွဲအကြောင်းပင်။

ထိုပွဲ၌ ကျင်းဝေရှင် မည်မျှကိုယ်ကျိုးစွန့်၍ တိုက်ခိုက်ခဲ့ပုံကို ပြောပြ၏။

ထိုမှစ၍ ကျင်းကျားဂေဟာ၌ ကွင်းကိုးကွင်းအလံအဖွဲ့ စတင်ပေါ်ပေါက်ခဲ့ပုံကို ပြောပြသည်။

ကွင်းကိုးကွင်းအဖွဲ့၏ သိုင်းလောကအား တိုက်ခိုက်ဖျက်ဆီးပုံ အကြောင်းများ၊ ယခုအခါ သိုင်းလောကတစ်ခုလုံး ကွင်းကိုးကွင်းအလံအဖွဲ့ကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့နေရပုံတို့ကို ပြောပြလေ၏။

'အင်း....အဖြစ်အပျက်တွေက စိတ်ဝင်စားစရာပါလား'

'နောက်ထပ် စိတ်ဝင်စားစရာတွေ ရှိသေးတယ်'

'ဟုတ်လား....ပြောစမ်းပါဦး'

သူမသည် အလွန်ဝဖိုင့်သော မိုးနတ်သားနှင့် အလွန်ပိန်လှလှသော မြေနတ်သားအကြောင်း ပြောသည်။

အဘိုးအိုသည် ခေါင်းညိတ် နားထောင်နေလေ၏။ ထို့နောက် ထူးဆန်းသော လျှိုကြီးအကြောင်း....

'ထူးဆန်းတဲ့လျှိုကြီး'

'ဟုတ်တယ်'

'ကုန်းပေါ်မှာ တိုက်ကြခိုက်ကြ ဖြစ်နေရာက ဘယ့်နှယ် ရေထဲ ရောက်သွားရတာလဲ'

'အဘကပဲ သိုင်းလောကအကြောင်း ပြောပြပါလို့ ကျွန်မကို ပြောတယ်မဟုတ်လား၊ သိုင်းလောကမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်မှန်သမျှ ရေပေါ်၊ ကုန်းပေါ်၊ ကျွန်းပေါ်၊ ပင်လယ်ထဲ ဖြစ်ပျက်သမျှတွေကို ပြောပြမှ ကျွန်မကတိတည်မှာပေါ့'

'အင်း…ဟုတ်တယ်၊ ကဲ…ပြော'

အဘိုးအိုက ပြောလိုက်လေ၏။

….၀….



အခန်း(၁၀၄)

အပြန်အလှန်ကတိ

ယိုမိန့်သည် စကားပြောကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ထိုအကြောင်းအရာများကို သူမသည် စီကာပတ်ကုံး ပြောပြနေခြင်းဖြစ်သည်။

ထိုဂူထဲတွင် အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်ကလေး စုစုပေါင်းလေးယောက်ရှိသည်။

ထိုလူငယ်ကလေးများသည် လွန်စွာစိတ်ပါဝင်စားစွာ ငေးမော နားထောင်နေကြလေ၏။

လူငယ်လေးများသာမက အဘိုးအိုလည်း စိတ်ပါဝင်စား စွာ နားထောင်နေသည်။

သို့သော်.... အဘိုးအိုကတော့ အာရုံထဲ နစ်မြော မသွား ချေ။

ဝေဖန်သုံးသပ်မှုရှိသည်။

'အဲဒီထူးဆန်းတဲ့ လှေကြီးဟာ မြစ်ထဲမှာ စုန်ဆန်လျှောက် မျောနေတာပဲ၊ အဲဒီလှေကြီးကို အုပ်ချုပ်တဲ့လူကတော့သခင်မ ကြီးတစ်ယောက်ပါ၊ သူ့နာမည်ကတော့....'

ယိုမိန်သည် ချောင်းဆိုးသဖြင့် သူမ၏ပါးစပ်ကိုဟကာ ခေါင်းတစ်ဘက်သို့လှည့်၍ ချောင်းဆိုးလေ၏။

'ဟိုလန်တောင်က မင်းသမီးလေး ဟိုလန်ပါပဲရှင်'

အဘိုးအိုသည် ထမြောက်သွားမိမတတ် တစ်ကိုယ်လုံး တုန် လှုပ်သွား၏။

မျက်နှာလည်း အကြီးအကျယ် ပျက်သွားလေ၏။

ယိုမိန်ကား သတိမပြုမိဘဲ ဆက်လက် ပြောနေလေ၏။ နောက်ဆုံး ဟိုလန်တောင် မင်းသမီးလေး ဟိုလန်အကြောင်း ပြီးဆုံးသွားလေ၏။

အဘိုးအိုက....

'ကဲ....မင်းကတော့ ပြောပြီးသွားပြီ၊ ငါကလဲ မင်းကို ဒီမီးတောင်ကြား၏ လျှို့ဝှက်ချက်ကို ပြောပြ ရတော့မှာ ပေါ့'

ယိုမိန်က ခေါင်းညိတ်လေ၏။

'ဟုတ်ကဲ့....ကျွန်မ နားထောင်နေပါတယ်'



အဘိုးအိုက ပြောသည်။

'မင်းကို ငါပြောပြရမှာတော့ အားနာစရာပဲ၊ မီးတောင် ကြားမှာ ဘာမှ လျှို့ဝှက်ချက်မရှိဘူး၊ မီးတောက်နေတဲ့ မီးတွေ ချည်း ရှိတာပဲ၊ ထူးခြားပါတယ်၊ လျှို့ဝှက်ချက်ကတော့ ငါ့ရဲ့ လျှို့ဝှက်ချက်ပဲ ရှိပါတယ်'

ယိုမိန် အံ့ဩသွားသည်။

'ဟုတ်လား၊ ဘဘရဲ့လျှို့ဝှက်ချက်ပဲရှိတယ် ဟုတ်လား'

အဘိုးအိုက ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ငါဟာ သက်ခြေမင်းသားလေး မုဖုတုံမင်းပဲ ဖြစ်ပါတယ်'

ယိုမိန်သည် သက်ခြေမင်းသားလေး ဖုံပုတုံမင်း ဟူသော အမည်ကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေ တော့၏။

'အဘ....အဘဟာ....'

'ဟုတ်ပါတယ်၊ ငါဟာ သက်ခြေမင်းသားလေး မုဖုတုံမင်း အစစ်ပါ'

'ဒါ....ဒါဖြင့် အဘဟာ သက်ခြေဝိဇ္ဇာ သုံးယောက်ထဲက တစ်ယောက်အပါအဝင်ပေါ့နော်'

မုဖုတုံမင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ငါ့ရဲ့ဘဝတစ်သက်တာမှာ မကောင်းမှုတွေ အများဆုံးပြုလုပ်ခဲ့တယ်၊ ငါနဲ့တွေ့တဲ့လူ အတော်များများလဲ သေကြတာပဲ၊ ငါက စိတ်အခန့်မသင့်တာနဲ့ သတ်တော့တာကိုး၊ ငါတို့သုံးယောက်ကို သက်ခြေဝိဇ္ဇာသုံးယောက်လို့ နာမည်ပေး

သားတာ အလကားမဟုတ်ဘူး၊ လူသတ်လွန်းလို့ပဲ၊ အထူးသဖြင့် ငါဟာ အမှားတွင်းကြီးတစ်တွင်းကို ပြုလုပ်ခဲ့မိတယ်၊ အဲဒါကတော့ ဟိုလန်တောင်က မင်းသမီးလေး ယိုသန်အပေါ် သစ္စာဖောက်မိခဲ့တာပဲ၊ ဒါကြောင့် မီးတောင်ကြားမှာ လာပြီး ဇာတ်မြှုပ်နေရတော့တာပါပဲ'

သူသည် သက်ပြင်းချလိုက်၏။

'ခုမှ ဒါတွေပြောနေလို့လဲ မထူးတော့ပါဘူး၊ ငါဇာတ် မြှုပ်နေခဲ့တာကပဲ ကြာလှပြီပဲ'

သူသည် စကားလမ်းကြောင်း ပြောင်းလိုက်၏။

'ကဲ....ကဲ အခုတော့ လုပ်စရာ အလုပ်တစ်ခုပဲရှိတော့တယ်၊ မင်းကို မျက်လုံးလျှာဖြတ်ဖို့အလုပ်ပဲ ရှိတော့တယ်'

ယိုမိန် ရင်ထိတ်သွား၏။

'ကျွန်မ တစ်ခုမေးပါရစေဦး'

'ဘာမေးမလို့လဲ မေးပါ'

'ကျွန်မကို အပြစ်ဒဏ်ပေးပြီးတာနဲ့ အသက်ချမ်းသာပေးမယ်ဆိုတာ သေချာရဲ့လားရှင်'

မုဖုတုံမင်း စိတ်ဘိုသွားသည်။

'မင်းဟာ ငါ့ကိုစော်ကားနေပြီ မိန်းကလေး၊ ငါဟာကတိမဖျက်ပါဘူး'

သူသည် လက်ကို တစ်ချက်ဝေ့ယမ်းလိုက်၏။

အနီရောင်အင်္ကျီဝတ်ဆင်ထားသော လူငယ်နှစ်ယောက်သည် ယိုမိန်ထံသို့ ချဉ်းကပ်လာလေ၏။



သူတို့ ချဉ်းကပ်လာခြင်းမှာ အပြစ်ဒဏ်ပေးရန်မှ တပါး အခြား အကြောင်း မရှိကြောင်း ယိုမိန်သိသည်။

ယိုမိန်သည် သူစဉ်းစားထားသည့်အကြောင်းကို ပြောရန် အချိန်ကျရောက်လာလေပြီ။

ယိုမိန်က ဟန့်တားလိုက်၏။

'နေပါဦး'

မုဖုတုံမင်းက ရယ်မောလိုက်၏။

'မိန်းကလေး....မင်း ကြောက်နေပြီမဟုတ်လား'

ယိုမိန် ပြုံးလိုက်၏။

'ကျွန်မက မိန်းမသားတစ်ယောက် ဖြစ်ပေမယ့် ကတိမဖျက်တတ်ပါဘူး၊ သေရမှာလဲ မကြောက်ပါဘူး'

'ဒါဖြင့် ဘာကိုကြောက်တာလဲ'

'သေရမှာ မကြောက်တဲ့နောက် ဘာကို ကြောက်တော့မှာလဲ'

မုဖုတုံမင်း ဒေါသထွက်လာလေ၏။

'မိန်းကလေး....မင်း တောင်တောင် မြောက်မြောက်တွေ လျှောက်ပြောမနေနဲ့၊ မင်းဟာ ကြောက်နေပြီ....'

ယိုမိန်က....

'ကျွန်မပြောစရာရှိသေးလို့ပါ၊ ကျွန်မ ကြောက်ပြီး တောင်တောင် မြောက်မြောက်တွေ လျှောက်ပြောနေတာ မဟုတ်ပါဘူး'

'ဒါဖြင့် မြန်မြန်ပြော'

ယိုမိန်က ပြုံးပြီး မေးလိုက်၏။

'အဘ ကတိပေးခဲ့တာတစ်ခု ရှိတယ်နော်'

'ဘာလဲ'

'ကျွန်မကို မျက်စိဖောက်မယ်၊ လျှာဖြတ်မယ်၊ နောက်ပြီး ကျွန်မကို အသက်ချမ်းသာခွင့်ပေးမယ်ဆိုတာလေ'

'ဟုတ်တယ်'

မုဖုတုံမင်းက ဆက်ပြောလေ၏။

'မိန်းကလေး... မင်းဟာ ဒီစကားကို ခဏခဏပြောတယ်၊ အဲဒါကို ငါ ဘာမှမပြောလိုတော့ဘူး၊ ဖြစ်ပြီးမှ မင်းသိလိမ့်မယ်၊ ဩော်...ကတိတည်ပါလားလို့ မင်းယုံကြည်သွားမယ်'

ယိုမိန်က....

'ဒီလိုဆိုရင်တော့ ကျွန်မ စိတ်ချသွားပါပြီ'

မုဖုတုံမင်းက....

'မင်း စကားတစ်ခွန်း ပြောမလို့ဆို ဘာစကားလဲ ပြော'

ယိုမိန်က ရှင်းလင်းပြောပြ၏။

'ကျွန်မတို့ အခုလာတဲ့အကြောင်းကိုပြောပါမယ်ရှင်၊ ကျွန်မတို့ဟာ ကွင်းကိုးကွင်း အလံအဖွဲ့နောက်ကို လိုက်ခဲ့ကြတာပါ၊ အခု ကျွန်မတို့လိုက်လာနိုင်ခဲ့တာ အင်မတန်ထူးဆန်းပါတယ်၊ ကျွန်မတို့ ဘာကြောင့်လိုက်လာနိုင်သလဲဆိုတော့ လူတစ်ယောက်က ပြောလိုက်လို့ပါပဲ၊ ကျွန်မတို့ဟာ ပါကုန်းမြို့ပြင် ဘုရားကျောင်းပျက်ထဲမှာ လူတစ်ယောက်ကိုတွေ့ပါတယ်၊ အဲဒီလူဟာ ခြေအဖြတ်ခံ၊ လက်အဖြတ်ခံထားရပါတယ်၊ လျှာလဲ ဖြတ်ထား



ပါတယ်၊ အဲဒီလူကို ကျွန်မတို့ မေးတဲ့အခါမှာ အဘယနေနဲ့ လျှာဖြတ်ထားတဲ့အတွက် ဖြေးမရဘူးလို့ အဘထင်မှာပါပဲ၊ တကယ်တော့ အဲဒီလိုမဟုတ်ပါဘူးရှင်'

ယိုမိန်ပြောပြနေသည်များမှာ အမှန်များပင်ဖြစ်သည်။

မုဖုတုံမင်းသည် ငြိမ်၍ နားထောင်နေ၏။

'ကျွန်မတို့ သိပ်ကြာကြာ မမေးလိုက်ရပါဘူး၊ သူ့ကိုသတ်သွားတဲ့လူဟာ နှစ်ယောက်ဖြစ်တယ်၊ အဲဒီလူတွေဟာ ကွင်းကိုးကွင်းအလံအဖွဲ့ကဖြစ်တယ်၊အဲဒီလူတွေဟာ ချိမင်းစန်းတောင်ကို သွားကြတယ်လို့ မေးလို့ရပါတယ်၊ ကျွန်မတို့ ဘယ်လိုမေးတယ်၊ ဘယ်လိုဖြေတယ်ဆိုတာကို အဘသိပါသလားရှင်'

မုဖုတုံမင်းသည် စိုးရိမ်သွား၏။

ဤမိန်းကလေးကို မည်သို့ပြုလုပ်ရပါမည်လဲဟု တွေးတောတော့သည်။

'အဲဒီလူက ဘယ်လို ဖြေလိုက်သလဲ'

ယိုမိန်က ပြုံးလိုက်၏။

'ကျွန်မ မပြောပြနိုင်တာကို ခွင့်လွှတ်ပါရှင်'

သူမသည် ရဲဝံ့စွာ ခေါင်းမော့လိုက်၏။

'ကဲ... ကျွန်မကို အပြစ်ဒဏ်ပေးပါတော့ရှင်'

မုဖုတုံမင်းမှာ အခက်ကြုံသွားလေ၏။

သူမ ပြောသည်မှာ ရှင်းသည်။

သူမအား မျက်စိဖောက်၊ လျှာဖြတ်သော်လည်း သူမသည် မီးတောင်ကြား၏ လျှို့ဝှက်ချက် တကယ်တော့ မီးတောင်ကြားတွင် လျှို့ဝှက်ချက် မရှိပါ။

မီးတောင်ကြားတွင် သက်ခြေမင်းသားလေး မုဖုတ့်မင်း၏ တစ်ယောက် လျှို့ဝှက် ဇာတ်မြုပ်နေခြင်းသာ ရှိသည်။

ထိုလျှို့ဝှက်ချက်ကို ပါကုန်းမြို့ပြင်မှ ခြေလက်၊ လျှာအဖြတ်ခံထားရသော လူကဲ့သို့ သူသည် တိုင်းလောကအား ပြန်ပြောမည်ဟု ယိုမိန်က ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်သည်။

ထို့ပြင်...

သူသည် ယိုမိန်အား လက်ဖြတ်ပစ်မည်ဟု မပြောခဲ့ချေ။

ယိုမိန်သည် ခြေလက်များ ရှိနေသဖြင့် စာရေး၍လည်း ပြောနိုင်ပေသည်။

မုဖုတ့်မင်းမှာ စိတ်ခေတ်ကျသွား၏။

သူမသိစေချင်သည်မှာ သူ့အကြောင်းပင်။

သူ ဤနေရာ၌ဇာတ်မြုပ်နေခြင်းကို မည်သူ့အားမျှ ပေးမသိလိုပါ။

ယခုတော့ သူ မသိစေလိုသည့် အချက်ကို ယိုမိန်က ဖော်ထုတ် ပြောဆိုပေတော့သည်။

မုဖုတ့်မင်း အတန်ကြာ ချင့်ချိန် စဉ်းစားပြီး....

'မင်းကိုငါမေးပါရစေ၊ မင်းဟာ မီးတောင်ကြားရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်မယ်ပေါ့'

ယိုမိန်က ပြုံးလိုက်၏။

'အဘပဲ စဉ်းစားကြည့်လေ၊ ကျွန်မဟာ မျက်လုံးလဲ အဖောက်ခံရမယ်၊ လျှာလဲ အဖြတ်ခံရမယ်၊ အဲဒီလို ခံရပြီးမှ တော့ ဘယ်သူက ကျေနပ်နိုင်မှာလဲ၊ မျက်စိ အဖောက်မခံရဘူး လျှာအဖြတ် မခံရဘူး ဆိုရင်တော့ဒီမီးတောင်ကြားအကြောင်း



ပြောသင့် မပြောသင့်စဉ်းစားချင့်ချိန်ဦးမှာပေါ့၊ မျက်စိဖောက် လျှာအဖြတ်ခံရပြီးတော့ ဒီတော့ ဒီမီးတောင်ကြားအကြောင်း သိုင် လောက တစ်ခုလုံး သိသွားအောင်ပြောပြရတော့မှာပေါ့'

မုဖုတ့်မင်းသည် မျက်မှောင် ကြုတ်သွား၏။

'မင်းရဲ့ မျက်လုံးကိုဖောက်၊ လျှာကိုဖြတ်ပြီးတဲ့နောက် မင်း ဘယ်လိုလုပ် ဖော်ထုတ်မလဲဆိုတာ ငါတော့ စဉ်းစားလို့ မရဘူး'

ယိုမိန်က ပြုံးလိုက်၏။

'အဘက သိချင်လို့လား'

မုဖုတ့်မင်းသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

'ကဲ...မင်းတို့ ဘယ်လိုမေးခဲ့တယ်၊ ဟိုက ဘယ်လိုဖြေခဲ့ တယ်ဆိုတာကို ပြန်ပြောပြ၊ ငါက ဖြစ်နိုင်တယ်လို့ ယူဆရင် မင်းကို အပြစ်ဒဏ် မခတ်တော့ဘူး'

ယိုမိန်သည် ဝမ်းသာသွား၏။

သူမအား အပြစ်မှ ခွင့်လွှတ်တော့မည် မဟုတ်ပါလော။

'အဘ စကားတည်ပါတယ်နော်'

မုဖုတ့်မင်းက မဲ့ပြုံးပြုံးလိုက်၏။

'မုဖုတ့်မင်းက ဂတိ ဘယ်တော့မှ မဖျက်ဘူး'

ယိုမိန်က ...

'ဒီ ဖြစ်ပုံ ကျွန်မ ပြောပြမယ်'

သူမသည် ဆက်ပြောလေ၏။

'ကျွန်မတို့ တွေ့တဲ့လူဟာ မျောနေတယ်၊ သေမလိုဖြစ်နေတဲ့ လူပါ၊ ကျွန်မတို့ထဲက လူတစ်ဦးက ဒဏ်ကြေဆေးတစ်လုံး တိုက်ကျွေးပြီး အတွင်းအား ဖြည့်သွင်းပေးလိုက်တော့ အဲဒီလူဟာ သတိရလာပါတယ်'

'အင်း...မင်းတို့အဖွဲ့ထဲမှာ အဲဒီလိုလုပ်နိုင်တဲ့ လူပါလာတာ မဆိုးဘူးလို့ ဆိုရမှာပဲ'

ထိုစဉ်က တိကျုန်လုံက ပြုလုပ်ပေးခြင်းဖြစ်သည်။

တိကျုန်လုံသည် ဆိုင်းပညာအဆင့်မြင့်သော သူတစ်ဦးပင် ဖြစ်သည်။

ယိုမိန့်က ဆက်ပြောလေ၏။

'အဲဒီသူဟာ ခြေလက် အဖြတ်ခံထားရတယ်၊ လျှာလဲ အဖြတ်ခံထားရတယ်၊ လက်နဲ့လဲ စာရေးမပြနိုင်ဘူး၊ ကျွန်မတို့က သူ့ကို မေးခွန်းမေးတယ်၊ သူကဟုတ်ရင် မျက်တောင် တစ်ချက်ခတ်ပြတယ်၊ မဟုတ်ဘူး ဆိုရင် မျက်တောင်နှစ်ချက် ခတ်ပြတယ်၊ ဒီလိုနဲ့ သူ့ကိုသတ်သွားတဲ့လူဟာ နှစ်ယောက်ဖြစ် တယ်၊ အဲဒီလူတွေဟာ ကွင်းကိုးကွင်း အလံအဖွဲ့ကဖြစ်တယ်၊ သူတို့ဟာချိမင်းစန်းတောင်ကို သွားခဲ့ကြတယ်ဆိုတာ ကျွန်မတို့ သိလိုက်ရပါတယ်'

သူမက ပြုံး၍ပြောသည်။



'ကျွန်မ သူ့လိုဘာမျိုးရောက်ရင် ခေါင်းညိတ်ပြမယ်၊ ခေါင်းခါပြမယ်၊ ဒီလိုနဲ့ ဒီမီးတောင်ကြားမှာ ဆက်ခြွင်းသားလေး 'မုဖုတု မင်း' တစ်ယောက် ဇာတ်မြှုပ်နေတယ်ဆိုတဲ့ လျှို့ဝှက်ချက်ကိုသိအောင် ကျွန်မ ပြောပြပါမယ်'

'ဟား....ဟား....ဟား'

မုဖုတု မင်းသည် သဘောကျစွာ ရယ်မောလေတော့၏။

'မင်းပြောတဲ့အတိုင်း ခေါင်းညိတ် ခေါင်းခါပြရုံနဲ့ တစ်နှစ် ခြောက်လမေ့တာတောင် ငါ ဒီတောင်ကြားမှာ ဇာတ်မြှုပ် နေတယ်ဆိုတာကို မေးလို့မရပါဘူး'

ယိုမိန်က ပြုံးလိုက်၏။

'အဘမှားနေပြီ၊ ခုအချိန်မှာ ဉာဏ်ပညာရှိတဲ့လူတွေ အများကြီး ပေါ်ထွန်းနေပါတယ်၊ ကျွန်မရဲ့ ဦးလေးဟာ ကျင်းကျားဂေဟာမှာ ဆက်ခြွေဝိဇ္ဇာ သုံးယောက်အကြောင်း ပြောပြခဲ့ပါတယ်၊ နောက်ပြီး သေမင်းလက်ဝါး ဇိုယန်ကုဟာ ကွင်းကိုးကွင်းအလံအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဖြစ်ရမယ်လို့ ဟောကိန်း ထုတ်သွားခဲ့ပါသေးတယ်ရှင်၊ ကျွန်မရဲ့ ဦးလေးဟာ အဘ အကြောင်းကို မမေးနိုင်ဘူးလို့ အဘထင်နေသလား'

မုဖုတု မင်းသည် ထိုစကားကို ကြားလိုက်သောအခါ အကြီး အကျယ် စိတ်လှုပ်ရှားသွားလေ၏။

ထို့ရာမှ ထုံမည်ကဲ့သို့ပင် ဖြစ်သွားသည်။

'အိုယန်ကုဟာ သေခါနီးလူတစ်ယောက်ပါ၊ သူဟာ ဒုတိယ ဗိုလ်းလောကမှာ သောင်းကျန်းနေသေးသလား၊ ငါလဲ မပြီး ပြတ်သေးတဲ့ကိစ္စတွေကို ဆောင်ရွက်ဖို့ သင့်တာပေါ့'

ယိုမိန် အံ့ဩသွား၏။

'အဘက ဘာတွေ ဆက်လုပ်'

သူမ၏စကားဆုံးအောင် အပြောမခံပေ။

မုဖုတုံမင်းသည် လက်ပြလိုက်၏။

'သူ့ကို လိုက်ပို့လိုက်'

ယိုမိန်က ပြောလိုက်၏။

'ကျွန်မကို လွှတ်လိုက်တဲ့အတွက် ကျွန်မ ဝမ်းသာပါသယ်၊ ကျွန်မ အဘကို တစ်ခုပြောပါဦးမယ်၊ အဘ ကျွန်မကို အမြစ် ဖြတ်ပေးမယ်လို့ ပြောတုန်းက လျှာဖြတ်မယ်၊ မျက်လုံးဖောက် မယ်ဆိုတာပဲ ပါတယ်၊ အဘ တစ်ခု ကျန်ခဲ့ပါတယ်၊ အဲဒါကျန် တာတောင် ကျွန်မဟာ အဘရဲ့ လျှို့ဝှက်ချက်ကို ပြောပြနိုင် မယ်လို့ ယုံကြည်ခဲ့ပါတယ်ရှင်'

မုဖုတုံမင်း၏ မျက်ခုံးများ မြင့်တက်သွား၏။

'ငါက ဘာများ ကျန်ခဲ့လို့ လဲ'

ယိုမိန်က သူ့ထက်ကို မြှောက်ပြလေ၏။

'လက်ဖြတ်မယ်ဆိုတာ မပါဘူးလေ၊ အဘက ပြောဘယ် ဟုတ်လား၊ခေါင်းညိတ်၊ခေါင်းခါရုံနဲ့ အဘရဲ့ လျှို့ဝှက်ချက်ကို မသိနိုင်ဘူးလို့လေ၊ တကယ်တော့ ခေါင်းညိတ် ခေါင်းခါပြ



ရုံနဲ့ အဘရဲ့လျှို့ဝှက်ချက်ကို မေးနိုင်တဲ့လူလဲ ရှိပါတယ်၊ ကျွန်မ ကလဲ ဖြေနိုင်ပါဘယ်၊ ပိုဆိုးတာက ကျွန်မမှာ လက်ရှိနေတာပဲ၊ ကျွန်မဟာ စာရေးပြီး အဘရဲ့ လျှို့ဝှက်ချက်ကို ပြောပြနိုင်ပါ တယ်၊ အဲ... မျက်လုံးဖောက်၊ လျှာဖြတ်၊ လက်ဖြတ်၊ နားကန်း အောင်လုပ်လိုက်ရင်တော့ တစ်မျိုးပေါ့လေ'

မုဖုတုံမင်းသည် ဘာမျှမပြောတော့ပေ။

လက်မြှောက်ပြတော့သည်။

ထိုအခါ အနီရောင် လူငယ်ကလေးနှစ်ယောက်သည် မုဖုတုံ မင်းကို ဦးညွှတ်ဂါရဝပြုပြီး ယိုမိန်အနီးသို့ လာရပ်လေ၏။

'သွားမယ်'

လူငယ်တစ်ဦးက ပြောသည်။

ယိုမိန်သည် လူငယ်လေးနှစ်ဦးနှင့်အတူ အလာတုန်းကလို ပြန်ထွက်ကြလေတော့၏။

ကျောက်တုံးများအကြား ကွေ့ကောက်သောလမ်းမှ သူတို့ ပြန်ထွက်ခဲ့ကြသည်။

မီးလျှံကြီးကို ဖြတ်ကျော်ကြသည်။

ထို့နောက်....

သူတို့သည် ပထမဆုံး ယိုမိန်သတိရလာသည့်နေရာသို့ ရောက် လာလေတော့၏။

သူငယ်တစ်ယောက်က ပြောလိုက်၏။

'အကျီချွတ်လိုက်'

ယိုမိန်သည် အင်္ကျီချွတ်ပေးလိုက်၏။

'ခင်ဗျား သွားနိုင်ပြီ'

လူတစ်ယောက်က ပြောလိုက်သောအခါ ယိုမိန်သည် ကျောက်တုံး ကျောက်ခဲများ အကြားမှ ပြေးထွက်သွားလေတော့၏။

....ဝ....

## အခန်း (၁၀၅)

### ချိန်းဆိုရာသို့ ရောက်ရှိလာခြင်း

'တုံ....'

တုန်းမောင်းခေါက်သံတစ်ချက် ပေါ်လာခဲ့လေသည်။

ပါကုန်းမြို့အပြင်၌ လူရိပ်တစ်ရိပ် ပုန်းလျှိုးကွယ်လျှိုးဖြင့် ပြေးနေသည်။

ပုန်းလျှိုးကွယ်လျှိုး ပြေးနေရသဖြင့် ခရီးမတွင်လှချေ။

သူသည် ပြေးလွှားရင်း ဘေးဘီကို ဂရုစိုက်နေရသေးသည်။ သူသည် မြို့ပြင်သို့ ရောက်ရှိလာ၏။

မြို့ပြင်တို့ ရောက်သောအခါ လူရှင်းသွားပေပြီ။

သူပြေးချင်တိုင်း ပြေးလို့ မရပေပြီ။

ထို့ကြောင့်....

သူသည် တစ်ရှိုက်ထိုး ပြေးလွှားသွားလေတော့၏။

သူပြေးနေသည်မှာ ဘုရားကျောင်းပျက် တစ်ခုဆီသို့ ဖြစ်သည်။

ထိုဘုရားကျောင်းမှာ မြို့ပြင်နှင့် သုံးမိုင်ခန့်ကွာဝေးပေသည်။ လူသူကင်းရှင်းသဖြင့် ထိုလူသည် အေးအေးဆေးဆေးပင် ပြေးသည်။

ဘုရားကျောင်းပျက်ရှေ့သို့ ရောက်သောအခါ တုန်းမောင်း နှစ်ချက်ပင် မထိုးသေးပါ။

သူသည် အမှောင်ထဲ၌ ထိုးထိုးထောင်ထောင် ဖြစ်နေသော ဘုရားကျောင်းပျက်ကြီးအား စူးစိုက်ကြည့်နေမိလေ၏။

သူသည် ဘုရားကျောင်းပျက်ထဲတို့ မဝင်သေးပေ။

သူသည် ဘုရားကျောင်းပျက်ထဲသို့ သူ့ကဲ့သို့ သိုင်းသမားများ ရောက်ရှိနေသလားဟု အကဲခတ်ကြည့်နေခြင်း ဖြစ်သည်။

မည်သူတစ်ယောက်မျှ မရှိကြောင်း သေချာသောအခါမှ သူသည် ခြေတစ်ချက်ဆောင့်လိုက်လေ၏။

သူ့ခန္ဓာကိုယ်သည် မြောက်တက်သွား၏။

ထိုကျောင်းပျက်ကြီးမှာ ဘုံခုနစ်ဆင့်ရှိလေရာ သူ့ခန္ဓာကိုယ်သည် ဒုတိယဘုံအဆင့်သို့ ရောက်သွားလေ၏။

ထို့နောက်....

သူသည် တစ်ဆင့်ပြီးတစ်ဆင့် ဘုံကျောင်း အဆင့်ဆင့်သို့ တက်သွား၏။



သူ၏ပုံစံမှာ ခိုးကြောင်ခိုးဝှက်ပုံစံ ရှိနေသဖြင့် ဤဘုရားကျောင်းပျက်သို့ ချိန်းဆိုထား၍ ရောက်ရှိလာသူမဟုတ်ကြောင်း သိသာလှသည်။

သူသည် ဘုံခုနစ်ဆင့်၏ ဆဋ္ဌမအဆင့်သို့ ရောက်ရှိနေသည်။ သူသည် အောက်သို့ ငုံ့ကြည့်လိုက်၏။

လရောင်အောက်၌ မည်သူတစ်ဦးကိုမျှ မတွေ့ရချေ။

သူသည် သက်ပြင်းချလိုက်၏။

ထို့နောက် သူသည် နောက်ဆုံးအဆင့်သို့ တက်သွားလေတော့သည်။

သူသည် အမှောင်ထုထဲသို့ အားပြု၍ စိုက်ကြည့်လိုက်ရာ အမျိုးလမီးတစ်ဦး၊ ကွေးကွေးကလေး လဲလျောင်းနေသည်ကို တွေ့မြင်ရလေ၏။

သူသည် ပြုံးလိုက်ပြီး အင်္ကျီထဲဝှက်ယူလာသော ပေါက်စီ တစ်လုံးကို ထုတ်ယူလိုက်သည်။

သူသည် အမျိုးသမီးရှိရာသို့ ကျောက်သွားပြီး အနီး၌ ထိုင်လိုက်သည်။

ပေါက်စီကို လှမ်းပေးလိုက်သည်။

'ကနေ့တစ်နေ့လုံး အစားအစာ ရှာမပေးနိုင်တာကို ဝမ်းနည်းပါတယ်၊ အခုတော့ ပေါက်စီတစ်လုံးပါလာတယ်၊ ရော့.... စားလိုက်ပါဦး'

အမျိုးသမီးက သူ့အား ကြည့်ပင် မကြည့်ချေ။

သူသည် မှုကျေမနပ်ဖြစ်သွား၏။

'မင်းကို ငါ ဒီလောက်ပြုစုနေတာကို မင်းမကျေနပ်နိုင်သေး ဘူးလား၊ ဘယ်လောက်ပြုစုရဦးမှာလဲ'

အမျိုးသမီးသည် သူ့ကို ကြည့်လည်းမကြည့်၊ စကားလည်း မပြောချေ။

သူသည် အမျိုးသမီးကို သွေးကြောပိတ်ထားခြင်းကြောင့် ဤသို့ဖြစ်နေသည်ကို သတိရလာလေ၏။

သူသည် ပေါက်စီကို လှမ်းပေးပြန်၏။

'စားလိုက်ပါ',

အမျိုးသမီးက ပါးစပ်ပိတ်ထားသည်။

သူ့ကို လုံးဝ စကားမပြောချေ။

သူသည် သက်ပြင်းချလိုက်၏။

သူသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဘိုးအို တစ်ဦးပေတည်း။

သူသည် အမျိုးသမီးကို စိုက်ကြည့်နေသည်။

သူ့မျက်လုံးအစုံမှာ ဝင်းပြောင်နေသည်။

အမျိုးသမီးတစ်ကိုယ်လုံးကို အပြန်ပြန်အလှန်လှန် ကြည့်နေသည်။

'ကျုပ်ဟာ ထူးဆန်းတဲ့လျှော့ကြီးကို လိုက်ပြီး စုံစမ်းရင်းနဲ့ ကျုပ်ဘဝ အချိန်ကုန်သွားတာပဲ၊ အခုတော့ တစ်ကိုယ်ရေ တကာယဖြစ်နေရပြီ၊ အခု သိုင်းလောကထဲမှာ အထီးကျန်ဖြစ် နေရပြီ၊ ဘယ်လောက်ပျင်းစရာကောင်းတဲ့ ဘဝလဲလို့'



သူ့မျက်လုံးများက အမျိုးသမီး၏ ကိုယ်ပေါ်မှာ မရှိချေ။ အမျိုးသမီးမှာ လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း ရုပ်ရည် ချောမောဆဲသာ ရှိသေးသည်။

အဘိုးအိုသည် အမျိုးသမီး၏ ခန္ဓာကိုယ်ကို အနုလုံပဋိလုံ ကြည့်နေသည်။

'သူ့ရင်ထဲ၌ လှုပ်ရှားနေသည်။

သူ့မျက်လုံးများထဲ၌ ရမ္မက်ခိုးများ ဝေနေသည်။

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ဤမျှ စူးစူး စိုက်စိုက် ကြည့်နေသည်မှာ မရိုးသားကြောင်း လူတိုင်းသိနိုင် ပေသည်။

သူသည် အမျိုးသမီးအနီးသို့ တိုးကပ်သွား၏။

သူသည် အမျိုးသမီးအား တစ်စုံတစ်ခုပြုတော့မည်တည်း။

ထိုအချိန်တွင် တောခွေးအူသံလိုလို၊ မြို့ခွေးအူသံလိုလို အသံများ ကြားလိုက်ရလေ၏။

အဘိုးအိုသည် သတိပြန်ဝင်သွား၏။

သူသည် အထက်ဘုံဆောင်ပြတင်းပေါက်အနီးသို့ လျင် မြန်စွာ ချဉ်းကပ်လိုက်သည်။

ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သည်။

လရောင်အောက်၌ လူနှစ်ယောက် ပြေးလာသည်ကို တွေ့ရ တော့၏။

သူတို့သည် ဤဘုရားကျောင်းပျက်ဆီသို့သာလာနေကြောင်း သူသိသည်။

ဤနေရာအနီးတစ်ဝိုက်၌ ကျန်ဘုရားကျောင်းပျက်မှတစ်ပါး အခြားအဆောက်အအုံ မရှိပေ။

ထိုလူနှစ်ယောက်ကို ကြည့်ရသည်မှာ အလွန်ကြည့်မကောင်းချေ။

တစ်ယောက်က အလွန်ပြီး တစ်ယောက်က အလွန်ပိန်နေသည်။

အဘိုးအိုသည် ဤသူနှစ်ယောက်ကို ကောင်းစွာ သိသည်။

သူ မည်သို့မျှ မယုံနိုင်ချေ။

ထို့ကြောင့်....

ထိုနှစ်ယောက်ကို ကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားတော့၏။

သူသည် ဘုံအမြင့်ဆုံး ပေါ်၌ ရောက်ရှိနေပါလျက်နေစရာ မရှိဘဲ ဖြစ်သွားသည်။

သူသည် ပုန်းအောင်းရန် နေရာကို လိုက်ရှာမိတော့သည်။

သူသည် ဘုံခုနစ်ဆင့်တွင် အမြင့်ဆုံးသို့ တက်နေခြင်း ဖြစ်သည်။

ဘော်ရုံတန်ရုံအားဖြင့် ထိုနှစ်ယောက်သည် သူ ရှိနေမှန်း မသိနိုင်ချေ။

သူ ငြိမ်ငြိမ်ကလေး နေ နေလျှင် ကိစ္စ ပြတ်နေသည်။

အမျိုးသမီးကိုလည်း သွေးကြောပိတ် ထားသဖြင့် စိတ်ချရသည်။

သို့ပါလျက်....

သူသည် ပုန်းအောင်းစရာ နေရာကို ရှာနေပေသည်။



ထိုစဉ်....

'တုံ....တုံ'

အဝေးမှ တုန်းမောင်းခေါက်ထံ နှစ်ချက်ကို ကြားလိုက်ရပေသည်။

ထုံအုန်းမောင်း ခေါက်သံ နှစ်ချက်မှာ ပုန်းအောင်းရန် နေရာ ရှာနေသူ အဘိုးအိုအတွက် အထူးအဆန်း မဟုတ်ချေ။

သာမန် တုန်းမောင်း ခေါက်သံသာ ဖြစ်သည်။

ဝဝနှင့် ပိန်ပိန် ခြေသလုံးအိမ်တိုင် သိုင်းသမား နှစ်ဦး အတွက်မူ ချိန်းဆိုထားသည့် အုန်းမောင်း နှစ်ချက် ဖြစ်သည်။

သူတို့သည် မိုးနတ်သားနှင့် မြေနတ်သားတို့ ဖြစ်ကြလေ၏။

မိုးနတ်သား ချူဝါက လူရားကျောင်းပျက်သို့ လှမ်းကြည့် လိုက်၏။

ဘုရားကျောင်းပျက်တွင် မည်သည့်မီးရောင်မျှလည်း မမြင်ရ။

မည်သည့် လှုပ်ရှားမှုမျှလည်း မတွေ့ရချေ။

'တုန်းမောင်းနှစ်ချက် ခေါက်နေပြီ၊ ဘယ်လိုလဲကွ'

'ဟာဖြစ်လို့လဲ အုန်းမောင်းနှစ်ချက် ခေါက်တာ ခုမှ ခေါက်တာပဲ'

မြေနတ်သား ကွမ်းယင်က ပြောလိုက်၏။

'အချိန်ကို ဂရုစိုက်မှ ကောင်းတယ်'

'သူတို့လဲ ပြဿနာတွေ ရှိဦးမှာပေါ့၊ ပြဿနာ မရှိတဲ့ငါတို့က စောတယ်၊ သူတို့မှာ ပြဿနာရှိရင် နောက်ကျမယ်၊ အခြေအနေရပေါ့ကွာ'

'ရောက်လာမှာ သေချာရဲ့လား'

'သေချာပါတယ်ကွာ၊ ငါ သိပါတယ်'

သူတို့ အပြန်အလှန် ပြောနေသည့် စကားမဆုံးမီ အဝေးမှ တရိပ်ရိပ် ပြေးလာသော လူရိပ်တစ်ခုကို မြင်ရလေ၏။

မိုးနတ်သားသည် ထိုလူရိပ်ကို အသေအချာ ကြည့်နေ၏။

မကြာမီ နီးနီးလာသည်။

ထိုလူရိပ်အား ချင်ကုလျှံ ပေတည်း။

ချင်ကုလျှံသည် အဖော်မပါဘဲ တစ်ယောက်တည်း ပြေးလာခြင်း ဖြစ်သည်။

မိုးနတ်သားက အံ့သြသွားလေ၏။

သူတို့အနီး ရောက်လာသော ချင်ကုလျှံကို မိုးနတ်သားက မေးလိုက်လေသည်။

'မင်း တစ်ယောက်တည်းပဲလား'

ချင်ကုလျှံက....

'ဟုတ်တယ်၊ ကျွန်မ တစ်ယောက်တည်းပဲ'

'သူတို့ကော'

'ကျွန်မ မသိဘူး၊ လင်ကျန်း စားသောက်ဆိုင်မှာကတည်းက ကျွန်မ ခွဲထွက်သွားတာ၊ သူတို့ ရောက်လာကြမှာပေါ့'

'ဘယ်လို ဖြစ်တာလဲ'

'မပူပါနဲ့၊ သူတို့ လာကြမှာပါ'

မြေနတ်သားသည် ဒေါသ အမျက်ခြောင်းခြောင်းထွက်လာလေ၏။

'ငါတို့ကို ချိန်းတာက ကျုကပ်ကန်ကွ၊ သူက ဘာဖြစ်လို့ မလာတာလဲ'



ချင်ကုလျှံက....

'မလာဘူးလို့ ရှင် ပြောနိုင်လို့လား၊ သူတို့ နောက်ကျရင် နောက်ကျနေမှာပေါ့၊ သူတို့မှာ ကိစ္စတွေ ကြုံချင်ကြုံမှာပေါ့၊ ရှင်တို့လဲ ဒီလို ဖြစ်တတ်တာပဲ မဟုတ်လား'

မြေနတ်သားက....

'မင်းစကားတတ်ဘိုင်း ငါတို့ကို ဘုပြောမနေပါနဲ့၊ သိုင်းသမားဟာ စကားတည်ရတယ်ကွ၊ အုန်းမောင်းနှစ်ချက် ခေါက် ချိန်းထားတယ်ဆိုရင် တုန်းမောင်းနှစ်ချက်ခေါက်မှာရောက်လာရတယ်၊ ငတို့ဟာ ဘယ်တော့ဖြစ်ဖြစ်စောရောက်နေတာချည်းပဲ'

မိုးနတ်သားက ဖျန်ဖြေပေးလိုက်၏။

'မျောက်ကလေး မင်းက အလကားနေရင်း စိတ်ဆိုးနေတာပဲကွာ ခဏတဖြုတ်တော့ စောင့်ပါဦးကွာ၊ လူစုံတော့လဲ တိုက်ကြတာပေါ့ကွာ'

မြေနတ်သားမှာ ပါးစပ် ပိတ်သွားလေ၏။

သို့သော်....

ချင်ကုလျှံက ပါးစပ် မပိတ်ပေ။

သူမက စိန်ခေါ်လိုက်လေ၏။

'စောင့်မနေနဲ့တော့၊ ကျွန်မ ရောက်နေပြီပဲ၊ ရှင်တို့နဲ့ တိုက်ခိုက်ဖို့ လိုရင်းပဲ၊ ကျွန်မရှိနေပြီ၊ ကျွန်မတိုက်နိုင်တယ်၊ ကဲ.... တိုက်ကြစို့'

မိုးနတ်သား အံ့သြသွားသည်။

‘ကလေး မ မင်းက တစ်ယောက်တည်းပဲ’

‘တစ်ယောက်တည်းလဲ ဘာဖြစ်သလဲ၊ ရှင်တို့က မတိုက်ရဲဘူးလား၊ ကျွန်မက ဂရုမစိုက်ဘူးရှင့်’

‘မင်းက ငါတို့ကို စိန်ခေါ်တာလား’

‘ရှင် သိရက်သားနဲ့ မေးနေရသေးတယ်’

မြေနတ်သားသည် စိတ် မထိန်းနိုင်တော့ချေ။

ဤမိန်းမလေး၏ စကားများက ရင့်သီးလှသည်။

သူသည် ဒေါသ အလွန် ထွက်သွား၏။

မြေနတ်သားက ...

‘ကောင်းပြီ၊ မင်းက သတ္တိ ကောင်းတယ်ပေါ့၊ ဘယ်လို ယှဉ်ပြိုင်ချင်သလဲပြော သူနဲ့ ပြိုင်မလား၊ ငါနဲ့ ပြိုင်မလား၊ မင်း ကြိုက်တဲ့အတိုင်း ပြောနိုင်တယ်’

ချင်ကုလျံက မဲ့ပြုံး ပြုံးလိုက်၏။

‘ရှင်တို့ကိုယ် ရှင်တို့ သူရဲကောင်းလို လုပ်မနေနဲ့’

မြေနတ်သားက ဒေါသဖြင့် အော်လိုက်သည်။

‘ငါတို့က ဘယ်မှာ သူရဲကောင်းလို လုပ်နေလို့လဲ’

‘ရှင်တို့ သူရဲကောင်းလို လုပ်နေတာပေါ့၊ ဘယ်သူနဲ့ ယှဉ်မလဲလို့ မေးနေတာဟာ သူရဲကောင်းလို လုပ်နေတာပေါ့၊ ရှင်တို့ နှစ်ယောက်စလုံးနဲ့ တိုက်မယ်၊ ရှင်တို့နှစ်ယောက်လုံးပဲ ဝင်ကြ၊ တော်ကြာ ရှုံးသွားရင် အရှက်တကွဲ အကျိုးနည်း ဖြစ်နေပါမယ်’



မြေနတ်သား၏ ဒေါသသည် ပေါက်ကွဲသွားတော့၏။

သူ၏ လည်ပင်းကြော၊ နဖူးကြောကြီးများ ထောင်ထနေသည်။

‘ရတယ် ငါတို့ အရှက်ကွဲချင် ကွဲပါစေ၊ မင်းကို တစ်ယောက်ချင်းပဲ ယှဉ်မယ်၊ ဟေ့ ကောင် ဝက်ပုတ် မင်း ဝင်မကူနဲ့ ဝင်ကူရင် မိတ်ဆွေသူငယ်ချင်း အဖြစ်က ဖြတ်ပစ်မယ်၊ ဒီကောင်မလေးနဲ့ ငါ အသေတိုက်မယ်’

မိုးနတ်သားသည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး နောက်သို့ ဆုတ်သွားလေ၏။

‘စိတ်ချ ငါ မကူပါဘူး၊ ငါ ရပ်ကြည့်နေမယ်’

မြေနတ်သားသည် ချင်ကုလျံနှင့် ရှေ့သို့ ထွက်၍ ရင်ဆိုင်လိုက်၏။

‘ကောင်မလေး ငါ မင်းကို သိုင်းကွက် သုံးကွက် အကျော ပေးမယ်၊ ဒါမှ မျှတမှာ’

ချင်ကုလျံ မဲ့ပြုံးပြုံးလိုက်၏။

‘ဒါတွေ လာမပြောနဲ့၊ ကျွန်မက ရှင်တို့ကို ကျွန်မထက် သာတယ်လို့ မထင်ဘူး၊ ကျွန်မထက် နိမ့်တယ်လို့ပဲ ထင်တယ်၊ ဒီလို သိုင်းကွက်အကြောပေးလို့ ရှင်တို့ကို ကျေးဇူးမတင်ဘူး’

မြေနတ်သားမှာ ဒေါသထွက်လွန်းသဖြင့် ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်။

‘ကျား....’

သူသည် ကျားဟုအော်ကာ ခုန်ဝင်သွားလေ၏။

သူသည် သူ၏သိုင်းကွက်များမှ ထက်မြက်သော နေဝင်ဆည်းဆာသိုင်းကွက်ကို အသုံးပြုလိုက်သည်။

သူတို့၏ သိုင်းကွက်များမှာ အားလုံးလိုလိုပင် ထက်မြက်ကြပါသည်။

သို့သော် နေဝင်ဆည်းဆာ သိုင်းကွက်မှာ ကွက်ပြောင်းကလေးများ ပိုပါသည်။

သူ အသုံးပြုလိုက်သော အင်အားမှာ အလွန်တစ်ရာ ပြင်းထန်လှသည်။

အတွင်းအားကို ရာခိုင်နှုန်းပြည့် သုံးလိုက်ခြင်း ဖြစ်သည်။

ချင်ကုလျ့သည် ကျင်းကျားလင်နှင့်အတူ နေထိုင်သွားလာခဲ့သည်မှာ လအတော်ကြာသွားခဲ့သည်။

ထို့ကြောင့် မို့မြေနတ်သားနှစ်ပါး၏ သိုင်းကွက်များကို အကျွမ်းဝင်နေခဲ့သည်။

ကျင်းကျားလင်ကလည်း သိုင်းကွက်များ၏ ထူးခြားချက်များကို ပြောပြခဲ့သည် မဟုတ်ပါလား။

ချင်ကုလျ့သည် မြေနတ်သား၏ နေဝင်ဆည်းဆာသိုင်းကွက်ကို သိနေသည့်အလျောက် ကြောက်ရွံ့ပြီး နောက်ဆုတ်သွားခြင်း မပြုချေ။

သူမသည် ရှေ့သို့ပင် တိုးဝင်လိုက်သည်။ ရှေ့သို့ တိုးဖောက်ဝင်ရောက်၍ တိုက်ခိုက်သည်။



နေဝင်ဆည်းဆာသိုင်းကွက်ကို မည်သို့ ရှောင်တိမ်းရမည်ကို သူမသိနေသည်။

မြေနတ်သားသည် ချင်ကုလျ့က မိမိသိုင်းကွက်၏ လျှို့ဝှက်ချက်ကို သိရှိနေသည်ကို တွေ့ရှိသောအခါ အံ့ဩသွားလေသည်။

သူမ မည်သည့်အတွက်ကြောင့် သိနေသည်ကို စဉ်းစား၍ မရဘဲ ရှိနေလေ၏။

သူသည် နောက်ထပ် သိုင်းကွက်တစ်ကွက် ပြောင်းလဲတိုက်ခိုက်လိုက်၏။ သူသည် ချင်ကုလျ့အား လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်လိုက်၏။

'ဂုန်း....'

ထိုရိုက်ချက်သည် ချင်ကုလျ့အား မထိချေ။

အဘယ်ကြောင့်ဆိုသော် ချင်ကုလျ့သည် သူ့ဦးခေါင်းထက်မှ ဖြတ်ကျော်သွားခြင်းကြောင့် ဖြစ်လေ၏။

မြေနတ်သားသည် ချာခနဲ လှည့်လိုက်၏။ သူသည် ချင်ကုလျ့အား လှည့်၍ရင်ဆိုင်လိုက်၏။

သို့သော် ချင်ကုလျ့အား မတွေ့ရတော့ချေ။ သူသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ချင်ကုလျ့ အဘယ်သို့ ရောက်သွားသနည်း။

မိုးနတ်သားက ရယ်မောရင်း လက်ညှိုးကို ကျောင်းပျက်ခေါင်မိုးပေါ်သို့ ထိုးညွှန်ပြလေ၏။

'ရှာမနေနဲ့၊ သူကအပေါ်တက်ပြီး အနားယူနေပြီကွ'

မြေနတ်သား ခေါင်းမော့ကြည့်လိုက်ရာ ခေါင်မိုးပေါ်၌ ခပ်အေးအေးထိုင်ရင်း ငုံ့ကြည့်နေသော ချင်ကုလျှံကို တွေ့ရလေ၏။

သူမသည် မိုးနတ်သားပြောသကဲ့သို့ ရှိနေလေ၏။

မြေနတ်သားသည် ဒေါသထွက်သွားလေ၏။

....o....

အခန်း(၁၀၆)

ခည့်သည်များ

ချင်ကုလျှံသည် အပေါ်မှ လှမ်းအော်ပြော၏။

'ရှင် တက်မလာခဲ့နဲ့၊ ကျွန်မဆင်းလာခဲ့မယ်'

သူမသည် အော်ဟစ်ရင်း အောက်သို့ ခုန်ဆင်းလာလေ၏။ သူမ၏ ခုန်ဆင်းပုံမှာ အလွန်ပေါ့ပါးသည်။ တိမ်လွှာစီး၍ ခုန်ဆင်းလာပုံမျိုး ဖြစ်သည်။

သို့သော် သူမသည် ဆင်းရိုးသက်သက် ဆင်းလာခြင်း မဟုတ်ချေ။

မြေနတ်သား၏ ယော်ထိပ်ပေါ်သို့ လက်ဝါးဖြင့် ရိုက်ချရင်း ခုန်ဆင်းလာခြင်း ဖြစ်သည်။

မြနတ်သားက ရယ်မောလိုက်၏။

'ဝုန်း....'

ချင်ကုလျှ ရိုက်ချသောအားသည် အလွန်ကြီးမားလှ၏။ အပေါ်မှ ခုန်ချလာသောအားနှင့် သူမ၏ အတွင်းအားကို ပူးပေါင်းပြီး ရိုက်ချခြင်းဖြစ်သည်။

သူသည် မိုးတောင်လက်ဝါးဖြင့် ပြန်လည် ခုခံပေးလိုက်ရာ ဝုန်းခနဲ အသံကြီး မြည်ဟည်းသွားလေ၏။

လက်ဝါးချင်း ထိတွေ့မိသောအခါ ချင်ကုလျှ၏ခန္ဓာကိုယ်သည် အပေါ်သို့လွင့်ပျံတက်သွားပြန်၏။

သူမသည် မြနတ်သားအား ရိုက်ချသော်လည်း တကယ်တမ်း လက်ဝါးချင်းထိတွေ့သောအခါ သူမအားကို အသာရုပ်သိမ်းလိုက်ပြီး မြနတ်သား၏ ရိုက်အားကို မျှောခိုစီးသွားခြင်း ဖြစ်သည်။

သူသည် ခေါင်မိုးပေါ်သို့ ပြန်လည် ရောက်ရှိသွားလေ၏။ သူမသည် ဘုရားကျောင်းပျက် ခေါင်မိုးပေါ်၌ အေးဆေးစွာ ထိုင်နေပြန်လေ၏။

မိုးနတ်သားက ပြုံးလိုက်၏။

'မင်း ဘာမှ ပူမနေနဲ့၊ သူကအပေါ်တက်ပြီး ဒုတိယအကြိမ် အနားယူနေပြန်ပြီကွ၊ မင်းလဲ အေးအေး ဆေးဆေး လုပ်ပါကွာ၊ သူလဲ အေးအေးဆေးဆေးပဲ ဥစ္စာ'

မြနတ်သားသည် နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်သွားရ၏။

ချင်ကုလျှက မထီမဲ့မြင် ပြုံးလိုက်၏။



'မိုးတောင်လက်ဝါး သိုင်းကွက်ဟာ ရှင့်သိုင်းကွက် ဟုတ်လို့လား'

မြနတ်သား အံ့သြသွားသည်။

သူမသည် မိုးနတ်သား တိုက်ကွက်နှင့် မြနတ်သားသိုင်းကွက်ကို ခွဲခြားသိနေပါကလား။

မြနတ်သားသည် ချင်ကုလျှ၏ သိတတ်မှုကိုတွေးပြီး ဦးနှောက်ခြောက်မတတ် စဉ်းစားနေရလေ၏။

'မိုးတောင်လက်ဝါးဟာ ဝက်ပုတ်ကြီးရဲ့ သိုင်းကွက်ပဲ၊ ရှင်ဘာကြောင့် သူ့သိုင်းကွက်ကို ယူပြီးသုံးရတာလဲ'

မြနတ်သားသည် မစဉ်းစားတတ်အောင် ဖြစ်နေသည်။ သို့သော်....

သူသည် မကြာမီ ရိပ်မိသွားလေ၏။

ချင်ကုလျှသည် ကျင်းကျားလင်နှင့် တဖူးပူးတစ်တွဲတွဲ နေထိုင်သွားလာခဲ့သည်ကို သူစဉ်းစားမိလိုက်သည်။

'အင်း....ဒါကြောင့် သူဟာ သိုင်းကွက်တွေရဲ့ လျှို့ဝှက်ချက်တွေကို သိနေတာပဲ၊ တခြား ဘယ်လိုနည်းနဲ့မှ သူမသိနိုင်ဘူး၊ ကျင်းကျားလင်ကလဲ သူနဲ့ရင်းနှီးနေတော့ ပြောပြတာ ဖြစ်ပါလိမ့်မယ်'

မြနတ်သားသည် မဲ့ပြုံးပြုံးလိုက်လေ၏။

'ဟင်း....ဟင်း....ဟင်း....မင်းက ငါ့သိုင်းကွက်ရဲ့ လျှို့ဝှက်ချက်တွေကို သိနေတယ်ဆိုပြီး ကိုယ့်ကိုကိုယ် အဟုတ်ကြီး ထင်နေသလား၊ မင်းရော ငါ့သိုင်းကွက်အကြောင်း ဘယ်လောက်များ သိထားလို့လဲ'

ချင်ကုလျ ´က ထိမ့်ထင်သော အပြုံးဖြင့် ပြုံးလိုက်၏။

'လာပါ စမ်းကြည့်ပါ၊ ကျွန်မ ဘယ်လောက်သိထားဘယ်ဆိုတာ ရှင်သိရမှာပေါ့'

မြေနုတ်သားက....

'ကောင်းပြီ'

သူသည် ထိုမျှသာပြောပြီး လက်ဝါးနှစ်ဘက်ဖြင့် လျှပ်တစ်ပြက် တွန်းထုတ်လိုက်လေ၏။

'ဝုန်း—'

ဘုရားကျောင်းပျက်ကြီးမှာ နှစ်ပေါင်းများစွာ ပျက်စီးနေသဖြင့် အုတ်နံရံများမှာလည်း မခိုင်တော့ချေ။

ချင်ကုလျ ´အား ရိုက်ချလိုက်ရာ အင်အား အလွန်ပြင်းထန်သဖြင့် အုတ်နံရံအချို့ ပျက်စီးသွားသည်။

သို့သော်.... ချင်ကုလျ ´၏ အရိပ်ကိုပင် မတွေ့လိုက်ရချေ။

မြေနုတ်သားသည် တကယ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပတ်ဝန်းကျင်၌ ချင်ကုလျ ´ကို လှည့်ပတ်ရှာဖွေလိုက်သည်။

မိုးနတ်သားက တဟားဟားဖြင့် အော်ဟစ် ရယ်မောလေ၏။

'ဟား ...ဟား....ဟား'

မြေနုတ်သားက မေးလိုက်၏။



'ဘယ်သူ့ လိုက်ရှာနေတာလဲ'

'မေးနေရသေးသလား၊ ကောင်မလေးကို ရှာတာပေါ့ကွ၊ မင်းရယ်မနေစမ်းနဲ့'

'သူက ဘုရားကျောင်းပျက်ထဲ ရောက်နေပြီကွ'

မြေနုတ်သားသည် ရှက်လွန်းသဖြင့် မျက်နှာတစ်ပြင်လုံးနီရဲသွားသည်။

သူသည် ရှက်ရက်ဖြင့် ရှက်ရမ်းရမ်းပြီး ဘုရားကျောင်းပျက်ထဲသို့ ပြေးဝင်ရန် ဟန်ပြင်လိုက်သည်။

မိုးနတ်သားက....

'နေဦးကွ'

မြေနုတ်သား ခြေလှမ်းများ ရပ်သွား၏။

'အထဲမှာ မီးမရှိဘာမရှိနဲ့ မည်းမှောင်နေတာပဲ၊ မင်းဝင်သွားရင် ဟိုက မင်းကို ခေါင်းဖြတ်လိုက်မှာပေါ့၊ အဲဒါမှ မင်းတစ်ခါတည်း ခေါင်းဖြတ်ပြီး နတ်သားဖြစ်သွားမယ်၊ ဘာလို့ဆန္ဒစောရတာလဲ၊ အေးအေး ဆေးဆေးလုပ်စမ်းပါ'

မြေနုတ်သား၏ အသံများမှာ တုန်ခါနေသည်။

'ဝက်ပုတ်၊ မင်းက လှောင်နေတာလား'

မိုးနတ်သားက....

'မင်းကို လှောင်နေတာ မဟုတ်ဘူး၊ သတိပေးနေတာ'

မြေနုတ်သားက....

'မင်းက လက်ပိုက်ကြည့်ပြီး ရယ်နေနိုင်တာပေါ့ကွ'

မိုးနတ်သားက ရယ်မောလိုက်၏။

'မင်းပဲ ငါ့ကို ဝင်မကူညီရဘူးလို့ တားထားတယ် မဟုတ်လား၊ ဒါတောင် ငါက မနေနိုင်လို့ သတိပေးနေရတာ'

မှန်သည်။

မိုးနတ်သား ပြောသော စကားမှာ အမှန်စကားပင်ဖြစ်သည်။

အမှောင်ထဲသို့ မြေနတ်သား ဝင်သွားလျှင် တစ်စုံတစ်ခုဖြစ်မှာကို စိုးရိမ်သည်။

ထို့ကြောင့်....

သတိပေးခြင်းဖြစ်သည်။

မိုးနတ်သားအနေဖြင့် ပါးစပ်ပိတ်ထား၍ရသည်။

သို့သော်....

သူသည် သူ့မိတ်ဆွေ၏ မှားယွင်းသော ခြေလှမ်းကို လှမ်းသတိပေးလိုက်မိသည်။

မြေနတ်သား ပါးစပ်ပိတ်သွားလေ၏။

ထိုအချိန်မှာပင် ဘုန်းကျောင်းအပေါ်ထပ်မှ အသံတစ်ခုထွက်ပေါ်လာလေ၏။

'ကျုပ် မေးပါရစေဗျာ၊ ခင်ဗျားတို့ဟာ မိုးနတ်သားနဲ့ မြေနတ်သားတို့ မဟုတ်ပါလား ခင်ဗျာ'

မြေနတ်သားသည် ဘုရားကျောင်းပျက် အထက်ဆင့်သို့ မော့ကြည့်လိုက်၏။



'ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ'

သူစကားမဆုံးမီ ဘုရားကျောင်းပေါ်မှ လူတစ်ယောက် ကျောင်းအောက်သို့ ခုန်ချလာလေ၏။

သူသည် သစ်ရွက်ကလေး တစ်ရွက်အလား ပေါ့ပါးစွာ ခုန်ချလာလေ၏။

မြေနတ်သားသည် မျက်မှောင်ကြုတ်သွား၏။

အဘယ့်ကြောင့်ဆိုသော် ထိုသူ၏ ကိုယ်ဖော့ပညာမှာအလွန်တရာ အဆင့်မြင့်နေသောကြောင့်တည်း။

မြေပြင်ကို ရောက်ရှိလာသောအခါ အဘိုးအိုတစ်ယောက်ဖြစ်ကြောင်း သူတို့တွေ့ရှိရလေ၏။

အဘိုးအိုသည် လက်နှစ်ဘက်ဆုပ်၍ သူတို့အား ဂါရဝပြုသည်။

မျက်နှာကိုလည်း ပြုံး၍ ထားသည်။

'ကျုပ်ကတော့ ရေပေါ်မျှော်လွှား 'မုရ' ပါ'

မြေနတ်သား မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျား ဘာပြောချင်လို့လဲ'

'ကျုပ် ပြောချင်တာတွေ အများကြီးရှိပါတယ်'

'ခင်ဗျားကို ကျုပ်ပြောနေတာပဲ၊ ဘာပြောချင်သလဲလို့၊ အများကြီးရှိရင် အများကြီးပြောပေါ့၊ ခင်ဗျားကို ကျုပ်တားမြစ်နေတာ မဟုတ်ဘူး'

'ပြောပါမယ်ဗျာ ဖြည်းဖြည်းပေါ့၊ ခင်ဗျားနဲ့ အကြိတ်အနယ်တိုက်နေတဲ့ မိန်းကလေးကို ကျုပ်အလစ်ဝင်ပြီး သွေးကြောပိတ်လိုက်ပါပြီ၊ တစ်ခါထဲ ခွေခေါက်ကျသွားတာပါပဲ'

မြေနတ်သား ဝမ်းသာသွားသည်။

'ဟာ... တကယ်လား'

'တကယ်ပါ ခင်ဗျာ'

'ကျုပ် ကျေးဇူးတင်လိုက်တာ'

ရေပေါ်ပျံ့လွှား မုရက....

'ကျေးဇူးမတင်ပါနဲ့ဗျာ၊ ကျေးဇူးမတင်ပါနဲ့၊ အခုလို ခင်ဗျားတို့အတွက် အကျိုးဆောင်ပေးရတာကိုပဲ ကျုပ်က ဂုဏ်ယူလှပါပြီ'

မြေနတ်သားသည် အလွန်ကျေးဇူးတင်နေသဖြင့်....

'ဟုတ်ကဲ့....ဟုတ်ကဲ့'

မြေနတ်သားသည် မိုးနတ်သားကို လှည့်ကြည့်လိုက်၏။

မိုးနတ်သားက ခေါင်းညိတ်ပြသည်။

သူတို့သည် မပင်ပန်းဘဲနှင့် ချင်ကူလျံကို ဖမ်းဆီးသုတ်သင်နိုင်တော့မည် မဟုတ်ပါလော။

ရေပေါ်ပျံ့လွှားမုရက စကားဆက်သည်။

'ဒီမိန်းကလေးဟာ ထူးဆန်းတဲ့ မိန်းကလေးပါ'

သူတို့အား ချင်ကူလျံက တန်းဟူရည်တူ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းရှိသော မိန်းကလေး၏ အစွမ်းကို မိုးမြေနတ်နှစ်ပါးတို့သည် အသိအမှတ်ပြုမိကြသည်။

ထို့ကြောင့် ခေါင်းညိတ်လေ၏။

'ကျုပ်တို့ လက်ခံပါတယ်'



မုရက စကားဆက်၏။

'ချင်ကူလျံဆိုတဲ့ မိန်းကလေးဟာ သာမန်လူရဲ့ သမီးမှ မဟုတ်ဘဲဗျာ၊ သူဘယ်သူလဲဆိုတာ ခင်ဗျားတို့ သိကြရဲ့လား'

မိုးနတ်သားနှင့်မြေနတ်သားတို့သည် ချင်ကူလျံအကြောင်း သိလိုလှသဖြင့် ရှေ့သို့ တိုးလာမိကြလေ၏။

'ဘယ်သူလဲဗျ'

'ဘယ်သူ့သမီးလဲ၊ခင်ဗျားသိရင် ကျေးဇူးပြုပြီး ပြောပြပါ'

ရေပေါ်ပျံ့လွှားမုရက ခေါင်းညိတ်လိုက်၏။

'ဒီမိန်းကလေးဟာ သိုင်းလောကက ပျောက်ကွယ်သွားတဲ့ ဟိုလန်တောင်က မင်းသမီးလေ၊ ယိုလန်ရဲ့ သမီးကလေး ဖြစ်ပါတယ်'

ဤလည်းမှာ မုရက လိမ်လည်ပြောလိုက်သည့် စကားသာ ဖြစ်ပါသည်။

မိုးနတ်သားနှင့် မြေနတ်သားတို့မှာ အကြီးအကျယ် အံ့ဩသွားကြလေ၏။

သူတို့သည် ဟိုလန်တောင်က မင်းသမီးလေး ယိုလန်၏ အကြောင်းကို ကောင်းစွာ သိထားကြလေသည်။

'ဟိုလန်တောင်က မင်းသမီးလေး ဟုတ်လား'

မိုးနတ်သားက မေးလိုက်၏။

မုရက....

'ဟုတ်ပါတယ်၊ သူဟာ ခုထက်ထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်'

မြေနတ်သားက....

'ကျုပ်တို့ ဒီကိစ္စတွေကို စိတ်မဝင်စားလို့ ဘာမှ စုံစမ်းမနေပါဘူး၊ အခုလို သိရတော့ တကယ်အံ့သြမိတယ်၊ ယိုလန်ဟာ ခုထက်ထိ အသက်ထင်ရှား ရှိနေသေးတယ် ဟုတ်လား'

မုရက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ၊ သူ့ရဲ့သိုင်းပညာဟာ ထိပ်တန်းကိုရောက်နေပါပြီ၊ တော်ရုံတန်ရုံလူလဲ မယှဉ်နိုင်တော့ပါဘူး၊ ချစ်ကူလျူဆိုတာ သူ့ရဲ့သွေးသားအရင်းအချာ မိန်းကလေးဖြစ်ပါတယ်'

မိုးနတ်သားနှင့် မြေနတ်သားတို့သည် တွေဝေငေးမောသွားလေ၏။

ဟိုလန်တောင် မင်းသမီးလေး၏ သမီးကို သူတို့လက်ဖျားနှင့် ထိ၍ ဖြစ်ပါမည်လော။

သူတို့သည် အကြီးအကျယ် ခေါင်းရှုပ်သွားကြလေ၏။

မုရ စကားဆက်လိုက်သည်။

'ဟိုလန်တောင် မင်းသမီးလေးဟာ ထူးဆန်းတဲ့ ရွက်လှေကြီးတစ်စင်းကို ထည်ဆောက်ခဲ့ပါတယ်'



မြေနတ်သားက ကြားဖြတ်မေးလိုက်၏။

'ဟိုလန်တောင် မင်းသမီးလေး ယိုလန်ဟာအသက်ထင်ရှားရှိနေတယ်ဆိုတာ တကယ်ပဲလား'

ရေပေါ်ပျံလွှားမုရက....

'တကယ်ပေါ့၊ ကျုပ်ဟာ သူနဲ့ ဆွေးနွေးခဲ့ပါသေးတယ်၊ ကျုပ် ကံကောင်းလို့ လွတ်ခဲ့တာပါ'

မြေနတ်သားက....

'သူအခု ဘယ်မှာရှိမလဲ'

'အရင်ကတော့ ထူးဆန်းတဲ့ရွက်လှေကြီးပေါ်မှာ ရှိတာပဲ၊ ဒါပေမယ့် အခုတော့ ရွက်လှေကြီးဟာ မီးလောင်ပြီး ရေထဲမြုပ်သွားပြီ၊ အခု သူဘယ်မှာရှိတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး'

မုရက ဖြေ၏။

မြေနတ်သားက....

'သူတို့ မီးလောင်ပြီး လှေထဲပါသွားနိုင်သလား'

မုရက ခေါင်းခါလိုက်၏။

'ဘယ်ပါနိုင်မလဲဗျာ၊ လှေပေါ်မှာ လူအများကြီးရှိတာပဲ၊ ကျုပ်စိတ်ထင်တော့ သူတို့ဟာ ကုန်းပေါ်တက်သွားတယ် ထင်တာပဲ၊ သူတို့ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တော့ မသိပါဘူးဗျာ'

ထိုစဉ်....

'အတွားကြီး ဒီမှာရှိပါတယ်'

အသံတစ်သံကို ကြားလိုက်ရသောအခါ သူတို့သုံးယောက်သည် ခေါင်းနဘန်းကြီးသွားသည်။

အသံလာရာသို့ လှည့်ကြည့်မိလိုက်သည်။

လရောင်အောက်တွင် သူတို့နှင့် ဝါးတစ်ရိုက်ခန့် အကွာ၌ ထူးဆန်းသော အဝတ်အစားများနှင့် ရပ်နေကြသော အဘွားအို ငါးယောက် ရပ်နေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

....о...

## အခန်း (၁၀၇)

**အဘွားအိုငါးဦး**

ထူးဆန်းသော အဝတ် အစားများ ဝတ်ဆင်ထားသော အဘွားအိုငါးယောက်သည် တန်းစီရပ်နေကြ၏။

အဘွားအိုတစ်ယောက်သည်ရှေ့၌ရပ်ပြီး ကျန်လေးယောက်သည် နောက်နားခပ်ကျကျ၌ ရပ်နေကြ၏။

'အဘွားကြီး ဒီမှာရှိပါတယ်' ဟု ပြောသူမှာ ထိပ်ဆုံးက အဘွားကြီးဖြစ်ကြောင်း သူတို့သိရှိကြသည်။

ခေါင်းဆောင်ဖြစ်သော အဘွားအိုမှာ အသက်အတော်ကြီးလှပြီကို မိုးမြေနှတ်နှစ်ပါးနှင့် မုရတို့ တွေ့ရှိကြရလေ၏။

သူမ၏ဆံပင်များမှာ ရှုပ်ပွနေသည်။

ပခုံးပေါ် ဝဲကျနေသည်။

သရဲသဘက်နှင့် တူလှ၏။

သို့သော်....

သူမသည် နောက်မှအဘွားကြီးလေးယောက်ထက် ပေါ်ပါး လှုက်လက်နေသည်ကို တွေ့ရ၏။

သူ၏မျက်လုံးမှာ လွန်စွာတောက်ပလှသည်။

ညကြီးမင်းကြီး၌ ကြည့်ရသည်မှာ သူမမျက်လုံးများမှာ ကြောင်မျက်လုံးနှင့် တူလှသည်။

ထို့ကြောင့် ...

သူမ၏အတွင်းအားမှာ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဟု ခန့်မှန်းနိုင်သည်။

မိုးနတ်သားနှင့် မြေနတ်သားတို့သည် ထူးခြားမှုကို ချက်ချင်း သိကြ၏။

ထိုအဘွားအိုငါးယောက်ကို တွေ့မြင်ရသောအခါ ထိတ်လန့်သွားကြသည်။

သူမသည် မည်သူဖြစ်မည်ဟု ခန့်မှန်းနိုင်ကြသည်။

မိုးနတ်သားသည် ထိတ်လန့်နေသော်လည်း ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသော စကားနှင့်အညီ တည်ငြိမ်သောဟန်အမူအရာဖြင့် မေးလိုက်သေး၏။

'ခင်ဗျားဟာ ဟိုလန်တောင်က မင်းသမီးလေး ယိုလန်ထင်ပ'

အဘွားအိုက ရယ်မောလိုက်၏။

'ဟား.......ဟား....ဟား'



မိုးနတ်သားနှင့် မြေနတ်သားတို့မှာ အဘွားအိုကို ကြောင်ကြည့်နေကြလေ၏။

မငေါက်ငန်းရဲပေ။

'ဘယ်ဆိုးလို့တုန်း၊ ငါဟာ သိုင်းလောကထဲက အနားယူသွားတာ နှစ်ပေါင်းအတော်ကြာနေပြီ၊ မင်းတို့ကမှတ်မိတတ်တော့ မဆိုးပါဘူး၊ ငါနဲ့မင်းတို့ဟာ တစ်ခေတ်စီပဲ၊ တစ်ခေတ်စီက သိုင်းသမားတွေကတောင် မှတ်မိတယ်ဆိုတော့ အင်း.... ငါဟာ အတော်နာမည်ကြီးခဲ့ပါကလားလို့ သိရတာပေါ့လေ'

ထို့နောက် ...

သူမသည် တဟားဟားနှင့် ရယ်မောနေလေတော့၏။

သူမ၏ရယ်မောသံမှာ ငှက်ဆိုးထိုးသံကဲ့သို့ ကြားရသူတိုင်း အထိတ်တလန့် ဖြစ်စေသေး၏။

မိုးနတ်သား၊ မြေနတ်သားနှင့် မုရတို့မှာ ကြက်သီးမွေးညင်းများ ထလာလေ၏။

မိုးနတ်သားနှင့် မြေနတ်သားတို့မှာ လူအမျိုးမျိုး၊ သိုင်းသမားအမျိုးမျိုးတို့ တွေ့ကြုံခဲ့ဖူးကြသောလူများ ဖြစ်သည်။

သူတို့သည် အတွေ့အကြုံ လွန်စွာရင့်ကျက်ကြ၏။

ယခုအခါ သူတို့ အတွေ့အကြုံမရင့်ကျက်နိုင်တော့ပေ။

အကြီးအကျယ် မျက်နှာပျက်နေကြသည်။

ရေခဲပြင်ပျံလွှားကား အကြောက်လွန်၍ ဆီးများ ဖင် ထွက်လာလေ၏။

အဘွားအိုသည် သူတို့ကြောက်ရွံ့နေကြပုံကို တွေ့နေသည်။ သူမသည် ငှက်ဆိုးထိုးသံနှင့် တဟားဟားရယ်မောနေသည်။

အတန်ကြာမှ အဘွားအိုငဲ့ရယ်မောမှု ရပ်တန့်သွားလေ၏။

'မင်းတို့ ခုနက ငါ့အကြောင်းကို ပြောနေကြတယ်၊ ငါ ကြားလိုက်သားပဲ၊ အခု ငါရောက်လာပြီ၊ အာမေးချင်သလဲ၊ အာယက်ရှင်ကို တိုက်ရိုက်မေးရတာ ပိုကောင်းတယ်၊ ဘာမေး ချင်သလဲ၊ မေးကြပါ'

မြေနတ်သားက ရို့ကျိုးစွာ ပြောလေ၏။

'အမေ့ညာ မင်းသမီးကလေးနဲ့ တွေ့ခွင့်ရတာ ဝမ်းသာပါ တယ်ခင်ဗျာ၊ အခုလို ခင်ဗျား သိုင်းလောကမှာ တစ်စခန်းပြန် ထသာမယ်ဆိုရင် သိုင်းလောကကြီးတစ်ခုလုံး တုန်လှုပ်ချောက် ချားသွားမှာ သေချာပါတယ်ခင်ဗျာ'

အဘွားအိုသည် မြေနတ်သား၏ စကားကို မကြားသည့် အလား ရေပေါ်ပျံလွှား မုရထံသို့ အကြည့်ရောက်သွား၏။

အဘွားအိုက....

'မင်းနာမည် ရေပေါ်ပျံလွှား မုရမဟုတ်လား'

မုရက တုန်တုန်ယပ်ယပ်ဖြင့် ခေါင်းညိတ်၏။

'ဟုတ်...ဟုတ်ပါတယ်'

အဘွားအိုက ရယ်မောလိုက်၏။

'ကောင်းပြီ၊ ငါတို့ အခြား အပိုစကားတွေ မပြောဘဲနဲ့ အလုပ်စကား ပြောကြရအောင်'

မုရ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်သွားလေ၏။ သူသည် အရမ်းကြောက်နေသည်။

မိုးနတ်သားနှင့် မြေနတ်သားတို့အား အကူအညီတောင်း သော အကြည့်ဖြင့် ကြည့်နေလေသည်။



ထိုအကြည့်ကို မိုးနတ်သားနှင့် မြေနတ်သားတို့ကလည်း နားလည်ကြသည်။

သို့သော်....

သူတို့ မည်ကဲ့သို့ ကူညီနိုင်ပါအံ့နည်း။

သူတို့ပင်လျှင် အခန့်မသင့်လျှင် အသက် ဆုံးရှုံးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့်....

မုရအား ကူညီချင်သော်လည်း မကူညီနိုင်တော့ပေ။

သူတို့သည် မျက်နှာလွှဲနေလိုက်ကြရတော့သည်။

အဘွားအိုက ပြုံးလိုက်လေ၏။

'ဘယ်လိုလဲ မုရ'

'ကျုပ် ဘာပြောရမလဲဗျာ'

'မင်းကြည့်ရတာ ငါ့လို အဘွားအို တစ်ဦးနဲ့ အလုပ်မလုပ် ချင်ဘူးနဲ့ တူတယ်'

မုရသည် ကြောက်အမ်းအမ်းဖြင့် စကား တစ်ခွန်းမျှ မပြော နိုင်တော့ချေ။

ခွေးအကြီး လှည်းနင်းထားသကဲ့သို့ ငြိမ်နေလေ၏။

မိုးနတ်သားနှင့် မြေနတ်သားတို့သည် အကြောက်လွန် ကြောင်း မြင်နေ၍ မဖြစ်ကြောင်း သိကြသည်။

ထို့ကြောင့်....

ပြောဆိုစရာရှိလျှင် ရဲရဲဝံ့ဝံ့ ပြန်ပြောကြသည်။

သို့သော်....

သူတို့ အတွင်းစိတ်ကမူ ကြောက်နေပေသည်။

မြနတ်သားက ပြုံး၍....

'ကျုပ် မေးပါရစေ၊ ကျွဲနဲ့ ကျွဲသရေအကြောင်း ဆွေးနွေးတယ်ဆိုတဲ့ အကြောင်း အဓိပ္ပာယ် နားလည်ပါရဲ့လား'

အဘွား အိုက တက်တစ်ချက် ခေါက်လိုက်၏။

'ခြေသလုံးအိမ်တိုင်ကမျှား ငါ့ကို ပဟေဠိဝှက်နေရသေးတယ်'

အဘွားအို ပြောပုံနှင့် ချင်ကုလျ ပြောပုံမှာတစ်ဆပ်တည်းတူနေ၏။

လေသံရော ဟန်ပန်ပါ တူညီသည်။

သူတို့မှာ သားအမိ ဖြစ်သည် ဆိုလျှင် မယုံနိုင်စရာ မရှိပေ။

မြနတ်သားက အပြုံးမပျက်ပါ။

'ကျုပ်က အဘွားကို ပညာမစမ်းဝံ့ပါဘူး ခင်ဗျာ၊ ဒါပေမယ့် မုရဆိုတဲ့ အဘိုးအိုဟာ မြေခွေ ဥာဏ် များလို့ သူနဲ့ ဆွေးနွေးရင် သတိထားပါလို့ စေတနာနဲ့ ပြောတာပါ'

မုရ၏ မျက်နှာမှာ ရှုံ့မဲ့သွား၏။

'ခင်ဗျားတို့....'

အဘွားအိုက မဲ့ပြုံး ပြုံးလိုက်၏။

'မင်းတို့ရဲ့ စေတနာကို ငါ လက်ခံတယ်၊ ဒါပေမယ့် သူဟာ မြေခွေးတစ်ကောင် မဖြစ်ဘဲ ခြသေ့တစ်ကောင် ဖြစ်နေပါစေ၊ ငါက သူ့အရေခွံကိုခွာပစ်မှာပဲ၊ အဲဒီလို လုပ်ဖို့ အခု လာတာ'

မြနတ်သားက....

'အဲဒီလို ဆိုရင်တော့ ကောင်းပါတယ်၊ ကျုပ်တို့က စိုးရိမ်လို့ သတိပေးတာပါ'



မုရ၏ ကိုယ်မှာ တုန်ခါနေသည်။

မြနတ်သားက သူ့ကို ချောက်ချနေသည်။

မဟုတ်ပါလော။

မုရက....

'သူတို့စကားကို မယုံပါနဲ့ဗျာ၊ ကျုပ်က စေတနာနဲ့ပါ'

'ဟား... ဟား....ဟား'

အဘွားအို ရယ်မောလိုက်၏။

'မင်းက စေတနာနဲ့ ဟုတ်လား၊ မင်းစေတနာက ကြောက်စရာကောင်းတဲ့ စေတနာပါလား'

'ကျုပ်....ကျုပ် ဘာများ လုပ်လို့လဲဗျာ'

အဘွားအိုသည် ဒေါသကြောင့် ဆောင့်၍ အော်လိုက်၏။

'မင်းဟာ ငါ့လူတွေကို ဖမ်းပြီး ငါ့ရဲ့ ကိုးနဝင်း အားတိုးဆေးကို တောင်းဆိုတာဟာ မင်းရဲ့ စေတနာလား၊ ဒါနဲ့တောင် မင်းက မကျေနပ်နိုင်သေးဘဲ ငါ့လှေကြီးနောက် လှေငယ်နဲ့ လိုက်ပြီး အပေးအယူ လုပ်ဖို့ ကြံသေးတယ်'

မုရမှာ အကြီးအကျယ် တုန်လှုပ်သွားသည်။

အခြေအနေအရ သူ့မှာ တောင်းပန်ခြင်းမှလွဲ၍ အခြားနည်းလမ်း မရှိတော့ပေ။

ဤအဘွားကြီးမှာ ဒေါသကြီးပုံ ရသဖြင့် သူ တောင်းပန်၍လည်း အရာ ထင်မည် မဟုတ်ပေ။

သို့သော်....

သူ့မှာ အခြားနည်းလမ်း မရှိတော့သဖြင့် တောင်းပန်ရတော့သည်။

'ကျုပ် မှားသွားပါတယ်၊ ခွင့်လွှတ်ပါ၊ အနူးအညွှတ် တောင်းပန်ပါတယ်'

မြေနတ်သားက ပြုံး၍ ကြားခင် ပြောလေ၏။

'ဒီမှာ မုရ ခင်ဗျားဟာ သိုင်းလောကမှာ ခင်ဗျားဟာ နာမည်ပျက် ရှိတဲ့လူပါ၊ သိုင်းလောကက ခင်ဗျားကို ဘယ်သူမှ မယုံကြဘူး၊ ဒါကြောင့် ကျုပ်က ကိုယ်စား ဝင်ပြီး ဆေးနွေး ပေးပါတယ်'

မုရသည် မြေနတ်သား သဘောထား ပြောင်းလဲလာသဖြင့် ဝမ်းသာသွားသည်။

သူသည် ရေနစ်နေသောသူ ဖြစ်သည်။

ကောက်ရိုးတစ်မျှင် ဖြစ်ပါစေ လှမ်းဆွဲမိမည်သာ ဖြစ်သည်။

သူသည် မြေနတ်သားဟာ ဝမ်းသာလှိုက်လှဲစွာ ပြောလိုက် သည်။

'ခင်ဗျားသာ ကြားဝင်ပေးမယ်ဆိုရင် ကျုပ်ကဝမ်းမြောက် ဝမ်းသာစွာ လက်ခံပါတယ်ဗျာ'

စင်စစ် မြေနတ်သားသည် မုရ၏ ကိစ္စကို ဝင်ဆေးနွေးပေး ရန် မဟုတ်ချေ။

သို့သော်....

သူတို့အား အဘွားအိုက မုရနှင့် တစ်ပေါင်းတည်း မှတ်ယူ သွားမည်ကို စိုးရိမ်သဖြင့် သူက ကြားလူ အနေဖြင့် ဝင်ရောက် ဆွေးနွေးပေးခြင်း ဖြစ်သည်။

ထိုအခါ သူတို့သည် မုရနှင့် ကွဲပြားသွားမည် မဟုတ်ပါ လား။



သို့သော်....

အဘွားအိုက မြေနတ်သား၏ အကြံအစည်ကို နားမလည် ချေ။

မြေနတ်သားက မုရအား ဤအကြံအစည်ထဲမှ ဆွဲထုတ်ရန် ကြံစည်ခြင်း ဖြစ်သည်ဟု မှတ်ယူလိုက်သည်။

ထို့ကြောင့်....

သူမသည် ဒေါသပြင်းစွာ ထွက်လာလေ၏။

မိုးနတ်သားသည် မြေနတ်သား၏ အကြံအစည် မဟန်မှန်း သိသဖြင့် ဝင်၍ မျက်နှာချို သွေးလိုက်၏။

'အဘွား ဒေါသ သိပ်မကြီးပါနဲ့လေ၊ အဘွား သဘော မတူရင် ပြီးတာပါပဲ'

အဘွားအိုက မျက်မှောင်ကြုတ်ပြီး ပြောလေ၏။

သူ့လေသံမှာ ချင်ကုလျှံ လေသံနှင့် တစ်လေတည်းပင်။

'ခြေသလုံးအိမ်တိုင် ပါးစပ်ပိတ်ထားစမ်း'

အဘွားအိုသည် သူမ၏ အကျီလက်စရှည် ဝေ့ယမ်း ရိုက် ခတ်လိုက်လေ၏။

ထိုအခါ မိုးနတ်သားသည် ရင်မဆိုင်ဝံ့ဘဲ ရှောင်တိမ်းပေး လိုက်ရလေ၏။

'အဘွား ကျုပ်ဟာ မုရ မဟုတ်ပါဘူး၊ ခင်ဗျား ကျုပ်ကို မတိုက်ခိုက်ပါနဲ့'

'ဘာဖြစ်လို့ မတိုက်ခိုက်ရမှာလဲ၊ ငါ့သဘော၊ ငါတိုက်ခိုက် ချင် တိုက်ခိုက်မယ်၊ မတိုက်ခိုက်ချင် မတိုက်ခိုက်ဘူး'

သူသည် လက်တစ်ဘက် မြှောက်၍ အချက် ပြလိုက်၏။

ထိုအခါ အဘွားကြီး လေးယောက်တို့သည် ခုန်ထွက်ပြီး သူတို့ သုံးယောက်အား ဝိုင်းရံထားလိုက်တော့၏။

အဘွားအိုသည် မိုးနတ်သားနှင့် မြေနတ်သားတို့အား ဂရု မစိုက်တော့ချေ။

သူသည် မုရကိုသာ ကြည့်လိုက်သည်။

'မင်းတို့ မသေချင်ရင်ဖမ်းထားတဲ့ လူတွေကို အမြန်ဆုံးလွှတ် ပေါ့ ပြောလိုက်မယ်'

မုရ ရင်ထိတ်သွားသည်။

'ဟုတ်....ဟုတ်ကဲ့....ဒါပေမယ့်....'

မုရ၏ စကားမဆုံးမီ မြေနတ်သားက ကြားဖြတ်ပြီး ပြော လိုက်သည်။

'ဒီမှာအဘွား ကျုပ် ပြောချင်ပါတယ်၊ အဖမ်းခံထားရတဲ့ လူတွေရဲ့ အသက်တွေကို အန္တရာယ် မရှိစေချင်ဘူးဆိုရင် ကျုပ် တို့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါလို့ ပြောချင်ပါတယ်'

'အောင်မာ၊ မင်းကငါ့ကို အကျပ်ကိုင်တာလား'

အဘွားအိုက မြေနတ်သားအား လှမ်းပြောလိုက်၏။

မြေနတ်သားက....

'မဟုတ်ပါဘူးဗျာ၊ ကျုပ်က စေတနာနဲ့ ပြော.တာပါ'

အဘွားအိုက....

'မင်း ဘာမှမပြောနဲ့၊ ငါက အသက်သေတာကို ဂရုမစိုက် ဘူးကွ၊ ငါ့လူသေသေ၊ ငါ့ရန်သူသေသေ ဂရုမစိုက်ဘူး၊ ငါ



လုပ်နိုင်တာကို ပထမဆုံးငါလုပ်မယ်၊ မင်းတို့သုံးယောက်စလုံး ကို သတ်ပစ်လိုက်မယ်၊ မင်းတို့ ဘာလုပ်နိုင်မလဲ'

သူမသည် လက်ဝေ့ယမ်းပြီး အချက်ပြလိုက်၏။

ထိုအခါ အဘွားကြီးလေးယောက်တို့သည် ရှေ့သို့ ခြေလှမ်း တိုးသွားကြသည်။

သူတို့သည် မိုးနတ်သား၊ မြေနတ်သားနှင့် မုရတို့အား တိုက်ခိုက်ပေတော့မည်။

ထိုအခါ မိုးနတ်သားသည် ဤအဘွားကြီးအား အကျပ် ကိုင်၍ မရနိုင်မှန်း နားလည်သွားတော့၏။

မိုးနတ်သားနှင့် မြေနတ်သားတို့သည် ဤအဘွားအိုငါး ယောက်အား သိုင်းကွက်ငါးဆယ်ပင် ခံနိုင်မည်မဟုတ်ကြောင်း ခန့်မှန်းကြသည်။

အဘွားကြီးလေးယောက်တို့၏ သိုင်းပညာကို သူတို့ မသိရှိ ကြသော်လည်း အဘွားကြီးတစ်ယောက်စီ၏ အရည်အချင်း သည် သူတို့နှင့် အရည်အချင်းချင်း တူညီမည်ဟု ခန့်မှန်းမိ ကြသည်။

ထို့ကြောင့်....

အဘွားကြီးငါးယောက် မပြောနှင့်။

တစ်ယောက်နှင့်ပင် သူတို့ကိစ္စ ပြတ်နေပြီ။

မုရသည် သူတို့လောက် အရည်အချင်းမရှိသူ ဖြစ်နေလျှင် အခြေအနေက ပို၍ဆိုးရွားသွားမည်။

ထို့ကြောင့်....

မိုးနတ်သားသည် ကမန်းကတန်း ဟန့်တားလိုက်ရ၏။

'ခဏနေပါဦးဗျာ၊ ကျုပ်တို့ ဆွေးနွေးပါရစေဦး၊ ဆွေးနွေးရင် အဖြေပေါ်လာမှာပါ'

အဘွားအိုက....

'မလိုဘူး'

မိုးနတ်သားက ...

'အမှန်အတိုင်းပြောရရင် ကျုပ်တို့ဟာ ခင်ဗျားတို့ကို ဘယ်လိုမှ မယုံနိုင်ပါဘူး၊ ဒါပေမယ့် ကျုပ်တို့သိမှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့အနေနဲ့ ယုံကြည်ပြိုင်ရင် ကျုပ်တို့ကို အရှင်ဖမ်းမိနိုင်မယ်လို့ ယုံကြည်နေရင် မှားပါလိမ့်မယ်...

'ကျုပ်တို့ဟာ ကိုယ့်ဦးခေါင်းကိုကိုယ် ရိုက်ခွဲပြီး သေကြမှာပါ၊ အဲဒါဆိုရင် ခင်ဗျားတို့အတွက် အခက်အခဲကြီးတွေ့ရမှာ ဖြစ်ပါတယ်'

မိုးနတ်သား၏စကားကို ကြားလိုက်ရသောအခါ ရေပေါ်ပျံလူသား မုရသည် စိတ်ဓာတ်တက်ကြွသွား၏။

'ဟုတ်ပါတယ်ခင်ဗျာ၊ ခင်ဗျားတို့လူနှစ်ယောက်ကို သွေးကြောပိတ်တဲ့လူဟာ ကျုပ်ပါ၊ နှစ်နာရီအတွင်း ကျုပ် သွေးကြောဖွင့်ပေးနိုင်ရင် သူတို့ဟာ သွေးကြောပိတ်ပြီး သေသွားကြမှာပါ၊ ကျုပ် မလိမ်ညာပါဘူးဗျာ၊ အမှန်အတိုင်း ပြောတာပါ'



အဘွားအိုသည် မုရကို စိုက်ကြည့်နေ၏။

အတန်ကြာမှ....

'နှစ်ယောက် ဟုတ်လား'

မုရက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် နှစ်ယောက်ပါ၊ သူတို့ဟာ သားအမိနဲ့တူပါတယ်'

အဘွားအိုက....

'ကောင်းပြီလေ၊ မင်းတို့ တိုင်ပင်ကြဦး'

မိုးနတ်သား၊ မြေနတ်သားနှင့် မုရတို့သည် ဝမ်းသာသွားကြ၏။

အဘွားကြီးသည် မည်သူသေသေ ဂရုမစိုက်ဟု ပြောခြင်းမှာ မဟုတ်ကြောင်း သူတို့တွေးမိကြသည်။

အဘွားအိုသည် သူ့လူနှစ်ယောက်ကိုအသေမခံနိုင်ကြောင်း သူတို့ တွေ့ရှိလာရ၏။

မည်သို့ပင်ဖြစ်စေ သူတို့ အခွင့်အရေးရခြင်းကသာ လိုရင်းဖြစ်သည်။

အဘွားအိုက....

'သူတို့သေသွားကြရင် မင်းတို့ ဘယ်လိုခံရမယ်ဆိုတာကိုလဲ စဉ်းစားဦး၊ အဲဒီအခါကျမှ မင်းတို့ဆွေးနွေးတာ ပြီးပြတ်မယ်'

မိုးနတ်သားသည် ဝမ်းသာအားရ ခေါင်းညိတ်လိုက်လေသည်။

'စိတ်ချပါ၊ ကျုပ်တို့ အာပြအာလည် ဆွေးနွေးပါမယ်၊ ခင်ဗျားကို ဘာမှ မထိခိုက်စေရပါဘူး'

သူတို့သုံးယောက်သည် ခေါင်းချင်းရိုက် တိုင်ပင်ကြလေတော့သည်။

မုရသည် အကြောက်လွန်နေသည့် အားလျော့စွာ သူ့ထံ၌ ရှိနေသည့် လူနှစ်ယောက်အား ပြန်ပေးလိုသည်။

မုရက...

'ကျုပ်လက်ထဲမှာရှိတဲ့ သူ့လူနှစ်ယောက်ကို ပြန်ပေးလိုက်မယ်၊ ကျုပ် သူတို့ကို ကြောက်တယ်ဗျာ'

ထိုအကြံကို မိုးနတ်သားနှင့်မြေနတ်သားတို့က သဘောမတူကြချေ။

မိုးနတ်သားက အသံကိုနှိမ့်၍ ပြောလေ၏။

'မဟုတ်ဘူးဗျ ခင်ဗျားမှားနေပြီ၊ သူတို့ကို လွှတ်ပေးလိုက်ရင် ကျုပ်တို့အသက်အန္တရာယ် မလုံခြုံတော့ဘူးဗျ၊ ဒီအဘွားကြီးဟာ သူ့ဘက်တော်သား ဘယ်လောက်သေသေ သူ့ရန်သူ ဘယ်လောက်သေသေ ဂရုမစိုက်ဘူးပြောတာ အလကားဗျ၊ ဂရုစိုက်တယ်၊ အဲဒါ ခင်ဗျားတို့ကျုပ်တို့ သိထားရမယ်'

မြေနတ်သားကလည်း...

'ဟုတ်တယ် မုရ....ခင်ဗျား စိတ်ကူးလွဲနေပြီ၊ သူတို့နှစ်ဦးကို ကျုပ်တို့လက်ထဲထားပြီး ကျုပ်တို့ အသက်အန္တရာယ် လုံခြုံရေးအတွက် စျေးဆစ်ရမယ်ဗျ'



သူတို့သည် အထပ်ထပ်ဆွေးနွေးပြီး အပြန်အလှန် ငြင်းခုန်ကြ၏။

မိုးနတ်သားနှင့် မြေနတ်သားတို့က တဘက်၊ မုရကတဘက်ဖြစ်နေသည်။

သူတို့ ဆွေးနွေးနေသည်မှာ မပြတ်ချေ။

အဘွားအိုသည် သည်းခံ စောင့်နေသည့်အာလ ကုန်လွန်သွား၏။

'မင်းတို့ တိုင်ပင်နေတာ မပြီးနိုင်တော့ဘူးလား'

မိုးနတ်သားသည် ဆွေးနွေးပွဲပြီးဆုံးသွားကြောင်း အချက်ပြလိုက်၏။

သူသည် မုရကို တီးတိုးပြောလိုက်၏။

'ခင်ဗျား ကျုပ်ပြောသလို မီးစင်ကြည့်ကပါ'

မိုးနတ်သားသည် အဘွားအိုနှင့် ရင်ဆိုင်လိုက်၏။

'အဘွားက အတော်စိတ်မြန်တာကိုး'

ထိုအချိန်မှာပင် မြေနတ်သားက အဘွားအိုနောက်သို့ လျှပ်တစ်ပြက် ရောက်ရှိသွားပြီး အဘွားအိုအား လျှပ်တစ်ပြက် ရိုက်ချလိုက်၏။

'ဝုန်း....'

တချိန်တည်းမှာပင် မိုးနတ်သားနှင့် မုရတို့ကလည်း အဘွားအိုတစ်ယောက်အား တိုက်ခိုက်လေ၏။

အဘွားအိုနှင့် အဘွားကြီးလေးယောက်တို့သည် သူတို့အားရန်သူများက ဤသို့ လျှပ်တစ်ပြက် တိုက်ခိုက်မည်ဟု မထင်မိကြချေ။

ယခု....

မိုးမြေနတ်နှစ်ပါးနှင့် မုရတို့က ပြင်းထန်စွာ တိုက်ခိုက်ကြသောအခါ ပြင်းထန်သော ထိခိုက်သံကြီး ထွက်ပေါ်လာလေတော့သည်။

'ဝုန်း....'

မြေနတ်သားသည် နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရလေ၏။

မိုးနတ်သားမှာလည်း အဘွားအိုလေးဦး၏ရိုက်ချက်ကို မခံနိုင်ချေ။

လွင့်စဥ်ထွက်သွားသည်။

မုရကတော့ ပြောစရာမရှိတော့ပေ။

သူသည် မိုးမြေ နတ်နှစ်ပါးလောက် သိုင်းပညာလည်း မကောင်း၊ အတွင်းအားလည်း မကောင်းသဖြင့် ပို၍ဝေးရာသို့ လွင့်စဥ်ထွက်သွားတော့သည်။

သူလွင့်စဥ်ထွက်သွားသည့် နေရာမှာ အဝေးဆုံးဖြစ်သည်။ တစ်ခုတော့ရှိသည်။

မုရ၏ အထက်မြက်ဆုံးပညာမှာ ကိုယ်ဖော့ပညာ ဖြစ်လေသည်။

သူသည် ဤအဘွားကြီးများကို မတိုက်ဝံ့ချေ။

တိုက်ရန်လည်း စိတ်ကူးမရှိချေ။

သူသည် ပြေးရန်သာ အကွက်ချောင်းနေသည်။



ထိုစဥ်....

မြေနတ်သားက အဘွားအိုအား တိုက်ခိုက်သောအခါ သူလည်း မီးစင်ကြည့်ပြီး လိုက်ရတော့၏။

သူလည်း အဘွားကြီးလေးယောက်အား တိုက်ခိုက်ရတော့သည်။

သို့သော်....

ဤအဘွားကြီးလေးယောက်ကို တိုက်ခိုက်လိုက်ခြင်းမှာ သူ့အတွက် ပြေးလမ်းပွင့်သွားစေခဲ့သည်။

အဘွားကြီးများ၏ ရိုက်လိုက်သောအားမှာ ပြင်းထန်လှသဖြင့် မုရသည် အဝေးသို့ ရောက်ရှိသွားလေ၏။

ဤကား သူ့အခွင့်အရေးပင်တည်း။

အဘွားအိုနှင့် အဘွားကြီးလေးယောက်တို့နှင့် ဝေးရာရောက်သွားသောအခါ မုရသည် သူ၏ အထက်မြက်ဆုံး ကိုယ်ဖော့ပညာကို သုံး၍ အမြန်ဆုံး ပြေးလွှားလေတော့၏။

မိုးနတ်သားနှင့် မြေနတ်သားတို့ကား မပြေးနိုင်ကြချေ။ သူတို့သည်း အဘွားအိုနှင့် လက်ဘက်မ်းဘည်သာ ရှိနေသဖြင့် ထွက်ပြေးသည်နှင့် အဘွားအို၏တိုက်ခိုက်မှုကို ခံရမည်ဖြစ်၏။

သို့သော်....

သူတို့သည် မုရထွက်ပြေးသွားသည်ကို ဝမ်းသာကြ၏။

သို့မှသာ သူတို့ စကားစစ်ထိုးနိုင်မည် မဟုတ်ပါလော။

အဘွားကြီး လေးယောက်သည် မုရထွက်ပြေးသွားသည်ကို မြင်သော်လည်း အဘွားအို၏အမိန့်မရသဖြင့် မလိုက်ဝံ့ကြချေ။ သူတို့သည် မုရပြေးသည်ကို လိုက်ကြည့်နေမိကြ၏။

အကယ်၍ ထိုအဘွားအိုနှင့် အဘွားကြီးလေးယောက်သာ စိတ်ရှိလက်ရှိ တိုက်ခိုက်ကြပါက မိုးနတ်သားနှင့် မြေနတ်သား တို့ပင် အသက်ဆုံးရှုံးသွားကြမည် ဖြစ်ပေသည်။

မြေနတ်သားသည် ထိုသို့ဖြစ်နိုင်သည်ကို သိလျက်နှင့် စွန့်စား လိုက်ခြင်း ဖြစ်ပေသည်။

....o....

## အခန်း (၁၀၈)

### အပေးအယူ

မုရသည် ရေပေါ်ပျံ့လွှားဟု အမည်ရထားသော ပုဂ္ဂိုလ် တစ်ယောက်ဖြစ်သည်။

ပျံ့လွှားတို့ မည်သည် အခြားငှက်များနှင့် အလွန့်အလွန် လျင်မြန်စွာ ပျံသန်းသော ငှက်မျိုးဖြစ်သည်။

ထို့ကြောင့် ရေပေါ်ပျံ့လွှား အမည်ရထားသော မုရမှာ အဘယ်မျှ လျင်မြန်မည်ကို ခန့်မှန်းသိရှိနိုင်ကြပေသည်။

ယခုအချိန်တွင် ပြေးနိုင်မှလွတ်မည်ဟု သိရှိထားသော မုရ သည် အလွန့်အလွန် လျင်မြန်စွာပြေးသဖြင့် အဝေးသို့ရောက်ရှိ သွားပြီဖြစ်သည်။

သူ တရိပ်ရိပ်ပြေးသွားသည်ကို အဘွားကြီးလေးယောက်က ရပ်ကြည့်နေကြသည်။

ရပ်ကြည့်နေကြခြင်းမှာ အဘွားအိုထံမှ အမိန့်မရရှိ၍ဖြစ်၏။

အဘွားအိုသည် အဘွားကြီးလေးယောက်ကို ဒေါသတကြီး ကြည့်လိုက်၏။

'ညည်းတို့ ဘာလုပ်နေကြတာလဲ'

'ကျွန်မတို့....ကျွန်မတို့....'

ထစ်ထစ်ငေါ့ငေါ့ ပြောပြီး စကားဆုံးအောင် မပြောနိုင်ကြချေ။

ရပ်လိုက်ကြသည်။

'ညည်းတို့ ကြည့်ကောင်းနေသလား၊ ဒီကောင့်ကို အမိဖမ်းပြီး ပြန်လာခဲ့'

သူမက အမိန့်ပေးလိုက်၏။

ထိုအခါကျမှ အဘွားကြီးလေးယောက်တို့သည် ရေပေါ်ပျံလွှား မုဆိုးနောက်သို့ အံကြိတ်ကာ လိုက်ကြလေ၏။

ထို့နောက်....

အဘွားအိုသည် မိုးနတ်သားနှင့် မြေနတ်သားတို့ဘက် လှည့်လိုက်လေ၏။

သူတို့နှစ်ယောက်ကို သူမက လုံးဝ ဂရုမစိုက်ကြောင်း ပေါ်လွင်နေသည်။

သူမသည် မိုးနတ်သားနှင့် မြေနတ်သားတို့ကို တစ်လှည့်စီ ကြည့်လိုက်၏။



'ဒီနေ့ မုဆိုးတွက်ပြေးသွားတယ်၊ နင်တို့လဲ မုဆိုးလို ထွက်ပြေးမယ်၊ လွတ်လိမ့်မယ်လို့ မထင်နဲ့'

မြေနတ်သားက ဟန်ဆောင်ပြုံးလိုက်၏။

'အဘွားရဲ့ အဘွားကြီးလေးယောက်ဟာ ရေပေါ်ပျံလွှားမုဆိုးကို ဖမ်းမမိပါဘူး၊ ကျုပ် တကယ်ပြောတာပါ၊ ရေပေါ်ပျံလွှားဟာ တခြားနေရာတွေမှာ ညံ့ပေမယ့် ကိုယ်ဖျောက်ပညာမှာတော့ အင်မတန်လျင်ပါတယ်၊ သူ့ကို ဘယ်လိုမှ ဖမ်းနိုင်မှာ မဟုတ်ပါဘူး'

အဘွားအိုက ရယ်မောလိုက်၏။

'အဲဒီလို မင်းတို့ကထင်သလား'

'ထင်တာမဟုတ်ဘူး၊ ဖမ်းမိမှာမဟုတ်ပါဘူး'

'မင်းတို့က အသေအချာသိတာပေါ့ ဟုတ်လား၊ မင်းတို့ သိထားတာ မှားစေရမယ်ကွာ၊ နာရီဝက်အတွင်းမှာ သူ့ကို ဖမ်းမိလာမှာ သေချာပါတယ်'

မြေနတ်သားက....

'ဖမ်းလို့ မမိရင်ကော'

အဘွားအိုက....

'မင်းတို့နှစ်ယောက်ကို ငါသတ်ပစ်လိုက်ရုံပဲ'

မိုးနတ်သားနှင့် မြေနတ်သားတို့မှာ ရင်ထိတ်သွားကြသည်။

သို့သော်....

သူတို့သည် ကြောက်ရွံ့ဟန် မပြဘဲ ရယ်မောလိုက်ကြ၏။

မိုးနတ်သားက....

'မဆိုးပါဘူးလေ၊ နှစ်သက်...နှစ်သက်ချင်း လဲလိုက်တဲ့သဘောပေါ့'

အဘွားအိုက မျက်မှောင်ကြုတ်လိုက်၏။

'မင်းတို့စကားက ဘာသဘောလဲကွ'

မိုးနတ်သားက....

'မုရ လွတ်မြောက်သွားတယ်မဟုတ်လား၊ ဖမ်းထားတဲ့ လူနှစ်ယောက်ကို သူသွားသတ်မှာပဲ၊ မသတ်လဲ သွေးကြောပိတ်ထားတာ၊ နှစ်နာရီအတွင်းမှာ သေမှာပဲ၊ ဒါကြောင့် ကျုပ်တို့ သေသွားရင် နှစ်နာမှုမရှိပါဘူး၊ အသက်နှစ်သက်ချင်း လဲလိုက်တဲ့ သဘောပဲ ရှိမှာပါ'

အဘွားအိုမှာ စဉ်းစားရလေတော့၏။

အဘွားအို စဉ်းစားနေသည်ကို ကြည့်ပြီး မိုးနတ်သားသည် ကြိတ်ပြုံးလိုက်၏။

အဘွားအိုသည် သူ့လူများ၏အသက်ကို အချည်းနှီးမသေစေလိုကြောင်း သူရိပ်မိပေသည်။

'အခြေအနေကို စောင့်ကြည့်ကြသေးတာပေါ့'

သူတို့သည် အဘွားကြီး လေးယောက်၏ အခြေအနေကို စောင့်ကြည့်နေကြလေ၏။

ထိုအချိန် အတောအတွင်း မိုးနတ်သားနှင့် မြေနတ်သားတို့သည် ငြိမ်သက်စွာ နေကြရသည်။



အဘွားအို မျက်စိနောက်အောင် မလုပ်ဝံ့ပေ။

အဘွားအို မျက်စိနောက်ပါက သူတို့အား သတ်ပေလိမ့်မည်။

နာရီဝက်ခန့် ကြာသောအခါ အဘွားကြီးလေးယောက် ပြန်လည်ရောက်ရှိလာကြ၏။

မုရ ပါမလာချေ။

မိုးနတ်သားနှင့် မြေနတ်သားတို့မှာ ကြိတ်၍ ဝမ်းသာမိကြသည်။

သူတို့အသက်ရှင်ဖို့ အခွင့်အရေး ပိုမိုရလိုက်ပြီ မဟုတ်ပါလော။

အဘွားကြီးလေးယောက်မှာ ခေါင်းငုံ့ပြီး လာရလေသည်။

အဘွားအိုက မျက်မှောင်ကြုတ်နေ၏။

'ညည်းတို့ မုရကို မမိကြဘူးလား'

အဘွားကြီးလေးယောက်က....

'အဘိုးကြီးဟာ လှေတစ်စင်းနဲ့ တစ်ဘက်ကမ်းကို ကူးသွားပါတယ် သခင်မကြီး'

'ဖျန်း....ဖျန်း....ဖျန်း....ဖျန်း'

အဘွားအိုက အဘွားကြီးလေးယောက်အား ပါးရိုက်လိုက်သည်။

အဘွားကြီးလေးယောက်မှာ ခေါင်းငုံ့ခံနေရသည်။

သူမ မကျေနပ်လျှင် သတ်ပင် သတ်ပစ်နိုင်သည် မဟုတ်ပါလော။

'ညည်းတို့လဲ လိုက်မသွားကြဘူးလား'

အဘွားကြီးလေးယောက်က....

'လိုက်ပါသေးတယ် သခင်မကြီး၊ လှေရှာပြီး ကူးလိုက်ကြတာပါ၊ ဒါပေမယ့် ညမှောင်နေတော့ သူလွတ်လွတ်ကျွတ်ကျွတ်ပြေးသွားနိုင်ပါတယ်၊ ကျွန်မတို့ လိုက်ရှာတာ မရတော့ပါဘူး'

အဘွားအိုသည် မိုးနတ်သားနှင့် မြေနတ်သားတို့အား ကြည့်လိုက်၏။

'မင်းတို့နိုင်သွားပြီ၊ ငါရှုံးသွားပြီ၊ မင်းတို့ ဘာလုပ်ချင်သလဲဆိုတာ ပြော'

အဘွားအိုစကားက ပြတ်သားသည်။

သူမသည် ပြတ်ပြတ်သားသား လုပ်တတ်မည်ကို မိုးနတ်သားသံသယမရှိချေ။

မိုးနတ်သားက....

'ကျုပ်တို့ အကြွပ်မကိုင်ချင်ပါဘူးဗျာ'

'ပြောစရာရှိတာကိုသာ ပြောပါ'

မိုးနတ်သားတို့သည် ဆင်ခြင်ဝေဖန်နိုင်သူများ ဖြစ်သည်။

သူတို့သည် ရေရှည်အတွက် တွေးတောကြသည်။

သူတို့သည် ယခုဘစ်ကြိမ် အခွင့်အရေးယူလိုက်ပါက ဟိုလန်တောင်မင်းသမီးလေးခေါ် သခင်မကြီး၏ လက်စားချေမှုကို ကြောက်ရွံ့ကြသည်။

သေချာသည်။



သခင်မကြီးကလည်း လက်စားချေမည်သာ ဖြစ်ပါသည်။

သူမသည် စိတ်ပြင်းထန်သော အမျိုးသမီးကြီးတစ်ဦး ဖြစ်လေ၏။

'စိတ်ချပါဗျာ၊ ကျုပ်တို့ဟာ ခြေသလုံးအိမ်တိုင်တွေပါ၊ ဘာကိုမှလဲ မမက်မောပါဘူး၊ တန်ဘိုးရှိလှတဲ့ ကိုးနဝင်းအားတိုးဆေးကိုလဲ မမက်မောပါဘူး'

အဘွားအိုသည် စိတ်မရှည်တော့ပေ။

သူမသည် လိုရင်းကိုသာ ပြောတတ် လုပ်တတ်သူဖြစ်သည်။

'လှည့်ပတ်ပြောမနေနဲ့၊ လိုရင်းကိုသာပြော'

မိုးနတ်သားက....

'ခင်ဗျား ဘယ်မှာရှိတယ်ဆိုတာကိုသာ ပြောပြပါဗျာ၊ သုံးရက်အတွင်းမှာ ကျုပ်တို့ဖမ်းထားတဲ့ လူနှစ်ယောက်ကို ကျုပ်တို့ကိုယ်တိုင် လာပို့ပေးပါမယ်ဗျာ'

အဘွားအိုက မှဲ့ပြုံးပြုံးလိုက်၏။

'ကောင်းပြီ၊ မင်းတို့ ဘာလိုချင်သလဲ'

မိုးနတ်သားက....

'ကျုပ်တို့ ဘာမှ မလိုချင်ပါဘူးဗျာ၊ ဘာမှလဲ မတောင်းဆိုပါဘူး၊ ဒီညဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို မေ့ပျောက်ပစ်လိုက်တာကိုပဲလိုချင်ပါတယ်၊ ကျုပ်တို့အပေါ် ဘာအာဃာတမှ မထားစေချင်ပါဘူး၊ ဒါဆိုကျုပ်တို့ ကျေနပ်လှပါပြီ'

အဘွားအိုသည် မိုးနတ်သား၏ တောင်းဆိုချက်ကို ကြားလိုက်ရသောအခါ မျက်နှာထား ပျော့ပျောင်းသွားလေ၏။

မိုးနတ်သားတို့၏ တောင်းဆိုချက်မှာ စစ်ရေးမဟုတ်ပေ။

ငြိမ်းချမ်းရေးသာ ဖြစ်သည်။

တစ်ဘက်နှင့်တစ်ဘက် လက်စားချေမှုများ မပြုလုပ်ရန် တောင်းဆိုခြင်းဖြစ်၍ သူမ လိုက်လျောရပေလိမ့်မည်။

အဘွားအိုက....

'ငါသဘောတူတယ်၊ မင်းတို့အပေါ် အာဃာတ ဘာမှ မထားဘူး'

မိုးနတ်သားက....

'သုံးရက်အတွင်းမှာ အဘွား ဘယ်မှာရှိမလဲ ခင်ဗျာ'

အဘွားအိုသည် အနည်းငယ် စဉ်းစားလိုက်၏။

ပြီးမှ....

'ကျင်းကျား ခြံဝင်း'

မိုးနတ်သားက....

'ကောင်းပါပြီ၊ အဘွား စိတ်ချလက်ချ သွားပါ၊ ကျုပ်တို့ သုံးရက်အတွင်း လာပို့ပါမယ်'

အဘွားအိုသည် မိုးနတ်သားကို စူးစိုက်ကြည့်ပြီး....

'မင်းတို့ ငါ့အကြောင်း ကြားဖူးတယ် မဟုတ်လား'

'ကြားဘူးပါတယ်'

'အေး....ကြားဖူးရင် ပြီးရော'

'ကျုပ်တို့ ယောကျ်ားပါ၊ ကတိ တည်ပါတယ်'

'ကောင်းပြီ၊ မင်းတို့ ကတိတည်ပါစေ'

သူမသည် အဘွားကြီးလေးယောက်ကို လက်ဖြင့် အချက်ပြလိုက်၏။



အဘွားကြီးလေးယောက်သည် အဘွားအိုနောက်မှ ပြေးလိုက်သွားကြလေတော့၏။

မိုးမြေနတ်နှစ်ပါးသည် အဘွားကြီးငါးယောက် ထွက်ပြေးရာနောက်သို့ တမေ့တမော ကြည့်နေကြ၏။

အဘွားကြီးငါးယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားမှ သက်ပြင်းကြီးများ ချလိုက်ကြသည်။

'ဟင်း....'

နှစ်ယောက်စလုံး ပြိုင်တူသက်ပြင်းချမိသဖြင့် သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

'အင်း....သူတို့ကိုမမြင်မှ အရမ်း စိတ်သက်သာရာ ရတာပဲ'

မိုးနတ်သားက ပြောလိုက်၏။

မြေနတ်သားကလည်း....

'အေး... ဟုတ်တယ်ကွ၊ အဘွားကြီးဟာ ပြတ်ပြတ်သားသား ပြောတတ် လုပ်တတ်တယ်၊ သူ့ကို ဆန့်ကျင်မိရင်လဲမလွယ်ဘူး၊ ဒါပေမယ့် ငါ မင်းကို ချီးကျူးပါတယ်၊ မင်း ပြောတာဆိုတာ ကောင်းပါတယ်၊ အခု ငါတို့ လွတ်သွားတာပေါ့၊ မရကတော့ တွေ့ရာသင်းချိုင်း ဓားမဆိုင်းဘဲ သူ့ဘဝမှာ ငြိမ်းအေးမှု မရှိတော့ဘူး'

မိုးနတ်သားက....

'ဒီအဘွားကြီးနဲ့ စကားပြောရတာ မလွယ်ပါဘူးကွာ'

မြေနတ်သားက....

'ဝက်ပုတ် ဖမ်းထားတဲ့ လူနှစ်ယောက်ကို တကယ်ပဲ လွှတ်ပေးလိုက်မှာလား'

မိုးနတ်သားက ရှင်းပြသည်။

'အဘွားကြီးလို ရန်သူမျိုး မရှိသင့်ဘူးကွ၊ အဘွားကြီးနဲ့ ရန်ဖြစ်ထားတဲ့သူဟာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ တစ်သက်လုံး ငြိမ်အေးမှု မရှိတော့ဘူး၊ အခု ငါလုပ်လိုက်တဲ့ ကိစ္စဟာ အဘွားကြီးနဲ့ ငြိမ်းချမ်းရေးယူလိုက်တဲ့ သဘောပဲ၊ ငါ နောက်ဆုံး ပြောလိုက်တဲ့စကားကို ကြားတော့ သူ့မျက်နှာထား ချက်ချင်း ပျော့ပျောင်းသွားတာကို မင်း မြင်တယ် မဟုတ်လား'

'ဟုတ်ပါတယ်ကွာ၊ မင်း ဒီကိစ္စကို ဆောင်ရွက်လိုက်ပုံကို ငါ ချီးကျူးပါတယ်'

မြေနတ်သားသည် မိုးနတ်သားကို ချီးကျူးရင်း ကောင်းကင်သို့ မော့ကြည့်လိုက်၏။

လဝန်းသည် ကောင်းကင် အလယ်ဗဟိုသို့ ရောက်ရှိနေပြီကို တွေ့ရသည်။

မြေနတ်သားက....

'အဘွားကြီးတွေလဲ သွားပြီ၊ မုရလဲ မရှိတော့ဘူး၊ ငါတို့ အပေါ်ထပ်ကို တက်ကြရအောင်'

မိုးနတ်သားက သူ့ကိုလက်ပြ၍ ဟန့်တားလိုက်၏။

ကို့နောက်....

တိုးတိုးပြောသည်။

'အရေးကောင်းမှ ဒိန်းဒေါင်းဖျက်တယ်လို့ မပြောမဆို ရအောင် မင်းနဲ့ငါ ကျောင်းပတ်ဝန်းကျင်မှာ ရန်သူရှိမရှိ တစ်



ပတ်လောက် လှည့်ပြီးကြည့်လိုက်ကြရအောင်၊ မင်းက လက်ဝဲဘက်ကပတ်၊ ငါက လက်ယာဘက်က ပတ်မယ်'

မြေနတ်သားက ခေါင်းညိတ်လိုက်၏။

သူတို့သည် လက်ဝဲ လက်ယာပတ်၍ ရန်သူ ရှာဖွေကြလေသည်။

သူတို့သည် ကျောင်းရှေ့သို့ ပြန်ရောက်လာ၏။

ကျောင်းအနီး ပတ်ဝန်းကျင်တွင် လူသူတစ်ယောက်မျှ မရှိချေ။

မိုးနတ်သားနှင့် မြေနတ်သားတို့သည် တစ်ဦးကိုတစ်ဦး ကြည့်ပြီး ခေါင်းညိတ်လိုက်ကြ၏။

ထို့နောက်....

သူတို့သည် ကျောင်းပျက်ပေါ်သို့ တက်ရောက်လာကြလေတော့၏။

သူတို့သည် ဘုံခုနစ်ဆင့် အမြင့်အထိ တက်ရောက်ရှာဖွေကြသည်။

ထိုအခါ....

အမှောင်ထုထဲ၌ ချင်ကုလျှံနှင့် အမျိုးသမီးတစ်ယောက်တို့ လဲလျောင်းနေကြကြောင်း တွေ့လိုက်ရသည်။

'တွေ့ပြီလား'

မိုးနတ်သားက ပြောလိုက်၏။

'သူတို့ ဘာဖြစ်လို့ လဲနေကြတာလဲ'

မြေနတ်သားက မေးလိုက်၏။

'သွေးကြောပိတ်ခံထားရလို့ နေမှာပေါ့'

မိုးနတ်သားက ပြန်ဖြေသည်။

သူတို့သည် သေချာစွာ စစ်ဆေးလိုက်ကြသောအခါ မုရ ပြောသည့်အတိုင်း သွေးကြောပိတ်ထားသည်ကို တွေ့ရှိကြရသည်။

သွေးကြောပိတ်သည့်တွင် ရိုးရိုးတန်းတန်း သွေးကြောပိတ်ထားခြင်း မဟုတ်။

ထူးခြားဆန်းကျယ်သော သွေးကြောပိတ်နည်းဖြင့် ပိတ်ထား ခြင်း ဖြစ်သည်။

သိုင်းပညာရှင်များသည် ယခုကဲ့သို့ သီးခြားနည်းပညာဖြင့် သွေးကြောပိတ်ခံထားရလျှင် သွေးကြောအား ချက်ချင်း ဖွင့်မပေးဝံ့ကြချေ။

အကယ်၍ နည်းမသိဘဲ ဖွင့်ပေးလိုက်အံ့။

ထိုအခါ

ထိုလူသည် သွေးလည်ပတ်မှု ရပ်တန့်ပြီး အသက်ဆုံးရှုံးသွားရပေမည်။

ယခု...

ချင်ကုလျ နှင့် အမျိုးသမီးမှာ ထူးခြားသော သွေးကြောပိတ်နည်းဖြင့် သွေးကြောပိတ်ခံထားရသဖြင့် မိုးနတ်သားနှင့် မြေနတ်သားတို့မှာ အကြီးအကျယ် ဦးနှောက်ခြောက်သွားကြသည်။

မိုးနတ်သားက ခေါင်းယမ်းလိုက်၏။

'ငါတို့တော့ ခက်ပြီ၊ သူတို့သွေးကြောကိုလဲ ငါတို့ဖွင့်မပေးရဲ၊ မုရလဲ မရှိတော့ဘူး'



သူတို့သည် အတွေ့အကြုံများစွာရှိသဖြင့် ချင်ကုလျ တို့အား ထိုပင်မဘို့ထိကြချေ။

မြေနတ်သားက ...

'ဒီလို ထိုင်ပြီးနေလို့တော့ မဖြစ်ဘူး၊ နှစ်နာရီသုံးနာရီအတွင်း မုရကို လိုက်ရှာမှဖြစ်မယ်၊ မုရကိုတွေ့မှ ဒီအမျိုးသမီးတွေကို သွေးကြောဖွင့်ခိုင်းရမယ်'

မိုးနတ်သားသည် ထိုင်ရာမှ ထလိုက်သည်။

'ဟုတ်တယ်၊ ကဲ....သွားကြစို့၊ မုရကို လိုက်ရှာကြစို့၊ မုရဟာ ဒီမြို့ပတ်ဝန်းကျင်မှာပဲ ခိုကပ်နေဦးမှာ'

'ဒီဘုရားကျောင်းကို သူ ပြန်လာရဦးမှာပါ၊ ငါတို့သူ့ကို ရှာတွေ့မှာပါ'

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဘုရားကျောင်းပျက်ပေါ်မှ ပြန်ဆင်းလာပြီး မြစ်ကမ်းရှိရာသို့ ပြေးလွှားသွားကြလေတော့၏။

....၀....

## အခန်း (၁၀၉)

**အတုံနှင့်အစစ်**

လမင်းကြီးသာနေသော်လည်း သစ်ပင်များကြီးစိုးနေသော အရပ်တွင် မည်းမှောင်လျက်ရှိသည်။

ထိုပတ်ဝန်းကျင် တစ်ခုလုံးသည်လည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုစဉ်....

အမှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်လာလေ၏။

ထိုလူသည် ဟိုကြည့်သည်ကြည့်လုပ်ပြီး ဘုရားကျောင်းမျက်ဆီသို့ ပြေးလေတော့၏။

ထိုလူကား မည်သူနည်း။



ထိုလူသည် ရေပေါ်မျှော်လွှားမှုရပဝ် ဖြစ်တော့၏။ သူသည် ဘုရားကျောင်းရှေ့သို့ ပြေးလာခဲ့သည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်သည်။

အဘွားကြီးငါးယောက်ကိုလည်း မတွေ့ရတော့ချေ။ မိုးမြေနှစ်ပါးကိုလည်း မတွေ့ရချေ။

သူသည် ပတ်ဝန်းကျင်၌ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရသောအခါမှ အပေါ်ဆုံးထပ်သို့ တက်ခဲ့တော့သည်။

သူသည် အမှောင်ထဲသို့ ကြည့်လိုက်၏။ အမျိုးသမီးနှစ်ယောက်ကို တွေ့လိုက်ရသောအခါ သူသည် အလွန် ဝမ်းသာသွားလေ၏။

သူသည် တစ်ချက်ငေးစားလိုက်သည်။ မိုးမြေနတ်နှစ်ပါးသည် အဘယ်ကြောင့် ဤအမျိုးသမီးနှစ်ယောက်ကို မရှာသနည်း။

သူတို့သည် အဘွားအိုကြီးများနှင့် ပြေလည်သွားသဖြင့် ထွက်သွားကြခြင်းဖြစ်မည်ဟု တွေးတောကာ အမျိုးသမီးနှစ်ဦးထံ ချဉ်းကပ်သွားလေတော့၏။

'ငါမသေတာ သိပ်ကံကောင်းတယ်'

သူသည် ချင်ကုလျှံနှင့် အမျိုးသမီးအား သေချာစွာ ကြည့်ရှုလိုက်၏။

သူ့မျက်လုံးများသည် အရောင် တောက်ပြောင်လာပြန်သည်။

ထိုအချိန်တွင် ချင်ကုလျှ နှင့် အမျိုးသမီးတို့မှာ သတိရနေကြပြီ ဖြစ်၏။

သူမတို့သည် မုရပြန်လည် ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားကြ၏။

သို့သော်…

သူမတို့သည် သွေးကြောပိတ်ခံထားရသဖြင့် လုံးဝမလှုပ်ရှားနိုင်ဘဲ ဖြစ်နေကြသည်။

မုရက သူမတို့အား တစ်လှည့်စီ ကြည့်လိုက်သည်။

'မင်းတို့နှစ်ယောက်စလုံး ချောတယ်၊ ဒီတော့ ငါ့အနေနဲ့ တစ်ယောက်ယောက်ကိုတော့ ယူရမှာပဲ၊ ဘယ်သူ့ကို ယူရမှာလဲ'

သူသည် အမျိုးသမီးနှစ်ယောက်၏ ပါးကလေးများကို ပွတ်သပ်ပေးလိုက်သည်။

အမျိုးသမီးနှင့် ချင်ကုလျှ တို့၏ မျက်လုံးများမှာ ခံပြင်းလှသဖြင့် နီရဲနေသည်။

မှောင်ထဲတွင်ပင် ဒေါသရောင် တောက်နေကြောင်း မြင်တွေ့ရသည်။

'ဟား….ဟား….ဟား'



မုရက အားရပါးရ ရယ်မောလိုက်၏။

'မတူးတော့ပါဘူးကွာ၊ မင်းတို့သားအမိ နှစ်ယောက်စလုံး၊ ကိုငါယူတော့မယ်'

သူသည် အမျိုးသမီး၏ ခန္ဓာကိုယ်အား ပွတ်သပ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်….

'ဟား….ဟား….ဟား'

လူတစ်ယောက်၏ ရယ်သံ ထွက်ပေါ်လာလေ၏။

'မုရ၊ ခင်ဗျား သေချင်နေပြီလား'

မုရသည် ရုတ်တရက် ထိုအသံ ကြားလိုက်ရသောအခါ ရင်ထိတ်သွားလေ၏။

သူသည် ချာခနဲ လှည့်ကြည့်လိုက်၏။

ပြတင်းပေါက်မှ ထိုးကျနေသော လရောင်အောက်၌ လူငယ်တစ်ယောက် ဓားတစ်လက်ကိုင်၍ ရပ်နေသည်ကို မြင်လိုက်ရလေ၏။

'ဟင်….ကျောင်းကျားလင်'

ထိုလူငယ်ကား ကျောင်းကျားလင်ပေတည်း။

'အိုကြီးအိုမနဲ့ ဘာမဟုတ်တာ လုပ်တာလဲ'

'ဘာ….ဘာမှ မလုပ်ပါဘူး'

ကျောင်းကျားလင်၏ ဓားသည် လျှပ်တပြက် ရှေ့သို့ တိုးဝင်လာလေ၏။

ငေးကြောင်နေသော မုရ၏ ရင်ဝသို့ ခါးကဝင်လာသည်။

'အား....'

စူးရှကျယ်လောင်သော အော်သံထွက်ပေါ်လာပြီးနောက် မုရ လဲကျသေဆုံး သွားလေတော့၏။

ချင်ကူလျှံသည် ကျောင်းကျားလင် ရောက်ရှိလာသည်ကို တွေ့သောအခါ ဝမ်းသာသွားသည်။

သို့သော် သူမသည် သွေးကြော အပိတ်ခံထားရသဖြင့် စကားမပြောနိုင်ပေ။

ခြေလက်များလည်း မလှုပ်ရှားနိုင်ချေ။

အခြား သွေးကြော ပိတ်ခံနေရသော အမျိုးသမီးမှာလည်း ထို နည်းအတူပင်။

ကျောင်းကျားလင်သည် မုရ၏ အလောင်းအား ဖယ်ရှားလိုက်၏။

သူသည် အမျိုးသမီးကြီးနှင့် ချင်ကူလျှံ လဲကျနေသည့် နေရာသို့ဝင်လာပြီး ချင်ကူလျှံအား ပွေ့ချီလိုက်သည်။

'ချင်ကူလျှံ၊ ဘာဖြစ်သွားသေးသလဲ ဟင်'

ချင်ကူလျှံမှာ ပြုံးရုံသာ ပြုံးနိုင်သည်။

စကား မပြောနိုင်ပေ။

'ချင်ကူလျှံ ဘာဖြစ်လို့ မလှုပ်ရှားနိုင်တာလဲ'

ချင်ကူလျှံက မျက်လုံးဖြင့် သူမ သွေးကြော ပိတ်ခံထားရကြောင်း ပြောပြလိုက်သည်။



ကျောင်းကျားလင်သည် သူမ သွေးကြောပိတ် ခံထားရ၍ မလှုပ်နိုင်ကြောင်း သိရှိသွားသည်။

ထိုအခါ သူသည် ပို၍ အတင့်ရဲလာတော့၏။

ချင်ကူလျှံ ငါ့ကို ကျေးဇူးတင်တယ် မဟုတ်လား'

ချင်ကူလျှံက ကျေးဇူးတင်ကြောင်း မျက်လုံးဖြင့် စကား ပြောလိုက်သည်။

ကျောင်းကျားလင်မှာ ပို၍ အတင့်ရဲလာသည်။

ချင်ကူလျှံအား ရင်ခွင်ထဲ ထွေးပိုက်ထားလိုက်သည်။

ချင်ကူလျှံမှာ ကျောင်းကျားလင်အပေါ် မေတ္တာရှိနေသဖြင့် ကြည်နူးနေပါသည်။

သူမသည် မျက်လုံးများ မှိတ်ထားလိုက်ပါသည်။

ချစ်သူရင်ခွင်ထဲ ခိုနားနေရသည်မှာ ချမ်းမြ ရိပ်ငြိမ် ပင် မဟုတ်ပါလော။

ထိုစဉ်...

ဘုံဆောင်ခန်းထဲသို့ လူငယ်တစ်ယောက် ထပ်မံ ရောက်ရှိလာလေ၏။

သူသည် မှောင်ထဲသို့ လိုက်ကြည့်သည်။

မှောင်ထဲ၌ ကျောင်းကျားလင်က ချင်ကူလျှံအား ပွေ့ပိုက်ထားသည်ကို မြင်သောအခါ ဒေါသဟုန်းဟုန်း ထလာလေတော့၏။

'လူယုတ်မာ လွှတ်လိုက်စမ်း'

ချင်ကုလျှ အား ပွေ့ပွေ့ပိုက်ပိုက် လုပ်နေသော ကျောင်းကျားလင် ရင်ထိတ်သွား၏။

မျက်လုံး ပြူးသွားလေ၏။

ချင်ကုလျှ လည်း မျက်လုံး ဖွင့်ကြည့်လိုက်သည်။

ထိုအခါ သူ့မျက်လုံးကိုပင် သူ မယုံနိုင်အောင် ဖြစ်သွားရလေတော့၏။

အဘယ့်ကြောင့်ဆိုသော် နောက်ထပ် ရောက်လာသည့် ဖုယေ်မှာလည်း ကျောင်းကျားလင် ဖြစ်နေသောကြောင့်တည်း။

သူမသည် အံ့သြလွန်းသဖြင့် မျက်လုံးပြူးနေသည့် သူမကို ပွေ့ပိုက်ထားသူသည် ကျောင်းကျားလင် အစစ်လော။

နောက်ထပ် ရောက်လာသည့် လူငယ်သည် ကျောင်းကျားလင် အစစ်လောဟု သူမ ခွဲခြား မသိနိုင်ပါချေ။

သူတို့နှစ်ယောက်၏ အဝတ်အစားများမှာ ဆင်တူပင်၊

မျက်နှာမှာလည်း ထပ်တူထပ်မျှ တူညီသည်။

ရွေးမရအောင် တူညီသည်။

'ရှမ်း...'

ပထမ ကျောင်းကျားလင်သည် မတ်တတ်ထပြီး ဓားကိုဆွဲထုတ်လိုက်၏။

သူသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဒုတိယ ကျောင်းကျားလင်ကို ရင်ဆိုင်လိုက်၏။



'မဟုတ်ကောင်၊ မင်းဘယ်သူလဲ ပြောစမ်း'

ဒုတိယ ကျောင်းကျားလင်သည် ပထမ ကျောင်းကျားလင်အား အကဲခတ်လိုက်သည်။

အရပ်အနိမ့် အမြင့်ကအစ တူညီနေသဖြင့် ကျောင်းကျားလင် အစစ်ကို ရွေးချယ်ရန်ကား ခက်ခဲနေပြီ။

ဒုတိယ ကျောင်းကျားလင်က....

'မင်း ဘယ်သူလဲဆိုတာ ငါက မေးရမှာ၊ မင်း ဘာကြောင့် ငါ့လို ရုပ်ဖျက်ထားရတာလဲ'

ပထမ ကျောင်းကျားလင်က....

'မင်းက ငါ့လိုဟန်ဆောင်ပြီး ငါ့ကို ပြန်စွပ်စွဲနေရသေးသလား'

ဒုတိယ ကျောင်းကျားလင်က....

'မင်းကြောင့် ငါ့မှာ ပြဿနာတွေ တပုံကြီး တက်နေရတယ်ကွ၊ မင်းမဟုတ်တာတွေ လျှောက်လုပ်နေသမျှ အားလုံး နောက်က ငါ လိုက်ရှင်းနေရတယ်'

ပထမ ကျောင်းကျားလင်က ...

'အောင်မာ လာလာချည်သေး၊ သူခိုးက လူလို ဟစ်နေသေးတယ်၊ မင်းရှုပ်ထားသမျှကို ငါက ပြန်ရှင်းနေရတာကွ'

ချင်ကုလျှ မှာ သူတို့၏ စကားများကို နားထောင်ပြီး သူတို့ကို ခွဲခြားမည်ဟု စောင့်နားထောင်နေရာ သူတို့ပြော

စကားများမှာလည်း တူညီနေပြန်သဖြင့် ခွဲခြား၍မရပဲ ရှိနေပြန်ပါသည်။

ကျောင်းကျားလင် နှစ်ယောက်ကို မည်သူအစစ် မည်သူအတု ဖြစ်သည်ကို သူမ မသိနိုင်တော့ပါ။

ချင်ကုလျှံသည် နောက်တစ်ဆင့် စိတ်တွင် တေးထားလိုက်၏။

သူတို့ တိုက်ခိုက်ကြတော့မည် မဟုတ်ပါလား။

သိုင်းကွက်များ ကိုကြည့်၍ အတုအစစ် ခွဲခြားနိုင်မည်ဟု သူမ ယုံကြည်သည်။

သူမသည် မမှိတ်မသုန် ကြည့်နေလေ၏။

ဒုတိယ ကျောင်းကျားလင်သည် ချင်ကုလျှံ အနီးသို့ ရွှေ့လျားသွားလေ၏။

ပထမ ကျောင်းကျားလင်က ဟန့်တားလိုက်၏။

'ဟေ့....ဟေ့....မင်း နေရာမရွှေ့နဲ့'

ထိုအခါ ဒုတိယ ကျောင်းကျားလင်က....

'ငါ့ဘာသာ ငါရွှေ့တာ ဘာဖြစ်ဘလဲ၊ ငါ့ကို ဘယ်သူ့မှ မတားနိုင်ဘူး၊ သူ့ကို ငါကယ်ရမယ်ကွ'

ပထမ ကျောင်းကျားလင်က....

'ငါကယ်ပြီးပါပြီ၊ မင်း လူလည် ဝင်မလုပ်စမ်းပါနဲ့၊ မင်းဘာသာ အေးအေးဆေးဆေး နောက်ဆုတ်နေ'



'မင်းသာ နောက်ဆုတ်စမ်း'

'ငါက ဘာဖြစ်လို့ ဆုတ်ရမှာလဲ'

'ကဲ....ကယ်ဦး'

ဒုတိယကျောင်းကျားလင်က မိုးတောင်လက်ဝါး သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်၏။

ပထမကျောင်းကျားလင်မှာ မိုးတောင်လက်ဝါးသိုင်းကွက်ကို မခံနိုင်ချေ။

သူသည် နောက်ဆုတ်သွားရလေ၏။

ချင်ကုလျှံသည် သိုင်းကွက်များကို မမှိတ်မသုန်စိုက်ကြည့်နေခဲ့သည်။

ဒုတိယကျောင်းကျားလင်က မိုးတောင်လက်ဝါးဖြင့် တိုက်ခိုက်လိုက်သည်ကို တွေ့သောအခါ ချင်ကုလျှံသည် အတုအစစ်ကို ခွဲခြားသွားနိုင်လေ၏။

ဒုတိယ ကျောင်းကျားလင် သည် အစစ်ပေတည်း။

သို့သော်....

သူမအနေဖြင့် သွေးကြောပိတ် ခံထားရသဖြင့် မည်သို့မျှ မပြောနိုင်ချေ။

ကြည့်ရုံသာ ကြည့်နေရတော့သည်။

သူမသည် ပထမကျောင်းကျားလင်၏ အပေ့အဖက်များကို ခံလိုက်ရသဖြင့် အလွန်ခံပြင်းမိသည်။

သို့သော်....

သူမအနေဖြင့် မည်သို့မျှ မတတ်နိုင်ပေ။

ပထမကျောင်းကျားလင်အား သူမ အမှန်ချေလိုသည်။

ဒေါသရောင်တောက်နေသော မျက်လုံးများဖြင့် ကြည့်ရှုမှ အပ သူ ဘာမျှမတတ်နိုင်ပါပေ။

ကျောင်းကျားလင်သည် သိုင်းကွက်နှစ်ကွက်မျှ တိုက်ခိုက်သည်နှင့် ကျောင်းကျားလင်အစစ်သည် သူ့ထက် သိုင်းပညာ လွန်စွာသာနေသည်ကို သိရှိသွားလေ၏။

ထို့ကြောင့်....

ဆင်းပြေးနိုင်ရန် အကွက်ချောင်းနေတော့၏။

ထိုအချိန်မှာပင်....

ဘုရားကျောင်းအထက်သို့ ဓားတစ်လက် ကိုင်ထားသော လူတစ်ယောက် တက်လာသည်ကို တွေ့ရလေ၏။

ထိုသူကား ယိုလန်ပင်တည်း။

ယိုလန်၏ မျက်နှာမှာ နာကြည်းဟန်များ အပြည့်ရှိလေသည်။

'ဟင်း....ဟင်း....ဟင်း....ရှင် ထွက်ပြေးချင်လို့လား၊ ထွက်ပြေးဖို့ကတော့ အတော်ခက်ခဲလိမ့်မယ်'

သူမသည် စကားဆုံးသွားသည်နှင့် ဓားဖြင့်ခုတ်ချလိုက်၏၊ ကျောင်းကျားလင်အတုက ဓားဖြင့်ခံပေးလိုက်သည်။



'ချွမ်....'

သူတို့နှစ်ယောက်သည် အရည်အချင်းချင်း တူနေကြ၏။ အဘယ့်ကြောင့်ဆိုသော်...

နောက်သို့ နှစ်ယောက်စလုံး ခြေတစ်လှမ်းစီ ဆုတ်သွားသောကြောင့်ပေတည်း။

ကျောင်းကျားလင်အတုနှင့် ယိုလန်တို့သည် ထပ်မံတိုက်ခိုက်ကြလေ၏။

ယိုလန်က....

'ရှင့်ကို ကျွန်မသတ်မယ်၊ သတ်ကိုသတ်မယ်'

သူမသည် သူသေကိုယ်သေ သိုင်းကွက်များဖြင့် အပြင်းအထန် တိုက်ခိုက်သောကြောင့် ကျောင်းကျားလင်အတုမှာ နောက်သို့သာ ဆုတ်နေရသည်။

ဆုတ်ရင်း သူသည် ပြတင်းပေါက်သို့ ကျောပေး၍ ရောက်ရှိသွား၏။

'ဟား-ဟား-ဟား....မင်းတို့က ငါ့ကို လက်ရဖမ်းချင်တယ် မဟုတ်လား၊ အခုဖမ်းကြလေ၊ ဟား....ဟား....ဟား'

သူသည် ရယ်မောရင်း ပြတင်းပေါက်မှ နောက်ကျွမ်းပစ်ချသွားလေတော့၏။

ယိုလန်နှင့် ကျောင်းကျားလင်တို့သည် ပြတင်းပေါက်သို့ ပြိုင်တူ ပြေးကြည့်ကြ၏။

သူတို့သည် အံ့ဩဖွယ်မြင်ကွင်းကို တွေ့မြင်ရလေတော့သည်။

တံငါသည် အဘိုးအိုတစ်ယောက်သည် ငါးများချိတ်တစ်ခုနှင့် ကျောင်းကျားလင်အတုကို ချိတ်ဆွဲဖမ်းယူသွားသည်ကို တွေ့ရလေ၏။

တံငါသည် အဘိုးအိုဘေးတွင် လူငယ်ကလေးတစ်ယောက်သည် လက်ခုပ်လက်ဝါးတီး၍ ရယ်နေလေ၏။

'အဘ....ကနေ့မိတဲ့ငါးက ကြီးလှချည်လား၊ ဘယ်လိုငါးကြီးပါလိမ့်၊ ပင်လယ်ငါးသလေက်ကြီးများလား'

ကျောင်းကျားလင်က ဝမ်းသာသွားသည်။

သူသည် တံငါသည် အဘိုးအိုကို အော်ဟစ် ပြောဆိုလိုက်သည်။

'အဘ....ဒီအတိုင်းခဏထားပါ၊ ကျွန်တော် အခုပဲဆင်းလာပါမယ်'

ထိုအဘိုးအိုမှာ လုချီရှာမှ တံငါသည်ဖြစ်လေ၏။

လုချီရှာမှ တံငါသည်အဘိုးအိုက တဟားဟားရယ်ရင်း...

'ငါ အခုမှ တစ်ကောင်တည်း မျှားမိတာကွ၊ ဒါပေမယ့် မစွည်းအတုတွေ တစ်ခုပြီးတစ်ခု ဆက်မျှားနေရဦးမယ်ကွာ'

ကျောင်းကျားလင်နှင့် ယိုလန်တို့သည် အမျိုးသမီးကြီးနှင့် ချင်ကုလျှ ကို စစ်ထေးကြည့်လိုက်၏။



ယိုလန်က....

'သူတို့ကို သီးခြားသွေးကြောပိတ်ပညာနဲ့ သွေးကြောပိတ်ထားတာ အစ်ကိုလေး'

ကျောင်းကျားလင်က ...

'ဒုက္ခပဲ၊ အဲဒါ ဘယ်လိုလုပ်မလဲ'

ယိုလန်က ပြုံးလိုက်၏။

'အစ်ကိုလေး ဘာမှမစိုးရိမ်ပါနဲ့၊ သိုင်းလောကမှာ အကျော်ကြားဆုံးဆိုတဲ့ သွေးကြောပညာရှင်တစ်ယောက်လုံး ရောက်နေတယ်လေ၊ အစ်ကိုလေး မသိဘူးလား'

ကျောင်းကျားလင် သတိရသွား၏။

'အောက်ကအဘဟာ လုချီရှာက တံငါသည်မဟုတ်လား၊ အင်းတိုဂ်းယက်သည့် ကမ္ဘလာမိုးရွာသည်နှင့် အဆင်သန့်ဆိုသလိုပါပဲလား၊ ကဲ....ဒါဖြင့် ငါသွားခေါ်လိုက်မယ်၊ ဟိုကောင်ထဲ့ဖမ်းလာခဲ့မယ်'

'ဟုတ်ကဲ့ အစ်ကိုလေး'

ကျောင်းကျားလင်သည် စကားဆုံးသွားသည်နှင့် ဘုရားကျောင်းအောက်သို့ ဆင်းသွားလေ၏။

အောက်ရောက်သော် ကျောင်းကျားလင်သည် လုချီရှာမှ တံငါသည် အဘိုးအိုကို ဂါရဝပြုလိုက်လေ၏။

‘မင်းကို ငါသိပါတယ်ကွာ၊ မင်း ကျင်းကျားလင် မဟုတ်လား’

ကျင်းကျားလင် အံ့သြသွား၏။

သို့သော်....

မေးမြန်းမနေတော့ဘဲ လိုရင်းကိုသာ ပြောလိုက်သည်။

‘အဘခင်ဗျား၊ ဘုရားကျောင်းပေါ်မှာ သားအမိနှစ်ဦး ထူးဆန်းတဲ့ သွေးကြောပိတ်ပညာနဲ့ သွေးကြောပိတ်ခံထားရပါတယ်၊ အဲဒါကို အဘလိုက်ကူညီပါဦး’

လူချီရှာမှ တံငါသည်အဘိုးအိုက ပြုံးလိုက်၏။

‘သွေးကြောဖွင့်တာ ဘာခက်တာမှတ်လို့၊ ငါလုပ်ပေးနိုင်ပါတယ်၊ နေဦးကွ၊ ဒီမှာ အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်’

သူသည် ငါးမျှားတံ၌ တန်းလန်းကြီးဖြစ်နေသော ကျင်းကျားလင်အတုအား အောက်သို့ချပြီး သွေးကြောပိတ်လိုက်လေ၏။

‘ကဲ-ဒီလိုသွေးကြောပိတ်တော့ ဒီကောင် ဘာလုပ်နိုင်တော့မှာလဲ’

ထိုအခါ ကျင်းကျားလင်အတုက....

‘ခင်ဗျားတို့မှတ်ထား၊ ခင်ဗျားတို့အားလုံးကို ကျုပ်ဆရာ လက်စားချေ သတ်ဖြတ်လိမ့်မယ်’



အဘိုးအိုက ရယ်မောလေ၏။

‘မင်းဆရာလက်စားချေတာက နောက်၊ မင်းဘယ်သူဆိုတာ သိရဖို့က အရင်၊ အဲဒီတော့ သူ့ကို စစ်ဆေးပြီးတော့ မင်းလက်ထဲ အပ်လိုက်မယ်၊ မင်းတို့ ကြည့်ပြီးစီစဉ်ကြပေါ့ကွာ’

‘ဟုတ်ကဲ့ အဘ’

‘ဒီလိုဆိုရင် သူ့ကို စစ်ဆေးဖို့ပဲ ကျန်တော့တာပေါ့’

‘အဘက ဘယ်လိုများ စစ်ဆေးမှာလဲ’

‘ငါ စစ်ဆေးမှာကတော့....ကဲ....ကွာ’

အဘိုးအိုသည် နားရွက်နောက်နားမှ အစကို ကိုင်ပြီး လှန်လိုက်သောအခါ မူလမျက်နှာသည် ပေါ်လာ၏။

ကျင်းကျားလင် မျက်နှာဖုံးသည် ကျွတ်သွား၏။

‘အော်....မင်းကိုး’

ထိုလူမှာ ဝမ်ကျုံးယန်ဖြစ်သည်။ သူ့ကို အဘိုးအို ကောင်းစွာ သိလေ၏။ ကျင်းကျားလင်သည် ဒေါသအမျက် ချောင်းချောင်း ထွက်လာလေ၏။

‘လူယုတ်မာ၊ မင်း မဟုတ်တာတွေလုပ်ခဲ့လို့ ငါ့မှာ တသီကြီး ပြဿနာတွေတက်နေတယ်၊ ကဲကွာ’

ကျင်းကျားလင်သည် လွန်စွာ ဒေါသဖြစ်နေသဖြင့် တဖျန်းဖျန်းနှင့် စီးချလိုက်လေ၏။

အဘိုးအိုက....
'ကဲ...အပေါ်ကအမျိုးသမီးတွေကိုလဲ အခကြော ဖွင့်ပေးရဦးမယ် အပေါ်တက်ကြဦးစို့၊ မင်းက ဒီကောင့်ကို အပေါ်ခေါ်ခဲ့ပါ'

သူတို့သည် အပေါ်ထပ်သို့ တက်ခဲ့ကြလေ၏။ ယိုလန်သည် ဝမ်ကျုံးယန်ကို မြင်သောအခါ ဒေါသအမျက်ခြောင်းခြောင်း ထွက်လာလေ၏။

သူသည် ကျင်းကျားလင်အဖြစ် ဟန်ဆောင်ပြီး သူမကို ကျူးလွန်ခဲ့ကြောင်း သူမ သိသွားလေပြီ။ လူနာကျင်းကျားလင်ကို မည်သို့ ဘေးဖယ်ထားခဲ့သည်ကိုမူ သူမ စဉ်းစား၍ မရချေ။

သူသည် ဝမ်ကျုံးယန်ကို မြင်သောအခါ ဓားဖြင့် ထိုးလိုက်သည်။ ထိုအခါ အဘိုးအိုအား ဝမ်ကျုံးယန်ကို ဆွဲဖမ်းလိုက်လေ၏။ ယိုလန်၏ဓားချက်သည် လွဲသွားတော့၏။

'ဟော့...ဟော့ မင်းတို့ သူ့ကိုသတ်လို့ မဖြစ်ဘူး'

ကျင်းကျားလင် မျက်မှောင်ကြုတ်ပြီး မေးသည်။

'ဘာဖြစ်လို့လဲအဘ'

လုချိရှာမှ တံငါသည်အဘိုးအိုက....
'သူ့ရဲ့ဆရာကို မင်းတို့မသိကြဘူးလား'
'ဘယ်သူများလဲအဘ'



'ယာမမင်းရန်လေ၊ ရန်လိုအကြောင်း မင်းတို့ ကြားဖူးကြမှာပေါ့'

ကျင်းကျားလင်သည် ယာမမင်း ရန်လိုအကြောင်း ယခင်က ကြားသိထားခဲ့သည်။ ယာမမင်းရန်လိုသည် သိုင်းပညာ၌ သူမတူအောင် အဆင့်မြင့်သည်။

အလွန် ရက်စက်ကြမ်းကြုတ်သည်၊ သတ်ချင် ဖြတ်ချင့်စိတ်ရှိသည်။ သို့သော် သူ့၌ ကောင်းသော အကွက်တစ်ကွက်ရှိသည်။

ထိုအချက်မှာ မိမိ၏တပည့်များ အား အကာအကွယ်ပေးသော အချက်တည်း။ သူ့တပည့်တစ်ဦး အသတ်ခံရလျှင်လည်း ထိုလူများကို လိုက် လိုက်လံ လက်စားချေတတ်သည်။

ယိုလန်သည် ကျင်းကျားလင် တွေဝေနေသည်ကို မြင်သောအခါ သူမက ဝင်ပြောလေ၏။

'သူ့ကို ကျွန်မ သတ်ပါရစေ၊ ယာမမင်းက လက်စားချေမယ် ဆိုရင်လဲ ကျွန်မ လက်စားအချေခံပါမယ်'
ထိုအချိန်တွင် လုချိရှာ တံငါသည်အဘိုးအိုသည် အမျိုးသမီးကြီးနှင့် ချင်ကုလျှံတို့ သွေးကြော ဖွင့်ပေးပြီးလေပြီ။
ချင်ကုလျှံကလည်း...
'ဟုတ်တယ်၊ သူဟာ ကျွန်မကိုလဲ စော်ကားထားတယ်။ ကျွန်မ သွေးကြော ပိတ်ခံထားရတဲ့အချိန်မှာ ပွေ့ပွေ့ ပိုက်ပိုက် လုပ်တယ်၊ ဒီတော့ ကျွန်မလဲ သူ့ကိုသတ်မယ်'

အဘိုးအိုက ခေါင်းယမ်းလိုက်ပြီး....

'ဒါကတော့ မင်းတို့သဘောပဲ၊ ကဲ....ငါ့ လုပ်ငန်းတွေလဲ ပြီးပြီ၊ ငါတို့သွားတော့မယ်'

သူသည် လူငယ်ကလေးကိုခေါ်ကာ ထိုနေရာမှ ထွက်ခွာလေတော့သည်။

....ဝ....

# အခန်း (၁၁၀)

## သတင်းစုံစမ်းခြင်း

လုချီရွာမှ တံငါသည်နှင့် လူငယ်ကလေး ထွက်ခွာသွားသောအခါ အမျိုးသမီးကြီး ချင်ကုလျူ၊ ယိုလန်၊ ကျွင်းကျားလင်နှင့် ဝမ်ကျုံးယန်တို့ ကျန်ရစ်ခဲ့ကြလေ၏။

ဝမ်ကျုံးယန်သည် လုချီရွာမှ တံငါသည်ကဲ့သို့သော သိုင်းပညာရှင်မျိုးကပင် သူ့အား မသတ်ဝံ့ကြောင်း တွေ့ရသောအခါ သူ့ဆရာ၏ စွမ်းရည်ကို ပိုမိုယုံစားသွား၏။

သူသည် သေးကြော ပိတ်ထားရလျက်မှ ကျယ်လောင်စွာ ရယ်မောလေ၏။

'မင်းတို့တတွေ သေသွားမယ်၊ ငါ့ကို အခု လွှတ်ရင်လွှတ် မလွှတ်ရင် မင်းတို့ ခေါင်းပြတ်ကုန်မယ်၊ ငါ့ဆရာက ဒီအတိုင်း ကြည့်နေမှာမဟုတ်ဘူး'

'ကျွန်မ သတ်မယ်'

'ငါသတ်မယ်'

ယိုမိန်နှင့်ချင်ကုလျှံတို့သည်လျှပ်တစ်ပြက်တိုးဝင်ပြီးဓားဖြင့် ထိုးခုတ်ကြသည်။

ဝမ်ကျုံးယန်သည် အသံပင် မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသေဆုံးသွားလေ၏။

ယိုမိန်နှင့် ချင်ကုလျှံတို့သည် ဒေါသ မပြေနိုင်သေးဘဲဆက်လက် ထိုးခုတ်ကြလေ၏။

'ကဲဟာ....ကဲဟာ ခေါင်းဖြတ်ဦး၊ ခေါင်းဖြတ်ဦး'

ကျင်ကျားလင်က တားဆီးလိုက်ရလေ၏။

ယိုလန်သည် ဝမ်ကျုံးယန်အား အပိုင်းပိုင်းခုတ်ချပြီးနောက် ဓားကို ပြောင်းပြန်လှန် ဂုဏ်ကာ မိမိလည်မျိုအား ဆွဲချလိုက်လေ၏။

'အား....'

ကျင်ကျားလင်မှာ ထိတ်ခနဲ ဖြစ်သွား၏။

'မလုပ်နဲ့ ညီမလေး'

ကျင်ကျားလင်မှာ ဟိုလန်နှင့် ဝေးနေသဖြင့် လှမ်းဆွဲရန် မမီချေ။



သွေးများ ဖြာခနဲ ကျလာလေ၏။

ချင်ကုလျှံသည် သွေးမထွက်ရန် သွေးကြောများကို ပိတ်လိုက်သည်။

'ဆေးလုံး ကျန်သေးသလား'

ချင်ကုလျှံက ကျင်ကျားလင်အား မေးလိုက်၏။

ကျင်ကျားလင်သည် အနီရောင် ဆေးလုံးတစ်လုံးကို ထုတ်ပေးလိုက်၏။

ချင်ကုလျှံက ဟိုလန်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။

ကျင်ကျားလင်မှာ စိတ်ထိခိုက် သွားရလေ၏။

ထိုအချိန်မှာပင် လူနှစ်ယောက် ထပ်မံ ရောက်ရှိ လာတော့သည်။

ထပ်မံ ရောက်ရှိလာသည့် လူနှစ်ယောက်မှာ မိုးနတ်သားနှင့် မြေနတ်သားတို့ ဖြစ်ကြ၏။

သူတို့ ရောက်ရှိလာသောအခါ ကြမ်းပြင်ပေါ်၌ မှုရ၏ အလောင်း အပိုင်းပိုင်း ခုတ်ထစ်ထားသော အလောင်း တစ်လောင်းနှင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိထားသော မိန်းကလေး တစ်ယောက်အား တွေ့ရှိကြရလေ၏။

ထို့ပြင်....

သွေးကြောပိတ် ခံထားရသော သားအမိ နှစ်ယောက်မှာ လည်း သွေးကြော ပြန်ဖွင့်ပြီး လူကောင်း ပကတိ ပြန်ဖြစ်နေသည်ကို တွေ့ကြရသည်။

သူတို့သည် ကျင်ကျားလင်ကိုတွေ့လိုက်သဖြင့် ထိုသားအမိကို သွေးကြောဖွင့်ပေးသည်မှာ ကျင်ကျားလင် လဲကျသေဆုံးနေသူများကို တိုက်ခိုက်သူမှာလည်း ကျင်ကျားလင် ဖြစ်သည်ဟုသူတို့ ထင်မှတ်မိကြကည်။

'အောင်မယ် မင်းက ဘယ်ဆိုးလို့ တုန်း'

ကျင်ကျားလင်သည် မိုးမြေ နတ်နှစ်ပါးကို တွေ့သောအခါ စိတ်မသက်မသာ ဖြစ်သွား၏။

သူတို့နှင့်အတူ ပြဿနာများ ပါလာပြန်ပြီဟု သိရှိလိုက်မိသည်။

'ခင်ဗျားတို့ဟာ ကျွန်တော့်ကို ပညာ သင်ပေးခဲ့တဲ့အတွက် ကျွန်တော်ဟာ ခင်ဗျားတို့ကို အစစ အရာရာ သည်းခံပါတယ်၊ ဒါပေမယ့် နောက်ထပ် ကျွန်တော့် အပေါ် စော်ကားတာ မလုပ်ပါနဲ့တော့၊ ကျွန်တော်သည်းမခံနိုင်တော့ပါဘူး'

မြေနတ်သားက မဲ့ပြုံးပြုံးလိုက်၏။

'သည်းမခံနိုင်ရင် မင်းကဘာလုပ်ချင်လို့ လဲ'

ကျင်ကျားလင်သည်စကားမပြောတော့ပေ။

ဝမ်းဗိုက်အတွင်းမှ စ၍ အတွင်းအားကို ထုတ်လိုက်၏။

အတွင်းအားသည် တစ်ကိုယ်လုံး ပျံ့နှံ့လာ၏။

လက်ဖျံ၊ လက်မောင်း၊ လက်ဖျားများသို့ ရောက်ရှိလာ၏။

သူ၏ လက်ဖျား နှစ်ဘက်တွင် အတွင်းအား ရောက်ရှိသောအခါ သူသည် ဘုရားကျောင်း နံရံကို ရိုက်ချလိုက်လေ၏။



'ဝုန်း....'

ကြီးမားလှသော ဘုရားကျောင်းကြီး တစ်ခုလုံး တုန်လှုပ်သွားလေ၏။

ချင်ကုလျံသည် အခြေအနေကို ရိပ်မိသဖြင့် ယိုလန်ကို ကောက်ချီကာ ဘုရားကျောင်း အပြင်သို့ ပြေးထွက်သွားလေ၏။

သူမ၏ မိခင် အမျိုးသမီး ကြီးမှာလည်း ချင်ကုလျံနောက်မှ ပြေးလိုက်သွားသည်။

ဘုရားကျောင်းကြီးမှာ တဖြည်းဖြည်း ယိုယွင်းလာသဖြင့် ကျောင်းထိုင်မည့် ဘုန်းတော်ကြီးမရှိတော့ဘဲ၍အတိုင်းပစ်ထားခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာမြင့်လှလေပြီ။

ထို့ပြင်....

ဘုရားကျောင်းကြီးမှာ လမ်းဘေး၌ ကပ်၍ တည်ရှိနေသည် မဟုတ်သဖြင့် လူအများ ဝင်ထွက်သွားလာခြင်း မပြုကြပေ။

သိုင်းသမားများသာ ရံဖန်ရံခါ အသုံးပြုခဲ့ကြသည်။

ယခု ကျင်ကျားလင် အတွင်းအားဖြင့် ရိုက်ချလိုက်သောအခါ ကျောင်းကြီး၊ တစ်ခုလုံး တုန်လှုပ်လာလေ၏။

ဤသို့ တုန်လှုပ်ရန် လုပေါင်း တစ်ရာမျှ ရှိက်သော်လည်း ကျောင်းကြီး ဤသို့ တုန်လှုပ်မည် မဟုတ်ပါ။

မကြာမီ ဘုံဆောင်မြင့်ကြီး ပြိုကျလာလေ၏။

ကျင်ကျားလင်သည် ဘု ဆောင်မြင့်ကြီး ပြိုကျလာသည်ကို မြင်သောအခါ ဘုရားကျောင်း အပြင်သို့ခုန်ထွက်သွား လေ၏။

မိုးနတ်သားနှင့် မြေနတ်သားတို့မှာမိမိတို့ကပညာသင်ကြား ပေးခဲ့သည့် ကျင်ကျားလင်မှာ ဤကဲ့သို့ ကြောက်မက်ဖွယ်ရာ အတွင်းအားကို ပိုင်ဆိုင်နေကြောင်း တွေ့သောအခါ မယုံကြည် နိုင်အောင် ဖြစ်နေကြသည်။

ထို့နောက်...

ဘုရားကျောင်းကြီး၏ ထုပ်ယောက်၊ ဒိုင်း၊ များတို့ တဝုန်း ဝုန်းနှင့် ပြိုကျလာ၏။

ထို့နောက်....

တိုင်များ နံရံများ ပြိုကျလာသည်။

မကြာမီ ကျောင်းကြီး တစ်ခုလုံး ပြိုကျသွားလေတော့၏။

ဘုရားကျောင်းကြီး တစ်ခုလုံး အုတ်ပုံကြီး ဖြစ်သွားလေပြီ။

တထောင်းထောင်း ထနေသော သဲဖုန်များ ကွယ်ပျောက် သွားသောအခါ ကျင်ကျားလင်သည် မျက်လုံး တစ်ချက် ဝေ့ကြည့်လိုက်၏။

မိုးနတ်သားနှင့် မြေနတ်သားတို့ကို အရိပ်အယောင်မျှပင် မမြင်ရတော့ချေ။

ကျင်ကျားလင်သည် သူ၏ လက်နှစ်ဘက်ကို ပြန်ကြည့်လိုက် ၏။

ကျင်ကျားလင်သည် သူ၏ အတွင်းအားများဤကဲ့သို့အံ့ဩ ဖွယ်ရာ ကောင်းနေလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။



ယခု သူ၏ အတွင်းအားမှာ အလွန်တစ်ရာ ကြောက်မက် ဖွယ်ရာ ဖြစ်နေလေပြီ။

ဘုရားကျောင်းကြီးမှာ ကျောင်းပျက်ကြီး ဆိုသော်လည်း လူတစ်ရာတို့ ဖျက်ဆီးသော်လည်း ဆယ်ရက်မျှမက ဖျက်ဆီးရ ပေလိမ့်မည်။

အချို့ အုတ်နံရံများမှာ အခိုင်အခန့်ကြီး ရှိသေးသည်။

ယခု....

ထိုကျောင်းကြီးအား ကျင်ကျားလင်က တဒင်္ဂမျှအတွင်း အုတ်ပုံဘဝ ရောက်အောင် ပြုလုပ်လိုက်လေပြီ။

ချင်ကုလျှ မှာ ဝမ်းသာမဆုံး ရှိနေလေ၏။

သူမသည် ပြေးလာပြီး ကျင်ကျားလင်ကို ဖက်လေ၏။

ကျင်ကျားလင်ကလည်း ချင်ကုလျှ အား ပြန်ဖက်ထား သည်။

'ဝမ်းသာလိုက်တာ ကျောင်းကြီးလဲ ပြိုကျသွားပြီ၊ခြေသလုံး အိမ်တိုင် သိုင်းသမား နှစ်ယောက်လဲ ပြေးသွားပြီ၊ သူတို့ကို အရိပ်တောင် မတွေ့လိုက်ရဘူး'

ကျင်ကျားလင်သည် လက်သီးလက်မောင်း တန်းသိုက်၏။

'ဟုတ်တယ် ချင်ကုလျှ ၊ အခု ကွင်းကိုးကွင်း အလံအဖွဲ့ကို ရင်ဆိုင်လို့ ရပြီလေပြီ၊ ဒီကောင်တွေကို ဖြိုပစ်ရမယ်'

ချင်ကုလျှ လည်း ဝမ်းသာအားရ လက်သီးလက်မောင်း လိုက်တန်းလေ၏။

ထိုမှ တစ်လကြာပြီးသောအခါ ရှစ်ဆယ့်ငါးရက်သို့ ရောက်ရှိလာလေ၏။

ပါကုန်းမြို့သည် ထိုရှစ်လဆယ့်ငါးရက်နေ့၌ အလွန် စည်ကားနေပေသည်။

အိမ်တိုင်း အိမ်တိုင်း ရှစ်လဆယ့်ငါးရက်အား မင်္ဂလာရှိသော ရက်အဖြစ် ကြိုဆိုနေကြ၏။

မွန်းတည့်ချိန်....

ကြိတ်ကြိတ်တိုး လူများစည်ကားနေပေသည်။ ထိုလူအုပ်ထဲတွင် ထောင်ထောင်နှင့် ဖြစ်နေသော လူနှစ်ယောက်ကို တွေ့မြင်ရ၏။

ထိုလူနှစ်ယောက်ကား အလွန်ထွားကျိုင်းသော လူမြင်းကြီးများ ဖြစ်၏။

သူတို့သည် စာသူငယ်ကြား လင်းတနားသကဲ့သို့ လူအုပ်ကြားတွင် သူတို့ကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

သူတို့သည် အင်အားအားကိုးဖြင့် ရှေ့မှလူများကို မညှာမတာ တွန်းဖယ်၍ ရှေ့သို့လျှောက်နေကြ၏။

သူတို့၏ တွန်းဖယ်မှုကို ခံရသူများသည် ပြိုလဲကျမတတ် ဖြစ်သွားကြ၏။

သူတို့သည် မကျေမနပ်ဖြင့် လှည့်ကြည့်ကြသည်။

အဆမတန် လူကောင်ကြီးမားခြင်း၊ ဓားများကို ကိုယ်စီ သိုင်းလွယ်ထားကြခြင်းတို့ကြောင့် သူတို့သည် မကျေနပ်သော်လည်း ဘာမျှမပြောကြချေ။



သူတို့သည် မကျေနပ်မျက်များကို မြှိုသိပ်ထားလိုက်ကြ၏။ ထိုလူနှစ်ယောက်သည် တစ်လျှောက်လုံး တွန်းထိုးလျှောက်သွားကြပြီး လမ်းကလေးတစ်ခုထဲသို့ ချိုးကွေ့လိုက်ကြ၏။

ရုတ်တရက် သူတို့၏ ပခုံးအား တစ်စုံတစ်ယောက်က ပုတ်လိုက်လေသည်။

သူတို့အား ပခုံးပုတ်ရပါမည်လောဟု ဒေါနှင့်မာန်နှင့် လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ မျက်နှာထားတင်းတင်းဖြင့် ရပ်နေသော မိန်းမချော မိန်းမလှလေး တစ်ယောက်အား တွေ့မြင်ကြရလေသည်။

ထိုလူနှစ်ယောက်အနက် မျက်နှာ လေးထောင့်စပ်စပ်နှင့်လူက....

'လုစုချင်းပါလား'

ထိုမိန်းကလေးကား အခြားသူ မဟုတ်ပေ။

ထင်းလိန်ကွမ်ရှမ်းရသေ့ကြီး ဆေးကုပေးခဲ့သော လုစုချင်းပေတည်း။

ထိုထင်းလိန်ကွမ်ရှမ်းရသေ့ကြီးသည် တုံကျင်းဖု၊ လုချီရွာမှ တံငါသည်အဘိုးအိုတို့နှင့် မသင့်မတင့် ဖြစ်ခဲ့သောသူပင်။ သို့သော်....

တုံကျင်းဖုနှင့် လုချီရွာမှ တံငါသည်အဘိုးအိုတို့က ရှောင်ထွက်သွားခဲ့ကြသည်။

လုစုချင်း၏ မျက်နှာမှာ တင်းမာခက်ထန်နေသည်။

'ဦးလေးတို့က ဘာဖြစ်လို့ ကွမ်းတုံကို မပြန်သေးဘဲ ဒီမှာ နေရစ်ခဲ့တာလဲ'

မျက်နှာလေးထောင့်စပ်စပ် ရှိသူသည် မုကန်းဖြစ်၏။ သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

'ငါ့တူမက မသိသေးဘဲကိုး၊ ငါတို့အစ်ကိုကြီးအတွက် လက်စားမချေရမချင်း ဦးလေးတို့ မပြန်နိုင်ပါဘူး'

လုစုချင်း၏ တင်းမာနေသော မျက်နှာသည် ချက်ချင်း ပျော့ပျောင်းသွားသည်။

သူမသည် ကွယ်လွန်သွားသော ဖခင်ကိုသတိရသွားသည်၊ သူမသည် ဝမ်းနည်းသွားသည်။

'ဦးလေးတို့အလုပ်က ဒီမှာမှ မရှိဘဲ'

'မရှိဘူး ဘယ်ဟုတ်မလဲ တူမရယ်'

'ဦးလေးတို့က လက်စားချေချင်တဲ့ ဆန္ဒရှိရင် ကျောင်းကျား ဂေဟာကို သွားရမယ်၊ ဦးလေးတို့ အဲဒီကိုမသွားဘဲ ဒီမှာနေနေတာ ဟုတ်ကိုမဟုတ်ပါဘူး'

မုကန်းက....

'ဦးလေးတို့ နှစ်ခါတောင်ရောက်ခဲ့ပြီးပြီ၊ အခုလဲ အခြေအနေကို စောင့်ကြည့်နေကြတာ၊ အခြေအနေကို မကြည့်ဘဲ ဝင်သွားရင် မီးပုံထဲဝင်သွားတဲ့ ပိုးဖလံကောင်လေးတွေလိုဖြစ် သွားမှာပေါ့'



'အခြေအနေက ဘယ်လောက်ဆိုးနေလို့လဲ'

'ကျောင်းကျားဂေဟာထဲမှာ ထိပ်တန်းသိုင်းသမားတွေချည်း ရှိနေတယ်၊ ဦးလေးတို့ သွားချင်တိုင်းသွားလို့ မရဘူး၊ မိုက်မိုက်ကန်းကန်းဝင်သွားရင် သေသွားမှာပဲ'

လုစုချင်းက မဲ့ပြုံးပြုံးလိုက်၏။

'ဦးလေးတို့ ဒီပါကုန်းမြို့မှာ နေနေလို့ကော လက်စားချေလို့ ရမှာတဲ့လား'

တိန်းပါက ကြားဖြတ်ပြောလိုက်၏။

'ငါ့တူမကြီး အထင်မလွဲပါနဲ့၊ မင်းအဖေ ငါတို့အစ်ကိုကြီး အတွက် လက်စားချေဖို့ ကြိုးစားနေတာပဲ'

မုကန်းက....

'ဟုတ်ပါတယ်၊ ဦးလေးတို့က အခြေအနေနဲ့ အခွင့်အရေးကို စောင့်နေကြတာပါ၊ ပထမနှစ်ကြိမ်က အရမ်းဝင်ကြိုးစားခဲ့ပြီ၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ အခု တတိယ အကြိမ်ကြတော့ အခြေအနေကို စောင့်ကြည့်နေရတယ်'

လုစုချင်းသည် ပါးစပ်ကို တင်းတင်းစေ့ထားလေ၏။ ထိန်းပါက ထပ်မံရှင်းလင်းပြလေ၏။

'ဦးလေးတို့ ဒီမြို့မှာ အကြောင်းမရှိဘဲ မနေပါဘူး၊ အကြောင်းရှိပါတယ်'

လုစုချင်းက...

'ဘာအကြောင်းများလဲ'

မှုကန်းက ဝင်ပြောလေ၏။

'ဦးလေးတို့ရဲ့ ရန်သူဖြစ်တဲ့ ကျောင်းကျားလင်ဟာ ဒီမြို့ထဲမှာ ခေတ္တနေရပါတယ်၊ ဦးလေးတို့ရဲ့ သတင်းပေးသူကလဲ သူ့ကို ဒီမြို့မှာ ခဏစကာခေတ္တနေရအယ်လို့ သတင်းပေးကြပါတယ်'

လုစုချင်းက ခေါင်းညိတ်မလေ၏။

'ဒါကို ကျွန်မသိပါတယ်'

ထိန်းပါ အံ့ဩသွားသည်။

'တူမကြီး သိတယ်ဟုတ်လား'

'ဒီမြို့မှာ သူရှိတယ်ဆိုတာ ကျွန်မသိတယ်လို့ ပြောတာပေါ့'

'ဟုတ်တယ်၊ သူဟာ ဒီမြို့မှာတော့ ရှိနေတယ်'

'သူ ဘယ်တည်းခိုခန်းမှာ တည်းခိုနေသလဲ'

'သူ ဘယ်တည်းခိုခန်းမှာ တည်းခိုနေသလဲဆိုတာ ငါတို့ စုံစမ်းနေတာ ကြာပါပြီ၊ သူ ဘယ်တည်းခိုခန်းမှာမှ မတည်းဘူး'

'တည်းခိုခန်းအားလုံးကို စုံစမ်းပြီးပြီပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ တည်းခိုခန်းအားလုံးလဲ စုံနေပါပြီ၊ သူဟာ တစ်အိမ်အိမ် တစ်ခြံခြံမှာ ခိုနေတာပဲ ဖြစ်ရမယ်'

'ဦးလေးတို့ စုံစမ်းနေတာ တစ်လလောက်ရှိပြီ မဟုတ်လား'



'ဟုတ်ပါတယ်'

'တစ်လလောက် စုံစမ်းတာတောင် ဘာမှ မသိရဘူးဆိုတော့....'

ထိန်းပါက ရှင်းပြသည်။

'ငါတို့ဂရုစိုက်ပါတယ်ကွယ်၊ သူဘယ်မှာတည်းခိုတယ်ဆိုတာ မသိရပေမယ့် သူ ဆေးဝယ်နေတဲ့ ဘယဆေးဆိုင်ကိုတော့ သိပါပြီ'

လုစုချင်း စိတ်ဝင်စားလာသည်။ သူသည် အဘယ်ကြောင့် ဆေးဝယ်သနည်း။

ဆေးဝယ်သည့် အကြောင်းရင်းကိုတော့ သိချင်လိုလိမ့်မည်။

လုစုချင်းက....

'သူက ဘာဆေးတွေ ဝယ်လာတာလဲ'

ထိန်းပါက....

'အားဆေးနဲ့ ဒဏ်ကြေဆေး နှစ်မျိုးပါ'

လုစုချင်းက ဆက်၍မေးလိုက်၏။

'သူက မကြာမကြာ လာဝယ်လို့လား'

ထိန်းပါက ခေါင်းညိတ်၏။

'ဟုတ်တယ်၊ သုံးရက်တစ်ကြိမ်တော့ လာဝယ်တယ်'

'ဟင်....ဝယ်တာစိပ်လှချည်လား'

'ဟုတ်ဘယ်၊ အဲ့ဒါကို စဉ်းစားနေတာ'

'တန်တော့ သူတို့ထဲမှာ ဒဏ်ရာရသူများ ရှိနေပြီလား မသိနိုင်ဘူး'

'မပြောနိုင်ဘူး၊ သူတည်းခိုတဲ့နေရာမသိတော့ အဲဒါတွေကိုလဲ လုံးဝမသိဘူး'

လုစုချင်းက မဲ့ပြုံးပြုံးလိုက်၏။

'အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်မဒီကနေ့မှ ရောက်လာပေမယ့် သူဘယ်မှာတည်းဘယ်ဆိုတာကို ကျွန်မ စုံစမ်းလို့ရပါပြီ'

ထိန်းပါနှင့် မုကန်းတို့ အံ့သြသွားလေ၏။

သူမက ဆက်ပြောလေ၏။

'သူ ဘယ်သူ့အတွက် ဆေးဝယ်တယ်ဆိုတာကို ငါ့တူမကြီး သိလိုက်ပြီမဟုတ်လား'

လုစုချင်းက ခေါင်းညိတ်လိုက်သည်။

'ဦးလေးတို့ကို ကျွန်မမေးတာ ဦးလေးတို့ ဒီမှာနေနေတာ ဘယ်လောက်အရာရောက်ပြီလဲ သိချင်လို့ မေးတာပါ၊ ဦးလေးတို့ ဘာမှမသိတာကို ကျွန်မတွေ့ရတယ်၊ ဒီအတွက်လဲ ဦးလေးတို့ကို ကျွန်မအပြစ်မတင်ပါဘူး....

'ဘာဖြစ်လို့လဲဆိုတော့ သူက ဉာဏ်ကောင်းတယ်မဟုတ်လား၊ သူတည်းခိုတဲ့နေရာကို ဘယ်သူမှမသိအောင် သူက ဖုံးဖျက်ပြီး သွားနေမှာပဲ၊ သူဟာ နဂိုကတည်းက ဉာဏ်ကောင်းတဲ့လူ ဖြစ်တယ်'



မုကန်းက....

'အခု သူ ဘယ်မှာရှိနေသလဲဟင်'

လုစုချင်းက ရယ်မောလိုက်၏။

'သူဟာ သူနေတဲ့နေရာကို မသိနိုင်အောင် အကွက်လှည့်နေတယ်၊ တကယ်တော့ သူ့နောက်လိုက်တဲ့လူဟာ သူ့ကိုမြို့ပြင်မှာနေထိုင်တယ်လို့ အောက်မေ့မိမှာပဲ'

'သူက မြို့ပြင်မှာမနေဘူးပေါ့'

'ဒါပေါ့၊ သူမြို့ပြင်မှာ မနေပါဘူး၊ မြို့ထဲမှာပဲနေတာပါ၊ သူမြို့ပြင်ထွက်တာဟာ ပရိယာယ်ဆင်တာပါ၊ အမှန်တော့ သူဟာ အနောက်ဘက်တံခါးက ထွက်သွားတာကို သူ့နောက်လိုက်တဲ့လူတွေရမယ်၊ အဲ....ဆက်လိုက်သွားမှ သူဟာ အရှေ့ဘက်တံခါးက မြို့ထဲပြန်ဝင်လာတာကို တွေ့ရလိမ့်မယ်'

'တော်တော်ဉာဏ်များတဲ့ကောင်ပဲ'

'မဟုတ်ဘူး၊ သူ့လုံခြုံရေး၊ သူနဲ့အတူနေတဲ့ လူတွေရဲ့လုံခြုံရေးအတွက် ဒီလောက်တော့ လုပ်ရမှာပေါ့'

'ဒါနဲ့ သူဘယ်မှာ ပုန်းအောင်းနေတာလဲ'

'အိမ်ဟောင်းကြီးမှာ'

'ဟာ....မြို့ဆင်ခြေဖုံးက အိမ်ဟောင်းကြီးထဲမှာပေါ့၊ အဲဒီအိမ်ကြီးဟာ ခြံဝင်းကျယ်ကြီးထဲမှာရှိတယ်'

'ဟုတ်ပါတယ်၊ အဲဒီအိမ်ကြီးပါပဲ'

ထိန်းပါက ခံပြင်းစွာပြောလိုက်၏။

'မင်း ဘယ်ပြေးပြေး၊ ဒီတစ်ခါတော့ ပြေးမလွတ်တော့ပါဘူး၊ ဟင်း....ဟင်း....ငါတို့ သူ့ကို အလွတ်ပေးခံတော့ပါဘူး'

သူ၏စကားဆုံးသည်နှင့် ထိန်းပါနှင့် မုကန်းတို့သည် ထွက်သွားကြတော့၏။

သူတို့သည် စိတ်မြန်ကိုယ်မြန်ရှိကြသော သူများဖြစ်ကြလေသည်။

လုစုချင်းက ဟန့်တားလိုက်၏။

'ခဏ'

ထိန်းပါက လှည့်ကြည့်လာသည်။

'တူမက ဘာပြောချင်သေးလို့လဲ'

လုစုချင်းက....

'ဦးလေးတို့ ဘယ်သွားကြမလို့လဲ'

'ကျောင်းကျားသင်ကို ဖမ်းမယ်လေ'



'နေပါဦး၊ ကျွန်မစကားကို ဆုံးအောင် နားထောင်ကြပါဦး'

ထိန်းပါနှင့် မုကန်းတို့သည် ပြန်လှည့်လာလေ၏။

လုစုချင်းက....

'ဦးလေးတို့ရဲ့ သိုင်းပညာနဲ့ သရဲငါးကောင်ရဲ့ သိုင်းပညာ ယှဉ်ကြည့်ရင် ဘယ်လိုနေမလဲ'

ထိန်းပါက မချိပြုံးပြုံးလိုက်၏။

'သရဲငါးကောင်က ငါတို့ထက်သာတာပေါ့....၊ ဘာလို့ ဦးလေးတို့ဟာ သူတို့နဲ့မတွေ့အောင်ရှောင်တာပေါ့၊ သူ့သီကွာနဲ့သူ၊ ကိုယ့်သိက္ခာနဲ့ ကိုယ်ပေါ့၊ သူတို့နဲ့မတွေ့ရင် ကိုယ့်ဟန်ကိုယ့်မာန်နဲ့ နေနိုင်တာပေါ့'

လုစုချင်းက....

'အဲဒီ သရဲငါးကောင်ထဲက သရဲသုံးကောင်ဟာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြပြီ'

ထိန်းပါနှင့် မုကန်းတို့ မျက်လုံးပြူးသွားကြ၏။

'သူတို့ထက်တော်တဲ့ သိုင်းသမားတွေနဲ့ တွေ့လို့နေမှာပဲ၊ နို့မို့ရင် ဒဏ်ရာ ပြင်းပြင်းထန်ထန် မရနိုင်ဘူး'

လုစုချင်းက....

'သူတို့ဟာ အဲဒီအိမ်ဟောင်းကြီးထဲ စုံစမ်းဖို့ဝင်သွားကြ သတဲ့၊ သွားတာကတော့ ငါးယောက်ပဲ၊ ဒါပေမယ့် သုံးဦးပဲ ဒဏ်ရာပြင်းပြင်းထန်ထန် ရလာတယ်'

မုကန်းက....

'ကျန်တဲ့နှစ်ယောက် ကံကောင်းလို့ ဒဏ်ရာမရတာပေါ့'

လုစုချင်းက ခေါင်းညိတ်လိုက်၏။

'ဒါပေါ့၊ ဒါကြောင့် ဦးလေးတို့ဟာ သရဲငါးကောင်ထက် သိုင်းပညာမတော်ရင် အိမ်ဟောင်းကြီးကို မသွားရင်ကောင်း မယ်၊ ဦးလေးတို့ သဘောပေါက်ကြတယ်မဟုတ်လား'

ထိန်းပါနှင့် မုကန်းတို့မှာ ပါးစပ် ပိတ်သွားကြလေတော့ သည်။

လုစုချင်းက ဆက်ပြင်းချ၍ ပြောလိုက်၏။

'ကျောင်းကျားလင်ကတော့ ဒီလောက် သိုင်းပညာအဆင့်မြင့် မှာမဟုတ်ဘူး၊ ဒါကြောင့် ဒီအိမ်ဟောင်းကြီးထဲမှာ အလွန် တော်တဲ့ သိုင်းပညာရှင်ကြီးတစ်ယောက် ရှိလိမ့်မယ်လို့ ယူဆ ရတယ်'

ထိန်းပါ စိတ်ဓာတ်ကျသွား၏။

'ဒီအတိုင်းဆိုရင် ငါတို့အစ်ကိုကြီးရဲ့ ရန်ကြွေးကို လက်စား မချေနိုင်တော့ဘူးပေါ့'



လုစုံချင်းက....

'ဒီလောက်လဲ စိတ်ဓာတ်ကျမနေပါနဲ့၊ ကျောင်းကျားလင်ဟာ တစ်သက်လုံး ဒီအိမ်ကြီးထဲမှာ နေမှာမှမဟုတ်လား၊ နောက် ပြီး နည်းလမ်းတစ်ခု ရှိပါသေးတယ်'

ထိန်းပါနှင့် မုကန်း အားတက်သရော ဖြစ်သွားကြ၏။

မုကန်းက....

'ဘယ်လိုနည်းလမ်းလဲ တူမကြီး'

လုစုချင်းက....

'ကျောင်းကျားလင်ကို အကာအကွယ် ပေးနေတဲ့လူဟာ ဘယ် သူလဲဆိုတာ စုံစမ်းနိုင်ရင်တော့ ဦးလေးတို့ လက်စားချေလို့ ရမှာပေါ့'

ထိန်းပါနှင့် မုကန်းတို့သည် တဖြည်းဖြည်းနှင့် လုစုချင်းကို အံ့သြလာလေ၏။

အဘယ့်ကြောင့်ဆိုသော် သူတို့ တစ်လလုံးလုံး စုံစမ်းရှာဖွေ နေသည်တို့ကို လုစုချင်းက တစ်ရက်တည်းနှင့် အားလုံး သိလ သောကြောင့် ပေတည်း။

အမှန်တော့ လုစုချင်းသည် ကျောင်းကျားလင်အား အဆိပ် သောက်စေပြီး သူမကိုယ်တိုင် အဆိပ်သောက်ပြီး သေရန် ကြံ စည်ခဲ့သော်လည်း ရသေ့ကြီးထင်းလိန်ကွမ်းရှမ်းက ကယ်တင် လိုက်သောကြောင့် အသက်ရှင်ခွင့် ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရသေ့ကြီး ထင်းလိန်ကွမ်ရှမ်း၏ သိုင်းပညာများကိုပါ ရလိုက်သဖြင့် သူမ ဤမျှ အစွမ်းထက်နေခြင်းဖြစ်သည်။

ဤသည်ကို ထိန်းပါနှင့် မုကာန်းတို့ မသိကြပေ။

ထို့နောက် သူတို့သုံးဦးသည် မည်သို့ လုပ်ရှားရမည်ကို ခေါင်းချင်းရိုက် တိုင်ပင်ပြီးနောက် ခွဲခွာသွားကြလေ၏။

....o....



အခန်း(၁၁၁)

အထုပ်အထည်

ပါကုန်းမြို့သည် လူစည်ကားနေ၏။

ရှစ်လဆယ့်ငါးရက်တွင်မူ တစ်နေကုန် လူစည်ကားနေမည်သာ ဖြစ်၏။

ထိုညနေခင်းတွင် လူငယ်တစ်ယောက်သည် ဟိုဟိုသည်သည် ကြည့်လျက် ထွက်လာလေ၏။

ထိုသူကား ကျင်းကျားလင်ပေတည်း။

လျင်းကျားလင်သည် သူသွားရမည့်နေရာကို တည့်တည့် မတ်မတ်မသွားချေ။ ကွေ့ဝိုက်ကာသွားနေ၏။

နောက်ဆုံး သူ ရောက်ရှိသွားသည်မှာ ဘယာဆေးဆိုင်တည်း။

သူသည် ဘယဆေးဆိုင်ထဲ လှမ်းဝင်သည်နှင့် ဆိုင်လုလင်ကလေးက ပြုံးရွှင်စွာ လှမ်းကြိုဆိုလေ၏။

'အစ်ကိုလေး ဘာလိုချင်လို့လဲ'

ကျင်းကျားလင်က....

'မင်းက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား၊ ငါ ဒီဆိုင်မှာ ခဏခဏ ဆေးလာဝယ်နေတာ'

'မှတ်မိပါတယ် အစ်ကိုလေးရ၊ ဒီနေ့က ရှစ်လဆယ့်ငါးရက်မဟုတ်လား၊ မုန့်ရာသီ ကျင်းပတဲ့ကာလမို့လို့ ဆိုင်ကို စောစောပိတ်မလို့ ဖောက်သည်တွေကို စောင့်နေတာပါ၊ ဖောက်သည်တွေလာပြီးရင် ဆိုင်ပိတ်မလို့ စောင့်နေတာပါ'

ကျင်းကျားလင်မှာ ပြုံးနိုင်သွားသည်။

'တော်သေးတာပေါ့၊ ဆိုင်ရှင်တွေအနေနဲ့လဲ ဒီလို သိတတ်ဦးမှပေါ့၊ နို့မို့ရင် ငါတော့အခက်ပဲ'

ဆိုင်လုလင်ကလေး ပြုံးလိုက်၏။

'ကျွန်တော်က ဖောက်သည်တွေ ဝယ်တတ်တဲ့ဆေးတွေကို ကြိုတင် ထုပ်ထားပါတယ်ခင်ဗျ၊ ကျွန်တော်က အစ်ကိုလေး အသစ်အဆန်းဆေးများ ယူဦးမလားလို့ မေးမိတာပါ၊ ပထမ ယူတဲ့ ဆေးတွေကတော့ အသင့်ထုပ်ထားပါတယ်ဗျာ'

ကျင်းကျားလင် ကျေနပ်သွားသည်။

'တော်တယ် မင်းတော်တယ်၊ ဆိုင်တွေအားလုံး အဲဒီလို သိတတ်ရင် သိပ်ကောင်းမှာပဲ'

သူသည် ဆိုင်လုလင်ကလေး လှမ်းပေးသော ဆေးထုပ်ကိုယူပြီး ငွေတုံးကလေးတစ်တုံးကို ပေးလိုက်၏။



'ပိုတဲ့ငွေကို မင်းပဲယူလိုက်ပါ'

ဆိုင်လုလင်သည် အလွန်ဝမ်းသာသွားလေ၏။

ရှစ်လဆယ့်ငါးရက်သည် တကယ့်မင်္ဂလာရက်မြတ်နပတသား။

သူသုံးရန် အပိုငွေ ရရှိလိုက်ပြီမဟုတ်ပါလား...

'ကျေးဇူးတင်ပါတယ် အစ်ကိုလေးရယ်'

ကျင်းကျားလင်သည် ဘယဆေးဆိုင်မှထွက်ပြီး မုန့်နှစ်ဘူးဝင်ဝယ်လိုက်သည်။

ထို့နောက် သူသည် သူ့အား နောက်ယောင်ခံလိုက်မည့်သူများကို အကဲခတ်ကြည့်လိုက်သည်။

မည်သူမျှ မရှိကြောင်းတွေ့သောအခါ သူသည် မြို့အနောက်ဘက်တံခါးမှ မြို့ပြင်ထွက်သွားလေတော့၏။

သူသည် မြို့ပြင်၌ အတော်လျှောက်နေသည်။ သူ့နောက်မှ တစ်ယောက်မျှ လိုက်မလာချေ။

စိတ်ချရပြီ ဆိုသောအခါမှ အရှေ့ဘက်မြို့တံခါးမှ ပြန်ဝင်ခဲ့သည်။

ကျင်းကျားလင်သည် ဆင်ခြေဖုံးအရပ်သို့ လျှောက်လာလေ၏။

ကြီးမားသော ခြံဝင်းကြီးရှေ့ ရောက်လာသည်။ ခြံတံခါးကို ဖွင့်ပြီးဝင်သည်။

အိမ်ဆောင်ကြီးရှေ့ ရောက်သောအခါ တံခါးကို သုံးချက်ခေါက်လိုက်၏။

'ကျိ...'

တံခါးဖွင့်လာသည်။

ချင်ကုလျှံ၏ ချစ်စရာကောင်းသော မျက်နှာကလေးကို မြင်ရသည်။

ကျင်းကျွားလင်သည် မုန့်ထုပ်နှစ်ထုပ်ကို ထိုးပေးလိုက်သည်။

ချင်ကုလျှံ၏ မျက်နှာကလေးသည် ဝင်းပသွား၏။

'ဒီနေ့ ရှစ်လဆယ့်ငါးရက်ဆိုတာ သူမုန့်ပေးမှ သတိရတော့တယ်၊ ကျေးဇူးတင်ပါတယ်နော်'

ကျင်းကျွားလင်က ပြုံးလိုက်၏။

'ကျေးဇူးတင်ရုံနဲ့ မရဘူးနော်'

ချင်ကုလျှံက သူ့အား ချစ်စဖွယ် မျက်စောင်းထိုးလေ၏။ သူသည် ညှော်ခန်းထဲသို့ လှမ်းဝင်ကြလေ၏။

ညှော်ခန်းထဲ၌ အမျိုးသမီးကြီးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။

သူမကား ချင်ကုလျှံ၏ မိခင်တည်း။

အမျိုးသမီးကြီးသည် ခေါင်းငုံ့ပြီး စကြံ့န်လမ်းလျှောက်နေသည်။

သူမသည် တစ်စုံတစ်ခုကို စူးစိုက်နေသည်။ တစ်စုံတစ်ခုအား အဖြေရှာနေသကဲ့သို့ ရှိနေလေ၏။



ကျင်းကျွားလင်သည် အမျိုးသမီး၏ရှေ့၌ သွားရပ်လိုက်သည်။

သို့သော်....

အမျိုးသမီးကြီးက မမြင်ချေ။

'ဒေါ်ဒေါ်'

ကျင်းကျွားလင်က ခေါ်လိုက်၏။

ထိုအခါကြမှ အမျိုးသမီးကြီးက မော့ကြည့်သည်။

'ဩော်...မင်းပြန်လာပြီကိုး'

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ပြန်လာပါပြီ'

ချင်ကုလျှံ၏ မိခင်ကြီးသည် လက်ထဲမှ အထုပ်နှစ်ထုပ်ကို ကြည့်လိုက်၏။

သူသည် ချင်ကုလျှံကိုကြည့်ပြီး အမိန့်ပေးသည်။

'ချင်ကုလျှံ၊ မုန့်တစ်ထုပ်ကို အခန်းထဲသွားပို့စမ်း'

ချင်ကုလျှံ အခက်ကြုံသွား၏။

'အခန်းထဲက ဘဘက သူ့ဆီ အကြောင်းမဲ့လာတာကို မကြိုက်ဘူး မေမေ'

ကျင်းကျွားလင်က ဝင်ပြောလိုက်၏။

'ကျွန်တော် ပို့လိုက်ပါမယ် ဒေါ်ဒေါ်'

အမျိုးသမီးကြီးက ခေါင်းယမ်းလိုက်၏။

'မင်းသွားလို့ မဖြစ်ပါဘူး'

သူမသည် ချင်ကုလျှံအား လှည့်ကြည့်လိုက်သည်။

' ညီး ခုချက်ချင်း သွားပို့စမ်း'

ချင်ကုလျှံသည် မိခင်အား မလွန်ဆန်ဝံ့ချေ။ ထို့ကြောင့် သူသည် မုန့်တစ်ထုပ်ကိုယူ၍ အခန်းတွင်းသို့ ဝင်သွားရလေသည်။

ကျင်းကျားလင်မှာ အကောင်းပါးသူ ဖြစ်သည်။

ချင်ကုလျှံအား ထုံးစံမဟုတ်ဘဲနှင့် ဤသို့ဖဲ့ထုတ်ခြင်းမှာ သူ့အား စကားပြောလို၍ဖြစ်မည်ဟု ထင်သည်။

ထိုစကားမှာလည်း ချင်ကုလျှံ မသိစေချင်သောစကားဖြစ်ပုံရမည်။

ကျင်းကျားလင်က ချင်ကုလျှံ အခန်းထဲဝင်သွားသည်ကို ကြည့်ပြီးမှ ကျင်းကျားလင်က ချင်ကုလျှံ၏မိခင်အား ပြောလိုက်သည်။

'ဒေါ်ဒေါ် ဘာပြောမလို့လဲ'

အမျိုးသမီးကြီးက သူ့အား စိုက်ကြည့်လိုက်သည်။ သူမသည် ချင်ကုလျှံ၏ မိခင်ဖြစ်သည့် အားလျော်စွာ ရုပ်ရည်ချောမောသည်။



ထို့ကြောင့်....

မုရက ပြစ်မှားခြင်းဖြစ်သည်။

'ယိုလန်က ပြောတယ်'

'ဘာပြောသလဲ ဒေါ်ဒေါ်'

'သီလရှင် ဝတ်တော့မယ်တဲ့၊ ဒေါ်ဒေါ့ကို ပြောနေတယ်'

ကျင်းကျားလင်မှာ အံ့အားသင့်သွား၏။

'ဘာဖြစ်လို့တဲ့လဲဟင်'

အမျိုးသမီးကြီးက....

'သူ့ကြည့်ရတာ မဟန်ပါဘူး'

'ဘယ်လိုမဟန်တာလဲ'

'စိတ်ဓာတ်အကြီးအကျယ် ကျနေပုံရတယ်၊ သူ့ဒဏ်ရာ ပျောက်သွားတာနဲ့ ထွက်သွားမှာ သေချာတယ်'

ကျင်းကျားလင်မှာ နားမလည်တော့ပေ။

'သူက ဘာဖြစ်လို့ ထွက်သွားချင်ရတာလဲ'

အမျိုးသမီးကြီးက....

'ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ မှာထားပါတယ်၊ ဒါပေမယ့် ဒေါ်ဒေါ်က မပြောလို့မဖြစ်ဘူး၊ ပြောပြရမှာပဲ'

ကျင်းကျားလင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....ပြောပါ'

အမျိုးသမီးကြီးက လေသံကိုနှိမ့်ချလိုက်၏။

'သူ့မှာ ကိုယ်ဝန် ရှိနေပြီ'

'ဗျာ....'

ကျင်းကျားလင်၏ ခန္ဓာကိုယ်မှာ တုန်ခါသွားသည်။ အမျိုးသမီးကြီးက....

'ဒေါ်ဒေါ်ကတော့ သူ့ကိုသိပ်သနားတယ်၊ ဒီကိစ္စမှာ မင်းသဘောက ဘယ်လိုရှိသလဲ'

ကျင်းကျားလင်မှာ သက်ပြင်းချလိုက်၏။

'ဒေါ်ဒေါ်က ဘယ်လိုစီစဉ်ချင်သလဲ'

အမျိုးသမီးကြီးက....

'ဒီပြဿနာရှင်းဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်'

ကျင်းကျားလင် နားထောင်နေ၏။

အမျိုးသမီးကြီးက သူ့အား စိုက်ကြည့်နေသည်။ ထိုစကားကို တစ်လုံးချင်းပြောချလိုက်လေ၏။

'မင်း သူ့ကိုယူလိုက်ပါ'

'ဗျာ....'



'ဒါဝါစဉ်းစားပြီး အကောင်းဆုံး ဖြစ်နိုင်တာကို ပြောတာပါ'

ကျင်းကျားလင်မှာ တစ်ကိုယ်လုံးကို တုန်ခါသွားလေ၏။

အမျိုးသမီးကြီးက သက်ပြင်းချလေ၏။

'သူက မင်းကို အသက်ပေး ချစ်တာကို သိပါတယ်၊ အခု ဖြစ်သွားတာကလဲ မသမာတဲ့ လူက မင်း ပုံစံအတိုင်း ရုပ်ဖျက်ပြီး သူ့ကို ကျူးလွန်သွားတာပဲ၊ ပထမတော့ သူဟာ မင်းမှတ်ပြီး ကျေကျေနပ်နပ် ရှိခဲ့ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ ကျင်းကျားလင် အတုဆိုတာ ပေါ်လာပြီး ပြဿနာတွေ တက်တော့တာပဲ၊ သူ့မှာလဲ အကြီးအကျယ် နစ်နာဆုံးရှုံးသွားတာပေါ့'

သူမက စကားကို ဆက်ပြောသည်။

'တစ်နည်း ပြောရမယ်ဆိုရင် လူယုတ်မာက မင်းလို့ ဟန်ဆောင်ခဲ့တဲ့အတွက် ဒီအမှု ဖြစ်ရတာပါ၊ သူကလဲ မင်းအပေါ်မှာ မေတ္တာရှိနေတော့ မဖြစ်သင့်ဘဲ ဖြစ်ခဲ့ရတာပေါ့ကွယ်'

ကျင်းကျားလင်မှာ ပါးစပ်ပိတ်သွားတော့၏။

သူသည် ယော်ရှယ်သူ ဖြစ်ပါသည်။

သို့သော်....

လူကြီး တစ်ယောက်ကဲ့သို့ အကြီးအကျယ် စဉ်းစားနေရပါသည်။

ထိုစဉ်....

ချင်ကုလျ ရောက်ရှိလာလေ၏။

သူမသည် ညည်းညည်းညူညူဖြင့်....

'မေမေက မုန့်ထုပ်ကို အတင်း ပို့ခိုင်းတယ်၊ သူက ကျွန်မတို့ အတင်း မောင်းထုတ်လိုက်တယ်'

အမျိုးသမီးကြီးက....

'အေးပါ....သည်းခံပါတယ်'

ချင်ကုလျ မှာ ဘဝင်မကျ ဖြစ်နေသည်။

'သူက ဘယ်သူလဲ၊ ကျွန်မတို့က တာဖြစ်လို့ ဒီလောက် တောင် ရှိသေနေရတာလဲ၊ ကျွန်မတို့ အခြေအနေနဲ့ ဘယ်သူ့ ကိုမှ ဒီလောက် ရှိသေနေဖို့ မလိုပါဘူး'

အမျိုးသမီးကြီးက ပြုံးလိုက်၏။

'သူ မပြောပြတဲ့ မေမေတို့က ဘယ်သိမှာလဲ'

ချင်ကုလျ ပါးစပ်ပိတ်သွားလေတော့၏။

အမျိုးသမီးကြီးသည် ဤအဘိုးအို အကြောင်းကိုပြန်လည် စဉ်းစားမိလေ၏။

ဤအိမ်ကြီးသို့ သူမတို့ ရောက်ရှိလာပြီးနောက်သန်းခေါင်ယံ အချိန်၌ အဘိုးအိုနှင့် လူငယ်ကလေး တစ်ယောက်တို့ ရောက်ရှိ လာခဲ့လေ၏။



စင်စစ် ဤအဘိုးအိုကို သူ မမှတ်မိခြင်းသာ ဖြစ်သည်။

သူတို့ ဘုရားကျောင်းပေါ်၌သွေးကြောပိတ်ခံထားခဲ့ရသည် မဟုတ်ပါလော။

မုရက သူမတို့အား မတော် မတရား ပြောခဲ့ပေသည်။

ထို့နောက်....

မုရလည်း ကျင်းကျားလင် အတု၏ လက်ချက်ဖြင့် သေ သွား၏။

နောက်ဆုံး....

အဘိုးအို တစ်ယောက်က သူတို့အား သွေးကြော ဖွင့်ပေး ခဲ့သည်။

ဤအဘိုးအိုသည် ထိုအဘိုးအိုပင် ဖြစ်သည်။

အခြေအနေမှာ မှောင်မိုက် နေ၍လည်းကောင်း၊ ကျင်ကျား လင် အတု ဝမ်ကျုံးယန် ရှိနေသဖြင့်လည်းကောင်း၊ သူမတို့ သည် အဘိုးအိုအား သတိမထားမိခဲ့ပေ။

ယခု....

သူတို့တွင် အန္တရာယ် ရှိနေသဖြင့် လာရောက် အကာအကွယ် ပေးရခြင်း ဖြစ်သည်ဟု အဘိုးအိုက ပြောပြသည်။

သူမက အန္တရာယ်ကို သူမတို့ ကာကွယ်နိုင်ပါသည်။

သူမ သူမ၏သမီး ချင်ကုလျ နှင့် ကျင်းကျားလင်တို့ သုံး ယောက် ပူးပေါင်း တိုက်ခိုက်လျှင် တော်ရုံတန်ရုံ ရန်သူ မခံ နိုင်ကြောင်း ရှင်းပြသည်။

သို့သော်...

အဘိုးအိုက လက်မခံချေ။

ရန်သူတစ်ချို့ လာပြီမို့ သူတို့ ထွက်သွားပါရစေဟု ပြောပြီး အတင်းပင် နေ....နေခဲ့သည်။

ထို့နောက်....

သရဲခေါင်းကောင်သည် ဤခြံဝင်း အတွင်းသို့ ဝင်လာခဲ့သည်။

သူတို့သည် အဘိုးအိုနှင့် တွေ့သွားသည်။

သရဲခေါင်းကောင် အကြီးအကျယ် ဒဏ်ရာရသွား၏။

အားလုံး ထွက်ပြေးသွားကြသည်။

ဤသို့ဖြင့်....

အဘိုးအိုနှင့် လူငယ်ကလေးသည် ဤအိမ်၌ သူတို့ အဖွဲ့ဝင်အဖြစ် နေထိုင်နေခြင်း ဖြစ်တော့သည်။

သူမကလည်း အခြေအနေအရ လက်ခံထားရခြင်း ဖြစ်လေသည်။

ထို့နောက်မှ သိရသည်မှာ အဘိုးအိုသည် လူချမ်းသာမှ တံခါသည် ဖြစ်ကြောင်းပင်တည်း။

အဘိုးအိုက သူ့သတင်းကို မည်သူ့ကိုမျှ မပြောပါနှင့်ဟု ပိတ်ထား၍သာဖြင့် ချင်ကုလျံအား အမျိုးသမီးကြီးနှင့် ကျင်းကျားလင်တို့က အသိမပေးကြရခြင်း ဖြစ်သည်။



ချင်ကုလျံသည် ယခု အချိန်အထိ အဘိုးအိုမှာ မည်သူ ဖြစ်ကြောင်း မသိရှိသေးပေ။

သူတို့သည် ကျင်းကျားလင်နှင့် သူမ၏ မိခင်တို့အား ကြည့်လိုက်သောအခါ တစ်စုံတစ်ရာ ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။

သူမသည် မနေနိုင်ပေ။

သူမ၏ မိခင်ကို မေးလိုက်သည်။

'မေမေတို့ ဘာဖြစ်နေကြတာလဲဟင်'

အမျိုးသမီးကြီးက ခေါင်းယမ်းလိုက်၏။

'ဘာမှ မဖြစ်ပါလား'

ချင်ကုလျံက....

'ဒါနဲ့ ယိုလန်ရဲ့ဒဏ်ရာက တစ်လတောင် ကျော်သွားပြီ၊ အခုထိ မသက်သာသေးပါလား၊ ဘယ်လိုဖြစ်တာလဲ'

အမျိုးသမီးကြီးက....

'ဒဏ်ရာက ပြင်းတယ်လေ၊ သေမသွားတာကို ကျေးဇူးတင်ရမယ်၊ အခု သူ သေချင်တာတောင် မသေနိုင်ပါဘူး၊ ဒါပေမယ့် ပျောက်ဖို့အခါတော့ မနည်း ကုသရမယ်'

ချင်ကုလျံက....

'ကျွန်မတို့ ဝယ်တိုက်နေတဲ့ ဆေးက ရောဂါနဲ့ မတည့်တာလားမှ မသိတာ'

အမျိုးသမီးက ပြုံးလိုက်၏။

'ညည်း အတော် စကားများပါလား၊ သွားစမ်း ဆေးသွားကျိစမ်း၊ ဒါမှ ညည်းပါးစပ် ပိတ်သွားမယ်'

ချင်ကုလျ သည် ဆေးထုပ်ကို ယူ၍ မီးဖိုထဲသို့ မြေးလားတော့၏။

....o...

## အခန်း (၁၀၂)

ဆေးထဲမှအဆိပ်

ကျင့်ကျားလင်သည် ချင်ကုလျ ထွက်သွားပြီး တော့မှ အမျိုးသမီးအား ပြောလိုက်သည်။

'ဒေါ်ဒေါ် ဒါဖြင့် ယိုလန် အခြေအနေက မကောင်းဘူး ပေါ့နော်'

'မကောင်းဘူး၊ ဒဏ်ရာ ရနေတဲ့ကြားမှာစိတ်ခောက်ပါကျနေ တယ်ဆိုတော့ ပိုဆိုးသွားတာပေါ့'

'ကျွန်တော် ယိုလန်နဲ့ သွားပြီး စကား ပြောကြည့်ဦးမယ်'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်၏။

'သွားပါ ကောင်းတယ်၊ သူလဲ စိတ်ကြည်လင်သွားတာပေါ့'

'ဟုတ်ကဲ့'

ကျင်ကျားလင်သည် ယိုလန်၏ အခန်း ရှိရာသို့ လျှောက်သွားလေ၏။

သူသည် ယိုလန်၏ အခန်းထဲသို့ ဝင်လိုက်သည်။

ယိုလန်သည် ခေါင်းအုံးပေါ်၌ မှောက်လျက် ငိုကြွေးနေသည်ကို တွေ့ရလေ၏။

သူမသည် အခန်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာသည်ကို သိလိုက်သဖြင့် ကမန်းကတန်း လှည့်ကြည့်လိုက် သောအခါ ကျင်းကျားလင်ဖြစ်နေသဖြင့် အလျင်အမြန် မျက်ရည်ကို သုတ်လိုက်၏။

ကျင်းကျားလင်သည် ခုတင်အနီး ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။

'ညီမလေး ဘာဖြစ်လို့ ငိုနေတာလဲ'

'နေမကောင်းလို့ပါ အစ်ကိုလေး'

ကျင်းကျားလင် သက်ပြင်းရှိုက်လိုက်သည်။

'ညီမလေး နေမကောင်းတာကို ငါသိပါတယ်၊ ဒါပေမယ့် ညီမလေးရဲ့ရင်ထဲမှာ အစိုင်အခဲတစ်ခုရှိနေတယ်၊ ဒါကို ငါသိပါတယ်၊ ဒါပေမယ့် ဘယ်လိုအစိုင်အခဲ ဆိုတာတော့ ငါမသိဘူး၊ အဲဒါကို ပြောပါလား'



ယိုလန်ရင်ထဲ လှုပ်ရှားသွားသည်။

'ညီမ ဘာမှမဖြစ်ပါဘူး'

ကျင်းကျားလင်က....

'ညီမလေး ဘာဖြစ်နေတယ်ဆိုတာကို ဖွင့်ပြောစေချင်တယ်၊ ဒီမှာ ဒေါ်ဒေါ်ရယ်၊ ချင်ကုလျှံရယ်၊ ငါရယ်ပဲ ရှိကြတော့တယ်၊ ညီမလေး ငါ့ကိုဖွင့်မပြောရင် ဘယ်သူ့ကိုဖွင့်ပြောမှာလဲ၊ ဒါမှ ငါတို့ ဘယ်လိုကူညီနိုင်မလဲဆိုတာ သိမယ်'

ယိုလန်က....

'ကျေးဇူးတင်ပါတယ် အစ်ကိုလေးရယ်၊ ညီမ ဘာမှမဖြစ်ပါဘူး'

ကျင်းကျားလင်က....

'ညီမလေးဟာ အစက ငါ့ကို ရင်းနှီးပါတယ်၊ အဲဒီလိုအခုလဲ ရင်းနှီးစေချင်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်'

ယိုလန် ခေါင်းငုံ့သွားသည်။

'ကျွန်မ....ကျွန်မ....'

ထိုအခါ ယိုလန်က ဖွင့်ပြောမည့်အချိန် ဖြစ်လေသည်။

ထိုစဉ်....

ချင်ကုလျှံမှာ အခန်းဝတွင် ပေါ်လာလေ၏။

သူမ ပေါ်လာသောကြောင့် ယိုလန်၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေ၏။

ချင်ကုလျှ သည် အခန်းထဲလှမ်းဝင်လာသည်။
သူမက မဲ့ပြုံးပြုံး၍....
'ရှင်တို့ စကားပြောနေတာကို အနှောင့်အယှက်ပေးသလို မဖြစ်ပါဘူးနော်'

ကျောင်းကျားလင်မှာ မျက်နှာနီရဲသွား၏။

'ဘာမှမဖြစ်ပါဘူး၊ ညီမ ဘာကိစ္စရှိလို့လဲ'

ချင်ကုလျှ က....

'ကျွန်မ ကိစ္စမရှိရင် မလာရတော့ဘူးလား'

ကျောင်းကျားလင်၏ မျက်နှာမှာ ထပ်မံနီရဲသွား၏။

ချင်ကုလျှ ချာခနဲ လှည့်ထွက်သွားသည်။
ချင်ကုလျှ စိတ်ဆိုးသွားချေပြီ။
ကျောင်းကျားလင်သည် ချင်ကုလျှ စိတ်ဆိုး သွား သည်ကို သိလေ၏။

'ခဏနော် ညီမလေး'
သူက ယိုလန်ကို တောင်းပန်လိုက်၏။
ယိုလန်က ခေါင်းညိတ်ပြသည်။
ကျောင်းကျားလင်သည် ချင်ကုလျှ နောက်သို့ ထလိုက်သွားရ လေ၏။
ထိုတဒင်္ဂအချိန်အတွင်း ယိုလန်သည် တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။



သူသည် ချင်ကုလျှ အခြေအနေကို တဖြည်းဖြည်း သိလာသည်။
သူမသည် ကျောင်းကျားလင်အပေါ် အလွန်မြတ်နိုးချစ်ခင်နေကြောင်း ရိပ်မိသိရှိလာသည်။
ချင်ကုလျှ ၏ ကျောင်းကျားလင်အပေါ် ကြည့်သည့်အကြည့်၊ အပြုအမူများသည် သူ မည်မျှမြတ်နိုးကြောင်း ဖော်ပြနေသည် မဟုတ်ပါလား။

ထို့ကြောင့်....

သူမသည် နည်းလမ်းတစ်ခုအား ရွေးချယ်လိုက်တော့သည်။
သူမရွေးချယ်သောနည်းလမ်းမှာ ဤအိမ်ကြီးမှတိတ်တဆိတ်ထွက်ခွာသွားရန် ဖြစ်ပါသည်။
ချင်ကုလျှ သည် အိမ်အစွန်း ကြိုးလမ်းအထိ ပြေးသွားလေ၏။

ကျောင်းကျားလင်မှာ သူမကို အမီလိုက်ရသည်။

ထိုစဉ်....

ချင်ကုလျှ ရုတ်တရက် ရပ်တန့်သွား၏။
သူမသည် နောက်သို့လှည့်ကြည့်ပြီး ပြုံးသည်။
'ကျွန်မက သီလရှင်လုပ်မှာမှမဟုတ်တဲ၊ ရှင်က ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်နေတာလဲ'
ကျောင်းကျားလင် ကြောင်အမ်းအမ်းဖြစ်သွား၏။
'ညီမ....မင်း ဘာပြောလိုက်တယ်'

ချင်ကုလျှ ်က ပြုံး၍ပြော၏။

'ကျွန်မက ရှင့်ကို ခြိမ်းခြောက်နေတာမဟုတ်ပါဘူး၊ ဘာမှ မစိုးရိမ်ပါနဲ့'

ကျောင်းကျားလင် မျက်မှောင်ကြုတ်သွား၏။

'အစ်ကိုတို့ ညှော်ခန်းထဲမှာ ပြောတဲ့စကားတွေကို ညီမ ကြား သွားတယ် မဟုတ်လား'

ချင်ကုလျှ ်က....

'ကျွန်မ နားထိုင်းမှုမဟုတ်ဘဲ'

ချင်ကုလျှ ်၏ မိခင်နှင့် ကျောင်းကျားလင်တို့ ပြောနေသည့် စကား မှာ တိုးတိုးကလေးသာဖြစ်သည်။

သူမ ချောင်းနားထောင်၍သာ ဖြစ်မည်ဟု ကျောင်းကျားလင် တွေးလိုက်မိသည်။

ချင်ကုလျှ ်သည် ထိုစကားကိုပြောပြီး ပြေးလွှားထွက်ခွာ သွားလေ၏။

ကျောင်းကျားလင်မှာ ငေးကြောင် ကျန်ရစ်ခဲ့လေ၏။

ချင်ကုလျှ ်၏အရိပ်သည် စကြံန်လမ်းအဆုံး၌ ပျောက်ကွယ် သွားသည်။

ကျောင်းကျားလင်သည် သက်ပြင်းချမိလေ၏။

ထိုစဉ်....

တမှုင်းမှုင်းရယ်လိုက်သည့်အသံ ထွက်ပေါ်လာ၏။

'ဘယ်သူလဲ'



ကျောင်းကျားလင်သည် ချာခနဲလှည့်ကြည့်ပြီး မေးလိုက်၏။ မည်သူမျှ မတွေ့ရချေ။

'ဟင်း....ဟင်း....ဟင်း'

တမှုင်းမှုင်းရယ်သံကို အပ်ကြား ရပြန်လေ၏။

'မေတ္တာနှောင်ကြိုးဟာ သိပ်ကြောက်စရာ ကောင်းတယ်၊ မေတ္တာနှောင်ကြိုးရဲ့ သဘောသဘာဝဟာ ရှုပ်ရှုပ်နဲ့ ရှုပ်တတ်တယ်၊ မေတ္တာနှောင်ကြိုးရစ်ပတ်ပြီး တစ်သက်လုံး စိတ်ဆင်းရဲရတဲ့ လူတွေရှိတယ်၊ မယုံမရှိနဲ့၊ ငါ့ကိုယ်တွေ့ပဲ'

စကားသံကြားရပြီး လူကိုမတွေ့ရသဖြင့် ကျောင်းကျားလင် တုန်လှုပ်သွားသည်။

'ဘယ်သူလဲဗျာ၊ ကျုပ်မေးနေတယ်'

သူသည် အသံလာရာသို့ကြည့်ပြီး မေးလိုက်၏။

ထိုအခါ လက်တစ်ဘက်သည် သူ့ပခုံးအား လှမ်းပုတ် လိုက်သည်။

ကျောင်းကျားလင် ရှေ့သို့ရှောင်ထွက်ပြီး နောက်သို့ လှည့် ကြည့်လိုက်သည်။

မည်သည့်အရိပ်အယောင်မျှ မတွေ့ရပေ။

သူသည် အစဉ်းစားခက်သွား၏။

ဤအိမ်မှာ အိမ်ဟောင်းကြီးဖြစ်သည်။

ဤအိမ်ဟောင်းကြီးမှာ သရဲခြောက်သည်ဟု အများက ပြောကြသည်။

ထိုစကားမှာ မှန်သည်။

လူအများသည် ဤအိမ်ကြီးမှ ဝေးဝေး ရှောင်ကြသည်။

သိုင်းသမား သရဲငါးဝေ ဘင်သာ ရောက်ရှိလာခြင်း ဖြစ်သည်။

ယခု သူသည် သရဲခြောက်ခံ နေရပြီလောဟု တွေးသည်။ သူတွေးတေ နေစဉ်မှာပင် သူ့ပခုံးအား လတစ်ဖက်က လာရောက်ပုတ်ပြန်လေ၏။

သူသည် လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း...'

သူ၏ လက်သည် သားရေအိတ်တစ်လုံးအပေါ် ရိုက်မိသည့်အလား ခံစားလိုက်ရ၏။

သူ့နောက်တွင် မုတ်ဆိတ်မွေးများ၊ ပါးသိုင်းမွေးများ ရှည်လျားလှ သည့် အဘိုးအိုတစ်ဦး ရပ်နေလေ၏။

သူတည် ကျောင်းကျားလင်ကို ကြည့်ပြီး ခေါင်းတယမ်းယမ်းနှင့် လုပ်နေ၏။

သူသည် ကျောင်းကျားလင် လှည့်ရိုက်သည်ကို မနှစ်မြို့ဟန်ရှိသည်။

'သူငယ်ဟာ မထင်မခြင်လုပ်တာပဲ၊ ကျုပ်ခံနိုင်ရည်ရှိလို့တော်သေးတာပေါ့၊ နို့မဟုတ်ရင် မင်း လူသတ်မှုဖြစ်ပြီ၊ အလကား လူသတ်မှုဖြစ်ရင် မကောင်းပါဘူး'



အဘိုးအိုသည် သူ့ရန်သူမဟုတ်ကြောင်း သိလိုက်ရသောအခါ သူသည် ဂါရဝပြုလိုက်မိ၏။

'ကျွန်တော် ရန်ပြုမိတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျာ'

အဘိုးအိုက ခေါင်းညိတ်၏။

'မင်းရဲ့သိုင်းပညာနဲ့ မင်းရဲ့အတွင်းအားဟာ မဆိုးပါဘူး၊ ထိုက်သင့်သလောက်တော့ ရှိပါတယ်'

ကျောင်းကျားလင်းက ဦးညွှတ်လိုက်၏။

'ဟုတ်ကဲ့၊ ဆုံးမစရာရှိရင် ဆုံးမနိုင်ပါတယ်ခင်ဗျာ၊ ကျွန်တော် လိုက်နာဖို့အသင့်ပါ'

အဘိုးအိုက....

'အမှန်အတိုင်းပြောရရင် အတွေ့အကြုံဟာ အင်မတန်အရေးကြီးပါတယ်၊ ပြဿနာပေါ်လာရင် အတွေ့အကြုံများတဲ့လူဟာ အနိုင်ရသွားတာပဲ၊ ဒါကြောင့် အတွေ့အကြုံကို တန်ဖိုးထားဖို့လိုတယ်'

ကျောင်းကျားလင်က...

'ဟုတ်ကဲ့ဘိုးဘိုး၊ ဘိုးဘိုးပြောတဲ့စကားဟာ ကျွန်တော့်အတွက် တန်ဖိုးရှိလှပါတယ်ခင်ဗျာ'

အဘိုးအိုသည် သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ည တုန်းမောင်း နှစ်ချက် ခေါက်ရင် မြို့အရှေ့ဘက်က ထီးထီးမားမား ပေါက်နေတဲ့ သစ်ပင်ကြီးဆီကိုလာခဲ့၊ ငါတို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်'

ကျင်းကျွားလင်က ဂါရဝပြုလိုက်၏။

'ဟုတ်ကဲ့...ကျွန်တော်လာခဲ့ပါမယ်'

အဘိုးအိုသည် အဓိပ္ပာယ်ရှိစွာပြုံးလိုက်ပြီး....

'ချင်ကုလျှ ရဲ့အမေကို ပြောလိုက်ပါ၊ ငါက သဘောတူတယ်လို့'

စကားဆုံးသည်နှင့် အဘိုးအိုထွက်ခွာသွားသည်။

အဘိုးအိုထွက်ခွာသွားပုံမှာ လွန်စွာလျင်မြန်လှသည်။

ကျင်းကျွားလင်မှာ ငေးမောကြည့်နေ၏။

'သူသဘောတူတဲ့အကြောင်းကို ပြောလိုက်ပါတဲ့၊ သူက ဘာတွေကို သဘောတူနေတာလဲ'

ကျင်းကျွားလင်သည် အဘိုးအိုပြောသည့် စကားများကို ခေါင်းရှုပ်စွာ တွေးတောနေလေ၏။

....၀....



ညဉ့်ဦးယံအချိန်....

အမျိုးသမီးကြီးသည် ဧည့်ခန်းထဲသို့ ကြည့်လိုက်၏။

ချင်ကုလျှ တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့မြင်သောအခါ ချင်ကုလျှ အား တစုံတခုခိုင်းမည်ဟု ဟန်ပြင်လိုက်မိ၏။

ထို့နောက်....

စိတ်ပြောင်းသွားပြီး သူကိုယ်တိုင်ဆောင်ရွက်ရန် မီးဖိုဆောင်သို့ ဝင်သွားလေ၏။

သူသည် ချင်ကုလျှ ကျိုထားသောဆေးရည်ကို ပန်းကန်ထဲသို့ထည့်ပြီး ယိုလန်၏အခန်းဆီသို့ သွားလေ၏။

ယိုလန်သည် ချင်ကုလျှ ၏မိခင်ကိုယ်တိုင် ဆေးလာပို့သဖြင့် လွန်စွာ အားတုံ့အားနာ ဖြစ်နေ၏။

'ဒေါ်လေး...အားနာလိုက်တာ'

အမျိုးသမီးက ပြုံး၍....

'အားနာစရာမဟုတ်တာ တူမရယ်'

သူမသည် ဆေးပန်းကန်ကို စားပွဲပေါ် တင်ထား၏။

ချင်ကုလျှ ၏မိခင်က ...

'ကျင်းကျွားလင် လာသေးတယ်မဟုတ်လား'

'လာပါတယ် ဒေါ်လေး'

'သူဘာများ ပြောသွားသေးသလဲ'

'ဘာမှပြောမသွားပါဘူး ဒေါ်လေး'

အမျိုးသမီးကြီးက ပြုံးလိုက်၏။

'ကဲ....ဆေးသောက်လိုက်'

အမျိုးသမီးက ဆေးပန်းကန်ကိုယူပြီး ယိုလန်အား လှမ်းပေးလိုက်ရာ လှချီရွာမှ တံခါးသည်အဘိုးအိုသည် ရောက်ရှိလာလေသည်။

'ဆေးကို မသောက်နဲ့'

အမျိုးသမီးကြီးနှင့်ယိုလန် အံ့အားသင့်သွားသည်။

အမျိုးသမီးကြီးက တအံ့တသြမေး၏။

'ဆေးက ဘာများဖြစ်လို့ပါလဲရှင်'

အဘိုးအိုက....

'မင်းတို့ ဆေးကျိုတဲ့အနံ့ကို ငါအမြဲ ရှူရှိုက်နေရတယ်၊ အနံ့မှာ ထူးခြားမှုမရှိပါဘူး၊ ဒါပေမယ့် ဒီနေ့ကျိုတဲ့ဆေးကတော့ ထူးခြားမှုရှိတယ်၊ အနံ့အသက်က တစ်မျိုးဖြစ်နေပါတယ်၊ အရင်နဲ့မတူဘူး....

'ဒါကြောင့် ငါတားတာ၊ မင်းတို့ဆေးကို စမ်းသပ်ကြည့်ကြဦး၊ ထူးခြားမယ်လို့ ငါမျှော်လင့်တယ်'

အဘိုးအိုနောက်နား၌ လှုငယ်ကလေးသည် ရပ်နေ၏။

အဘိုးအိုသည် ဆေးပန်းကန်ကို တောင်းလိုက်၏။

'ပေးစမ်း ဆေးပန်းကန်ကို'

သူသည် ဆေးပန်းကန်ကို အနံ့ခံကြည့်လိုက်၏။

သူသည် မျက်မှောင်ကြုတ်သွားသည်။



သူသည် လှုငယ်ကလေးအား လှမ်းပြောလိုက်သည်။

'စာကလေး တစ်ကောင်ကောင်ဖြစ်ဖြစ် ဖားတစ်ကောင်ကောင်ဖြစ်ဖြစ် ဖမ်းခဲ့စမ်း'

လှုငယ်ကလေးသည် ပြေးထွက်သွားလေ၏။

အဘိုးအိုက အမျိုးသမီးကြီးအား ရှင်းပြသည်။

'ငါ့နှာခေါင်းက မြစ်ကမ်းနားမှာနေတော့ အနံ့ခံသိပြီးကောင်းတယ်၊ ဒီလိုထူးခြားတဲ့ ဆေးနံ့မျိုးဆိုရင် ငါ့နှာခေါင်းက ပိုသိတယ်၊ ငါစိတ်ထင် ဒီဆေးထဲမှာ အဆိပ်ခတ်ထားလားမသိဘူး'

မကြာမီ လှုငယ်ကလေးသည် စာကလေးတစ်ကောင်ကို ဖမ်းယူလာခဲ့လေ၏။

အဘိုးအိုသည် စာကလေး၏ ပါးစပ်ကိုဟလျက် ဆေးကို အစက်ချလိုက်ရာ စာကလေးမှာ တုံးခနဲ လဲကျသေဆုံးသွားလေ၏။

အမျိုးသမီးကြီးနှင့် ယိုလန်တို့မှာ ထိတ်လန့်တုန်လှုပ်သွားကြသည်။

'ဆေးထဲမှာ အဆိပ်ပါနေပါလား'

အမျိုးသမီးကြီးမှာ လွှတ်ခနဲ ရေရွတ်မိသည်။

သူမ၏မျက်စိထဲ၌ ထိုဆေးထုပ်ကိုယူ၍ အခန်းထဲ အပြေးအလွှားဝင်သွားသော သမီးဖြစ်သူ ချင်ကုလျှံကို မြင်ယောင်မိသည်။

သူမသည် ဖြုန်းခနဲ ထရပ်လိုက်လေ၏။

သူမသည် ဒေါသအမျက် ခြောင်းခြောင်း ထွက်သွားသည်။

'အစောင်ယုတ်မာတဲ့ မိန်းကလေးပါလား'

သူမသည် မည်သူ့မျှမကြည့်တော့ဘဲ အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

....၀....

## အခန်း (၁၁၃)

ရောက်ရှိသာသော ညှော်သည်များ

လမင်းကြီးသည် ထိန်ထိန်သာနေ၏။

ထိုညကား လပြည့်ညဖြစ်၍ လမင်းကြီး ထိန်ထိန်သာပြီး သာယာလှပနေသည်။

ကျောင်းကျွားလင်တို့၏ ခြံဝင်းကြီးထဲသို့ လရောင်များထိုးကျနေသည်။

ခုံတန်းရှည်ပေါ်၌ ကျောင်းကျွားလင်နှင့် ချစ်ကုလျှ*တို့ ထိုင်နေကြသည်။

ချစ်ကုလျှ*သည် ကျောင်းကျွားလင်၏ရင်ခွင်ထဲ ဝင်နေမိလေသည်။

ချစ်သူနှစ်ဦး ကလူကျီစယ်နေကြပေသည်။

ကျောင်းကျားလင်သည် ချင်ကုလျ ကို သိုင်းဖက်ထားသည်။

ချင်ကုလျ က...

'အစ်ကို၊ ညီမတို့ ဒီရောက်နေတာ တစ်လတောင် ကျော်သွားပြီ၊ ညီမဆိုရင် ဒီခြံထဲက ဘယ်မှမထွက်ရဘူး၊ အပြင်ထွက်ရင် အစ်ကိုပဲထွက်နေရတာပဲ၊ ညီမလဲပျင်းလှပြီ၊ ကျောင်းကျားဂေဟာကို ဘယ်တော့သွားရမှာလဲဟင်'

ကျောင်းကျားလင်က ရှင်းပြ၏။

'အစ်ကိုတို့ငြိမ်နေတာ အကြောင်းမဲ့မဟုတ်ဘူး၊ သိုင်းလောက တစ်ခုလုံးလဲ ငြိမ်သက်နေတယ်၊ ဒါကြောင့် အစ်ကိုတို့အနေနဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေရတာ'

'ဟုတ်တယ်နော်၊ ညီမလဲ ဒါကိုသတိထားမိတယ်၊ ဘာဖြစ်လို့ ဒီလောက်ငြိမ်သက်နေရတာလဲဟင်'

'အဲဒါ အလွန်ကြောက်စရာကောင်းတဲ့ ငြိမ်သက်ခြင်းပေါ့ ညီမရယ်၊ မုန်တိုင်းမတိုက်ခင် ငြိမ်သက်တဲ့ ငြိမ်သက်ခြင်းမျိုးပေါ့၊ ဒီလို ငြိမ်သက်ပြီးရင် မုန်တိုင်းကျတတ်တယ်၊ အခုလဲ သိုင်းလောကမှာ မုန်တိုင်းကျသလို အပြောင်းအလဲကြီး ဖြစ်တော့မယ်၊ ကောင်းလာမလား၊ ဆိုးလာမလားဆိုတော့ မသိနိုင်ဘူး'

'ဒီမုန်တိုင်းကြီးလာမှာကို အစ်ကို စောင့်နေသလား'

ချင်ကုလျ က မေးလိုက်၏။



ကျောင်းကျားလင်က....

'အစ်ကိုမစောင့်ချင်ပါဘူး'

'ဒါဖြင့်....လာမယ့်ဘေး ပြေးတွေ့တော့မယ်ပေါ့'

'အစ်ကို ချီတုံချတုံ ဖြစ်နေရတဲ့ အချက်တစ်ချက် ရှိတယ်၊ အဲဒါကတော့ ကွင်းကိုးကွင်းအလံအဖွဲ့ရဲ့ ဂိုဏ်းချုပ်က အစ်ကို့ ရဲ့ဖခင် ဖြစ်နေမှာကို စိုးရိမ်တဲ့အချက်ပါပဲ'

ဤပြဿနာမှာ ကျောင်းကျားလင်အတွက် အကြီးဆုံး ပြဿနာပင် ဖြစ်နေပါ၏။

အကယ်၍ သူ၏ဖခင်သည် ကွင်းကိုးကွင်းအလံအဖွဲ့၏ ဂိုဏ်းချုပ်ကြီး ဖြစ်နေပါက ကျောင်းကျားလင် မည်သို့ ဖြေရှင်းရပါမည်နည်း။

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

အကယ်၍ သူ့အဖေသည် ကွင်းကိုးကွင်းအဖွဲ့၏ ဂိုဏ်းချုပ်ကြီး မဖြစ်တော့ဟုဆိုလျှင် ကျောင်းကျားလင် ဝမ်းသာနိုင်တော့မည်လော။

သူ ဝမ်းမသာနိုင်ပါ။

ကျောင်းကျားလင်က ဆက်၍ပြောလေ၏။

'အစ်ကို့အဖေဟာ အဘယ်ဖြစ်နေရပ်လဲ အစ်ကို့အဖေရင်းရဲ့ အခြေအနေဟာ ဘယ်လောက် ဆိုးဝါးနေမယ်ဆိုတာ အစ်ကို မတွေးဝံ့တော့ပါဘူး၊ သေများတောင် သေနေပြီလား မသိတော့ပါဘူး'

ချင်ကုလျ က....

'ဒါနဲ့ အစ်ကိုနဲ့ညီမ ဘယ်တော့လက်ထပ်ကြမလဲဟင်'

'ညီမရယ်၊ ဆောင်ရွက်ရမယ့် ကိစ္စတွေ တန်းစီပြီး ရှိနေတာ၊ ညီမနဲ့ အစ်ကိုတို့ရဲ့ ကိစ္စကို ဘယ်ဆောင်ရွက်နိုင်ဦးမှာလဲ'

'ဒီကြားထဲမှာ အစ်ကိုသစ္စာဖောက်သွားရင်တော့ ညီမ ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲ'

ကျင်းကျားလင်သည် ချင်ကုလျအား ကြင်နာစွာ သိုင်းဖက်ထားလိုက်၏။

'စိတ်ချပါ ညီမရယ်၊ အစ်ကိုတာ အိုင်တွေတိုင်း ခြေဆေးထတတ်တဲ့လူ မဟုတ်ဘူးဆိုတာ ညီမသိပါတယ်'

ထိုအချိန်မှာပင် အမျိုးသမီးကြီး၏ အော်သံကို ကြားရလေ၏။

'ချင်ကုလျ ...ချင်ကုလျ'

ကျင်းကျားလင်နှင့် ချင်ကုလျ တို့သည် လူချင်းလျင်မြန်စွာခွာလိုက်ကြရ၏။

'ဟော...ညီမရဲ့အမေ လိုက်လာပြီ'

ခဏကြာသောအခါ အမျိုးသမီးကြီး ရောက်လာသည်။

ချင်ကုလျသည် ထရပ်လိုက်၏။

'မေမေ'



သူမ၏ စကားမဆုံးမီ အမျိုးသမီးကြီးကသူမ၏ပါးကို ရိုက်ချလိုက်လေ၏။

'ဖြန်း....'

ချင်ကုလျ မှာ မမျှော်လင့်ဘဲ ပါးရိုက်ခံလိုက်ရသဖြင့် သူမမိခင်ကို ပါးစပ်အဟောင်းသားဖြင့် မင်တက်ငေးကြည့်နေမိလေ၏။

မိခင်အား ကြောင်ကြည့်နေမိသည်။

'နင်... အတော်ရက်စက်ပါလား'

ချင်ကုလျ မှာ အကြောင်းမဲ့ အရိုက်ခံလိုက်ရသဖြင့် ရုတ်တရက် စကားမပြောနိုင်ပေ။

အတန်ကြာမှ စကားပြောနိုင်သည်။

'မေမေ ဘာဖြစ်လို့ သမီးကို မတရားရိုက်ရတာလဲ၊ သမီးမှာ ဘာအပြစ်ရှိလို့လဲ'

ချင်ကုလျ က နာကျည်းစွာ ပြောလိုက်သည်။

ကျင်းကျားလင်မှာ သမီးဖြစ်သူကို ပါးရိုက်ရလောက်အောင် ဒေါသတကြီး ဖြစ်နေသည့် အမျိုးသမီးကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

'ဒေါ်ဒေါ် စိတ်ထိန်းပါခင်ဗျာ၊ ချင်ကုလျ မှာ ဘာများအပြစ်ရှိလို့ပါလဲ၊ ဒေါ်ဒေါ် ဘာကြောင့် ဒီလောက် ဒေါသကြီးနေရတာလဲ ခင်ဗျ'

အမျိုးသမီးကြီးက ချင်ကုလျှံအား ဒေါသတကြီး မေးလိုက်၏။

'ပြောစမ်း၊ နင်ဘယ်ကအဆိပ် ယူလာတာလဲ'

ချင်ကုလျှံ အံ့ဩသွား၏။

'ဘာအဆိပ်လဲ မေမေ'

'ဘာအဆိပ်လဲ ငါ့ကိုမေးနေရသေးသလား၊ နင်ဘာ မသိယောင်ဆောင်နေရတာလဲ'

'ဖြန်း....'

ချင်ကုလျှံ၏ မိခင်ကြီးမှာ လွန်စွာ ဒေါသထွက်နေသဖြင့် ဒုတိယအကြိမ် ပါးရိုက်ချလိုက်လေ၏။

ချင်ကုလျှံသည် မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ကာ ငိုကြွေးရင်း ပြေးထွက်သွားလေတော့၏။

ကျင်းကျားလင်မှာ လွန်စွာ စိတ်မကောင်းဖြစ်သွားလေ၏။

'ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်ရယ်'

အမျိုးသမီးကြီးသည် သက်ပြင်းတစ်ချက်ချလိုက်၏။

'မင်းယိုလန်ကို သွားကြည့်ပါ၊ စကားပြောပါ၊ မပီးနားလည်လာပါလိမ့်မယ်'

ထိုအခါ ကျင်းကျားလင်နှင့် အမျိုးသမီးကြီးတို့သည် ယိုလန်၏ အခန်းတွင်းသို့ ဝင်ရောက်ခဲ့ကြလေ၏။

ထိုအခါ....

ယိုလန်ကို မတွေ့ရတော့ပေ။



'ယိုလန်....ယိုလန်'

ကျင်းကျားလင်က အော်ခေါ်လေ၏။

'ဒီကောင်မလေး ဘယ်များသွားပါလိမ့်'

အမျိုးသမီးကြီးက စိုးရိမ်ပူပန်စွာ ပြောလေ၏။

အမျိုးသမီးကြီးသည် တစ်ခန်းလုံးအား ဝေ့ဝိုက်စွာ ရှာဖွေသည်။

ကျင်းကျင်းလင်သည် စားပွဲပေါ်မှ စာတစ်စောင်ပေါ်သို့ မျက်စိ ရောက်သွားမိလေသည်။ သူသည် အမျိုးသမီးကြီးအား ပြသလိုက်၏။

'ဒေါ်ဒေါ်... ဒီမှာ စာတစ်စောင်'

'ဖတ်ကြည့်ပါဦးကွယ်'

ကျင်းကျားလင်သည် စာကိုဖြန့်၍ ဖတ်လိုက်လေ၏။

'အစ်ကိုလေး....

လူ့ဘဝဆိုတာ အိပ်မက်လိုပါပဲ အစ်ကိုလေးရယ်၊ ညီမလေးတော့ လူ့ဘဝကို ငြီးငွေ့သွားပါပြီ၊ ဒီဘဝမှာတော့ သာယာနာ့ဘောင်မှာပဲ ပျော်မွေ့နေဖို့ ညီမလေး ဆုံးဖြတ်လိုက်ပါပြီ....

အစ်ကိုလေးကတော့ သိုင်းလောကမှာ ဆက်လက်ကျင်လည်ပါတော့၊ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားမယ့် လူတစ်ယောက်ရှိပါတယ်၊ အဲဒီလူကတော့ အစ်ကိုလေးပါပဲ....

ညီမလေး အနေနဲ့ အစ်ကိုလေးကို စကားတွေ အများကြီး ပြောစရာရှိပါတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး အစ်ကိုလေးရယ်....

ကံဆိုးမလေး....
ယုံလန်....

'ညီမလေးရယ်...'

ကျင်ကျားလင်မှာ စိတ်ထိခိုက်စွာ ရေရွတ်လိုက်မိသည်။

သူသည် ယုံလန်အတွက် အလွန် စိတ်ထိခိုက်သဖြင့် မျက်ရည်ပေါက်ပေါက် ကျလာမိသည်။

အမျိုးသမီးကြီးသည် သူ့ထံမှ စာကို ယူဖတ်လိုက်၏။

'ဒကွပ်ပဲ သူ သိလျှင် ဝတ်မယ်လို့ ပြောပြောနေတာ၊ ဒီလို မဖြစ်ရအောင် မင်းကို ငါ ပြောတာပေါ့၊ အခုတော့ သွားပါပြီ'

ကျင်ကျားလင်က....

'ဘယ်လိုဖြစ်တာလဲ ဆိုတာကို ပြောပြပါဦး ဒေါ်ဒေါ်ရယ်'

အမျိုးသမီးကြီးသည် ချင်ကုလျို အဆိပ်ခတ်သည့် အကြောင်းကို ပြောပြလိုက်၏။

'မဖြစ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ချင်ကုလျို အကြောင်း ကျွန်တော် သိပါတယ်၊ သူ ဒီလို မလုပ်ပါဘူး၊ သူသာ အသေခံရင် ခံမှာပါ၊ တစ်ခုခု မှားလို့ ဖြစ်ပါလိမ့်မယ်'



'မသိတော့ပါဘူးကွယ်'

အမျိုးသမီးကြီးက ညည်းညည်းညူညူ ပြောလေ၏။

ဤသို့ဖြင့် သူတို့သည် အပြင်သို့ ထွက်လာကြ၏။

ကျင်ကျားလင်သည် ပြတင်းပေါက်မှ တစ်စုံတစ်ခုကို မြင်လိုက်ရလေသည်။

ကျင်ကျားလင်က....

'ဒေါ်ဒေါ် ဒီမှာ ခဏ နေပါဦး၊ ခြံထဲကို လူတစ်ယောက် ဝင်လာတယ်၊ ဒီလူဟာ ကျွန်တော်တို့ အထဲက လူမဟုတ်ဘူး'

သူသည် ပြတင်းပေါက်မှ ခုန်ထွက် သွားလေ၏။

ကျင်ကျားလင်သည် ခြံထဲသို့ ရောက်သောအခါ ထိုလူစိမ်းကို ကြည့်လိုက်၏။

မျက်နှာဖုံး စွပ်ထားသော လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ ပြေးဝင်သွားသည်ကို မြင်လိုက်ရသည်။

ကျင်ကျားလင်သည် ဧည့်ခန်းထဲသို့ ပြန်လည် ပြေးလိုက်ရတော့သည်။

မျက်နှာဖုံးစွပ် လူကို ကြည့်ပြီး မိန်းကလေး တစ်ယောက် ဖြစ်ရမည်ဟု ကျင်ကျားလင် ခန့်မှန်းလိုက်သည်။

သူသည် ဧည့်ခန်း တွင်းသို့ လိုက်လာရသည်။

မျက်နှာဖုံးစွပ် လူစိမ်းသည် ကျင်ကျားလင် လိုက်လာမှန်း သိသဖြင့် လှည့်၍ ရင်ဆိုင်လိုက်သည်။

ကျင်ကျားလင်က....

'မင်း ဘယ်သူလဲ ဘာလာလုပ်တာလဲ'

မိန်းကလေးက ရယ်မောလိုက်၏။

'ရှင်က သိပ် မေ့တတ်တာကိုး'

ကျင်ကျားလင်သည် မိန်းကလေး၏ အသံကို ကြားလိုက်ရသဖြင့် ချက်ချင်း လူကို မှတ်မိလိုက်သည်။

သူမသည် သူ့ကို အဆိပ်တိုက်သည့် မိန်းကလေး မဟုတ်ပါသ၊ ဤမိန်းကလေးမျိုးကို သေသည်အထိသူမမေ့နိုင်ပေ။

သူမသည် လုစုချင်း ဖြစ်သည်ကို ကျင်ကျားလင် သိလိုက်သည်။

'မင်းကိုး ...'

မိန်းကလေးက ရယ်မောလိုက်၏။

'ဒီလိုတော့ မှတ်မိသားပဲ'

ကျင်ကျားလင်က....

'မင်း တစ်ခါ သတ်ပြီးတာတောင် မကျေနပ်ဘူးလား၊ အခု ဘာကိစ္စနဲ့ လာရပြန်တာလဲ'

မိန်းကလေးက တခစ်ခစ် ရယ်မောလိုက်၏။

'ဒီတစ်ခါလဲ ရှင့်ကို သတ်ဖို့ပဲ'

ကျင်ကျားလင်က စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

'မင်းဟာ တယူသန် စွပ်စွဲနေတော့ ငါလဲ မင်းကို ရှင်းပြမနေချင်တော့ပါဘူး၊ မင်း တိုက်ခိုက်မယ်ဆိုလဲ ငါက တိုက်ခိုက်ရုံပဲ'

မိန်းကလေးက မဲ့ရွဲ့လိုက်၏။



'ရှင်....ရှင်းပြလို့ကော ရမှာတဲ့လား'

သူမက ကျင်ကျားလင်အား ဆက်ပြောလိုက်၏။

'ရှင့်ဘက်တော်သား ဘယ်နှစ်ယောက် ရှိသလဲ၊ အားလုံးကို ခေါ်လိုက်'

ကျင်ကျားလင် ခေါင်းယမ်းလိုက်၏။

'ငါတစ်ယောက်တည်းပဲ ရင်ဆိုင်ပါ့မယ်'

ကျင်ကျားလင်က ဆက်ပြောလိုက်၏။

'မင်းမှာ လူနှစ်ယောက် ပါသေးတယ်၊ တစ်ခါတည်း ခေါ်ခဲ့ပါလား'

သူ၏စကား ဆုံးသည်နှင့် ကိုယ်ခန္ဓာကိုယ် ထွားကျိုင်းသော လူနှစ်ယောက်မှာ အခန်းထဲသို့ ဒလိမ့်ကောက်ကွေး ရောက်ရှိလာကြလေ၏။

သူတို့အား တစ်စုံတစ်ယောက်က တိုက်ခိုက်လိုက်ခြင်းဖြစ်ပါသည်။

ထိုထွားကျိုင်းလှသော ကိုယ်လုံးကြီးများကို တစ်စုံ တစ်ယောက်က ချိုးကိုင် ပစ်ပေါက်လိုက်ခြင်းမှာ ထိုလူ အင်အားမည်မျှ ကြီးမားသည်ကို ခန့်မှန်း သိရှိနိုင်ပါတော့သည်။

သူတို့နှစ်ယောက်သည် ညှော်ခန်းထဲသို့ ရောက်သောအခါ လူးလဲ ထ ရပ်လိုက်ကြ၏။

မျက်နှာဖုံးစွပ် မိန်းကလေးသည် သူ့လူ နှစ်ယောက်၏ အဖြစ်ကို မြင်သောအခါ စိတ်ပူသွား၏။

သို့သော်....

မည်သည့် ဒဏ်ရာမျှ မရဘဲ ထ,ရပ်နိုင်သည်ကို တွေ့သော အခါမှ စိတ်သက်သာသွား၏။

သူမက မဲ့ပြုံးပြုံးလိုက်၏။

'ရှင့် အဖော်ဟာ လူတွေ့ မခံဝံ့ဘူးနဲ့ တူတယ်'

ကျင်ကျားဆင်မှာ လုရျိရွာမှ တံငါသည် အဘိုးအိုဟု ထင်လိုက်၏။

သို့သော်....

အသံကြားလိုက်ရသောအခါလုရျိရွာမှတံငါသည်အဘိုးအို မဟုတ်ကြောင်း သိလိုက်မိတော့သည်။

'ဘယ်သူက ပြောသလဲ၊ ငါအတွေ့မခံနိုင်ဘူးလို့'

မိန်းကလေးသည် ထိုသူကို တွေ့သောအခါ အံ့အားသင့် လေ၏။

ထိုလူသည် ဆံရှည် မုတ်ဆိတ်ရှည် အဘိုးအို တစ်ယောက် ဖြစ်နေသည်။

အဘိုးအို၏ မျက်လုံးများအား တောက်ပလွန်းလှသည်။

ကြောက်မက်ဖွယ်ရာ အတွင်းအား ပိုင်ရှင်ပေတည်း။

အဘိုးအိုသည် မိန်းကလေးအား စိုက်ကြည့်လိုက်၏။

'ဒီအိမ်ကြီးကို ကျူးကျော် လူတွေ မကြာခဏရောက်လာ တတ်တယ်၊ မင်း လွတ်လိုက်တာ မဟုတ်လား'

မျက်နှာဖုံးစွပ်နှင့်မိန်းကလေးက....

'ဟင်း....သူတို့ ဒီအဘိုးကြီးကြောင့် ရှုံးပြီး ပြန်လာတာ ကိုး'



'ငါ တိုက်ခိုက်တာ မဟုတ်ပါဘူး၊ ငါ့လိုပဲ သူတို့ကို စောင့် မျှော်နေတဲ့ လူတစ်ဦးက တိုက်ခိုက်တာပါ၊ ငါက ဘာဖြစ်လို့ မတိုက်ခိုက်တာလဲ မိန်းကလေး သိရဲ့လား၊ ထင်လိန်ကွမ်း ရှမ်းရဲ့ မျက်နှာကို ထောက်ထားလို့ပေါ့၊ နို့မို့ရင် သူတို့ ဘယ် လိုမှ အသက်မရှင်နိုင်ပါဘူး'

မိန်းကလေးက ရယ်မောလိုက်၏။

'ရှင် ကျွန်မကိုကြောက်နေပြီလား၊ ဟိုလွဲချ ဒီလွဲချလုပ်တာ ကို ကျွန်မ မကြားချင်ဘူး၊ ကျွန်မလူတွေကို ရှင်စော်ကားလွှတ် လိုက်တာကို ကျွန်မ မကျေနပ်ဘူး၊ ဒီမှာ အဘိုးကြီး၊ ရှင့်ကို စာရင်းရှင်းဖို့ လာခဲ့တာရှင့်'

အဘိုးအို၏လေသံ တည်ငြိမ်လေးနက်သွားသည်။

'မိန်းကလေး၊ ငါ့ကို ဒီလေသံမျိုးနဲ့ တော်ရုံတန်ရုံလူဟာ မပြောဝံ့ကြဘူး၊ မင်းကတော့ ထူးထူးခြားခြား ငါ့ကိုပြောဝံ့ တယ်'

မိန်းကလေးက ရယ်မောလိုက်သည်။

'ကျွန်မက ရှင့်ကိုဘယ်ကြောက်မလဲ၊ ကျွန်မဟာ ထင်းလိန် ကွမ်းရှမ်းကို ကိုယ်စားပြုလာခဲ့တာကိုး'

အဘိုးအို၏မျက်ခုံးများ မြင့်တက်သွား၏။

'မင်းက ထင်းလိန်ကွမ်းရှမ်းကို ကိုယ်စားပြုလာတယ်၊ ဟုတ် သလား'

မိန်းကလေးက ပြုံး၍ ပြောသည်။

'ဟုတ်တယ်'

အဘိုးအိုက....

ထင်းလိန်ကွမ်းရှမ်းဟာ မင်းရဲ့ဆရာလား'

မိန်းကလေးက ဦးခေါင်းကို ခါယမ်းလိုက်၏။

'ဒါဖြင့် မင်းဟာ သရဲကောင်ရဲ့တပည့်လား'

'သရဲငါးကောင်ဟာ ကျွန်မရဲ့တပည့် ဖြစ်သင့်ပါတယ်'

'ဒါဖြင့် မင်းနဲ့ လူထူးလူဆန်းဟာ ဘယ်လိုပတ်သက်သလဲ'

မိန်းကလေးက ရယ်မောလိုက်၏။

'ကျွန်မဟာ ကျွန်မပါပဲ၊ ရှင် သိပ်သိချင်တယ်ဆိုရင်တော့ ကျွန်မကို မိန်းမလူထူးလူဆန်းလို့ သဘောထားလိုက်ပေါ့'

'မင်း ဘာယ်သူလဲဆိုတာ ငါသိပါပြီ'

အဘိုးအိုသည် ရယ်မော၍ ပြောလိုက်လေ၏။

....၀....

အခန်း (၁၁၄)

**အဖြစ်မှန်သိကြခြင်း**

'ရှင့် အသိနောက်ကျသွားပါပြီ'

မိန်းကလေးသည် ပြောပြောဆိုဆိုဖြင့် လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

အဘိုးအိုသည် လက်ဝါးဖြင့် ခုခံလိုက်သည်။

'ဝုန်း....'

အသံကြီး မြည်ဟည်းပြီးနောက် မိန်းကလေးမှာ သုံးလှမ်းမျှ နောက်ဆုတ်သွားရလေ၏။

အဘိုးအိုသည် မျက်မှောင်ကြုတ်၍ တီးတိုးရေရွတ်လိုက်လေသည်။

'လူထူးလူဆန်းကြီးက သူ့ရဲ့ အဓိကသိုင်းပညာကို ဘယ်တုန်းက သင်ကြားပေးလိုက်တာလဲ'

မိန်းကလေးမှာ သူ့တိုက်ကွက် လုံးဝမထိရောက်သောအခါ အကြီးအကျယ် မျက်နှာပျက်သွားလေ၏။

'ရှင်က ဘယ်သူလဲ'

အဘိုးအို ပြုံးလိုက်၏။

'ငါ့ရဲ့သိုင်းကွက်ကိုကြည့်ရင် ငါဘယ်သူလဲဆိုတာ မင်းသိဖို့ကောင်းပါပြီ'

မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွား၏။

'ကျွန်မ....ကျွန်မ မသိပါဘူးရှင်'

အဘိုးအိုသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အင်း....မင်းမသိဘူးဆိုတာ ဖြစ်နိုင်တယ်၊ မင်းက ငယ်သေးတာကိုး'

အဘိုးအိုသည် ငေါ်ပြုံးပြုံးဖြင့် သူ၏အမည်ကို ပြောပြလေသည်။

'ငါ့နာမည် သက်ခြွေမင်းသားလေး မုဖုတုံမင်းတဲ့'

မိန်းကလေးနှင့် ထိန်းပါနှင့် မုကန်တို့မှာ ခြေသုံးလေးလှမ်းမျှ ဆုတ်သွားမိကြလေ၏။

သူတို့သည် တကာယ့်သိုင်းအဓိပတိနှင့် လာတိုးနေပါပကော။

'ရှင်....ရှင်....မုဖုတုံမင်း ဟုတ်လား'

'ဟုတ်ပါတယ်'



လုစုချင်းတို့သည် တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လူထူးလူဆန်းသုံးယောက် အပါအဝင် သက်ခြွေမင်းသားလေး မုဖုတုံမင်းဖြစ်ကြောင်း သိရသောအခါ တုန်လှုပ်ချောက်ချားသွားကြသည်။

'ရှင်....ရှင်က အခုမှ ဘာလို့ပေါ်လာရတာလဲ'

အဘိုးအိုက ရယ်မောလိုက်၏။

'ငါလိုပေါ်လာတဲ့လူ သုံးယောက်ရှိတယ်၊ သူတို့ပေါ်လာလို့ ငါပေါ်လာတာပဲ'

ကျင်းကျားလင်သည် သက်ခြွေမင်းသား မုဖုတုံမင်း ဖြစ်ကြောင်း သိရသောအခါ ဝမ်းသာသွား၏။

ဤအဘိုးအိုသည် သူနှင့်တွေ့ဆုံရန် တုန်းမောင်း နှစ်ချက်ခေါက်လျှင် ချိန်းဆိုထားသည် မဟုတ်ပါလော။

ယခု တွေ့နေရပေပြီ။

ချိန်းဆိုထားချိန်၌ တွေ့ရန်မလိုတော့ပေ။

ယခုပင်လျှင် တုန်းမောင်းနှစ်ချက်ခေါက် အချိန်မျှလောက်ရှိပေပြီ။

သူသည် ကမန်းကတန်း အရိုအသေပြုလိုက်၏။

'ဘိုးဘိုးကို ကျွန်တော် ကျင်းကျားလင် ဂါရဝပြုပါတယ်ခင်ဗျာ'

အဘိုးအိုသည် လက်တစ်ချက် ဝေ့ယမ်းပြလိုက်၏။

ဘေးသို့ဖယ်နေဖို့ဆိုသည့် အဓိပ္ပာယ်ပင်တည်း။

အဘိုးအိုသည် မိန်းကလေးကို စိုက်ကြည့်နေပြီး....

'မိန်းကလေး၊ မင်းရဲ့မျက်နှာဖုံးကို ချွတ်ဖို့ အချိန်တန်ပြီထင်တယ်'

မိန်းကလေးသည် ငြင်းဆန်မနေပါ။

သူမကို ကျင်းကျွားလင်သိနေပြီ မဟုတ်ပါလော။

သူမသည် မျက်နှာဖုံးကို ချွတ်လိုက်၏။

ကျင်းကျွားလင် သိထားသည့်အတိုင်း လုစုချင်းပင် ဖြစ်သည်။

မုဖုတုံမင်းက....

'ငါ့ကိုပြောစမ်း၊ ယိုလန်ရဲ့ဆေးထဲမှာ အဆိပ်ခတ်ထားတာ မင်းပဲမဟုတ်လား'

ကျင်းကျွားလင် အံ့ဩသွားသည်။

ဤအဘိုးအို မသိသည်မှာ ဘာများ ရှိသေးသလည်းဟု တွေးလိုက်မိသည်။

လုစုချင်းက ရင်ကော့လိုက်၏။

'ဟုတ်တယ်၊ ကျွန်မပဲ၊ ဒီမှာဆေးခတ်တာမဟုတ်ဘူး၊ ဘုယဆေးဆိုင်က အထုပ်ကို လဲပေးထားတာ၊ အဲဒါ ဘာဖြစ်သလဲ'

ကျင်းကျွားလင်မှာ ထိုစကားကိုကြားသောအခါ ဒေါသကို မထိန်းနိုင်တော့ပေ။

သူမ ဤသို့လုပ်လိုက်သည့်အတွက် သည်အိမ်၌ ပြဿနာအကြီးအကျယ်တက်ခဲ့ရသည် မဟုတ်ပါလော။



ချင်ကုလျံအား သူမ၏မိခင်က အဆိပ်ခတ်သူဟု ထင်သွားသည်။

ယိုလန်သည် အိမ်မှထွက်သွားသည်။

'မင်း တော်တော် ရက်စက်ပါလား'

လုစုချင်းက မဲ့ပြုံးပြုံးလိုက်၏။

'နည်းတောင်နည်းသေးတယ်၊ ရှင်တို့ တစ်အိမ်သားလုံးကို သတ်ရမယ်၊ နောက်ပြီး ရှင့်ကိုသတ်ရမယ်၊ ဒီနောက် ကျင်းကျွားဂေဟာကိုသွားပြီး အကုန်လုံးသတ်ရမယ်'

'မင်းသတ်ချင်တိုင်း သတ်လို့ရမလား၊ ဒီသိုင်းလောကကြီးမှာ ကိုယ်လုပ်ချင်းတိုင်းလုပ်လို့ ရနေမယ်၊ ဖြစ်ချင်တိုင်းဖြစ်နေတယ်ဆိုရင် အားလုံးခက်ကုန်မယ်'

'ဘာဖြစ်လို့ မရရမှာလဲ၊ အခုပဲ ရှင့်ကိုသတ်မယ်'

'ဟား....ဟား...ဟား....မင်းက ကြီးကြီးကျယ်ကျယ်ပြောနေတာကိုး၊ မင်း ငါ့ကိုလုပ်ကြံခဲ့တယ်၊ ငါမသေပါဘူး၊ ယိုလန်ကို လုပ်ကြံခဲ့တယ်၊ ယိုလန်လဲ မသေပါဘူး၊ အခု မင်းသေတော့မယ်၊ မင်းကိုငါ ခွင့်မလွှတ်ဘူး'

လုစုချင်းက....

'ဒီစကားကို အရင်တစ်လလောက်ကပြောရင် ရှင်လဲယုံမှာ မဟုတ်ဘူး၊ ကျွန်မလဲ လက်တွေ့ပြနိုင်မှာ မဟုတ်ဘူး၊ အခုတော့ ကျွန်မလက်တွေ့ပြနိုင်ပြီ၊ ရှင်ပဲ အသေခံပြီး ယုံသွားရတော့မှာပေါ့လေ၊ သေမှတော့ မယုံလို့လဲ ဘယ်ရတော့မလဲ'

ကျောင်းကျားလင်က ရစ်ကော့လိုက်၏။

'မင်းနဲ့ငါ ရှိခဲ့တဲ့ရန်ငြိုး၊ ပြော်...မင်းက ထင်နေတာပေါ့၊ ငါ့အပေါ် ရန်ငြိုးရှိခဲ့တယ်လို့ ငါကလဲ မင်းထင်နေတဲ့ရန်ငြိုးကို ဒီညအပြတ်ရှင်းလိုက်မယ်'

လုစုချင်းသည် အဘိုးအို ဝင်ရောက်ကူညီသည်ကို စိုးရိမ်သည်။

ဤအိမ်သားများကို အဘိုးအိုက သူခေါင့်ရှောက်ခဲ့သည်ဟု ပြောဆိုခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့်....

အဘိုးအိုဘက်သို့ လှည့်ကြည့်လိုက်၏။

'အဘိုးကြီး....ရှင်လဲ ပါချင်ပါနိုင်တယ်၊ စောစောစီးစီး ပါချင်ပါသား'

မုဖုတုံမင်းက ပြုံးလိုက်၏။

သူသည် ကျောင်းကျားလင်၏ အတွင်းအား ပြင်းထန်ပုံကို သိပြီးဖြစ်သည်။

'ငါက ဘယ်သူ့ဘက်မှ မကူပါဘူး၊ စိတ်ချ....ငါက အေးအေး ဆေးဆေး လက်ပိုက်ကြည့်နေမှာပါ'

လုစုချင်း ကျေနပ်သွား၏။

ဤအဘိုးကြီး မပါလျှင် သူမသည် ကျောင်းကျားလင်ကို ကျိန်းသေ နိုင်ပေပြီ။



သူမသည် ထင်းလိန်ကွမ်ရှမ်း၏ ပညာအမွေကို ရခဲ့ပြီမဟုတ်ပါလော။

သူမသည် ကျောင်းကျားလင်ဘက်သို့ လှည့်လိုက်၏။

သူမသည် ခပ်ပြုံးပြုံးနှင့် ပြောလိုက်၏။

သူမ ပြုံးသည်လော။

သူမနိုင်ပြီဟု တွက်ထားသည် မဟုတ်ပါလော။

'ဒီမှာ ကျောင်းကျားလင်၊ သိုင်းကွက်ဆယ်ကွက်အတွင်းမှာ ရှင့်ကိုနိုင်စေရမယ်၊ သိုင်းကွက်ဆယ်ကွက် မကျော်စေရဘူး၊ ဒီဆယ်ကွက်အတွင်းမှာ ရှင့်ကိုမနိုင်ရင် ရှင့်သဘောအတိုင်း ကျွန်မကို ကြိုက်သလို လုပ်နိုင်တယ်၊ ကျွန်မ ကတိပေးတယ်'

ကျောင်းကျားလင်က ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ မင်းက ဒီဂတိကတိပေးတော့ ငါကလဲ မင်းကိုကတိပေးရတာပေါ့၊ သိုင်းကွက်တစ်ရာအတွင်းမှာ ငါ့အနား ငါးပေလောက် ကပ်လာနိုင်ခဲ့ရင် ငါ့ကိုယ်ငါ သတ်လိုက်မယ်'

သူတို့နှစ်ယောက်သည် လက်တွေ့ဘိုက်ပွဲ မစခင် စကားစစ်ထိုးနေကြ၏။

မုဖုတုံမင်းက ခေါင်းယမ်းရင်း ညည်းတွားလိုက်၏။

'အခု ခေတ်ပြောင်းနေပါကလား၊ ငါတို့ခေတ် မဟုတ်တော့ပါဘူး၊ ကြည့်စမ်းပါဦး၊ လမ်းတောင် ကောင်းကောင်း

မလျှောက်နိုင်တဲ့ ကလေးတွေက အပြေးပြိုင်မယ်လို့ ပြောနေကြပါလား'

သူ၏ ညည်းညူသံကို ကျောင်းကျားလင်နှင့် လူစုံချင်းတို့ ကြားကြသည်။

သို့သော်....

သူတို့သည် အဘိုးအိုး၏ ညည်းတွားသံကို ဂရုမစိုက်ဘဲ တိုက်ကွက်ခင်းနေကြသည်။

ထိုအချိန်တွင် လူရိပ်တစ်ရိပ်သည် ခြံထဲသို့ ဝင်ရောက်လာလေ၏။

ထို့နောက်....

သူမသည် ပြတင်းပေါက်ဘောင်ပေါ်သို့ ရောက်ရှိလာလေသည်။

သူမသည် ပြတင်းပေါက်ဘောင်ပေါ်ထိုင်ရင်း....

'တူမလေး လုစုချင်း'

လုစုချင်းမှာ သူမ၏အမည်ကို ခေါ်သံကြားသဖြင့် ချာခနဲ လှည့်ကြည့်လိုက်မိသည်။

သူမ၏အဒေါ် လုရောင်ချင်းသည် ပြတင်းပေါက်ဘောင်ပေါ်၌ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ထိန်းပါနှင့်မုကန်းတို့သည် ထိုအမျိုးသမီးကြီးအား တွေ့လိုက်သောအခါ ဝမ်းသာသွားလေ၏။

လုစုချင်းလည်း အားတက်သွားသည်။



'ဒေါ်ဒေါ်၊ ကျွန်မဒီမှာ ရှိနေတယ်ဆိုတာကို ဘယ်လိုသိနေသလဲ၊ ဒေါ်ဒေါ် ရောက်လာတာကို ကျွန်မ ဝမ်းသာပါတယ်'

လုရောင်ချင်းက....

'အားလုံး ဟိုရောက်မှ ပြောပြမယ်'

'ဘယ်ရောက်မှလဲ'

'ကျောင်းကျားဂေဟာရောက်မှ....'

'ဒီမှာ နည်းနည်းပါးပါးတော့ ပြောဦးမှပေါ့'

'အင်း....နည်းနည်းတော့ ပြောပြမယ်၊ အဖြစ်အပျက်အားလုံးကို ဒေါ်ဒေါ် သေချာအောင် စုံစမ်းနေတာ၊ အခုဒေါ်ဒေါ်သဲလွန်စ ရပါပြီ'

လုစုချင်း မျက်မှောင်ကြုတ်သွားသည်။

'ဒေါ်ဒေါ်က ဘာတွေသိလာလို့လဲ'

လုရောင်ချင်းက....

'ကဲပါ ဒါတွေ နောက်မှ ပြောကြရအောင်၊ ကျောင်းကျားဂေဟာကို အရောက်သွားကြရအောင်'

ကျောင်းကျားလင်က ဝင်ရောက်တောင်းပန်လိုက်၏။

'ဒေါ်ဒေါ်၊ ကျွန်တော်တို့နောက်က လိုက်လုပ်ရတာ အဓိပ္ပာယ်သိသိ၊ အဓိပ္ပာယ်ရှိရှိ လိုက်လုပ်ချင်ပါတယ်၊ ဒါကြောင့်မို့ ဒေါ်ဒေါ် အနေနဲ့ စုံစမ်းသိရှိလာရတဲ့ အချက်အလက်တချို့ကို ပြောပြစေချင်ပါတယ်'

လုရောင်ချင်းက....

'ငါက ကွင်းကိုးကွင်းအလံ အဖွဲ့ထဲပါဝင်မယ်လို့ ကတိပေး အယုံသွင်းပြီး ဒဏ်ရာရနေတဲ့ ချင်ကုလျံကို လွှတ်ပေးလိုက်တာ

ပေါ့ပဲ၊ သူတို့ဂိုဏ်းဝင်တွေနဲ့ ချင်ကုလျှ မတိုးမိကြတော့ သူတို့ ငါ့ကို လုံးဝဒုက္ခမပေးကြဘူး၊ ငါ့သူတို့ဂိုဏ်းထဲ ဝင်မယ်ဆိုတာလဲ ကွင်းကိုးကွင်းအလံအဖွဲ့ဂိုဏ်းချုပ် ဘယ်သူဆိုတာလဲ သိချင်လို့ ပါ၊ သူတို့ဂိုဏ်းထဲ ဝင်ရတာလဲ လွယ်ပါဘူး၊ တော်တော် လူ သတ်ပြလိုက်မှ ဝင်ခွင့်ရတာပါ'

ကျောင်းကျွဲလင်မှာ လွန်စွာစိတ်ဝင်စားလာ၏။

'ကွင်းကိုးကွင်းအလံအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟာ ဘယ်သူလဲ၊ သူ့ကို ဒေါ်ဒေါ် သိလာပြီလား'

လုရောင်ချင်းက....

'ဒေါ်ဒေါ် အမျိုးမျိုး ကြိုးစားရတယ်၊ သူတို့ဂိုဏ်းထဲ ဝင် လိုက်တော့ လှုပ်ရှားရတာ နည်းနည်းခက်ခဲသွားတယ်၊ အမျိုး မျိုးစုံစမ်းပြီး ဒေါ်ဒေါ် နည်းနည်းပါးပါး ရိပ်စားမိလာ တယ်'

အဘိုးအိုမုဒုတ်မင်းသည် လက်ပိုက်၍ နားထောင်နေလေ သည်။

ဘာတစ်ခွန်းမှ ဝင်မမေးချေ။

ကျောင်းကျွဲလင်က...

'ကွင်းကိုးကွင်းအလံအဖွဲ့ ဂိုဏ်းချုပ်ဟာ ဘယ်သူများလဲ၊ ကျွန်တော့် အဖေများ ဖြစ်နေမလား မသိဘူး'

လုရောင်ချင်းက ခေါင်းယမ်းလိုက်၏။

'မဟုတ်ပါဘူး၊ မင်းအဖေဟာ အချုပ်ခံချင် ခံနေရမယ်၊ သေရင်လဲ သေသွားမယ်၊ ဒါမှမဟုတ် သူတို့အသိုင်းရှိတဲ့ ရပ်ဝေး ရပ်တစ်ရပ်ဖြစ်ချင်ဖြစ်မယ်၊ ဂိုဏ်းချုပ်တော့ ဘယ်လိုမှ မဟုတ် ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒါကို ဒေါ်ဒေါ် အသေအချာ သိတယ်'

ကျောင်းကျွဲလင် သက်ပြင်းချလိုက်၏။

သူသည် လွန်စွာ စိတ်သက်သာရာရသွား၏။

သူ့အဖေသေပြီဆိုလျှင်တော့ ကွင်းကိုးကွင်းအလံအဖွဲ့ ဂိုဏ်း ချုပ်ကို မိုးအဆုံး မြေအဆုံး လိုက်စားချေရတော့မည်ပေါ့။

'ဒါဖြင့် ကွင်းကိုးကွင်းအလံအဖွဲ့ဂိုဏ်းချုပ်အစစ်က ဘယ်သူ ဖြစ်နိုင်သလဲ ဒေါ်ဒေါ်၊ ဒါကိုတော့ ဒေါ်ဒေါ်ရိပ်စား မိလာ မှာပါ'

လုရောင်ချင်းက...

'ဒေါ်ဒေါ်လဲ သဲလွန်စရလာပါပြီ၊ ဒါပေမယ့် တိတိကျကျ တော့ မသိရသေးပါဘူး'

'ဘယ်သူများလဲ ဒေါ်ဒေါ်'

'ငါစုံစမ်းရသလောက်တော့ ကွင်းကိုးကွင်းအလံအဖွဲ့ ဂိုဏ်း ချုပ်ဟာ နှစ်ယောက်ရှိနေတယ်၊ သူတို့နှစ်ယောက်ထဲက တစ် ယောက်ယောက်ဖြစ်နိုင်တယ်၊ တစ်ယောက်ကတော့ တိဗက် လားမား တုခိုပ၊ တစ်ယောက်ကတော့ မျက်နှာတစ်ထောင် ချီပုပဲ'

ကျောင်းကျွဲလင် ခေါင်းညိတ်လိုက်၏။

'တိဗက်လားမားလဲဖြစ်နိုင်ပါတယ်၊ သူက ခြေပုန်းခုတ်ပြီး ပြည်မထိုင်းလောကကို အကြီးအကျယ်ဒုက္ခပေးဖို့ ကြံစည်နေတဲ့ လူပဲ၊ ရုပ်ဖျက်ပညာ အတွင်းကျင်ဆုံးက မျက်နှာတစ်ထောင်

ချီပုပဲ၊ သူဟာလဲ အဓိက ဇာတ်ကောင်တစ်ကောင် ဖြစ်နိုင်ပါတယ်'

အားလုံး တိတ်ဆိတ်ငြိမ်သက်ကြသည်။

အတွေးကိုယ်စီနှင့် ဖြစ်ကုန်သည်။

အတန်ကြာသော် လုရောင်ချင်းက လုစုချင်းဘက်သို့လှည့်၍ ပြောလိုက်၏။

'ငါတို့မကို ပြောရဦးမယ်'

သူမသည် ပြောရင်း ဝမ်းနည်းလာသည်။

'မင်းအဖေကို ကျင်းဝေရင်သတ်မှာမဟုတ်ဘူး'

'ရှင်...'

လုစုချင်း အံ့ဩသွားသည်။

'ဟုတ်တယ်၊ မင်းအဖေကို ကျင်းဝေရင်သတ်တာမဟုတ်ဘူး၊ သေမင်းခြောက်ယောက်ထဲက ဝူထင်းစုဟာ ကျင်းကျားဝေဟာရဲ့ အဏ္ဏာစိုးတို့ဘုတ်ဆိုတဲ့ လူအဖြစ်နဲ့ ရုပ်ဖျက်ပြီးသတ်လိုက်တာပဲ၊ ငါသေသေချာချာ စုံစမ်းရခဲ့ပြီ'

လုစုချင်းမှာ အံ့ကြိတ်လိုက်၏။

'ဒေါ်ဒေါ်ပြောတာ အမှန်ပဲလား'

လုရောင်ချင်းက ခေါင်းညိတ်လိုက်၏။

'ဒီလောက် အရေးကြီးတဲ့ကိစ္စကြီးကို ငါက ညာပြောပါ့မလား၊ ငါ သေသေချာချာ လိုက်စုံစမ်းတယ်၊ သူက ရုပ်ဖျက်ပြီး သတ်တာဆိုတော့ ဘောဘောနဲ့ သဲလွန်စမရဘူး၊ ငါကွင်းကိုးကွင်းအလံအဖွဲ့ထဲရောက်မှ ဒီကိစ္စကို စုံစမ်းလို့ရတာ၊ သေချာပါတယ်'



သူမက ဆက်ပြောလိုက်၏။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ငါတို့မ ကျင်းကျားလင်ကို ရန်လုပ်နေတာ ရပ်လိုက်တော့၊ ကျင်းကျားလင်ဟာ ကြားထဲက သက်သက်မဲ့ ဓားစာခံ ဖြစ်နေတယ်'

ကျင်းကျားလင်သည် တစ်ရန်တော့အေးပြီဟူ၍ သက်ပြင်းချလိုက်မိလေ၏။

....o....



## အခန်း (၁၁၅)

သတင်းပေးရှာသူ

လုစုချင်းသည် ထိန်းပါနှင့် မုကန်းတို့အား တစ်ချက်ကြည့်လိုက်သည်။

ထိန်းပါနှင့် မုကန်းတို့က ခေါင်းညိတ် ပြကြလေသည်။

လုစုချင်းသည် ကျင်းကျွားလင်အား တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက် လေသည်။

'ကျွန်မ တောင်းပန်ပါတယ်ရှင်၊ သေသေချာချာ မစုံစမ်းခဲ့တဲ့ ကျွန်မအပြစ်ပါပဲ၊ ရှင်ကတော့ မဟုတ်ဘူးလို့ ပြောပါတယ်၊ ဒါပေမယ့် ကျွန်မက တယူသန်ဖြစ်ပြီး ရှင့်ပြောစကားကို



နားမထောင်ခဲ့ပါဘူး၊ ဖြစ်ပြီးခဲ့တဲ့ အပြစ်တွေအတွက် ကျွန်မဝန်ချတောင်းပန်ပါတယ်'

ကျင်းကျွားလင်မှာ သက်ပြင်းရှည်ကြီး ချလိုက်လေ၏။

'မင်း သိသွားရင် ငါကျေနပ်ပါတယ်၊ မင်းအဖေသတ်တဲ့ လူကို မင်းသိပြီပဲ၊ လိုက်ပြီး လက်စားချေပါတော့'

လုစုချင်းက လုရောင်ချင်းကို မေးလိုက်၏။

'အခု ဝူထင်းစု ဘယ်မှာရှိမလဲ'

လုရောင်ချင်းက....

'သူဟာ ကွင်းကိုးကွင်း အလံအဖွဲ့ထဲကပဲ၊ ကျွန်မအဖေကို သတ်ဘုန်းကလဲ တို့ဘုတ်ဆိုတဲ့ လူရဲ့ မျက်နှာဖုံးအတု တပ်ပြီး သတ်ခဲ့တာပဲ၊ အခု ကျင်းကျွားဂေဟာမှာရှိမှာ သေချာတယ်'

လုစုချင်းက ...

'သေချာသလား ဒေါ်ဒေါ်'

လုရောင်ချင်းက ခေါင်းညိတ်၏။

'သေချာပါတယ်၊ သူတစ်ယောက်တည်းမဟုတ်ပါဘူး၊ ကျွန်တဲ့ ဒသမင်းငါးယောက်လဲ အဲဒီဂေဟာကို ရောက်နေတယ်၊ ထမ်းဆုတော့ရှိတယ်၊ ကျင်းကျွားဂေဟာကို ပေါ့ပေါ့ဆဆ တိုက်လို့ တော့မရဘူး၊ သူဟာ ကွင်းကိုးကွင်းအလံအဖွဲ့ရဲ့ ဌာနချုပ် သဘောဖြစ်နေတယ် မဟုတ်လား'

ကျင်းကျွားလင်က....

'ကျွန်တော်တို့ရဲ့ ကျင်းကျွားဂေဟာတော့ နာမည်ပျက်နေပြီဗျာ'

လုရောင်ချင်းက....

'အခုတော့ နာမည်ပျက်ဦးမှာပဲ၊ အောက်လမ်းသိုင်းသမားတွေ အားလုံးဟာ ကျင်းကျားဂေဟာမှာ စုနေကြပြီ မဟုတ်လား'

ကျင်းကျားလင်မှာ ခေါင်းယမ်းနေမိသေး၏။

လုရောင်ချင်းက ကျင်းကျားလင်ကို ကြည့်လိုက်၏။

'အခု ကွင်းကိုးကွင်းအလုံအဖွဲ့က ငါ့ အရဲစွန့်ပြီး ထွက်လာတာဟာ အကြောင်းရှိတယ်'

ကျင်းကျားလင်က....

'ဘာအကြောင်းများလဲ'

'အဘိုးအိုတစ်ယောက်က မင်းကို လိုက်ပြီးစုံစမ်းခိုင်းလို့ ငါထွက်လာတာ၊ ဒီမှာ ကြုံကြုံကြိုက်ကြိုက် အားလုံးကို တွေ့လိုက်ရတော့ ဟန်ကျသွားတယ်'

ကျင်းကျားလင် အံ့အားသင့်သွား၏။

မည်သည့်အဘိုးအိုက သူ့အား လိုက်ရှာနေပါသနည်း။

ယခုတလော သူ့အား စောင့်ရှောက်နေသည့် အဘိုးအိုများမှာ များပြားလှသည်။

လုချိရှာမှ တင်ပါသည်အဘိုးအို၊ မုဖုတု မင်းအဘိုးအိုတို့သည် သူ့အား စောင့်ရှောက်နေကြသည်။

အဘိုးအိုများ ဖြစ်ကြသည်။

'ကျွန်တော့်ကို လိုက်ရှာခိုင်းတယ်၊ ဟုတ်လား'



လုရောင်ချင်း ခေါင်းညိတ်လေ၏။

'ဟုတ်တယ်၊ အဘိုးအိုက တော်တော် အသက်ကြီးပြီ၊ ဟောဒီထဲမှာရှိတဲ့ အဘလောက်တော့ ရှိလိမ့်မယ်'

'သူက ဘယ်သူတဲ့လဲ'

'ငါ့ကိုတော့ သူက နာမည်မပြောဘူး၊ မင်းကို ပြောလိုက်ပါတဲ့၊ သံကွင်းသုံးကွင်းပေးတဲ့ အဘိုးအိုလို့ ပြောရင် မင်း သိပါတယ်တဲ့'

ကျင်းကျားလင် ရေရွတ်လိုက်၏။

'သက်ခြေသုံ ကွင်း တန်မုရှမ်းပဲ'

လုရောင်ချင်းမှာ အံ့ဩသွားလေ၏။

'အဲဒီအဘိုးကြီးဟာ သက်ခြေသုံးကွင်း တန်မုရှမ်း ဟုတ်လား'

'ဟုတ်တယ်'

'ဘုရား....ဘုရား၊ ငါဟာ သိုင်းလောကအဓိပတိကြီးနဲ့ တွေ့ခဲ့တာပါလား'

လုရောင်ချင်းသည် ရင်ဖိုငြိး ရေရွတ်နေလေ၏။

ပြီးမှ....

'သူက ဘယ်သူလဲဆိုတာ ဒေါ်ကိုဖွင့်မပြောဘူး၊ မင်းကို အမြန်ဆုံးရှာပြီး သံကွင်းတွေကို အမြန်ဆုံးလာပို့ဖို့သာ ပြောလိုက်တာပါ'

ကျောင်းကျားလင် ခေါင်းယမ်းလိုက်၏။

'သူ့သံကွင်းတွေဟာ ထူးထူးဆန်းဆန်း တိုက်ခိုက်နိုင်တာတော့ မှန်ပါရဲ့၊ ဒါပေမယ့် သိပ်တော့ အရေးကြီးပုံ မရပါဘူး ခင်ဗျာ'

လုရောင်ချင်းက....

'ဒီလိုတော့မဟုတ်ဘူး၊ သူပြောတာကတော့ ဒီသံကွင်းတွေဟာ သိပ် အရေးကြီးတဲ့ သဘောမျိုးပြောနေတယ်'

ကျောင်းကျားလင်က မေးလိုက်သည်။

'သူ ဘယ်လို ပြောလိုက်သလဲဟင်၊ ဒီသံကွင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုပြောသလဲ'

လုရောင်ချင်းက သေချာစွာ ပြောပြလေ၏။

'သူက သေသေချာချာပြောလိုက်တာပဲ၊ သူ အလေးအနက်ပြောပုံထောက်ရင် သံကွင်းတွေဟာ သူ့အတွက် သေရေးရှင်ရေး အရေးကြီးပုံရတယ်၊ ကွင်းကိုးကွင်းအလုံးအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟာ သိုင်းပညာမှာ အလွန်တော်သတဲ့၊ သူ့အခုနဲ့ သူ့



သံကွင်းသုံးကွင်းနဲ့ တိုက်ခိုက်မှ တောင်ရုံကျမတဲ့၊ ဒီလက်နက်တွေ မပါရင် သူ မနိုင်ဘူးတဲ့'

ကျောင်းကျားလင်မှာ အကြီးအကျယ် မျက်နှာ ပျက်သွားတော့သည်။

သူ့ထံ၌ သံကွင်းသုံးကွင်း မရှိတော့ချေ။

အဘယ့်ကြောင့်ဆိုသော် ကွင်းသုံးကွင်းအလုံးအဖွဲ့မှ လူတစ်ယောက်သည် လုရှိရှာမှ တင်ပါသည် အတိုးအိုဟန်ဆောင်ပြီး သူ့သံကွင်းတစ်ကွင်းအား လိမ်ညာယူသွားပြီ မဟုတ်ပါလော။

ကျောင်းကျားလင်သည် သူ့သံကွင်းတစ်ကွင်း ရရှိရန် အသေအလဲ စဉ်းစားနေစဉ် မုဖုတ်ခင်းသည် သက်ပြင်းချလိုက်လေ၏။

'တန်မုရှမ်းတောင် ပါလာပြီပဲ'

သူသည် ကျောင်းကျားလင်အား မေးလိုက်၏။

'တန်မုရှမ်းကို မင်း ဘယ်မှာတွေ့တာလဲ'

ကျောင်းကျားလင်က....

'ကျွန်တော် လေးဦးမဟာအဖွဲ့ရဲ့ ဌာနချုပ်ကို ရှာနေတုန်း သက်ခြေသုံးကွင်း တန်မုရှမ်းကိုတွေ့တာပဲ၊ အဲဒါ လွန်ခဲ့တဲ့ လေးငါးခြောက်လရှိပါပြီ၊ ကြည့်ရတာ သူဟာ သိုင်းလောကထဲကို အခုမှ ထွက်လာခဲ့တဲ့သူလိုပဲ ဟိုမေးဒီမေး လုပ်ခဲ့ပြီး၊ ကျွန်တော့်ကို ဒီသံကွင်းတွေ ပေးခဲ့တာပဲ'

မုဖုတုံမင်းက ခေါင်းညိတ်ပြီး....

''အင်း....သူက ငါ့ထက်အရင် သိုင်းလောကထဲ မြန်ဝင်လာတာကိုး၊ သူလဲပါလာပြီ ငါလဲပါလာပြီဆိုတော့ သိုင်းလောကမှာ ကတဲ့ ပွဲကြီးပွဲကောင်းကြည့်ရပြီပေါ့၊ ကဲ....မင်းတို့လဲ ပြေလည်ကြပြီပဲ၊ ငါ့ အကူအညီမလိုတော့ပါဘူး၊ ငါ သွားတော့မယ်'

အဘိုးအိုသည် ပြေလွှားထွက်ခွာသွားလေ၏။

အဘိုးအို၏ပြေးလွှားပုံမှာ တိမ်များ လေနှင်ရာလွင့်ပါသွားသည့်နှယ် ရှိလေ၏။

ကိုယ်ဖော့ပညာ၌ တဘက်ကမ်းခတ် တတ်မြောက်သော ပုဂ္ဂိုလ်ပေတည်း။

လုစုချင်းက မေးလိုက်၏။

'သူက ဘယ်သူလဲ တူမလေး'

လုစုချင်းက....

'သူက တခြားသူမဟုတ်ပါဘူး၊ ဒေါ်ဒေါ်တို့ ကောင်းကောင်း ကြားဖူးမယ့်သူပါ'

'ဘယ်သူတဲ့လဲ'

'သက်ခြေမင်းသားလေး မုဖုတုံမင်းတဲ့'



လုရှောင်ချင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် သူမသည် နှစ်ရက်အတွင်း သိုင်းလောက အဓိပတိနှစ်ယောက်ကို တွေ့ခဲ့ရ၍ ဖြစ်လေ၏။

လုရှောင်ချင်းက...

'ဒီလိုဆိုရင် ငါတို့ ကျင်းကျားဂေဟာကို အမြန်ဆုံး သွားကြမှဖြစ်မယ်၊ ဟိုမှာ အကြီးအကျယ်ဖြစ်တော့မယ်၊ ကြည့်ရတာ သက်ခြေသုံးကွင်း တန်မှရှမ်းလဲပါ....၊သက်ခြေမင်းသားလေး မုဖုတုံမင်းလဲပါတော့မယ်ဆိုရင် ဟိုမှာ တီဗက်လားမားတုခိုပုပဲဖြစ်ဖြစ်၊ မျက်နှာတစ်တောင်ချိုပုပဲဖြစ်ဖြစ် ခံနိုင်မှာမဟုတ်တော့ဘူး၊ သူတို့ဟာ သိုင်းလောကမှာ ဇာက်မြုပ်နေတဲ့ အဓိပတိကြီးတွေ ဖြစ်တယ်'

လုစုချင်းသည် ကျင်းကျားလင်အား အားနာသောအကြည့်ဖြင့် ကြည့်ပြီး...

'ကျွန်မကို ခွင့်ပြုပါဦး'

ကျင်းကျားလင်က လက်မြှောက်ပြလိုက်သည်။

လုစုချင်းသည် ထိန်းပါနှင့် မုကာန်းတို့ဘက်သို့ လှည့်ကြည့်ပြီး

'ဦးလေးတို့ ကျွန်မတို့ သွားကြမယ်'

'ကောင်းပြီ'

လုစုချင်း၊ ထိန်းပါနှင့် မုကန်းတို့သည် ခြံစည်းရိုးကို ခုန်ပျံ ကျော်လွှားပြီး ထွက်ပြေးသွားကြလေ၏။

ကျင်းကျားလင်သည် သူ့နောက်နား၌ လာရပ်သော ချင်ကုလျ၏မိခင်အား ကြည့်လိုက်လေ၏။

'ဒေါ်ဒေါ် အဖြစ်အပျက်အားလုံးကို သိပြီမဟုတ်လား'

အမျိုးသမီးက ခေါင်းညိတ်၏။

'ချင်ကုလျဟာ သူတစ်ပါးအပေါ် ကောက်ကျစ်တဲ့စိတ် လုံးဝမရှိပါဘူး၊ အခြေအနေအရ ဒေါ်ဒေါ် အထင်အမြင်မှား သွားတာပါ'

'ဟုတ်ပါတယ်၊ ငါမှားသွားတာပါ'

'ကဲ-ကျွန်တော်လဲ ကျင်းကျားဂေဟာကို အမြန်ဆုံးသွားမှ ဖြစ်တော့မယ်၊ တစ်ချိန်လုံးငြိမ်သက်နေခဲ့တာ အခုမှ ပေါက်ကွဲ ထွက်တော့မယ်'

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ၊ အောင်နိုင်တဲ့သတင်းကို ဒေါ်ဒေါ် စောင့် မျှော်နေပါ့မယ်'

'အောင်နိုင်ဖို့ အကြောင်းများပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သိုင်းလောကမှာ ဇာတ်မြုပ်နေခဲ့တဲ့ သိုင်းသမားကြီး



တွေတောင် အထက်လမ်းသိုင်းလောကထဲ ပြန်ရောက်လာကြပြီ မဟုတ်လား၊ ကျွန်တော်သွားတော့မယ်'

ကျင်းကျားလင်သည် ထိုနေရာမှ ပြေးထွက်သွားလေတော့ သည်။

....ဝ....

## အခန်း(၁၁၆)

ချီတက်လာသောသာဂိုဏ်းများ

ချမ်းဆေးနယ်သို့သွားရာ လမ်းမပေါ်၌ ကျန်ရက်များအတွင်း ခရီးသည်များ ရုတ်တရက်စည်ကားလာသည်ကို တွေ့ရှိရလေ၏။

ချမ်းဆေးနယ်မှ အပြန်ခရီးသည် မရှိပေ။

အပြန်ခရီးသည်များသာ ရှိသည်။

ထိုသို့သွားနေသော လူများကား သိုင်းလောကသားများ ပင် ဖြစ်ကြလေ၏။

ထိုခရီးသည်များမှာ မြင်းဖြင့်တစ်မျိုး၊ ခြေလျင်ဖြင့်တစ်ဖုံ၊ ဝေါယာဉ်ဖြင့်တစ်နည်း သူတို့သည် ကျောင်းကျား ဂေဟာသို့ ဦးတည်သွားနေကြလေ၏။



ထိုသွားနေသော လူများသည် အမျိုးမျိုးအဖုံဖုံ လူမျိုး စုံလင်လှပေသည်။

ဘုန်းတော်ကြီးများ၊ ရဟန်းများ၊ သီလရှင်များနှင့် လူ ပုဂ္ဂိုလ်မျိုးစုံတို့ ဖြစ်ကြသည်။

သူတို့သည် မွေးနေ့မင်္ဂလာပွဲ တစ်ခုသို့ သွားနေကြခြင်း မဟုတ်ပါ။

သူတို့သည် ဓားများ၊ လှံများ၊ သံချိတ်အူးများ၊ ကြိုးတပ် သံလုံးများ အစရှိသည့် လက်နက်မျိုးစုံကို ကိုင်ဆောင်လျက် သွားနေသဖြင့် တိုက်ပွဲတစ်ခုသို့ သွားနေခြင်းဖြစ်ကြောင်း ရိပ်မိ နိုင်ပါသည်။

သူတို့ မည်သည့်အရပ်သို့ သွားနေပါသနည်း။

သူတို့သည် ကျောင်းကျားဂေဟာသို့ သွားနေကြခြင်း ဖြစ်ပါ သည်။

ကျောင်းကျားဂေဟာကို တိုက်ခိုက်ရန် ဖြစ်ပါသလော။

မှန်ပါသည်။

သူတို့သည် ကျောင်းကျားဂေဟာသို့ တိုက်ခိုက်ရန် သွားရောက် ကြခြင်း ဖြစ်ပါသည်။

သူတို့အား ဘယ်သူက လှုံ့ဆော်သဖြင့် ဤသို့တိုက်ခိုက်ရန် လာရောက်ခြင်း ဖြစ်ပါသနည်း။

ရှောင်တင် ကျောင်းထိုင်ဆရာတော် တင်းအိသည် ကျင်း ကျားဂေဟာအကြောင်း အစအဆုံး စုံစမ်းခဲ့သည်။

ကျင်းကျားဂေဟာပိုင်ရှင် ကျင်းဝေရင်သည် သိုင်းလောက အပေါ် စိုးမိုးအုပ်ချုပ်ရန် ကြံစည်သူမဟုတ်။

မသမာသူအချို့က ကျင်းဝေရင်အဖြစ် ရုပ်ဖျက်ပြီး သိုင်း လောကကို စိုးမိုးအုပ်ချုပ်ရန် ကြံစည်နေကြောင်း တွေ့ရှိလာ သဖြင့် ကျင်းကျားဂေဟာအား တိုက်ခိုက်ရန် သိုင်းလောက ဂိုဏ်းအသီးသီးအား ဖိတ်စာကမ်းခဲ့ပေသည်။

ဤသို့ဖြင့်....

ဂိုဏ်းအသီးသီးသည် ကျင်းကျားဂေဟာသို့ ချီတက်လာခဲ့ ခြင်း ဖြစ်ပေသည်။

ရှောင်လင်ဂိုဏ်း၊ ဝူတန်းဂိုဏ်း၊ ခွန်လွန်ဂိုဏ်း၊ ချန်းစိန် ဂိုဏ်း၊ ထင်းစန်းဂိုဏ်း စသည့် သိုင်းလောကမှ ထိပ်တန်းသိုင်း ဂိုဏ်းကြီးများသည် သူတို့အားထားရသည့် သိုင်းသမားများကို စေလွှတ်လိုက်ခြင်းပင် ဖြစ်တော့သည်။

သို့သော်....

သူတို့လူစု ကျင်းကျားဂေဟာသို့မရောက်မီ ဆယ်ရက်ခန့်တွင် အစုနှစ်စုသည် ကျင်းကျားဂေဟာသို့ နှစ်ကြိမ် ဝင်ရောက်တိုက် ခိုက်ခဲ့ပြီး ဖြစ်သည်။



ထိုအစုနှစ်စုသည် မည်သည့်အစုများ ဖြစ်ပါသနည်း။

ပထမဆုံး ဝင်ရောက်တိုက်ခိုက်သောအစုမှာ မယ်ယကျွကျင်း ဟုန်တို့လူစု ဖြစ်သည်။

မယ်ယကျွတို့အုပ်စုမှာ မိန်းကလေးများချည်းသာဖြစ်သည်။

မယ်ယကျွသည် မိန်းကလေး နှစ်ဆယ်ခန့်ကို ဦးဆောင်၍ မြင်းများ၊ မြင်းရထားများဖြင့် ဝင်ရောက် တိုက်ခိုက်ကြခြင်း ဖြစ်သည်။

တိုက်ပွဲကို မယ်ယကျွက ဦးဆောင်သည်။

တိုက်ပွဲသည် ပြင်းထန်လှ၏။

ထိုမိန်းကလေး၏ တိုက်ခိုက်မှုကြောင့် အနက်ရောင်ကိုယ်ကြပ် အင်္ကျီများ ဝတ်ဆင်ပြီး မျက်နှာဖုံးနက်များ တပ်ဆင်ထားသော ကွင်းကိုးကွင်းအလံ အဖွဲ့သားများသည် အလုံးအရင်း ကျဆုံးကြ ရ၏။

မယ်ယကျွကျင်းဟုန်တို့အဖွဲ့မှလည်း မိန်းကလေးဆယ်ယောက် ခန့် ကျဆုံးကြရ၏။

နောက်ဆုံးတွင် အင်အားအလွန်ကွာဟနေသဖြင့် မယ်ယကျွ ကျင်းဟုန်တို့အဖွဲ့သည် နောက်ပြန်ဆုတ်သွားရလေ၏။

ထို့နောက်....

ခုနစ်ရက်ခန့်ကြာသောအခါ ဟိုလန်တောင်မှုမင်းသမီးလေး ယိုလန် ရောက်ရှိလာခလေ၏။

သူမသည် အဘွားကြီးလေးယောက်ကို ခေါ်ဆောင်ရောက်ရှိလာလေ၏။

အဘွားကြီးလေးယောက်တို့သည် သိုင်းပညာလည်းကောင်းကြသဖြင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြရာ ကွင်းကိုးကွင်းအလံအဖွဲ့သားများ များစွာကျဆုံးကြရသည်။

ဟိုလန်တောင်မင်းသမီးလေး ယိုလန်သည် ကွင်းကိုးကွင်းအလံအဖွဲ့ဂိုဏ်းချုပ်ကြီး ထွက်လာအောင် တိုက်ခိုက်နိုင်ခဲ့၏။

သူမသည် ကွင်းကိုးကွင်းအလံအဖွဲ့ဂိုဏ်းချုပ်ကြီးနှင့် သုံးရက်နှင့် သုံးညတိုင်အောင် တိုက်ခိုက်ခဲ့၏။

သူတို့သည် ဒိုင်းကွက်ပေါင်း တစ်ထောင်အထိ တိုက်ခိုက်သော်လည်း မည်သူမျှ အရှုံးအနိုင်မရှိခဲ့ချေ။

ထို့ကြောင့်...

ယိုလန်နှင့် အဘွားကြီးလေးယောက်တို့သည် ပြန်ဆုတ်သွားကြ၏။

အဘွားကြီး သုံးယောက်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည်။



ထိုသို့ မယ်ယကွကျင်းဟုန်နှင့် ဟိုလန်တောင်မင်းသမီးလေးတို့ တိုက်ခိုက်ခဲ့သဖြင့် ကွင်းကိုးကွင်းအလံအဖွဲ့မှာ များစွာ အထိနာခဲ့ရသည်။

ကျင်းကျားခြံဝင်းထဲတွင် ကွင်းကိုးကွင်းအလံအဖွဲ့၏ အဆိပ်များကို သောက်ထားကြရသူ အများစုမှာလည်း ရှိနေကြပါသည်။

သူတို့သည် အပြင်သို့ထွက်သွားပါက ဖြေဆေးမရမည်ကို စိတ်ပူပြီး ကျင်းကျားခြံဝင်းထဲ၌ပင် နေထိုင်ကြသူများ ဖြစ်ကြပေသည်။

ထိုသူများသည် ကွင်းကိုးကွင်းအလံအဖွဲ့အား သိုင်းလောကတစ်ခုလုံးမှ အဟုန်ပြင်းစွာ တိုက်ခိုက်တော့မည့်သတင်းကို ရရှိလာကြသည်။

ထိုအခါ...

ထိုသို့တိုက်ခိုက်လာမည့် အချိန်ကို သူတို့သည် စောင့်စားနေကြသည်။

ကွင်းကိုးကွင်းအလံအဖွဲ့မှလူများသည် အဖွဲ့နှစ်ဖွဲ့က တိုက်ခိုက်သွားသဖြင့် အကျအဆုံး များ[illegible]ားခဲ့သည်။

ထို့ပြင်....

သူတို့သည် သိုင်းလောကမှအဖွဲ့များ လာရောက် တိုက်ခိုက်မည့်သတင်းကို ကြိုသင်ရထားသဖြင့် ထိုသူများကိုကာကွယ်ရန် ပြင်ဆင်ကြတော့သည်။

ထို့ကြောင့်....

အဆိပ်မိထားသူများကို အခုစဝင့်အကြပ် လုံလောက်စွာ ချမထားနိုင်ဘဲ ဖြစ်နေသည်။

အဆိပ်မိခံထားရသူများကလည်း မဟာမိတ်အဖွဲ့များရောက်ရှိလာလျှင် သူတို့အထဲမှ မည်သို့ ထကြွကြရမည်ကို တိုင်ပင်ဆွေးနွေးနေကြသည်။

ထိုသို့ ကြံစည်သူများထဲတွင် မြေအောက်၌ အကျဉ်းခံနေရသော ကျင်းဝေရင်လည်း ပါရှိလေသည်။

ကျင်းဝေရင် ကြံစည်ခြင်းမှာ ကွင်းကိုးကွင်းအလံအဖွဲ့က မသိသော ထွက်ပေါက်တစ်ခု ရှိနေသောကြောင့်ပေတည်း။

အရေးအကြောင်းပေါ်လာလျှင် သူသည် လျှိုဝှက်လမ်းမှ ထွက်နိုင်ရန် အသင့်ပြင်ဆင်ထားလေသည်။

အဆိပ်အမိခံထားရသူများနှင့် ကျင်းဝေရင်မှာ မဟာမိတ်အဖွဲ့ လာရောက်တိုက်ခိုက်မည့်အချိန်ကို စောင့်စားနေကြလေတော့သည်။

....o....



ယနေ့သည် လပြည့်နေ့ဖြစ်သည်။

အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည် ကျင်းကျားဂေဟာနှင့် သုံးမိုင်ခန့်ကွာသောအရပ်၌ စုဝေးရောက်ရှိနေကြလေတော့သည်။

သူတို့သည် အဖွဲ့အသီးသီးကို သုံးရက်မျှ စောင့်စားကြလေသည်။

အဖွဲ့အသီးသီးမှာလည်း သုံးရက်အတွင်း စုံလင်စွာရောက်ရှိလာကြပြီးဖြစ်သည်။

အဖွဲ့ခေါင်းဆောင် တင်းအိဆရာတော်က အဖွဲ့ဝင်အရေအတွက်ကို ခန့်မှန်းကြည့်သည်။

စုစုပေါင်းအင်အား နှစ်ရာကျော်မျှရှိသည်။

'အင်း....ဒီလူအင်အားနဲ့ဆိုရင် ကျင်းကျားဂေဟာမှာ ရှိတဲ့ ကွင်းကိုးကွင်း အလံအဖွဲ့ကို အနိုင်ယူနိုင်လောက်ပါရဲ့'

သူတို့သည် ဘုရားကျောင်းပျက်တစ်ခုနှင့် ယင်းပတ်ဝန်းကျင်တွင် စခန်းချကြလေသည်။

ထိုညတွင် ဂိုဏ်းခေါင်းဆောင်များ စတင်ဆွေးနွေးနေကြသည်။

တိကျန်လုံက စတင်ပြောကြားသည်။

'အခုလောက်ဆိုရင် ဂိုဏ်းအသီးသီးစုံသင့်ပြီလို့ ယူဆပါတယ်၊ သုံးရက်တောင် ေစာင့္ပြီးပြီမဟုတ်လား'

ရွှောင်လင်ကျောင်းဆိုင်ဆရာတော်က မတ်တတ်ထရပ်သွားလေ၏။

'ကျုပ်တို့လူတွေ စုံမစုံ နည်းနည်းစစ်ဆေးကြည့်ရင် သိပါလိမ့်မယ်'

ကျူကပ်ကန်က ထရပ်လေ၏။

'ကဲ....စစ်ဆေးကြည့်ရအောင်'

ရှောင်လင်ကျောင်းထိုင် တင်းအိဆရာတော်ကလက်မြှောက်လိုက်ပြီး....

'ကျုပ်တို့ရှောင်လင် ရောက်ရှိလာပါပြီ'

ဝူတန်းဂိုဏ်းချုပ်ကြီးကလည်း လက်မြှောက်ပြီး ထရပ်လိုက်လေသည်။

'ဝူတန်းဂိုဏ်းလဲ ရောက်ရှိလာပါပြီ'

ဤသို့ဖြင့်....

ဂိုဏ်းအသီးသီးမှ ခေါင်းဆောင်တို့သည် သူတို့ရောက်ရှိလာကြောင်း တင်ပြကြလေသည်။



တင်းအိဆရာတော်သည် အဖွဲ့ပေါင်းစုံသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် လူစုံ၊ တက်စုံ၊ အဖွဲ့စုံ ရောက်ရှိပြီဖြစ်ကြောင်းကို ကြေညာလေသည်။

တိကျန်လုံက....

'ကျုပ်တို့ လူစုံ၊ တက်စုံ၊ အဖွဲ့စုံပြီဆိုရင် အချိန်မဖြုန်းဘဲ အလစ် ဝင်တိုက်ခိုက်ရင် ကောင်းမယ်လို့ ကျုပ်အကြံပေးချင်ပါတယ်'

သူတို့အဖွဲ့သားများသည် ကျင်းကျားဂေဟာကို ဝင်ရောက်တိုက်ခိုက်လာကြသည့် မယ်ယကျွ ကျင်းဟုန်တို့အဖွဲ့၊ ဟိုလန်တောင် မင်းသမီးလေး ယိုလန်တို့အဖွဲ့နှင့် မတွေ့ကြချေ။

တွေ့လျှင် ဝင်တိုက်ပိမည်သာ ဖြစ်ကြသည်။

တိကျန်လုံ၏စကားကို လက်ခုတ်လက်ဝါးတီး၍ အားပေးကြသော်လည်း ကျူကပ်ကန်ကမူ ထ၍ကန့်ကွက်လေ၏။

'တိကျန်လုံရဲ့ အကြံဉာဏ်ဟာ တကယ် ကောင်းပါတယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားမယ်ဆိုရင်တော့ ကျင်းကျားဂေဟာကို အောင်နိုင်လိမ့်မယ်ဆိုတဲ့ အချက်ကို အသေအချာ မပြောနိုင်ပါဘူး'

တိကျန်လုံက....

'ဘာဖြစ်လို့လဲဗျာ'

ကျူကပ်ကန်က....

'ကျုပ်တို့ဟာ ခရီးပန်းလာကြပါတယ်၊ ရန်သူကတော့ အိပ်ရေးဝဝအိပ်ပြီး လန်းလန်းဆန်းဆန်း တက်တက်ကြွကြွနဲ့ စောင့်ကြိုနေပါတယ်'

မယ်ယက္ခအဖွဲ့နှင့် ယိုလန်တို့အဖွဲ့အား မတွေ့ကြသဖြင့် ကျူကပ်ကန်တို့သည် ကျောင်းကျွားဂေဟာ၏ အခြေအနေမှန်ကို မသိကြတော့ချေ။

ကျောင်းကျွားဂေဟာ၌ အလောင်းကောက်သူနှင့် ဒဏ်ရာရသူများ ပြည့်နှက်နေသည်ကို သူတို့မသိကြချေ။

ကျူကပ်ကန်က ဆက်ပြောသေး၏။

'ကျုပ်တို့ မောမောပန်းပန်းနဲ့ သွားပြီးတိုက်ရင် အနိုင်အရှုံးဟာ မရေရာလှပါဘူးခင်ဗျာ'

သူ့စကားကြောင့် အားလုံး တွေဝေသွားကြပြန်၏။

အတန်ကြာသည်အထိ သူတို့သည် အချေအတင် ငြင်းခုံနေကြလေသည်။

သူတို့ငြင်းခုံနေသည်မှာ အချိန် အတော်ကြာသည်။

တင်းအိဆရာတော်က အကြံပြုလိုက်သည်။

'ကျုပ် အကြံပြုပါရစေ'

'ပြုပါ ဆရာတော်၊ ဆရာတော့် အကြံဉာဏ်ဟာ အားလုံးလက်ခံနိုင်တဲ့ အကြံဉာဏ်ဖြစ်မှာပါပဲ'

'ကျုပ်ပေးချင်တဲ့ အကြံဉာဏ်ကတော့ ကျုပ်တို့ဟာ တပ်ချီမသွားဘဲနဲ့ လက်ရွေးစင် ဆယ်ယောက်ရွေးပြီး ကျောင်းကျွားခြံဝင်းထဲကိုသွားပြီး စုံစမ်းချင်တယ်'

ဝူတန်းဂိုဏ်းချုပ်ကြီးက ထောက်ခံလိုက်သည်။

'ကောင်းတယ်၊ အခု ကျုပ်တို့ ငြင်းနေကြတာက ကျောင်းကျွားခြံဝင်းဆီကို တပ်ကြီးချီပြီး သွားသင့်မသွားသင့် ငြင်းခုံနေကြတာပဲ....၊ ဆရာတော်ရဲ့ အကြံဉာဏ်ဟာ ကြားချဖြီး



ပြောတဲ့ အကြံဉာဏ်အတွက် အလွန်သင့်မြတ်ပါတယ်၊ သွားသင့်တဲ့ဘက်ကရော၊ မသွားသင့်တဲ့ဘက်ကရော လက်ခံကြမယ်လို့ ထင်ပါတယ်'

ချန်းစိန်ဂိုဏ်းချုပ်က....

'ကျုပ်ထပ်ဆင့်အကြံတစ်ခု ပေးချင်ပါတယ်'

တင်းအိဆရာတော်က....

'ပေးပါ...ပေးပါ၊ အကြံဉာဏ်ကောင်းဆိုရင်တော့ လက်ခံကြရမှာပေါ့'

ချန်းစိန်ဂိုဏ်းချုပ်က....

'ကျောင်းကျွားခြံဝင်းထဲမှာ အဆိပ်မိတဲ့ လူအချို့ ရှိနေတယ်မဟုတ်လား၊ အဲဒီ လက်ရွေးစင်ဆယ်ယောက်ဟာ အဲဒီအဆိပ်မိနေတဲ့ လူအချို့ကို လွတ်အောင်ကယ်တင်ရမယ်၊ သူတို့ကို ကယ်ပြီးပြီဆိုရင် မီးကျည်လွှတ်ပြီး အချက်ပေးရမယ်၊ ကျုပ်တို့ ဒီကအဖွဲ့တွေကလဲ ကျောင်းကျွားခြံဝင်းနားကပ်ပြီး အသင့်စောင့်နေမယ်၊ မီးကျည်တက်လာရင် အင်အားနဲ့ ဝင်တိုက်ကြမယ်၊ အဲဒီအကြံမကောင်းဘူးလား ဘုရား'

ဝါမေဂိုဏ်းချုပ်သည် သဘောကျသွား၏။ သူမသည် သီလရှင် တစ်ပါးဖြစ်လေ၏။

'ဒီအကြံကောင်းပါတယ်၊ အခု အင်အားတွေဟာ ကျောင်းကျွားခြံဝင်းကိုတော့ ဝိုင်းထားဖို့လိုပါလိမ့်မယ်'

ဝူတန်းဂိုဏ်းချုပ်က...

'ဒီအကြံဟာ အတိုင်းထက်အလွန်ပါပဲ၊ အားလုံး လက်ခံကြပါ လား'

ထိုအခါ အော်ဟစ်ပြီး ထောက်ခံကြလေ၏။

'လက်ခံတယ်'

'သဘောတူတယ်'

'ဒီလိုဆိုရင် ဂူဘန်းဂိုဏ်းချုပ်ကြီးနဲ့ ချန်းစိန်ဂိုဏ်းချုပ်ကြီးက တပ်ဖွဲ့နှစ်ဖွဲ့ ခွဲပြီး တစ်ဖွဲ့စီကို ခေါင်းဆောင်ပါ၊ ကျုပ်နဲ့ကျန်တဲ့ ခေါင်းဆောင်ဆယ်ယောက်ကတော့ ကျောင်းကျားဂေဟာထဲ ဝင်မယ်'

'ကောင်းပါတယ် ဆရာတော်၊ ဝင်ပါ'

ဂူတန်းဂိုဏ်းချုပ်က ပြောလေ၏။

ထိုအခါ...

ဂိုဏ်းသားအားလုံးသည် ကျောင်းကျားဂေဟာကို ဝိုင်းပိတ်ရန် တိတ်တဆိတ် ချီတက်ကြလေတော့သည်။

....o....

အခန်း (၁၁၇)

နီဂိုးချုပ်

နံနက်မိုးသောက် အလင်းရောက်ခါနီး အချိန်ဖြစ်သည်။ သို့သော် အလင်းရောင် မရောက်သေးသဖြင့် မှောင်မိုက်နေသေးသည်။

ထိုအချိန်သည် အမှောင်မိုက်ဆုံး အချိန်ပင် မဟုတ်ပါလား။ ကျောင်းကျားဂေဟာ၌ ကင်းစောင့်နေသော အဖွဲ့သားများသည် သိုင်းလောကမှ လူများ ညဘက် လာရောက်မည်ဟု အထင်ရှိထားသဖြင့် ညဘက်၌ ဝီရိယပိုမိုထားပြီး စောင့်ကြပ်နေကြပေသည်။

သို့သော်...တစ်ညလုံး စောင့်နေသော်လည်း မည်သူမျှ လာမတိုက်ကြပေ။

မိုးလင်းလုပြီဖြစ်သဖြင့် ရန်သူများ မလာတော့ဟု ထင်သဖြင့် အားလုံး ပေါ့ပေါ့ဆဆသာ စောင့်ကြပ်ကြသည်။

အချို့မှာ အိပ်ငိုက်နေကြသည်။

ထိုအချိန်မှာပင် လူသံသူသံများ ဆူညံစွာ ထွက်ပေါ်လာလေ၏။

အိပ်ငိုက်နေသူများသည် လန့်ဖျပ်သွားကြသည်။

အကြောင်းကား အဆိပ်မိနေသော အကျဉ်းသားများအား တင်းအီဆရာတော် အမှူးပြုသော လက်ရွေးစင်သိုင်းသမား ဆယ်ယောက်က ဝင်ရောက်ကယ်တင်ပြီး အချုပ်မှ လွှတ်ပေးလိုက်သောကြောင့်တည်း။

အဆိပ်မိနေသော အကျဉ်းသားများသည် အချုပ်မှ လွတ်သည်နှင့် အတင်းထိုးခုတ်တိုက်ခိုက်ကြတော့၏။

သူတို့သည် အိပ်နေကြသော ကွင်းကိုးကွင်း အလုံအဖွဲ့ဝင်များကို ထိုးခုတ်တိုက်ခိုက်ကြသည်။

ထို့ကြောင့်....

ကွင်းကိုးကွင်း အလံအဖွဲ့သားများမှာ အထိနာသွားကြသည်။

သူတို့သည် ရရာလက်နက်များ ကိုင်စွဲကာ ခုခံကြလေသည်။

ထိုစဉ်....

မီးကျည်တစ်ခုသည် ကျင်းကျားခြံဝင်းအတွင်းမှ ထောင်တက်သွားလေ၏။

အသင့်ဝိုင်းရံနေကြသော ဂိုဏ်းအသီးသီးမှ ဂိုဏ်းသားတို့သည် အော်ဟစ်ပြီး တစ်ဟုန်ထိုး ချီတက်ကြလေတော့၏။

'ချီတက်ကြဟေ့....ငါတို့အောင်ပြီ၊ ငါတို့အောင်ပြီ'



ဟစ်အော်ကြေးကြော်သော အသံကြီးသည် တစ်ခဲနက် ထွက်ပေါ်လာ၏။

ဂိုဏ်းအသီးသီးမှ ဂိုဏ်းသားတို့သည် ကွင်းကိုးကွင်းအလံအဖွဲ့ဝင်မှန်သမျှ မည်းမည်းမြင်သမျှ ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။

ကျင်းကျားခြံဝင်းအတွင်း တိုက်ပွဲဖြစ်နေသော အချိန်၌ ကျင်းဝေရှင်သည် သူ့အား ဆေးပေးမီးယူ စောင့်ရှောက်နေသော လူငယ်ကလေး၏ အကူအညီဖြင့် လျှို့ဝှက်ဥမင်လမ်းမှ အပြင်သို့ ထွက်နိုင်ခဲ့သည်။

သူအပြင်သို့ ရောက်သောအခါ ခြံဝင်းထဲ၌ သွေးချောင်းစီး တိုက်ပွဲ ဖြစ်မနေကြောင်း လူငယ်ကလေးက ပြောပြ၏။

'ဓားတစ်ချောင်း ငါ့ကိုကောက်ပေးစမ်း'

လူငယ်ကလေးက ဓားတစ်ချောင်းကို ကောက်ပေးလိုက်လေ၏။

ကျင်းဝေရှင်သည် ဓားကိုစီးပိုင်စွာ ကိုင်လိုက်လေ၏။

ထိုစဉ်....

လူတစ်ယောက်သည် ကျင်းဝေရှင်နှင့် မျက်နှာချင်းဆိုင် ပြေးလာသည်။

'ဟင်....ဟိုမှာလဲ ကျင်းဝေရှင် တစ်ယောက်ပါလား'

လူတစ်ယောက်က အော်ဟစ်လိုက်သောအခါ ကျင်းဝေရှင်သည် ဆတ်ခနဲဖြစ်သွားလေ၏။

မကြာမီ....

သူတို့သည် မရှောင်သာသော လမ်းမြောင်အတွင်း ရင်ဆိုင်တွေ့ကြလေ၏။

ကျင်းကျားလင်လည်း ရောက်ရှိလာပြီး ကျင်းဝေရှင်နှစ်ယောက်ကို အံ့ဩစွာကြည့်မိလေ၏။

'ဟင်....ငါ့အဖေ နှစ်ယောက်တောင် ဖြစ်နေပါလား'

ကျင်းကျားလင်၏အသံကို ကြားသောအခါ ကျင်းဝေရှင်က အော်ပြောလိုက်မိသည်။

'သား....သား ဖေဖေ ဒီမှာ....'

ထိုအခါ....

ကျန်တစ်ယောက်ကလည်း....

'သား....သား အဖေ ဒီမှာ '

ကျင်းကျားလင်မှာ မည်သူ့ကို အဖေခေါ်ရမှန်း မသိတော့ချေ။

ဖခင်အစစ်နှင့်အတုကို သူမခွဲခြားတတ်တော့ချေ။

သူ့ဖခင်သည် မျက်မမြင်ဖြစ်သည်။

ကျန်တစ်ယောက်ကလည်း မျက်မမြင်အောင် ဟန်ဆောင်နေသည်။

ကျင်းဝေရှင်က....

'သား...ငါ့ကိုလာကူပါဦး'

ကျင်းကျားလင်သည် တွေဝေစဉ်းစားနေစဉ်...

'သား ငါ့ကိုလာကူပါဦး'

ကျင်းကျားလင်မှာ မည်သူ့အား ကူရမည်မှန်း မသိတော့ချေ။



'နေပါဦး၊ ခင်ဗျားတို့နှစ်ယောက်တည်းက တစ်ယောက်ဟာ ကျုပ်ရဲ့အဖေပဲ၊ ဘယ်သူဟာ ကျုပ်အဖေလဲ'

'ငါပဲ'

နှစ်ဦးသည် တစ်ဦးပြောစကားကို တစ်ဦးက လိုက်ပြောနေပေပြီ။

ထိုအခါ ကျင်းဝေရှင်သည် သီးမခံနိုင်တော့သဖြင့် ဓားဖြင့် တဟုန်ထိုး တိုက်ခိုက်လေတော့၏။

ကျင်းဝေရှင်အတုကလည်း ပြန်လည်တိုက်ခိုက်သည်။

ကျင်းကျားလင်သည် သူတို့နှစ်ယောက်၏ သိုင်းကွက်များကို အကဲခတ်ကြည့်၏။

အံ့ဩဖွယ်ကောင်းသည်မှာ သူတို့နှစ်ယောက်၏ သိုင်းကွက်များလည်း တူညီနေခြင်းပေတည်း။

ကျင်းကျားလင်သည် သူတို့နှစ်ယောက်အနက် တစ်ယောက်သည် ရန်သူဖြစ်ကြောင်း သိလိုက်သည်။

သူသည် ရုတ်တရက် အကြံရပြီး တိုက်ခိုက်နေသူ နှစ်ဦးကို အော်ဟစ် ရပ်တန့်ခိုင်းလိုက်၏။

'ရပ်လိုက်'

နှစ်ဦးစလုံးသည် ရပ်တန့်သွားကြ၏။

ကျင်းကျားလင် သိသည်။

တစ်ယောက်သည် မျက်စိမြင်လျက် မမြင်ဟန် ဆောင်နေပါသည်။

ကျင်းကျားလင်က သူတို့နှစ်ယောက်စလုံးအား တစ်လှည့်စီ အကဲခတ်လိုက်သည်။

'ကျုပ် တစ်ခုမေးမယ်၊ ဖြေနိုင်တဲ့လူဟာ ကျုပ်ရဲ့ ဖခင် အစစ်ပဲ'

ကျင်းဝေရင် နှစ်ယောက်သည် ခေါင်းကိုင်ရင်း ရပ်နေကြ၏။

ကျင်းကျားလင်က အတုဖြစ်မည်ထင်သော ကျင်းဝေရင်ကို မေးလိုက်သည်။

'ဖေဖေ့ သားရဲ့ ငယ်နာမည်ဟာ ကျင်းကျင်းပဲ၊ တခြား ငယ်နာမည် တစ်ခုရှိသေးဘယ်၊ အဲဒါကိုပြောပါ'

ကျင်းဝေရင်အတုက....

'မင်းနာမည် ကျားကျားဆိုတာတော့ ဖေဖေသိတာပေါ့၊ တခြားငယ်နာမည်ကို မခေါ်တာကတော့ ကြာတော့လဲ ဖေဖေ မေ့နေလို့ မခေါ်တာပဲပေါ့'

ကျင်းကျားလင်သည် အတုနှင့်အစစ် ခွဲခြားသိလိုက်လေပြီ။

ကျင်းကျားလင်သည် ကျင်းဝေရင်အစစ်ဘက်သို့ လှည့်မေးလိုက်၏။

'ကဲ...ဖေဖေ့ သားရဲ့ ငယ်နာမည်တစ်ခုကို ပြောပါ'

ထိုအခါ ကျင်းဝေရင်အစစ်က

'မင်းမှာ ကျားကျားဆိုတဲ့ ငယ်နာမည်မရှိဘူး'

ကျင်းဝေရင်အတုသည် လှည့်ပြေးသွားလေ၏။

သို့သော် သူသည် လမ်းဆုံးအောင် မပြေးနိုင်ပါချေ။

မိန်းကလေးတစ်ဦးက လမ်းပိတ်၍ ရပ်ထားသောကြောင့် ပေတည်း။

ကျင်းကျားလင် ဝမ်းသာသွားသည်။

သူသည် အော်ခေါ်လိုက်မိ၏။



'ချင်ကုလျ'

ကျင်းဝေရင်အတုအား ဟန့်ဆောင်ထားသူမှာ ချင်ကုလျ ပင် ဖြစ်လေတော့၏။

ချင်ကုလျ သည် ခေါင်းကိုဆွဲတုတ်လိုက်၏။

'ရှမ်း'

သူမသည် ခေါင်းကိုင်လှေ့မရှိပေ။

သို့သော် ဤအချိန်၌ အရေးကြီးသော အချိန်ဖြစ်မှန်း သိသဖြင့် သူမသည် ခေါင်းနှင့် ဘားထားလေ၏။

'ဟား... ဟား... ဟား'

ကျင်းဝေရင်အတုက ရယ်မောလိုက်၏။

သူသည် သူ၏မျက်နှာပေါ်မှ ပါးလွှာသော မျက်နှာတုကို ချွတ်ချလိုက်၏။

အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်၏ မျက်နှာသည် ထွက်ပေါ်လာလေ၏။

'မျက်နှာတစ်ထောင်'

ကျင်းကျားလင်နှင့် ချင်ကုလျ တို့သည် မျက်နှာတစ်ထောင် ၏ ပကတိမျက်နှာကို ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် မြင်ဖူးသွားခြင်းပေတည်း။

ကျင်းကျားလင်က မေးလိုက်၏။

'ခင်ဗျားက ကွင်းကိုးကွင်း အလုံအပွဲ့ရဲ့ ဂိုဏ်းချုပ်လား'

မျက်နှာတစ်ထောင်က ခေါင်းယမ်းလိုက်၏။

'မဟုတ်ဘူး'

ကျင်းဝေရင်သည် ရှေ့သို့တိုးလာ၏။

ကျောင်းကျားလင်က သူ့ဖခင်ကို ဖမ်း၍ ထိန်းပေးလိုက်သည်။

'မင်းတို့ဂိုဏ်းချုပ် ဘယ်သူလဲဆိုတာ ပြောစမ်း'

မျက်နှာတစ်ထောင်က ရယ်မောလိုက်၏။

'ဟား...ဟား...ဟား၊ ကျုပ် တစ်သက်လုံး မပြောဘူး၊ ခင်ဗျားတို့ သေအောင်မေး၊ ကျုပ်က မပြောရေးချ မပြောဘဲ'

ကျောင်းကျားလင်က....

'ခင်ဗျားမပြောရင် ပြောအောင် လုပ်ရမှာပဲ'

မျက်နှာတစ်ထောင်က...

မဲ့ပြုံးပြုံးလိုက်၏။

'မင်းတို့က ဘယ်လို ပြောအောင်လုပ်မှာလဲ'

'ခင်ဗျားကို သွေးကြောကိုင်လိုက်ရင် ခင်ဗျားမပြောဘဲ ဘယ်နေနိုင်မှာလဲ'

'မင်းတို့က ငါတို့ကို အခုဖမ်းမိသွားတာမှ မဟုတ်ဘာ၊ မင်းဘယ်လိုလုပ် သွေးကြောကိုင်နိုင်မှာလဲ၊ မင်းတို့မှတ်ထား၊ ကွင်းကိုးကွင်း အလံအဖွဲ့ဂိုဏ်းချုပ် ဘယ်သူလဲဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဘယ်သူမှ မသိရဘူး'

သူသည် ပြောပြီးသောအခါ အားရပါးရ ရယ်မောလိုက်လေ၏။

ရယ်ရင်း သူသည် တဖြည်းဖြည်းပျော့ခွေ၍ မြေပေါ်သို့ ကျသွားသည်။

သူ၏မျက်လုံး၊ နှာခေါင်း၊ ပါးစပ်နှင့်နားများမှ သွေးများ ယိုစီးကျလာ၏။



သူသည် မိမိကိုယ်မိမိ အဆိပ်သောက်၍ သတ်သေသွားခြင်း ဖြစ်ပေသည်။

...ဝ...

ကျောင်းကျားဂေဟာသည် ပြန်လည်အေးချမ်းလာ၏။

ကျောင်းကျားခြံဝင်း၌ အမှုထမ်းခဲ့ကြသော ယခင်အမှုထမ်းများလည်း ပြန်လည်ရောက်ရှိလာကြသည်။

သိုင်းလောကတစ်ခုလုံးအား သွေးချောင်းစီးအောင် ရမ်းကားခဲ့သော သိုင်းသမားများနှင့် ခေါင်းဆောင်များကား သေကြေ ပျက်စီးသွားခဲ့ကြသည်။

သူတို့ခင်းခဲ့သည့် သွေးခင်းလမ်းကို သူတို့ပင် လျှောက်သွားကြရသည်။

ကွင်းကိုးကွင်းအလံအဖွဲ့ကို သက်ခြေသုံးကွင်း တန်မှုရှမ်းနှင့် သက်ခြေမင်းသားလေး မူဖုတ့်မင်းတို့မှာ တိုက်ပင် မတိုက်ခိုက်ရချေ။

သူတို့စိတ်ထဲဝယ် သို့လော...သို့လော ဖြစ်ရမည့်အချက်မှာ ကွင်းကိုးကွင်း အလံအဖွဲ့ဂိုဏ်းချုပ်သည် တီပက်လားမား တုန်ပလော....။

မျက်နှာတစ်ထောင် ချီပုလောဆိုသည့်အချက်ကို မသိရခြင်းပေတည်း။

လူရောင်ချင်း၊ ဂူတန်းဂိုဏ်းချုပ်ကြီးနှင့် ချန်းစိန်ဂိုဏ်းချုပ်ကြီးတို့က တီဗက်လားမား တုခိုပဟု ယူဆကြသည်။

သူသည် အခြေအနေမကောင်းသဖြင့် ထွက်ပြေးသွားသည်ဟု သူတို့ယူဆကြသည်။

တင်းအိဆရာတော်ကမူ မျက်နှာတစ်ထောင်ချိပုဟာ ကွမ်းကိုးကွမ်း အလ အဖွဲ့၏ ဂိုဏ်းချုပ်ကြီးဟု ယူဆသည်။

အဘယ့်ကြောင့်ဆိုသော်....

တီဗက်လားမား တုခိုပကို သူတို့သည် ကွမ်းကိုးကွမ်းအလ အဖွဲ့လှုပ်ရှားမှု ခရီးစဉ်တလျှောက်၌ လုံးဝမတွေ့ရဘဲ မျက်နှာတစ်ထောင်ချိပုကိုသာ မကြာခဏ တွေ့ရသောကြောင့်တည်း။

နောက်ဆုံး....

ကွမ်းကိုးကွမ်း အလ အဖွဲ့၏ဂိုဏ်းချုပ် မည်သူဖြစ်သည်ကို သူတို့ မည်သို့မျှ တိတိကျကျ မသိကြချေ။

ဤသည်မှာ....

သိုင်းလောက၏ ပဟေဠိတစ်ပုဒ် ဖြစ်ကျန်ခဲ့သည်။

လူစုချင်းသည် ဖခင်ကိုသတ်သော ရန်သူများအား လက်စားချေနိုင်ခဲ့သဖြင့် သိုင်းလောကမှ အနားယူသွားလေသည်။

ကျင်းဝေရင်ရင်မှာလည်း အလွန် စိတ်ဓာတ်ကျသွားလေသည်။

မဟာမိတ်ခေါင်းဆောင်အဖြစ်ခံယူပြီး သူတစ်ပါး၏ ဓားစာခံ ဖြစ်ရမည်ကို အလွန်စိတ်ပျက်သွားသည်။

သူသည် သိုင်းလောကမှ အနားယူကြောင်း ကြေညာလိုက်သည်။



ယိုလန်သည် သီလရှင်ဘဝဖြင့် ကျင်းကျားလင်နှင့် ချင်ကုလျံ့တို့၏ လက်ထပ်မင်္ဂလာပွဲသို့ ရောက်ရှိလာသည်။

သူ၏ကိုယ်ဝန်မှာလည်း ပျက်ကျသွားခဲ့သည်။

ချင်ကုလျံ့က အဆိပ်ခတ်သည့်အကြောင်းကို ရှင်းပြလိုက်သဖြင့် သူမသည် ရှင်းရှင်းလင်းလင်း သိရှိသွားသည်။

မည်သို့ဆိုစေ....

သူသည် ချင်ကုလျံ့ကို ခွင့်လွှတ်ပြီး ဖြစ်ပေသည်။

သူသည် ကျင်းကျားလင်နှင့် ချင်ကုလျံ့တို့၏ မင်္ဂလာပွဲအတွက် သူမ၏ မင်္ဂလာလက်ဆောင်အဖြစ် နက်မှောင်သော ဆံကေသာကို ပေးအပ်ခဲ့သည်။

ကျင်းကျားလင်သည် ယိုလန်နှင့် သွားလာလှုပ်ရှားခဲ့သည်များကို ပြန်လည်မြင်ယောင်ပြီး စိတ်မကောင်းဖြစ်မိသည်။

သူ့စိတ်ထဲ၌မူ....

ယိုလန်ကို သူ၏ ညီမလေးတစ်ယောက်သဖွယ် အမြဲချစ်ခဲ့ပေသည်။

ယိုမိန်နှင့် ဘုံကျင်းဖုတို့မှာလည်း ယိုလန်၏အဖြစ်ကိုကြည့်ကာ မျက်ရည်ကျမိကြသည်။

ထို့နောက်....

ယိုလန်သည် လက်ကလေးပြ နှုတ်ဆက်ပြီး သူတို့အား သံယောဇဉ်ဖြတ်ကာ သာသနာ့လမ်းသို့ လျှောက်လှမ်းသွားလေတော့သည်။

သူမသည် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် လူ့လောကအထုအထောင်းကို ကြေကြေအောင် ခံသွားရရှာသည်။

မြောက်လေများ တဖြူးဖြူးတိုက်ခတ်လာသည်။

ကျင်းကျားလင်သည် ယိုလန်သွားရာလမ်းကို ငေးမောကြည့်နေမိလေ၏။

ထိုစဉ်....

နူးညံ့အိစက်သော လက်ကလေးတစ်စုံသည် သူ၏ လက်များကို လာကိုင်သည်။

ကျင်းကျားလင် သိလိုက်ပါသည်။

ချင်ကူလျူ၏ လက်ကလေးများပင် မဟုတ်ပါလား။

သူကလည်း တင်းကျပ်စွာ ပြန်လည် ဆုပ်ကိုင်လိုက်လေတော့သည်။

သူတို့သည် သံသရာညွှတ်ကွင်းတစ်လျှောက် ဆက်လျှောက်ဦးမည် မဟုတ်ပါလား။

ပြီးပါပြီ

တက္ကသိုလ် နေလင်းအောင်